www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ ဧပြီလ။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်ဝိုင်းဘုရားလမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်ဝိုင်းဘုရားလမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
တန်ဖိုး - ၁၆၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃


မမသဒ္ဒါမောင်
ပန်းရိုင်းလေးရဲ့ရာဇဝင်/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂.၇ × ၁၈ စင်တီ။
(၁) ပန်းရိုင်းလေးရဲ့ရာဇဝင်

# မမသဒ္ဒါမောင်

# ပန်းရိုင်းလေးရဲ့ ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုတာ ဆူးရှိနေမှ ခူးဆွတ်ရန် မလွယ်ကူတာပါ။ ဆူးတောင်မှ အဆိပ်ရှိနေမှသာ အန္တရာယ်ကို ကာကွယ်နိုင်မှာလေ။ ဒီလို အရိုင်းပွင့်လေးကို ယဉ်ကျေးသိမ်မွေ့နူးညံ့လာအောင် ပြုစုပျိုးထောင်ပေးနိုင်မယ့် ဥယျာဉ်မှူးသာရှိလာခဲ့ရင် အဲဒီပန်းရိုင်းလေးဟာ တော်ဝင်ပန်းတစ်ပွင့်လို တန်ဖိုးအနဂ္ဃရှိလာမှာ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



Don't Find fault, find a remedy!

**(Henry Ford)**

အပြစ်မရှာပါနှင့်...ပြုပြင်နိုင်မည့်နည်းလမ်းကိုသာ ရှာပါ။

(ဟင်နရီဖို့ဒ်)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ဤပုံကို ရှုပါ။ နှစ်စဉ်နှစ်တိုင်း ဒီနေ့ဒီအချိန်ဆို ဒီအိမ်မှာ ဤသို့ဤနှယ် ဖြစ်လေ့ရှိပါ၏။ ဖခင်ဖြစ်သူ ဦးမြင့်အောင်က ဧည့်ခန်းမှာ လက်နောက်ပစ်လျက် ဟိုဒီခေါက်တုံ့ ‌လျှောက်နေလေသည်။ ဆက်တီခုံမဟုတ်သည့် ခုံပုလေးပေါ်မှ ထိုင်နေပါသည့် သမီးဖြစ်သူက မှုန်ကုပ်ကုပ်နှင့်ပါ။

ဆံပင်က မဖြီးမသင် ဖြစ်သလိုထားထားတာမို့ ဘုတ်သိုက် ဖြစ်နေလေ၏။ ရှည်တယ်လည်းမဟုတ်၊ တိုတာလည်းမဟုတ်ပါဘဲ ညီမညာဖြစ်နေတာပါ။ ဝတ်ထားသည့်အင်္ကျီက လူရှုပ်မင်မပေါ်။



www.burmeseclassic.com

www.burmeseclassic.com



နှမ်းဖတ်လွန်းလှပါ၏။ လုံခြည်ကိုလည်း ဒီအတိုင်း ကျွတ်မကျ
ခါးမှာ ထိုးတာပါလေ။

အုံထွေးသည့်ဆံပင်တို့က မျက်နှာထက်မှာ အုပ်ကသလို ဖြစ်နေ
တာမို့ သူမမျက်လုံးတို့ကို မမြင်ရပါ။ မျက်နှာထက် အပြုံးမရှိသလို
စကားကို ပြောချင်သလို မပြောချင်သလို ဗလုံးဗထွေး ရေရွတ်တတ်
သဖြင့် သူမ စကားကို တော်ရုံနှင့် နားမလည်နိုင်ပါ။ ဤသို့သော
မိန်းကလေး၏အမည်သည်ကား လှပလွန်းပါသည်။ ဆူးနှင်းဆီပင်

အမည်လှ၏။ ဘဝကပြည့်စုံပါသည်။ သို့သော် သူမ၏
ရင်တွင်းမှဆန္ဒက ဘယ်သောအခါမျှ ပြည့်နိုင်မည်မဟုတ်ပါချေ။ မျက်
ရှေ့မှာ တစ်အိမ်တည်းမှာ မမြင်ချင်ပါဘဲ မြင်နေရပါသည့် မျက်ခွက်
တွေကို နိစ္စဓူဝ တွေ့နေရမှဖြင့် ပျော်ရွှင်နိုင်ပါ့မလား။

"ဘယ်နှနှစ်ရှိနေပြီလဲ၊ ငါ့မှာ သမီးလေးတစ်ယောက်ရှိ
ဆိုပြီး ဖူးဖူးမှုတ် အလိုလိုက်ခဲ့မိတာ"

သူမမျက်နှာကို မဲ့လိုက်မိပါ၏။ အလိုလိုက်တာတဲ့လား။ မ
နိုင်တာ။ ဆူးကို အလိုလိုက်ခဲ့ရိုးမှန်ရင် သူမ သဘောမတူတဲ့ အနိ
ပပဒ္ဒဲ နောက်ထပ် ဖေဖေအိမ်ထောင်ပြုစရာအကြောင်းမှ မရှိတာ
အထူးသဖြင့် အန်တီပပန့်ပါလာတဲ့ ကောင်မလေးကို ညီအစ်မ တော်
စရာမှ မလိုတာလေ။





မေမေ့သူငယ်ချင်းဆိုပြီး အိမ်ကို ဝင်ထွက်ခဲ့တာကြာပါပြီ။
မေမေ ရုတ်တရက် နှလုံးလေဖြတ်ပြီး ဆုံးသွားတာမှ တစ်နှစ်မပြည့်
သေး။ အဲဒီမိန်းမက ကောင်မလေးရဲ့လက်ကိုဆွဲပြီး အိမ်ပေါ်ကို တက်
လာကာ အိမ်ရှင်မနေရာကို ယူလိုက်တော့တာပါလေ။ ခက်တာက
အဲဒီတုန်းက သူမ (၆) တန်းနှစ်သာရှိသေးသလို ကျောင်းမှာလည်း
ထိုကောင်မလေးနှင့် ရန်တကျက်ကျက်ဖြစ်ခဲ့ရတာပါပဲ။

ဒီလို မတည့်သည့်မိန်းကလေးနှစ်ယောက်က တစ်အိမ်တည်း
အတူနေရမယ့်အဖြစ်မျိုး ကြုံရလိမ့်မယ်လို့ ဘယ်သူကထင်ထားပါ့
မလဲ။ တကယ်ပါ။ သူမဘဝက ထိုအချိန်ကစပြီး ဖောက်ထိုးမိုးမျှော်
ဖြစ်ချင်တိုင်း ဖြစ်တော့တာပါလေ။ မုဆိုးမသမီးဘဝတုန်းက ဇင်သီဟန်
ဟူသည့်အမည်က ဦးမြင့်အောင်၏သမီးဘဝကို ပြောင်းလဲသွားရစဉ်
ပန်းသဇင်ဟု ပြောင်းသွားခဲ့တာပင်။

သူမက မာ၏။ ခက်ထန်၏။ ပွင့်လင်း၏။ အရွဲ့တိုက်တတ်၏။
ဇင်ဇင်က ပျော့၏။ ချွဲ၏။ လျှို့ဝှက်၏။ အလိုက်သိတတ်လေ၏။
ထိုသို့သော ဆန့်ကျင်ဘက် မိန်းမသားနှစ်ဦးကို ယှဉ်ပြထားသည့်အခါ
အရောင်လင်းလက်နေပါသည့် ဇင်ဇင့်ကိုသာ လူတွေက ထင်ရှား
မြင်တတ်လေ့ရှိပြီး အမှောင်ထဲ ချောင်ကုပ်ထိုင်နေပါသည့် ဆူးကိုဖြင့်
ရှိသည့်မထင်ကြပါလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း သူမပါပဲ။ အဖေ့ကို ကန့်လန့်မတိုက်ရသမျှ ဇင်ဇင်တို့သားအမိအပေါ်မှာ ပုံချကာ တစ်နေ့တစ်မျိုး မရိုးအောင် လုပ်ပြတော့တာပါလေ။ ဒီတော့ ဆူးကို ဆိုးသည်ဟု ခေါင်းစဉ်တပ်ကြလေ၏။ မမှုပါ။ ဤသည်က ဆူး၏ Style ပင် မဟုတ်ပါလား။ ကိုယ့်ကိုပြုးပြနေပါလျက် ထိုအပြုံးကို ရွဲ့သည်ဟုသာ ယူဆတတ်ဟာလေ

"ပြောလိုက်ရင် မထုံတတ်သေးနဲ့၊ နားကိုမပါဘူး"

"ဆူးလည်း ဖြေတာပဲ ဖေဖေရဲ့ မအောင်တာတော့ ဘယ်တတ်နိုင်မလဲ"

"စာကျက်မှအောင်မှာပေါ့၊ နင် တစ်နေ့တစ်နေ့ လတ်လျား လတ်လျား အလေလိုက်နေမှဖြင့် ဒီဆယ်တန်းက တစ်သက်လုံး အောင်တော့မလား၊ ဇင်ဇင်ဖြင့် ပထမနှစ်ရောက်နေပြီ"

"သူနဲ့ဆူးကို မနှိုင်းပါနဲ့၊ မကြိုက်ဘူး"

"မကြိုက်ရင် ကြိုးစားမှပေါ့၊ သူများတော်တယ်ပြောပြန်လည်း မရွှေရိယစိတ်က ထားသေးတယ်၊ ကိုယ့်လုပ်ပုံဟုတ်လား မဟုတ်လား နည်းနည်းမှ မဆန်းစစ်တတ်ဘူး၊ ဒီပုံနဲ့ နင့်ကို ယောက်ျား ဘယ်လိုပေးစားရမှာလဲ"

"ယောက်ျားမလိုချင်ပါဘူး၊ ဘာလုပ်ရမှာလဲ"



"အေး . . . နင်ပယ်လည်း ဟိုက နင့်ကို နေ့တိုင်း ဖနောင့်နဲ့ ပေါက်နေမှာ မြင်ယောင်သေး။ ဘာများ အသုံးကျတာရှိလဲ ပြောပြပါဦး။ စာကျတော့လည်း မကျက်ချင်၊ စာကျက်ပါဆိုရင် စာအုပ်ကို အိပ်ဆေးများ ထင်နေလားမသိ၊ မျက်နှာပေါ်အုပ်ပြီး တခေါခေါနဲ့ အိပ်ရော၊ မိန်းကလေးတဲ့၊ ဖြစ်သလိုနေ, ဖြစ်သလိုစား လုပ်ချင်သလို လုပ်နေတာ ကောင်းလား။ နင် အသုံးမကျတာ ငါတို့မိဘတွေ အရှက်ရစေတယ် မိဆူးရဲ့"

လိုက်ကာနောက်ကွယ်မှ တီးတိုးရယ်သံကို ကြားလိုက်ပါ၏။ သိတယ်လေ။ သူမကိုဆူရင် ဒင်းတို့သားအမိက မမြင်ကွယ်ရာကနေ ချောင်းကြည့်ပြီး ရယ်နေမယ်ဆိုတာ။ ဒေါ်ပပကြည်တို့က ပါးလိုက်တာမှ လုပ်နေတယ်ဆိုတာမျိုးပါ။ မိတွေးဆိုပြီး လူရှေ့ သူရှေ့ အစွယ်ထုတ်ပြတာမျိုး ဘယ်တော့မှ မလုပ်ပါလေ။ ဖေဖေ့ကို နောက်ကွယ်မှာ "ပပကလေ သမီးနှင်းဆီလေးကို ဇင်ဇင့်လိုပဲ သမီးရင်းလို သဘောထားတာကိုရဲ့" ဆိုပြီး အစချီကာ တီးတိုးတီးတိုး သဖန်းပိုးပြောတတ်တာပါပဲ။

မျက်နှာထက် အပြုံးက လုံးဝမပျက်တဲ့ ပညာရှိနည်းနဲ့ ပညာပြတတ်တာကို လူရိုးကြီး ဖေဖေကဖြင့် မသိခဲ့၊ လူကြီးတွေပြောကြတဲ့ စကားထဲမှာ ဆူးကြားဖူးတာရှိပါ၏။ "ကတာန်းညမ်ကာ ထွေသိ၊



www.burmeseclassic.com

www.burmeseclassic.com



မိအေးအော်တာ လူသိ၏" တဲ့လေ။ ဒီတော့ ဟန်မဆောင်တတ်သည့် သူမအသံသာ လျှကြားပြီး ရိုင်းသည်၊ ဆိုးသည်ဟု ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခံရတာ မဆန်းတော့ပါချေ။

"နင့်အမေစကားလည်း နားမထောင်ဘူးဆို"

"အန်တီပပက ဆူးမေမေမှ မဟုတ်တာ"

"သမီးရယ် ... အခု အသက်ဘယ်နှနှစ်ရှိပြီလဲ၊ ဖေဖေတို့နဲ့ အတူတူ ပပတို့နေလာတာပဲ ကြာနေပြီ၊ သမီးစိတ်ကို ဖေဖေသိတယ်။ သမီးဘက်က နည်းနည်းတော့ လျှော့မှပေါ့"

မျက်ရည်ဝိုင်းသွားရပါ၏။ ဆူးစိတ်ကို ဖေဖေမသိပါဘူး။ မသိလို့လည်း ဖေဖေလုပ်ချင်တာကိုသာ လုပ်ခဲ့တာ မဟုတ်လား။ မုန်းတယ်။ အားလုံးကို ခါးခါးသီးသီးကိုမုန်းတာ။ ဆူးကိုယ်ဆူးလည်း မုန်းမိပါတယ်။ လောကကြီးမှာ အသက်ဆက်မရှင်ချင်တော့ဘူး။ အဟုတ်ပါပဲ။

"အိမ်အလုပ်သင်ပေးတာ ဘာလို့မသင်ချင်ရတာလဲ"

"ဝါသနာမပါဘူး"

"ကျစ် ... သမီးက မိန်းကလေးလေ"

"ဖေဖေစားချင်ရင် ဆူး တစ်သက်လုံး ချက်ကျွေးနိုင်တယ်၊ ပြုစုပေးနိုင်တယ်။ ဆူးနဲ့ ဘာမှမတော်တဲ့ သူစိမ်းတွေကိုတော့ ချက်





ကျွေးနိုင်ဘူး။ ဆူးက ဖေဖေ့သမီးပါ။ ဒီအိမ်က အိမ်ဖော်မဟုတ်ဘူး"

"နင်"

"အစ်ကို ... အစ်ကို မလုပ်ပါနဲ့"

လာပါပြီ၊ ဖေဖေ လက်ရွယ်ရုံလေးရှိတာမှ အချိန်ကိုက် ထွက်လာတော့တာလေ။ ပြောသားပဲ။ ဒီမိန်းမကြီး တအားလည်ပါ တယ်ဆိုမှ။ ဆူးက စိတ်ထဲရှိတဲ့အတိုင်းပြောတော့ စကားက ခါးတယ် ဖေဖေ။ ခံရတဲ့လူလည်း နာမှာပေါ့။ နာအောင်လို့လည်း တမင်ပြော လိုက်တာပါလေ။

"နင် ကျွမ်းကျင်တတ်မြောက်တာ ဘာရှိသလဲ။ အိပ်တာ၊ စားတာနဲ့ သဝေထိုးတာ နင့်စိတ်ကြိုက်ဘာသာတွေ မဟုတ်လား။ ဒါ တယ်လေ မပြောလိုက်ချင်ဘူး။ နင့်အချိုးကို ပြင်မလား၊ မပြင်ဘူး သွားပြော"

ရော် ... တမင်လုပ်ပြတာပါဆိုမှ လိမ္မာခိုင်းနေပြန်ပါပြီ။ ဖေဖေ့ကိုတော့ ရိုသေပါရဲ့။ သို့သော် သူမ လိမ္မာပြရင် ဒင်းတို့သား အမိက သူမကို အပေါ်ကနေ အသာလေး တက်နင်းသွားမှာစိုးလို့ပါပဲ။ ကလေးချင်းက တစောင်းစေးနှင့်မျက်ချေး ဖြစ်နေပါလျက် နှစ် ချောင်းပေါင်းတစ်ချောင်း အီကြာကွေးလို ဘာကြောင့်များ လုပ်ချင် ကြပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမက စိတ်ခေါ်ရာအတိုင်း လူက လိုက်လုပ်တတ်တော့ ခက်သားလား။ တစ်ခါတစ်ခါ သူမကို ရင်ခွင်ထဲထွေးပွေ့ပြီး လေပြည်လေးနှင့် ပြောဆိုခုံးမလေ့ရှိသည့် မေမေ့ကို သတိရငတ်မွတ်စိတ်က မဖြေသာခဲ့။ ဖေဖေ့ချစ်ခြင်းတွေကို လုယူတာ။ မေမေ့နေရာကို အခွင့်သင့် ဝင်ထိုင်သွားတာတို့က သူမတစ်သက်တာ ကမ္ဘာမကျေသည့် အမုန်းတရားတို့ပါလေ။

အထူးသဖြင့် သူမရှေ့မှာ အဖေအရင်းလည်းမဟုတ်ပါဘဲ ဖေဖေဟု ခပ်ရွဲ့ရွဲ့ခေါ်တတ်သည့် ဇင်ဇင့်ကို အမုန်းဆုံးပါပဲ။ ပြောတော့ဖြင့် သမီးရင်းလို သဘောထားပါသည်ဆိုသည့် အန်တီပပက သမီးဖြစ်သူအတွက်သာ ဘာမဆို ဖြည့်ဆည်းပေးတတ်တာပါ။ စာကျက်ရင် အိပ်ချင်ပြေအောင် တစ်ခုခုလုပ်ကျွေးတာမျိုး။ စောင့်ပေးတာမျိုး ဂရုစိုက်ပြတိုင်း သူမမျက်နှာကို ရွဲ့လိုက်မိတာလေ။

တကယ်တမ်း ဆိုးသွမ်းသည့်လူက ဘယ်သူပါလဲ။ ဘုရားနှင့် နတ်ဒေဝါတွေသာသိကြမှာပါ။ အမေကို အမေလိုသဘောပိုက် ရှိခိုးရိုသေတတ်ရမှာမဟုတ်လား။ နှုတ်ကမေမေဆိုပြီး ယခုတိုင် ဇင်ဇင်ဝတ်သည့် အဝတ်တို့ကို အန်တီပပသာ လျှော်ပေးနေတာလေ။ အဝတ်လဲပြီးတိုင်း ကြမ်းပေါ်ပုံချခဲ့သမျှ နောက်က လိုက်ကောက်ရတာ အန်တီပပပါပဲ။





"ဇင်ဇင်က ပြောစကားနားထောင်တယ်" ဆိုပြီး သမီးဆယ်ချာဝစွတို့ကို ဒီအရွယ်ထိ အမေဖြစ်သူ လိုက်လုပ်ပေးရတာကို ဘယ်သူများ သိလို့ပါလဲ။ လူရှေ့သူရှေ့မှာ သမီးဖြစ်သူကို အမွှမ်းတင်နေသည့် အန်တီပပ။ သူ့ကို အပြစ်ပြော ရှုံ့ချပြောတတ်လေ့ရှိပါသည့်သလေ။ ဤဖနီးမောင်နှံနှင့်အတူ နေနေရပါသည့် သူ့ဘဝက နေပျော်မှာတဲ့လား။

"ပြောလေ ... အသက်ပဲ (၁၈) နှစ်ပြည့်နေပြီ၊ ဒီဆယ်တန်းလေးတောင် ဖြစ်ဖြစ်မြောက်မြောက် အောင်အောင်မဖြေနိုင်ဘူး။ အောင်ဖို့ရော စိတ်ရှိရဲ့လား"

"-----"

"ကျူရှင်ဆရာခေါ်ပေးလည်း တစ်ပတ်မခံဘူး ပြေးရော။ နင့်လောက် အပျင်းကြီးတဲ့ကလေးမျိုး တစ်ခါမှ မတွေ့ဖူးဘူးတဲ့။ သူနှင်းဆီ ... ဒီအကျင့်ဆိုးတွေကို ဘယ်လိုပြင်ပေးရမှာလဲ"

"အစ်ကိုရယ် ... နှင်းဆီက ဖြည်းဖြည်းပြောရင် ရပါတယ်"

"ဘယ်တုန်းကများ နားထောင်လို့လဲ ပပရယ်။ ငယ်ငယ်က ဒီလိုမဟုတ်ပါဘူး။ ဒီနောက်ပိုင်းမှ ဘယ်လိုညှိဆိုးတွေ ရလာမှန်းကို မသိတာ။ သူ့စိတ်၊ သူ့သဘောကို ဘယ်လို လိုက်လျောပေးရမှန်းကို မသိတော့ဘူး။ အစားစားလည်း တစ်မျိုး၊ အဝတ်ဝယ်ပေးပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း မဝတ်ချင်။ အခုပဲကြည့် ဝတ်ထားတဲ့ပုံစံကို။ ဒါလား
. . . အပျိုလေး''

ပြောတော့ ဟုတ်နေတာပါပဲ။ စားတာ ကိုးများတာ အကြောင်းရှိလို့ပေါ့။ အားအားရှိ ညတ်ကောင်းအောင်စားဆိုပြီး ငါးပဲ နင်းကန်ချက်နေတာကိုး။ ငါးစားတိုင်း အရိုးစူးပြီး လည်ချောင်းမှာ တစ်ဖူးသည့်သူမက ဒီငါးဟင်းတွေကို ကြိုက်ပါ့မလား။ မေမေရှိတုန်းကဆို ငါးကိုပြုတ်ပြီးမှ မွှပေးတဲ့ဟင်းကိုသာ စားခဲ့ရတာလေ။

နေ့တိုင်း ဆီမြုပ်နေသည့် ဒီဟင်းတွေက ဆားမပါသည့်နှယ် ပေါ့ရွှတ်ရွှတ်မို့ မြင်ရုံနှင့် ငြီးငွေ့လွန်းလှပါ၏။ စားချင်စဖွယ်ဖြစ်အောင် မချက်တတ်ပါဘဲ သူ့ကိုယ်သူ အိမ်ရှင်မပီသပုံဖမ်းနေသေးတာ ရယ်စရာကြီးပါ။ အိမ်မှာ သမီးတွေချည်းမို့ အိမ်ဖော်မထားဘူးဆိုပြီး အပင်ပန်းခံရသမျှ ဒေါ်ပပသာ ဒိုင်ခံပါလေ။

ဒါကို သူမကို အတူလုပ်ပါဆိုပြီး မလိုမ့်တပတ်ဖြင့် မီးဖိုချောင်ထဲ တွန်းလွှတ်နေရသလား။ ဆူနှင်းဆီက ဝတုံးမမှ မဟုတ်တာလေ။ အစားဆိုလည်း သူ့သမီးအကြိုက်၊ အဝတ်ဆိုလည်း ဒို့အတူပါပဲ။ ရွေးလာသည့် လှတပတအဝတ်တို့က လုံးကြီးပေါက်လှ သူမက ဘယ်မှာလာတော်ပါ့မလဲ။ ''သေးနေလို့ နောက်မှယူနော်'' ဆိုပြီး နောက်ကနေ နောက်ကျခမ့်သွားတော့တာပါပဲ။





''သမီးက ဒီလို ရိုးရိုးကြီးပဲ နေတတ်တာ ဖြစ်မှာပါအစ်ကိုရယ်''

''ဒီပုံစံနဲ့တော့ လင်ကောင်းသားကောင်း ဘယ်လိုရှာပေးစားလို့ ဖြစ်ပါ့မလဲ ပပရယ်။ သူ့အတွက်နဲ့ စိတ်ညစ်ရပေါင်းများနေပြီ။ ညာမတတ်, ဘာမတတ်၊ ညစ်ညစ်ပတ်ပတ်နဲ့ မိန်းကလေးတဲ့''

ပညာတတ်တတ်၊ မတတ်တတ် ယောကျ်ားက တစ်ယောက်ပဲရှိမှာမဟုတ်လား။ နေဦး . . . အန်တီပပဆို နှစ်ယောက်ယူတာပဲ။ မေမေနဲ့ပတ်သက်ပြီး အိမ်လာလည်တဲ့ သူ့စိမ်းယောကျ်ားတွေဆို ''သားရဲ့ . . . သားရဲ့'' ဆိုပြီး သမက်ဖမ်းဖို့ ပြင်နေတာက မိတွေးတော်ပါလေ။

ဆယ်တန်းကို ကံကောင်းလို့အောင်သွားပြီး အခုမှ ပထမနှစ်တက်တာက မြန်မာစာ။ ဒါကိုများ လက်မထောင်ရင်ကော့ပြီး ကြွားနေတော့ မျက်မုန်းကျိုးတော့တာပေါ့။

ဆူး ဆိုးတယ်၊ မှန်ပါတယ်။ ဆိုးရတဲ့အကြောင်းတရားက အများကြီးရှိတာ မဟုတ်လား။

''ဒီနှစ်ဖြေဦးမှာလား''

''___''

''အပြင်မှာ ကျူရှင်တက်မယ်မကြီးနဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရသွားမယ်မှတ်။ နင့်အတွက် စဉ်းစားရတာ ပါ ဦးနှောက် ခြောက်တယ်''

အဲဒါ ဖေဖေမှမဟုတ်ဘူး။ မိထွေးကပါ ဖြစ်စေချင်တာလေ။ သူမကို ဒီအိမ်ကနေ အပြီးဆင်းစေပြီးမှ သူမ ရရှိပိုင်ဆိုင်မယ့် အမွေတွေကို ရမှာကိုး။ သူမသာမရှိရင် ဖေဖေ့အတွက် အန္တရာယ်ပါ။ ဒါကိုမသိသည့်ဖေဖေကဖြင့် ပပဆိုပြီး တစ်ချိန်လုံး မ,နေတာ စိတ်ပျက်စရာပင် မဟုတ်ပါလား။

''စာမေးပွဲဖြေဖို့ကိစ္စ စဉ်းစားထား။ ဒီလ မုန့်ဖိုးဖြတ်တယ်။ မုန့်စားချင်ရင် နင့်အန်တီပပဆီက တောင်းစား''

''ဆူးက သူတောင်းစားမှ မဟုတ်တာ''

''မိဆူး''

''ပပကျွေးပါ့မယ် အစ်ကိုရယ်။ ကလေးကို မဆူပါနဲ့တော့။ သမီးကလည်း ကတိပေးလိုက်နော်။ ဒီနှစ် အောင်ရပါစေမယ်လို့''

''အောင်,မအောင်မှ မသိတာ။ ဘာကတိပေးလို့ရမှာလဲ''

''လူကြီးကို ပြန်ခံပက်ပြန်ပြီလား''

ခုံမှ ထ,ထွက်ခဲ့မိတော့၏။ ငိုချင်ပေမယ့် မငိုမိအောင် စိတ်ကို တင်းထားရလေသည်။ တိုင်ပင်ဖော် မရှိ၊ ရင်ဖွင့်ပေါ်မရှိ တစ်ကောင်ကြွက်နှယ် မျက်နှာငယ်ရပါလား။ မှောင်ရိုစပျိုးနေပြီမို့ ဖေဖေက





ခြတံခါးကို သော့ခတ်လိုက်ပေပြီ။ ဒီလို ပိတ်ထားလို့ရော ဆူးက ထွက်တတ်ဘူး ထင်နေသလား။ ဆူးအတွက် မဟာတံတိုင်းကြီးလည်း ခြေဖဝါးအောက်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘုတ်"

ဖိနပ်တစ်ဖက်က ခြံကျော်၍ကျလာလေ၏။ ပြီးတော့ နောက်တစ်ဖက်။ တစ်ဖက်ခြံမှ သရက်ပင်လှုပ်သွားကာ အုတ်တံတိုင်းထက် ရောက်သွားသည့် မိန်းကလေးက ဒီဘက် မာလကာပင်ကိုင်းကို လှမ်းတက်ကာ မြေထက် ခုန်ချလိုက်လေ၏။ ပြီးနောက် ဖိနပ်အကြမ်းကို မှောက်နေရာမှ ပြန်လှန်လျက် စီးလိုက်လေသည်။

"မမရေ မမဆူးလာတယ်"

"ရှူး"





အသံတိတ်ရန် လှမ်းပြလိုက်ပေမယ့် အာသွက်သည့် ဖိုးကျော်က တဲအိမ်လေးထဲ သတင်းပို့ပြီးလေပြီ။ အထဲမှ လက်ခုကိုင်လျက် ကောင်မလေးတစ်ယောက် ထွက်လာလေ၏။ သနပ်ခါးအဖွေးသားဖြင့် ချိုသဲက သူမကို ပြုံးပြလျက် ကြိုလိုက်ပါသည်။

"ကျော်တက်ပြန်ပြီလား ဆူးရယ်။ ခြေထောက်တော့ ကျိုးတော့မှာပဲ"

"အခု နင် အကောင်းအတိုင်း မြင်ရတယ် မဟုတ်လား။ အမေရော"

"အထဲမှာ ထမင်းပွဲပြင်နေတယ်"

"ဘာချက်လဲဟင်၊ မိုက်ဆာလိုက်တာ"

T-shirt ပွပွကြီး ဝတ်ထားပါသည့်ဗိုက်ကို ပွတ်၍ပြောတော့ ချိုသဲက မျက်စည်ဝဲသွားပါ၏။ သူ့ဌေးသမီးက အမြဲတမ်း အစာငတ်ခံ ဆန္ဒပြတာ အကျင့်ဖြစ်နေပြီကိုး။ ဒေါ်လေးမေက ထမင်းစားပွဲဝိုင်းလေးမှာ ကြွေရည်သုတ်ပန်းကန်ဖြင့် နောက်ထပ် ထမင်းခူးပေးလေသည်။ ထင်းမီးဖြင့် ချက်ထားပါသည့် ဆန်ကြမ်းက သူမတို့အိမ်ရှိ ပေါင်းအိုးထဲမှ ပေါ်ဆန်းမွှေးထက် ပိုစင်းပြီး ပိုမျှားမွှေးနေလေသလား။

"လာလေ သမီး . . . ဒီလိုပဲ မျှစားကြတာပေါ့"

"မဟုတ်တာ အမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"အားမနာပါနဲ့ ကလေးရယ်။ သမီးကူညီခဲ့လို့ မိချို ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ခဲ့ရတာ မဟုတ်လား။ အဲဒီကျေးဇူးတွေ ဘယ်ဆပ်လို့ကုန်ပါ့မလဲ"

"အဲဒီလို မပြောပါနဲ့ အမေရာ။ ဆူးတတ်နိုင်တာလေး ခွဲပေးခဲ့တာပါ။ ကိုယ်ပိုင်ငွေမှမဟုတ်ဘဲ"

"မသထာရေစာ" ဟု ပြောမထွက်အောင် နှုတ်ကိုစောင့်စည်းလိုက်ရပါ၏။ မုန့်ဖိုးပေးတိုင်း နှစ်ယောက်အတူတူ ဖြစ်ပါလျက် ဖင်ဖင်က အနိတိပပ လက်သိပ်ထိုးပေးသည့်ငွေကိုပါ ရတာလေ။ ဒီတော့ သူမထက် ပိုရပြီမဟုတ်လား။ ဒီတော့ စိတ်ပုပ် အူပုပ် ဆူးနှင်းဆီက မယ်ကုဝဏ်ဆိုင်းနဲ့ ရှေ့ကိုထွက်တော့တာပါပဲ။

ဖင်ဖင့်လက်ထဲက မုန့်ဖိုးကို "ငါ့အဖေရှာတဲ့ပိုက်ဆံ ငါပိုင်တယ်" ဟု ခပ်မိုက်မိုက် လုသုံးတော့တာပါလေ။ ဒီလောက်တော့ သူမမှာ လုပ်ပိုင်ခွင့်ရှိတယ် မဟုတ်လား။ အဲဒီလို မိုလ်ကျပေမယ့် ဖေဖေ့ကိုတော့ ဖင်ဖင် ပြန်မတိုင်ရဲပါ။ ထိုသို့ပြဿနာဖြစ်ပြီးမှ ခန္ဓာကိုယ်အားဖြင့် အဲဒီငပိန်မကို lesson ကောင်းကောင်းကြီးပေးတတ်သို့ပါပဲ။

အိမ်မှာတော့ ဆူးက အော့ကျောလန်ချဉ်ဖတ်ပါလော။ သို့သော် လမ်းထဲ ရပ်ကွက်ထဲမှာ မရှိဆင်းရဲသားတွေကို ကူညီတာ





မုံ့ဖိုးပေးတာ၊ လုပ်အားပေးတတ်တာ လာကြည့်ပါက ဆူးနှင်းဆီကို ရှေ့ဆုံးမှ မြင်ရမည်သာ။ ဤသို့ သူစိမ်းတို့နှင့် ပြေလည်အောင် နေတတ်တာမို့ ညည့်နက်သန်းခေါင် အပြင်ထွက်လျှင်လည်း ကူညီစောင့်ရှောက်ပေးသည့်သူတွေသာ ရှိကြတာပါလေ။

"ဆာနေတယ် မဟုတ်လား။ ဝင်စားမှပေါ့ ဆူးရယ်၊ ရှက်လို့လား"

"သွားစမ်းပါ။ ငါ့ရှေ့မှာ ရှက်တဲ့စကား လာမပြောနဲ့။ အသုံးမဝင်ဘူး။ ဘာဟင်းချက်လဲ"

"ထုံးစံအတိုင်း ကန်စွန်းရွက်ကြော်ပေါ့။ ငါးမြှောက်သေးသေးလေးတွေ အစပ်ကြော်ထားတာရယ်၊ ပဲမှာင်းရေကျဲနဲ့ ငါးပိတို့စရာ၊ လာလေ"

"စားမယ်နော်"

"စား . . . စား . . . သမီးလေး"

လက်ဆေးရေဇလုံထဲ လက်နှစ်ဆေးကာ ခပ်မောက်မောက်ထည့်ထားပေးသည့် ထမင်းပန်းကန်ကို စားလေ၏။ ရှပ်သီးမှုန့်လေးတွေ ပေါလောပေါ်နေသည့် ငါးပိရည်က ခပ်ကျဲကျဲပါ။ မေမေ့တို့ ငါးလေးမီးဖုတ်ကာ ကြက်သွန်ဖြူ၊ ငရုပ်သီးစိမ်းလှော်ထောင်းပျက်ပျစ်ပျစ်လေး ဖျော်တတ်တာမဟုတ်လား။ ဒီရေကျဲလည်း စားလို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပါပဲ။

သခွားသီးစိပ်ကို တဂျွတ်ဂျွတ်ဝါးတော့ ဖိုးကျော်က ရယ်လေ၏။ ဒီကောင်လေး မနှစ်က (၉) တန်းမို့ လူကောင်ထွားလာကာ ယခု (၁၀) တန်းတက်နေပြီ၊ ငယ်စဉ်က နပန်းဖက်လုံး ဆော့ခဲ့ပါသည့် ကလေးက လူကြီးဖြစ်ပြီကိုး။ ဆူးကရော ကိုယ့်ကိုယ်ကိုယ် ကလေးလို ဖြစ်သလိုနေတုန်းပင် မဟုတ်လား။

"စားနော် သမီး၊ ဝအောင်စား"

"အမေတို့ မလောက်ဘဲနေဦးမယ်"

"လောက်ပါတယ် ကလေးရယ်"

"ဦးမောင်ရော"

"ပြန်မလာသေးဘူး။ ဆိုက်သိမ်းကာနီးဆို ဒီလိုပဲ အလုပ်နောက်ကျတယ်ကွဲ့"

ချိုသဲက ငါးခြောက်ကြော် ခပ်ထည့်ရန် ပြင်လိုက်စဉ် သူမ လက်ကာလျက် တားလိုက်ပါ၏။ ဟင်းဆို၍ ဒါလေးရှိတာကို သူမက အကုန်စားချင်လို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီလောက်တော့ အလိုက်သိတတ်ရမှာလေ။ ပြီးတော့ သူမက ငါးကြောက်သူမဟုတ်ပါလား။

"တော်ပြီ"

"နည်းလိုက်တာ"





"တစ်ပန်းကန်အမောက်ကြီးစားတာပါနော်၊ နည်းမလား"

ဒေါ်လေးမေက ရေနွေးကြမ်းအအေးခံထားပါသည့် အကြမ်းပန်းကန်လုံးကို ကမ်းပေးလိုက်လေ၏။ အပေါ်စားလက်ဖက်ခြောက်ခတ်ထားပါသည့် ရေနွေးက အတော်အသင့် အဖန်ရည်ကို အရသာရှိစေပါသည်။ ထန်းလျက်ခဲတစ်လုံးကို ပါးစပ်ထဲ ပစ်သွင်းလိုက်၏။ အိမ်မှာ ချောကလက်တွေ Cookie တွေရှိသော်ငြား သူမ မစားဖြစ်ပါချေ။

"တမပြောင်းလို့ တော်သေးတယ်။ နင်ဝယ်ပေးထားတဲ့စာအုပ်တွေ ဖိုးကျော်ဆက်ကိုင်လို့ ဖြစ်တယ် ဆူးရဲ့"

"အင်း . . . ကလေးတောင် ငါ့ကို ကျော်တော့မှာပါလား"

"မမဆူးက ကြိုးစားပေါ့ဗျ။ ဉာဏ်လည်း ကောင်းတာကြီးကို"

"စာမကျက်ချင်လို့ပေါ့ဟဲ့။ မိန်းကလေးပဲ ပညာမတတ်လည်း တစ်ယောက်ပဲရမှာ။ မပူပါဘူး"

"ဘွဲ့မရတော့ လူအထင်သေးခံရမှာပေါ့ဗျ"

"နင်သာ ဘွဲ့ရအောင်ကြိုးစားစမ်းပါ ဖိုးကျော်ရယ်။ နင်ဘွဲ့ရရင် ငါ့ဖေဖေအလုပ်မှာ ဝင်လုပ်။ ဒါမှ နင့်ကို ငါယူလို့ရမှာ။ သဘောတူတယ်မဟုတ်လား အမေ"



www.burmeseclassic.com

www.burmeseclassic.com



"တူပို့ါတော် တူပို့"

"အဲဒီ မမဆူးကတော့လေ၊ လုပ်ချလိုက်ပြန်ပါပြီ"

ဖိုးကျော် (ကျော်စွာ) က မျက်နှာနီကာ အုတ်ခဲပုံထားသည့်နေရာမှာ Bio စာအုပ်ကိုင်လျက် စာသွားကျက်နေလေ၏။ ခြံစောင့်အဖြစ် ခြံကျယ်ထဲမှာ တဲထိုးပြီးနေခဲ့တာ နှစ်အတော်ကြာနေလေပြီ။ ဒီနှစ်မှာမှ ဒီခြံထဲမှာ တိုက်ဆောက်ဖြစ်မှာမို့ ပစ္စည်းတွေချထားတာပါ။ ပစ္စည်းတွေမြင်ရန် နှစ်ပေမီးချောင်းတွန်းထားတာမို့ မီးရောင်အောက်မှာ ဖိုးကျော် စာသွားကျက်နေတာပါပဲ။

"ဆူး"

"အင်"

"နင် ပြန့်ဖြေဦးမှာ မဟုတ်လား"

သူမ အသံတိတ်သွားရပါ၏။ မမြင်ချင်တဲ့မျက်နှာတွေကို နေ့စဉ်မြင်နေရတဲ့ဒုက္ခ၊ မကြားချင်တဲ့အသံတွေကို စက္ကန့်နဲ့အမျှ ကြားနေရတဲ့ ဝဋ်တွေက ဒီဘဝမှာ ရှိနေတာပါလေ။ အိမ်မှာရှိနေသမျှပစ္စည်းတွေကို သူမနှင့်သက်ဆိုင်သည့်အရာတွေဟု ယူဆခဲ့တာကရော ဘယ်နှနှစ်ရှိနေပြီလဲ။

စာကျက်ဖို့ စာအုပ်ကိုင်လိုက်တိုင်း သက်ပြင်းကိုသာ အကြိမ်ကြိမ်ချဖြစ်ပြီး စာကျက်ချင်စိတ် ပျောက်ကုန်တာလေ။ ညဘက်





ညဉ့်နက်ချိန်အထိ တီဗီဖွင့်ကြတာ၊ သီချင်းနားထောင်တာတွေက သူမကို စိတ်အနှောင့်အယှက်ဖြစ်စေတာ ဘယ်သူများသိပါသလဲ။ ဆာနေတဲ့ဗိုက်ကို ဖြည့်ဖို့ မီးဖိုခန်းထဲသွားမိရင် သူတို့စားဖို့ကိုသာ မွှယ်ဖွယ်ရာရာ တွေ ပြင်ဆင်နေတာနဲ့ ဘာမှ အဆင်သင့်မရှိသဖြင့် လှည့်ထွက်ခဲ့ရသည့် ထမင်းက ဘယ်နှနပ်များရှိနေပြီလဲ။

သဝေထိုးပြီး ရပ်ကွက်ထဲ လျှောက်ပတ်ကာ သက်ကြီးရွယ်အိုတွေကို ကူညီပေးတတ်တာ၊ ဈေးရောင်းထွက်သည့် ဒေါ်ကြီးတွေကို အလေးအပင် ကူသယ်ပေးတတ်တာ၊ ဒီတော့ ဘယ်သူမဆို မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ မုန့်တီ၊ အအေးတို့ကို ကြုံသလို ကျွေးကြတာလေ။ ဆူးနှင်းဆီကို မိဆူးလို့သာသိထားကြပြီး သူဌေးကြီးဦးမြင့်အောင်၏ သမီးဟု သိသူနည်းပါးလှလေ၏။

သူမကိုယ်တိုင်ကိုက ပေါပေါတေတေနေမိတာကိုး။ ဖြစ်သလိုနေ ဖြစ်သလိုဝတ်ကာ သွားချင်ရာသွားနေတတ်တာပါလေ။ အကျႌမွမွဆောင်းဘီပွပွကြီး ဝတ်လေ့ရှိသဖြင့် ရှိရင်းစွဲအသက်ထက် လူကပိုရင့်ကာ ဆံပင်ကိုလည်းညှပ်တာမျိုး မရှိသဖြင့် ဖြစ်သလို စည်းနှောင်ထားတတ်တာကိုက တကယ့် ဂျစ်ပစီ Fashion နဲ့ ဆူးနှင်းဆီပါ။ ဖအေအရှိန်၊ မအေအရိပ်ဖြင့် နာမည်ကြီးတာမဟုတ်ပါဘဲ ဖော်ရွေကူညီသည့် ကောင်မလေးအဖြစ် ချစ်စနိုးနာမည်ရခဲ့တာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အသက်တော့ တိုတော့မှာပဲ။ သက်ပြင်းချည်း ချနေရတယ်လို့"

"ဖေဖေက ငါ့အတွက် ကျူရှင်ဆရာ မခေါ်ပေးတော့ဘူးတဲ့"

"ဒါဖြင့် အပြင်မှာ"

"ဟင့်အင်း . . . အပြင်ကိုလည်း သွားမတက်ရဘူးတဲ့"

"ဟဲ့ . . . ဘယ်လိုကြီးလဲ"

"ပြီးတော့ . . . ငါ ဒီလ မန်းနီးပြတ်ပြီ"

"ဟောတော် . . . ဖြစ်ရလေ"

သူမ မဲ့ပြုံးပြုံးလိုက်မိပါ၏။ ကိစ္စမရှိပါ။ ဆူးက ကြံရည်ဖန်ရည်ရှိတာ မဟုတ်ပါလား။ ဖေဖေ ဒီလိုပညာပြရင် ဆူးဖိနှိပ်မယ့်တရားခံက ဖင်ဖင့်ဆီ ဦးတည်ရုံသာ။ သေပေတော့ ဖင်ဖင်။ ငါတောင်းတာမပေးလို့ကတော့ ငါ့အကြောင်း နင်တို့သားအမိ နှစ်ယောက်စလုံးသိပြီမှတ်။ ငါတစ်ယောက်တည်းစားရမယ့် အစားအစာ၊ ငါသာ ဝတ်ရမယ့်အဝတ်အစား၊ ငါသုံးရမယ့် ငွေကြေးတွေ မှန်သမျှ လက်ဝါးကြီးလာအုပ်တဲ့ နင်နဲ့နင့်အမေကို ငါ ကောင်းကောင်းကြီး lesson ပေးမှာပါလေ။

"ဒီလိုလုပ်ပါလား"





"ဘာကိုလဲ"

"အခု ဖိုးကျော်တက်နေတဲ့ဆီမှာပဲ လိုက်တက်လိုက်လေ"

"ဘယ်လို ဖိုးကျော်က ဘယ်မှာကျူရှင်ယူနေလို့လဲ"

"ကျူရှင် ဘယ်ထားနိုင်ပါ့မလဲ ဆူးရယ်။ ငါတို့အခြေအနေလည်း နင်အသိသားနဲ့။ အဖေ အခုလုပ်နေတဲ့ဆိုက်မှာ အင်ဂျင်နီယာအစ်ကိုကြီးက သင်ပေးတာပါ။ Text cost မဟုတ်တဲ့ မေးခွန်းဟောင်းတွေ လှေ့လာပြီး သင်ပေးတာမျိုး။ Text က ကျောင်းမှာ ဆရာမတွေ သင်ပေးတာလေ။ လိုအပ်တာပဲ သူ သင်ပေးတာပါ။ တော်တော်အသင်အပြကောင်းတာဟဲ့"

"အမယ်မယ် . . . နင်က တက်ဖူးတာကျနေတာပဲ။ ရှေ့နေသိုက်ပြရတယ်လို့"

"ချော် . . . ငါ့မောင်လေး ကျောင်းမှာ အဆင့်တက်လို့ ပြောတာပါ ဆူးရယ်။ အစက ဘိတ်ချီးပဲ ရခဲ့တာ နင်သိရဲ့သားနဲ့။ အခုဆို အဆင့် (၂၀) ကျော်ကနေ (၁၀) အတွင်း ဝင်လာပြီး one to ten ရနေပြီ"

"ဘယ်လို . . . တယ်ဟုတ်ပါလား"

"ကျက်စာက ကိုယ့်ဘာသာကျက်ခိုင်းပေမယ့် spelling, meaning တွေကို တိုင်ပေးပြီး အမြဲချရေးခိုင်းတာ။ အခု ဖိုးကျော်



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးမှန်းချင်တဲ့စိတ် အပြည့်ဖြစ်နေပြီ ဆူးရဲ့"

သူမ ပြုံးလိုက်မိပါ၏။ အားရှိစရာပါပဲ။ လူငယ်တွေကို တက်လမ်းဖွင့်ပေးတဲ့ လမ်းပြမဟုတ်ပါလား။ အားကျလိုက်ပါဘိ။ သူမကိုပါ ဒီလို တွန်းအားပေးပြီး စာပြတဲ့ Guide ဆရာပါရှိရင်ဖြင့် စာကျက်ချင်တဲ့ စိတ်က အပြည့်အဝရှိတော့မှာလေ။ အမှန်ဆို သူမဉာဏ်က အကောင်းချည်းပါ။

ကျက်စာထက် တွက်စာမှာ ပိုအားသာမှန်း ဆရာ ဆရာမတွေက မသိကြ။ အမှန်ဆို သူမနှင့်အတူ စာပိုင်းကျက်ပေးမည့် guide မျိုးသာရှိပါက နှစ်ချင်းပေါက်အောင်မြင်နိုင်မယ့် ကျောင်းသူလေးပါပဲ။

စာကျက်ပျင်းတာက တစ်ကြောင်း။ အိမ်ကလူတွေကို အရွဲ့တိုက်ပြချင်တာကလည်း တစ်ကြောင်း။ ပြီးတော့ စာအုပ်ကိုင်လိုက်တာနှင့် သူမမျက်ခွံတို့က အလိုလို Auto ပိတ်ချင်လာတော့ မခက်ပေဘူးလား။ ဖင်ဖင့်ကို ဂရုစိုက်သလို ဘေးမှာ ယပ်လာခပ်ပေးလျှင် အိပ်ချင်ပြေ အချဉ်လေးလာကျွေးပြီး စောင့်ပေးရင် ကောင်းမှာပါလေ။

သို့သော် အန်တီပပက ဆူးရဲ့မေမေ မဟုတ်ပါဘဲ မိထွေးဖြစ်နေလေတော့။

"ဆူး"





"အင်း"

"နင် တက်ချင်ရင် ဗိုးကျော်ကို ငါပြောခိုင်းလိုက်မယ်လေ။ သူက ညဘက် (၆) နာရီကျော်မှ စာစသင်ပေးတာ။ ည (၁၀) နာရီမှ ပြန်လွှတ်တယ်"

"ငါ စဉ်းစားဦးမယ်"

"အောင်မလေးဟယ် ... ပညာပါရမီ ဖြည့်ပေးတဲ့လူကို ဈေးကကိုင်ပါ့"

"အလကား သင်ပေးတာလား"

"ဩော် ... အလကား သင်ပေးတာပေါ့။ ငါတို့က ငွေမှ မတတ်နိုင်တာ။ ပြီးစလွယ်မသင်ဘဲ စေတနာအပြည့်နဲ့ သင်ပေးတာဟဲ့"

သူမ ဘာမှမပြောဘဲ ငြိမ်နေမိပါ၏။ ခေါင်းထဲမှာ အတွေးတွေက ပလုံစီအပြည့်ပါပဲ။ အိမ်မှာ သူမကို ခပ်နှိမ်နှိမ်အကြည့်နဲ့ ခပ်မဲ့မဲ့အပြုံးမျိုးက ဖင်ဖင်သာ လုပ်တတ်တာကိုး။ သူမကို စာလာပြသည့် ခပ်ငယ်ငယ်ဆရာတွေနဲ့ "ယောရောရှိ" ဝင်လုပ်တတ်တာ၊ စာသင်တုန်း နှောင့်ယှက်တာမျိုးကို ဘယ်သူမှ မသိကြတာလေ။

နောက်ဆုံးမှာ ... စာသင်ပေးရတဲ့တပည့်မကို ပျင်းလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ လက်လျှော့သွားကြတာချည်းပါပဲ။ အောင်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ နိုင်ချင်တယ်၊ ခေါင်းမော့ရင်ကော့ ထားချင်ပါတယ်။ သို့သော် သူမရပ်နေတဲ့ဘက်မှာ သူမတစ်ဦးတည်းသာ ရှိနေတော့ ခက်သွားလား။ အထီးကျန်ခြင်းဆိုသည့် သိမ်ငယ်မှုက လူကို အရှုံးတိုက်ပြခြင်းအဖြစ် ပြောင်းသွားစေသည့် လျှို့ဝှက်ချက်ဖြစ်နေတော့တာပါလေ။



## အခန်း (၃)

ဖေဖေ့ကိုပြောစရာရှိတာမို့ ထမင်းစားချိန်ပြီးတာကို စောင့်နေရပါဓိ။ စဉ်းစားဖို့အချိန်ပေးထားတာ ဒီနေ့ တစ်လပြည့်ပြီလေ။ ဒီတော့ ဖေဖေ့ကို သူမအဖြေပေးရတော့မှာကိုး။ သူမ ပြောစရာရှိနေမှန်း သိသိကြီး ဖြစ်ပါလျက် မိထွေးတော်က လေကြောရှည်ပြနေတာလေ။ အမြင်ကတ်ပါပေ့။

"ဖေဖေ"

"ဟေ"

"သူ့ ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ လာပြောပါလား"

"အဲဒီမှာ မပြောချင်လို့ပေါ့"

"အင်း . . . သူကိုယ်သူ ကုမ္ပဏီ MD ထင်နေလားမသိ"

ဖေဖေ တီးတိုးရေရွတ်လိုက်တာကို ကြားရလေ၏။ တမင် ခေါ်ထုတ်တာကို မသိတာလား။ သူစိမ်းတွေရှေ့ တောင်းဆိုမိရင် သူမကို ကန့်ကွက်ချင်သည့် အကြည့်နဲ့ အပြုံးမျိုးကို ရမှာ အသေအချာ ပါလေ။ သားအဖအချင်းချင်း ဆွေးနွေးဖို့က ဒီသူစိမ်းသားအမိ သိစရာ မှ မလိုတာပဲ။ ဖေဖေက ရေသောက်ပြီးမှ ညှော်ခန်းကို ထွက်လာလေ၏။ သူမ ပေါ်တင်ပြောတာမို့ အန်တီပပရော ဖင်ဖင်ပါ လိုက်မလာပ ချေ။

"စဉ်းစားပြီးပြီလား"

"ဟုတ်"

"ပြော"

"ဆူးကို စက်ဘီးဝယ်ပေးပါ"

"မရဘူး . . . အန္တရာယ်များတယ်၊ နဂိုကမှ ဘိမ်မှာမရှိ သဝေထိုးတာမှ တစ်နေကုန်။ စက်ဘီးသာဝယ်ပေးလိုက်ရင် မြင်း ကို (ချို) တပ်ပေးလိုက်သလို ဖြစ်ကုန်မှာပေါ့"

ရော် . . . သူမကို အန္တရာယ်ဖြစ်မှာစိုးတယ် ထင်နေတာ





ထက်စသတ်တော့ အိမ်ပြန်မပေါ်လာမှာစိုးတာကိုး။ အိမ်က နေချင် စရာမှ မရှိတာ။ အပေါ်ထပ်မှာ ဖင်ဖင်။ အောက်ထပ်မှာက အန်တီပပ။ ဒီတော့ ဒီမျက်နှာတွေကို မမြင်ချင်ရင် ခြံထဲဆင်းထိုင်ရုံသာ ရှိတော့ တာလေ။ ပြီးတော့ သူမက အခန်းထဲမှာ တွင်းအောင်းသတ္တဝါလို နေနေရမှာလောက် မုန်းတာမရှိသည့်လူကိုး။

"စာမေးပွဲဖြေ၊မဖြေ သိချင်လို့ စဉ်းစားခိုင်းထားတာ။ ဟုတ်တာတွေ မတောင်းဆိုချင်နဲ့ မရဘူး"

"ဆူး ပြန်ဖြေမှာပါ"

"ရတယ်၊ ဒါပေမဲ့ . . . ခုနတောင်းဆိုချက်ကို ပယ်တယ်။ စာမေးပွဲအောင်ရင် ဘာပဲတောင်းတောင်း ဝယ်ပေးမယ်။ အခု . . . ရောဘူး"

အပေါ်ထပ်သို့တက်ရန် လှေကားဆီ လျှောက်လာနေသည့် ဖင်ဖင့်ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားလေ၏။ စိတ်ဝင်စားပြီ မဟုတ်လား။ အင်း (၁၀) တန်းအောင်စဉ်က ဖေဖေ မုန့်ဖိုးကို သိန်းချီပြီးပေးခဲ့တာ သူမ မမေ့ပါ။ ရသင့်သည့်ဆုမို့ ဒါကိုတော့ သူမ လုမယူခဲ့။ အခု သူမ မရသေးသည့်အရာကိုဖြင့် ဒင်း စိတ်ဝင်စားနေတာ တရားပါရဲ့ လား။

ရွယ်တူမို့ မနာလိုစိတ်က အနည်းနဲ့အများတော့ ကိုးစိုရိုကြ



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ သို့သော် သမီးရင်းနှင့် မယားပါသမီးကို ပခုံးချင်းယှဉ်လို့ ရပ့ါမလား။ ဖင်ဖင် ဘာပဲလိုချင်လိုချင် ဖေဖေ့ဆီကို တိုက်ရိုက်တောင်း ရဲတာမျိုး မရှိဘဲ အန်တီပပမှတစ်ဆင့်သာ ပြောဝံ့တာလေ။ ဒါလည်း ဆူးနှင်းဆီအတွက် အားသာချက်တစ်ခုပါပဲ။

"ဆူး မသိနားမလည်တာမျိုးရှိရင် သွားမေးလို့ရအောင်ပါ ဖေဖေ။ လျှောက်စီးချင်လို့ မဟုတ်ပါဘူး"

"ဖေဖေ ပြောပြီးပြီလေ၊ အန္တရာယ်များတယ် မရဘူးလို့"

"ဆူးအတွက် သောင်းဂဏန်းလေးတောင် ဖေဖေ အကုန်မခံနိုင်ဘူးလား"

"မိဆူး"

"ရတယ်၊ ဆူးပိုက်ဆံနဲ့ဆူး ဝယ်စီးနိုင်ပါတယ် ဖေဖေ လိုအပ်တာကိုပဲ တောင်းဆိုတာပါ။ မလိုအပ်ဘဲ အပိုတွေတောင်းတာ မျိုး ဆူးမလုပ်ဘူး ဖေဖေ သိပါတယ်"

ဖင်ဖင့်မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ ပျက်ပေမပေ့ ဒင်း First Year လေးတက်တာနှင့် တစ်ကိုယ်လုံး ဝင်းလက် တောက်ပနေတာပါ။ သွေးမတော် သားမစပ် သမီးကို ရတနာရှေ့ ဆင်တာကိုတော့ ဖေဖေ မနှမြောဘူးပေါ့။ ဆူးက သိန်းဆယ်ချီ ပူဆာနေတာမှ မဟုတ်တာလေ။





Home Tution ခေါ်ခဲ့တာ ဘယ်နှစ်လများရှိခဲ့လို့လဲ။ သမီးဖြစ်သူကို နှောင့်ယှက်နေတဲ့ အိမ်တွင်းရန်သူတွေကို ဖေဖေမှ မသိ မမြင်နိုင်တာလေ။ အရင်က သူမ ဝေယျာဝစ္စအလုပ်တွေကို လုပ်ပေးမည့် အိမ်အကူတွေထားခဲ့ပေမယ့် အိမ်ရှင်မရာထူးနဲ့ အခွင့်ရ သွားသည့် အန်တီပပက သူမကို ပညာကောင်းကောင်းပြပြီး ကိုယ့် အလုပ် ကိုယ်လုပ်ဖြစ်အောင် လုပ်တော့တာပါပဲ။

သူမ ဂရုမစိုက်ပါ။ ကိုယ့်ဖိုက်ကိုယ်ရှာဖြည့်ဖို့အတွက် အလုပ်မှ မရှားတာပဲ။ အိမ်မှာ နိစ္စဓူဝ ကြုံတွေ့နေရသည့် သေးသေးမွှားမွှား ပဋိပက္ခတို့ကိုရှောင်သည့်အနေဖြင့် အိမ်ပြင်ထွက် လမ်းသလားနေမိ သည့် သမီးဖြစ်သူကို ဖခင်က အပြစ်မြင်နေတော့ ခက်သားလား။ တစ်ခါတလေ ဖြေရှင်းမရသည့်ပြဿနာတွေရှိတယ်ဆိုတာ အမှန်ပဲ ထင်ပါ ရဲ့။

"သမီးဖေဖေက သမီးအန္တရာယ်ဖြစ်မှာစိုးလို့ ပြောနေတာပါ နှင်းဆီရယ်"

နောက်နားမှ လေပြည်နှင့်ပြောလာသည့် အန်တီပပကြောင့် သူမမျက်နှာကို မဲ့လိုက်ပါ၏။ ဒါကို ကြုံမြင်နေလို့ ဖေဖေနှင့်သီးသန့် စကားပြောနေတာတောင် ဝင်ပြောဖြစ်အောင် ပြောနေပါရောလား။ အမေဖြစ်သူထွက်လာတာနှင့် စောစောက မျက်နှာကပြောင်းသွား ဖင်ဖင်



www.burmeseclassic.com

www.burmeseclassic.com



မဲ့ပြုံးကို မြင်လိုက်ရလေ၏။ ဒီအမေမွေးမှဖြင့် ဒီလိုသမီးမျိုးပဲ ရမှာပါလေ။

''ဆူးနဲ့ဖေဖေ သီးသန့်ဆွေးနွေးနေတာကို ဝင်မပါပါနဲ့ အန်တီ''

''အန်တီက စေတနာနဲ့''

''မလိုပါဘူး။ စေတနာတွေ၊ ကရုဏာတွေ၊ မုဒိတာတွေဆိုပြီး မရှုတ်ပြပါနဲ့အန်တီ။ ဦးမြင့်အောင်နဲ့ဒေါ်ရင်ရင်က မွေးထားတဲ့သမီး ဆူးနှင်းဆီတို့ သားအဖကိစ္စမှာ အန်တီ ဝင်စွက်ဖက်ပိုင်ခွင့် မရှိပါဘူး။ ကျွန်မ မေတ္တာရပ်ခံနေတာပါ''

''အစ်ကို . . . ပယက''

''ယဉ်ယဉ်ကျေးကျေးပြောနေတုန်း ရပ်သင့်ပါတယ် အန်တီ။ ကြာရင် ဆူးနှုတ်က ရင့်ရင့်သီးသီး စကားလုံးတွေ မထွက်ချင်လို့ပါ''

သူမမျက်နှာကို ခါတိုင်းထက် ပိုတည်ထားမိတာမို့ မိထွေးတော် အနည်းငယ်မျှ လန့်သွားပုံပင်။ ဖေဖေက နားတော့လေဟု ပြောလိုက်မှ အိပ်ခန်းရှိရာဆီသို့ ဝင်သွားလေတော့၏။ ကျောင်းနေအရွယ်မှာတောင် ဤမျှအထိ ဖြစ်နေလျှင် အလုပ်ဝင် အိမ်ထောင်ကျသည့်အရွယ်ရောက်ပါက အဘယ်မျှ ဖြစ်ကုန်မှာပါလိမ့်။





သူမအတွက် ရပိုင်ခွင့်တွေ၊ အမွေတွေက ကိစ္စမရှိပါ။ တခြားမိန်းကလေးတွေလို အလှအပတွေ၊ အဖိုးတန်ပစ္စည်းတွေကို မမက်မောရှိပါပဲ။ သို့သော် ဘာမဆိုင် ညာမဆိုင် သူစိမ်းတွေက လက်ဝါးကြီးအုပ်ပြီး သိမ်းပိုက်မှာကိုတော့ လက်သင့်မခံနိုင်ပါလေ။ ဖေဖေ့ကုမ္ပဏီ၊ ဖေဖေ့လုပ်ငန်းမှန်သမျှကို ရှေ့နေကြီး ဘဘ ဦးသာထက်ကိုင်ပေးထားတာမို့ ဒါဆိုတော့ ဒင်းတို့သားအမိ မထိရဲပါလေ။

ဒါပေမဲ့ ဆူးနှင်းဆီဆိုသည့် တစ်ဦးတည်းသောသမီး၏ ရပိုင်ခွင့်ကိုတော့ လုချင်နေတာ မဟုတ်ပါလား။ ဒီအဖေနဲ့ ဒီသမီးကြားမှာ ဝင်ခလောက်ဆန်ပြီး မုန်းတီးအောင် ရန်တိုက်နေမှန်း မသိရအောင် သူမက ဝတုံးမှ မဟုတ်ဘဲ။ အိမ်မှာ မနေချင်လို့ ထွက်ပြေးမိလျှင် ဝမ်းသာအားရ ထခုန်မည့်သားအမိနှစ်ယောက်ပါလေ။

''ပပအပေါ် သမီး ခုထိ အမြင်မကြည်နိုင်သေးပါလား''

''____''

''သမီးအပေါ် သမီးအရင်းနဲ့မခြား ဂရုစိုက်ပေးနေတာပါ ဆူးရယ်''

''ဆူးတို့ ဆွေးနွေးနေတာ လမ်းချော်သွားပြီလား ဖေဖေ''

''ကားတွေ ဘာတွေကြောင့် သမီးကို အန္တရာယ်ဖြစ်မှာစိုးလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါ ဖေဖေ။ ဒီကံ သေဖို့ပါလာရင် အဲဒီကံကြမ္မာကို ရှောင်လို့မရနိုင်ပါဘူး။ (၃၅) နှစ်ဆို အရွယ်ကောင်းလေးက လောကမှာ နေလို့ပျော်တဲ့ အရွယ်ပါ ဖေဖေ အဲဒီအရွယ်လေးနဲ့တောင်မှ ဆူးကို မေမေ ထားရက်ခဲ့တာပဲ"

ဖေဖေ မျက်ရည်ဝဲလေပြီ။ အနာကိုဆွတာ မဟုတ်ရပါ တစ်ချိန်လုံး နှုတ်က ပပဟု ရေရွတ်နေတာမို့ ရင်ရင်ဟူသည့် ဇနီးသည် ကို ခဏမျှ သတိရစေချင်လို့ပါပဲ။ လောကမှာ မေ့ဖို့ဆိုတာက အခက် ဆုံးဆို။ ဒါပေမဲ့ ... မေမေ့ကို ဖေဖေ တမင်တကာ မေ့ထားခဲ့တာ ကြာခဲ့ပြီကော။

"ဖေဖေ့မှာ သမီးတစ်ယောက်တည်းပဲ ကျန်တော့တာပါ ဆူးရယ်။ ဖေဖေ့သမီးကို ဖေဖေ မခွဲနိုင်လို့ပါ"

မျက်ရည်ကြားမှ ပြုံးလိုက်မိပါ၏။ စိုးရိမ်သတဲ့လား။ ဒါကြောင့် နစ်နစ်နာနာတွေ တမင်ပြောတာပေါ့၊ ဟုတ်လား ဖေဖေ။ အပြင်မှာ စီးပွားရှာနေသည့် ဖေဖေက နောက်မှာ သမီးဖြစ်သူ ဘာ တွေ ဖြစ်ပျက်နေသလဲဆိုတာမှ မသိတာပဲ။ မိခင်မဲ့သွားရလို့ မေမေ့ နေရာကို အန်တီပပကို အစားထိုးခဲ့တာကို ဆူးကကျေးဇူးတင်ရမှာ လား။ ဆူးလိုချင်တာ မေတ္တာပါ ဖေဖေ။ သူတို့လို ငွေကြေးတွေ လိုချင်တာမျိုး မဟုတ်ရပါဘူး။





"ဆူးက လိုချင်ရင် မရရအောင် ယူတတ်မှန်း ဖေဖေသိပါ တယ်"

"သမီးသာ စာမေးပွဲအောင်ရင် သမီးလိုချင်တာ ဘာဖြစ်ဖြစ် ဖေဖေ ပေးမှာပါ"

"ဘာဖြစ်ဖြစ်"

"ဟုတ်တယ်၊ လိုချင်တာ တောင်းနိုင်ပါတယ်။ ဖေဖေ တကယ်ပြောနေတာပါ"

"ဒါဖြင့် သိန်းရာချီတန်တဲ့ ကားမျိုး တောင်းရင်ကော"

"ရစေရမယ်သမီး"

"ဖေဖေ ကတိပေးနိုင်လို့လား"

"Promise ပါသမီး။ အခုတောင်းတာကိုတော့ ဖေဖေ မပေးနိုင်ဘူး။ သမီးလိုချင်တာ သုံးချင်ရင် အိမ်ကို driver ရော ကားပါ ဖေဖေ လွှတ်ပေးမှာပါ"

"မလိုပါဘူး ဖေဖေ"

အစည်းအဝေးက ပြီးလေပြီ။ မသုံးစေချင်လည်း မသုံးရုံပေါ့ လေ။ ဘာများ ခက်လို့လဲ။ စာမေးပွဲအောင်အောင် မအောင်အောင် သေဖြင့် မသေချာဘဲ ဒီကတိမျိုး ဖေဖေပေးရဲတာကို ယုံမိလို့ပါပဲ။ အားရှိသွားသလိုပါပဲလေ။ ထိုင်ခုံမှထကာ လှေကားမှ တက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ရန်ပြင်လိုက်စဉ် မျက်နှာချင်းဆိုင်အခန်းတံခါးက ခပ်ဟဟလေး ဖြစ်နေလေသည်။ ကြည့်ရတာ ဇင်ဇင့်အခန်းထဲ အနှိုတီယ ရောက်နေပြီ ထင်ပါရဲ့။

"မကျေနပ်တာက မကျေနပ်တာပဲ မေမေ"

"ဟဲ့ . . . တိုးတိုးပြော"

"ဇင်ဇင် အောင်တုန်းက အဲဒီလို ဖေဖေပြောခဲ့လို့လား။ အခု First year တက်တာတောင် ဖယ်ရီစီးနေရတာ။ ကားဝယ်ပေးဖို့ ဝေလာဝေး"

"တခြားပစ္စည်းမျိုး သမီးရတယ်လေကွယ်"

"အဲဒါ ဘယ်လောက်များရှိမှာမို့လို့လဲ မေမေရဲ့။ အလွန်ဆုံးရှိ (၁၀) ဂဏန်းပေါ့။ တူမှ မတူတာ"

"ကွယ် . . . နှင်းဆီက သူ့သမီးလေ"

"ပြောတော့ ဇင်ဇင်လည်း သမီးပဲဆို။ သူ့ကို မေမေ ဘယ်လောက်ချစ် ဘယ်လောက်ဂရုစိုက်ခဲ့ရလဲ။ မေမေ ဘယ်လိုပဲ ကောင်းကောင်း အကောင်းပြောခံရလို့လား။ ရုပ်ကိုက ကျက်သရေမရှိ"

"ဇင်ဇင် မေမေမကြိုက်ဘူးနော်"

သူမ Door lock ကို မလှည့်သေးပါဘဲ ခဏစောင့်လိုက်မိ၏။ သားအမိတွေ ရင်ဖွင့်နေကြတာပေါ့လေ။ လက်ထဲမရောက်





သေးပါဘဲ မမြင်ရသေးတဲ့ပစ္စည်းကို မဆွရိယပွားနေတာပါလား။ အတွင်းကောက်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။ မကျေနပ်တာကို ပေါ်တင်မပြောရဲဘဲ ကွယ်ရာမှာ ကျိတ်ပြောနေတာလေ။

မုန်းလိုက်တာ။ အဲဒါကြောင့် ခင်းတို့ကို သူ့ ကြည့်မရတာ ပေါ့လား။ ကိုယ့်အဖေ ဘာဝယ်ပေးပေး သူ့စိမ်းဖြစ်သူတွေနဲ့ မဆိုင်တာလေ။ မြင်သမျှ တွေ့သမျှ ကိုယ့်အတွက်ချည်းဆိုပြီး လိုချင်နေရင် လောဘဟု သတ်မှတ်ရုံသာရှိတော့မှာပါ။ နင် အတော်စိတ်ပုပ်တာပါ ဘား ဇင်ဇင်။

"စိတ်ကလည်း ပုပ်သေးတယ်။ အဲဒါကြောင့် သူ့ ခုထို အောင်တာ။ ဘယ်တော့မှလည်း အောင်မှာမဟုတ်ပါဘူး။ ဉာဏ်ကို က တုံးတာကိုး"

"ဟယ် . . . မဦးမချွတ်နဲ့၊ ညီအစ်မချင်းကို"

"ဘာညီအစ်မလဲ၊ သူနဲ့ဇင်ဇင် ဘာမှမတော်ဘူး"

"ခက်တာပဲ သမီးရယ်။ မေမေ ဒီလောက်ပြောထားတဲ့ကြား ထဲ"

"သူ့ကို သိပ်မုန်းတယ် မေမေ"

"ဟဲ့"

ငါလည်း မုန်းတယ် ဇင်ဇင်။ ခါးခါးသီးသီးကိုမုန်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပြီလေ။ နှင့်ရဲ့ ပုပ်နေတဲ့စိတ်ကို ဒီထက်ပိုမည်းသွားအောင် လုပ်ပြရသေးတာပေါ့။ ဆူးနှင်းဆီက လောင်ချင်နေတဲ့မီးစကို တတ်ခိုလောင်းတတ်မှန်း နှင်သိသိကြီးနဲ့ စိန်စခေါ်တာကိုး။

"ဝုန်း"

"အောင်မယ်လေး"

တံခါးကို အသံမြည်အောင် တွန်းဖွင့်လိုက်သဖြင့် သားအမိနှစ်ယောက် လန့်ဖျပ်သွားသလို မျက်နှာတွေပါ ဖျက်ကုန်လေ၏။ ငါက ပါးပါးလေးရော ထူထူကြီးပါ လိုးတတ်မှန်း နှင်သိစေရမယ် ဖင်ဖင်။

"အန်တီပပ"

"ဟင် ... ဘာ ... ဘာလဲသမီး"

"မုန့်ဖိုးပေးမယ်ဆို"

"အင်း ... အင်း ... ဘယ်လောက်လဲ"

"မများပါဘူး၊ ငါးထောင်လောက်ပါ။ ဟင် ... အန်တီတို့ shopping ထွက်ထားသေးလား။ မုန်း ... ဒီအင်္ကျီလေး လှလိုက်တာဒါလေးရောပဲ။ ဆူး ဒီနှစ်ထည် ယူလိုက်မယ်နော်"

"နှင်နဲ့မှ မတော်တာ"

"ငါကြိုက်လို့ယူတာပဲ ဘာဖြစ်လဲ။ နှင့်အမေပိုက်ဆံနဲ့





ဘယ်လာတာလားပြော"

"ယူယူ သမီး ... ရပါတယ်ကွယ်။ လာ လာ ... အန်တီနဲ့နှိုးလိုက်ယူ"

အန်တီပပက သူမလက်ကို ဆွဲခေါ်နေလေပြီ၊ ဒေါသမျက်နှာင်း ကျန်ခဲ့သည့် ဖင်ဖင့်ကို ခပ်စူးစူးတစ်ချက်ကြည့်ပြီးမှ အခန်းပြင်ထွက်ခဲ့ပါ၏။ ငါက ဒီလို ကလိမ်ကကျစ် လုပ်တတ်တယ် ဖင်ဖင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ရော့"

"လုပ်ပြန်ပြီ ဘာတွေလဲ"

"အကို့"

"ပြောတော့ မုန့်ဖိုးမရဘူးဆို၊ ဘယ်ကပိုက်ဆံနဲ့ ဝယ်လာတာလဲ ဆူးရယ်။ အပိုလျှောက်ဖြုန်းနေပြန်ပါပြီ"

"ငွေမသုံးတဲ့နည်းနဲ့ပါ ချိုရာ"

"ဟယ် ... ဒါဖြင့် ဇင်ဇင့်ဆီကလား"

"ဒါပေါ့"





"အကုသိုလ် ရှာလာပြန်ပြီ၊ နင်ကတော့လေ"

ကွပ်ပျစ်ပေါ် လှဲချလိုက်ပါ၏။ သူများအိမ်ရှေ့ ပိုးလိုးပက်လက် ဖြစ်နေတာမျိုး သင့်မသင့် သူမ မတွေးဖြစ်ပါလေ။ ချိုသဲက အလုပ်စဆင်းနေပြီး အဝေးသင်တက်နေတာပါ။ စာမေးပွဲဖြေမှပဲ ခွင့်ယူရတာမို့ အလုပ်က ကျောင်းနေခွင့်ပေးထားလေ၏။ အဆင်ပြေသားပါပဲ။ အဆင်မပြေသည့်လူက သူမတစ်ယောက်တည်း ရှိနေတာ ထင်ပါရဲ့။

"ဦးလေး ဘာပြောသေးလဲ"

"ထုံးစံအတိုင်းပေါ့။ စက်ဘီးစီးရင် အန္တရာယ်ရှိမှာစိုးလို့ မဝယ်ပေးဘူးတဲ့လေ"

"ဟုတ်ပါတယ်၊ လမ်းမမှာ ကားတွေ တရကြမ်းမောင်းနေတာကို။ အမေတောင် ဖိုးကျော်ကို နေ့တိုင်း သတိပေးနေရတာ။ ဒိုကမှ နင်က စိတ်လက်တစ်ဆစ်ရယ်"

သက်ပြင်းရှိုက်မိပြန်လေ၏။ သူမကိုယ်သူမ မသိမဟုတ် သိနေတာပါပဲ။ အိမ်တွင်းမှာ အမြဲတစေ တိုက်ပွဲဖြစ်နေမှတော့ စိတ်က အညို့တို့၊ ဒေါသအမြဲထွက်ပြီး ဒီမျက်နှာက ကြည်လင်နိုင်ပါတော့မလော။ ကိုယ်နဲ့အစေးမကပ်တဲ့လူမှန်သမျှ ရန်သူဟုချည်း သတ်မှတ်မိတော့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ရယ်ပြန်ပြီ၊ နှင် ရူးနေပြီလား"

"အေး ... ရူးသွားတာကမှ ကောင်းဦးမယ်"

"ဆူးကလည်း"

"ငါ့ကို ဖင်ဖင် ဘာပြောတယ်ထင်လဲ"

"ဘာပြောလို့လဲ"

"ငတုံးမတဲ့၊ တုံးလွန်းလို့ (၁၀) တန်းမအောင်တာတဲ့လေ"

"ဟယ် ... အဲဒီလို ပြောရဲတယ်"

"ရှေ့မှာ ဘယ်ပြောရဲမှာလဲ၊ ကွယ်ရာမှာ ပြောနေတာ ကြားခဲ့တာ။ ရှေ့မှာ ပြောရဲပြောကြည့်ပေါ့။ ငါ့လက်က အချိန်နေရာ မရွေးတာ သူအသိပဲ"

"ဒါကြောင့် ငါပြောတာပေါ့။ စာမေးပွဲပြန်ဖြေပါလို့။ နှ နှစ်တိုင်း ဖြေနေတဲ့ဟာ။ စာက ဒီလောက်မဝေးပါဘူး ဆူးရယ်"

"ငါသိပါတယ် ချိုရယ်၊ ဖြေပါ့မယ်"

"တကယ်နော်"

"အေး"

"ကျူရှင် ဘယ်မှာယူမှာလဲ"

"အဲဒါပဲ စဉ်းစားနေတာ။ အိမ်မှာခေါ်ပြန်တော့လည်း ဖ ဟာမ သားအမိက ရှုပ်ဦးမယ်၊ အပြင်သွားတက်ပြန်လည်း ဖေဖေ





ကြိုးပိုလုပ်ပေးဦးမှာ။ ငါ့ကြောင့် အလုပ်ရှုပ်ဦးမယ်"

"ငါပြောသလို ဖိုးကျော်တက်တဲ့အစ်ကိုဆီမှာပဲ သွားတက်လေ"

"ငါ့ကို သင်ပေးဦးမှကိုး"

"သင်ပေးမှာပါ။ ဖိုးကျော် ပြောထားပါတယ်ဆိုမှ။ နှင်က ဖွံလည်းရှိပါတယ်၊ ဉာဏ်လည်းကောင်းတဲ့ဟာ။ ဝီရိယလေး နည်းနည်း အားစိုက်ရုံပါဟယ်"

"ကြည့်ပြောဦး ... ငါ Reperater နှစ်ထပ်ကွမ်းနော်"

နှစ်ယောက်သား မသက်မသာ ရယ်လိုက်မိ၏။ ဒေါ်လေးမေ က ဈေးထဲမှအထည်တွေကို လက်ချုပ်လိုက်၊ ကြယ်သီးတပ်ပေးနေကျ မို့ ပြီးတာတွေ သွားအပ်ပြီးအပြန် ဈေးဝယ်လာတတ်လေသည်၊ ချိုသဲ က အရောင်းစာရေးမို့ အချိန်ခွဲပြီး အလုပ်ဝင်ရပြီး ဒီနေ့ စောစောအိမ် ပြန်ရတာပါ။ ဖိုးကျော်တို့ကျောင်းဆင်းကာနီးပြီပဲ။

"ဆူး"

"အင်း"

"ကျူရှင်ပြန်တက်မယ်ဆိုလည်း စာအုပ်တွေ၊ စာရေးကိရိယာ တွေ ပြန်စုထားဦး"

"ရှိပါတယ်ဟာ၊ မရှိလည်း ဖင်ဖင့်ဟာတွေ သွားယူရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ခင်းမှာ A4 size unicolour စာအုပ်တွေ ဒါဇင်လိုက်ရှိတာ၊ ပေါ့မှ ပေါ''

''ကြည့် ... နင် ဒီလိုဗိုလ်ကျနေတာ ဦးလေးကို ဟိုက ပြန်တိုင်နေဦးမယ်''

''တိုင်ပါစေ၊ တိုင်လည်း မတိုင်ရဲပါဘူး။ အမေဖြစ်တဲ့သူကိုပဲ ကွယ်ရာမှာပြောရဲတာ။ ဖေဖေက သူ့အလုပ်နဲ့သူ ရှုပ်နေတာ။ ငါတို့ကို ဂရုမစိုက်အားပါဘူး''

''အဲဒီလိုတော့ မပြောပါနဲ့ဟယ်။ ဦးလေးက နင့်အပေါ် ချစ်ရှာပါတယ်။ အန်တီဆုံးသွားတော့ နင့်ကို ပြုစုစောင့်ရှောက်ဖို့ အန်တီပပကို ယူတာတစ်ကြောင်း၊ နင် ကစားဖော်ရဖို့တစ်ကြောင်း ကြောင့်ပါ။ ဘေးလူတွေအားလုံးသိကြတာပဲ''

ချစ်ရှာပါတယ်တဲ့။ ''ဖေဖေ့မှာ သမီးတစ်ယောက်တည်းပဲ ကျန်တော့တာပါ၊ မခွဲနိုင်လို့ပါ'' တဲ့။ ဖေဖေ မျက်ရည်ဝဲလျက် ပြောခဲ့တာပဲ။ သမီးဖြစ်သူကို ဆူတာတော့ ဆူတာပါပဲ၊ မေမေ့နေရာမှာ အစားထိုးခံရတဲ့ ဒဏ်ရာနဲ့ ပြိုင်ဘက်သူငယ်ချင်းက သူမနေရာကို လာလုပြီး ဟန်တက်နေတာမို့ ရင်ထဲ တနုံ့နုံ့ ခံစားနေရတာကို ဖေဖေ သိပါရဲ့လား။

ငယ်သူမို့ နှလုံးသားက ထိရှလွယ်တတ်ပါ၏။ ဒါကို လူမသိ





အောင် ဖုံးကွယ်ထားရတာ အဘယ်မျှ ခက်ခဲလွန်းပါသလဲ။ တစ်ဦး ...ည်းသောသမီးမို့ ဥတစ်လုံးဆန်ဆန် ဗိုလ်ကျချင်သလို ဆိုးပြနေသည့် ...နှင်းဆီရဲ့အတွင်းစိတ်က ကြင်နာတဲ့၊ နူးညံ့တဲ့ နှလုံးသားနုနုလေး ...တာ မည်သူမျှမသိကြတဲ့ လျှို့ဝှက်ချက်တစ်ခုပါလေ။

''ငါသိပါတယ်''

ချိုသဲက ချဉ်ပေါင်ရွက်ခြွေနေရင်း လှည့်ကြည့်လေ၏။ မသိရ ...အောင် သူမက ကန်းနေတာမှမဟုတ်ကာပဲ။ ဖေဖေ့သမီးဆိုပြီး လူရှေ့ ... လိမ္မာပြနေတဲ့ ဇင်ဇင်ဆိုတာ ကျီးအာသီးလို မိန်းကလေးမျိုးပါလေ။ ...) တန်းကို ရှေ့ကနေ ကြိုအောင်သွားတဲ့ အခွင့်အရေးက သူသာ ...ပိုင်ခဲ့တာ မဟုတ်လား။ ဒီတော့ ဖေဖေ့ကုမ္ပဏီမှာ ဝင်လုပ်ဖို့ ...တန်းတွေ ကြိုတင်တက်နေတာ။ ကြိုးစားလှုပ်ရှားနေသမျှကို သိသိ ...ဖြစ်ပါလျက် သူမက ရှူးချင်ယောင်ဆောင်ပြနေတာပါ။

ဖေဖေ့မှာ ဘယ်လို Plan တွေ၊ စိတ်ကူးတွေရှိမှန်း သူမတို့ ...ကြတာအမှန်ပါ။ ကုမ္ပဏီကို လက်လွှဲပေးဖို့ အမွေပေးဖို့က သွေး ...တော်စပ်သည့် သူစိမ်းကို ပေးနိုင်ပါ့မလား။ သွေးသားရင်းချာ ...သည့် သမီးကို လွှဲပေးမှာလား။ စဉ်းစားစရာပါလေ။ ဘာကိုမဆို ...အနက် မထားတတ်ပေမယ့် ခပ်ပေါ့ပေါ့နေတတ်သည့် သူမ ...ကိုတော့ တွက်ဆတတ်ရမှာပါလေ။

www.burmeseclassic.com



"ဟော . . . မိုးကျော်တောင် ကျောင်းဆင်းပြီ"

စက်ဘီးဖြင့်ဝင်လာသည့် အဖြူအစိမ်းဝတ်စုံနှင့် ကောင်လေးက သူမကို ပြုံးပြလေ၏။ ချိုသဲပြောသံကြောင့် ကွပ်ပျစ်ထက် လှဲနေရာမှ အမြန်ထထိုင်လိုက်ရတာပင်။ ဒီချာတိတ်လေးထံမှ လန်းဆန်းတက်ကြွရိပ်တွေ အလိုလို ဖြာထွက်နေသည့်နှယ်ပါ။ လက်ထဲ ဘာမှမရှိသည့်အိမ်ရှိကလေးတွေက ကြိုးစားနေကြပြီး သူမလို ငြီးငြည့်စုံသည့်အိမ်မှ ကလေးက တေပေလေလွင့်နေတာ ဖြစ်သင့်ပါသလား။

စိတ်ဆိုတာ ထိန်းရခက်သည့်အရာမှန်း သိသိကြီးဖြစ်လျက် အလိုလိုက်နေခဲ့မိတာပါ။ မိသားစုဘဝကို မကျေနပ်တာထက် ကိုယ့်ကိုယ်ကိုယ် မကျေနပ်သည့်လူမျိုး တွေ့ဖူးကြပါသလား။ သူမကိုယ်သူမ ပြန်ညွှန်ပြမည်သာ။ ဒီဘဝမှာ ကြည့်မရသည့်လူတွေရဲ့မျက်နှာကို နှစ်ရှုမြင်နေမှတော့ ဒီစိတ် မကြည်လင်နိုင်တာ အပြစ်မှ မဟုတ်တာပဲ။

"ဆာလိုက်တာ မမရာ"

"အဆာပြေစားနှင့်လေ။ အုပ်ဆောင်းအောက်မှာ ဆူ အကြော်ဝယ်လာတာရှိတယ်။ နွေးနွေးလေးရှိဦးမှာ"

ပြောလည်းပြော ထလည်းလုပ်ပေးသည့် အစ်မပါပဲ ကျော်စွာက ကျောင်းဝတ်စုံကို အိမ်နေအဝတ်အစားဖြင့် လဲဝတ်ပြီးနောက် သောက်ရေအိုးထဲမှရေ ခပ်သောက်နေပါ၏။ ချိုသဲက



ဆန်ကြမ်း ထမင်းကြမ်းကို ပန်းကန်ထဲခူးထည့်ကာ အကြော်ကို ပန်းကန်ပြားထဲ ပြောင်းထည့်လိုက်ပြီး အချဉ်ရည်ကို အကြမ်းပန်းကန်လုံးသာသာ ခွက်ထဲသို့ ထည့်လိုက်လေသည်။

"ဆားဖြူးပေးရမလား"

"အင်း"

"ပဲကပ်ကြော်ပါလား"

"ပါပါ့တော်၊ နင့်အကြိုက်ကို ငါသိပါတယ်"

"အစ်မနှစ်ယောက်ရှိတာ အတော်ကံကောင်းတာပဲ"

"အေးပါ . . . အေးပါ၊ အဲဒီအပြောလေးတွေနဲ့ ကောင်မလေး ဘယ်နှစ်ယောက်ကို ရိုက်ပြီးပြီလဲ"

"မစဉ်းစားရဲပါဘူး မမဆူးရာ။ ကျွန်တော်လို ငမွဲကို ဘယ်ကောင်မလေးက ကြိုက်မှာလဲ"

"ဟဲ့ . . . ငါကြိုက်တယ်လေ"

"အာ . . . ပြောပြန်ပြီ"

ကောင်လေးမျက်နှာ ရဲသွားတာမို့ သူမ ဟက်ဟက်ပက်ပက် ရယ်မောလိုက်မိလေ၏။ စလို့ကောင်းသည့်ချာတိတ် မဟုတ်လား။ နည်းကျော်ရုက်လျှင် မျက်နှာပါမက နားရွက်ကားကားလေးပါ ရဲတွတ်သွားတာလေ။ ငယ်ရုပ်မပျောက်သည့်ကောင်လေးမို့ သူမစိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မောင်လေးပဲ့သာ ယခုတိုင် မြင်နေတာပင်။ ချိုသဲတို့မောင်နှမ နှစ်ယောက်လုံးက စိတ်ထားဖြူစင်ကြတာမဟုတ်ပါလား။

"သချာစာအုပ်ကုန်ပြန်ပြီ မမရာ။ ကျွန်တော် တခြားစာအုပ် နောက်ကျောမှာ တွက်လိုက်ရတယ်"

"ကြိုပြောရောပေါ့ဟယ်"

"စာအုပ်အထူ မသုံးဘူးလား"

"မဝယ်နိုင်ဘူးဗျ။ ဈေးကြီးက ကြီးနဲ့။ စာမျက်နှာ (၈၀) တန် ဝယ်လည်း စာရွက်က မပြည့်သလိုပဲ။ ဆိုင်က ဖြုတ်ယူထားလား မှတ်ရတယ်"

"ငါဝယ်ပေးပါ့မယ် ဖိုးကျော်ရယ်"

"မလုပ်ပါနဲ့ဗျာ၊ မမဆူး ကူညီတာ များလွန်းနေပြီဗျ"

"ဘာလဲ အကြွေးပြန်မဆပ်နိုင်လို့လား။ ဒီတော့လည်း နင့်ကို အကြွေးနဲ့ ငါသိမ်းလိုက်ရုံပေါ့ဟယ် မဟုတ်ဘူးလား"

"သိပ်သိမ်းချင်နေတာ မဟုတ်လား။ မမဆူးယူရမယ့် ယောက်ျား မတွေ့သေးဘူးလားဗျ"

"မရှိလို့ပေါ့ဟဲ့"

"ဒါဆိုလည်း သိမ်းဗျာ"

"အံမယ် . . . ရက်ရက်ရောရောပဲဟဲ့ ချိုရဲ့"





ရွဲ့ပြောမှန်းသိပေမယ့် စိတ်ချမ်းသာတာမို့ ရယ်မိပြန်တာပါလေ။ ကျောင်းစာကလွဲပြီး ဘာမှ ခေါင်းထဲမထည့်သည့် ကလေးမို့ ငှနောက်ကကြည့်နေမှာပါပဲ။ သူမကဖြင့် တစ်နေ့တစ်နေ့ အိမ်မှာ ပြဿနာရှာဖို့ အမြဲတွေးနေရတာပါလေ။ အခုလည်း ထမင်းစားဖို့ အိမ်ပြန်ရမှာမို့ စိတ်ရှုပ်စရာကြုံရမှာပါပဲ။ ဖေဖေ စောစောပြန်လာမှာမို့ အိမ်မှာရှိပြရဦးမှာပါလေ။

"ဆူး ဈေးရှုပ်ပြန်တက်မယ်တဲ့"

"တကယ်လား။ ဟုတ်လား မမဆူး"

"အေး . . . နှစ်တက်တဲ့ဆီမှာ"

"အစ်ကိုဆီမှာ"

"အေးလေ . . . နင်ပဲ ပြောပေးမယ်ဆို"

"ပြောတာက ပြောလို့ရပါတယ်။ ဒါပေမဲ့ . . . အစ်ကိုက ထက်မြန်တယ်နော်။ စိတ်လည်းဆတ်တယ်။ စာမကျက်ရင် စာမှားရင် သိပ်စိတ်ဆိုးတာ။ မမဆူး အပျင်းထူပုံနဲ့ မလွယ်ဘူး"

"အံမာ . . . ငါ့ကိုများ ပျင်းတဲ့"

"မဟုတ်လို့လား။ အခုလည်း မနေ့ကတည်းက ဝတ်ထားတဲ့ အကျႌနဲ့ရောက်လာတာပဲကြည့်။ ဒီပုံနဲ့ မမဆူး နေ့တိုင်း အပွမ်ခံရမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပုံက အားရှိပဲ့။ တစ်နေ့တစ်နေ့ အဆူခံနေရတဲ့ဝဋ်က မကျွတ်နိုင်တာကို"

"မမဆူးလိမ္မာရင် ဘယ်ဆူပါ့မလဲ"

"မလိမ္မာချင်ပါဘူး။ လိမ္မာပြရင် သူများ နင်းသွားမှာပေါ့"

"ကြည့်"

ချိုသဲက ညနေစာချက်ဖို့ပြင်ဆင်နေစဉ် ဖိုးကျော်က ကျောင်းမှပါလာသည့်အိမ်စာတွေကို လုပ်နေလေသည်။ ကျူရှင်က ညမှောင်မှ သွားရမှာကိုး။ လက်ရေးသေးသေးလေးဖြင့် ချွဲတာရေးနေသည့် စာအုပ်ကို ယူကြည့်ကာ ပြုံးလိုက်မိပါသည်။ သူမလက်ရေးက ဝိုင်းပြီး စာလုံးကြီးကြီး ရေးတတ်တာမို့ ဆရာမတွေ ချီးမွမ်းခဲ့ဖူးတာပါလေ။

"နာမည်တပ်ပေးဦးနော်"

"ဘယ်မှာလဲ"

"ကျူရှင်စာအုပ်မှာ"

ခပ်ကြမ်းကြမ်းစာအုပ်သုံးလေးအုပ် ထုတ်ပေးတာမို့ သူမ ဖွင့်ကြည့်လိုက်မိပါ၏။ အမှတ်ခြစ်ထားတာ မေးခွန်းရေးထားတာမို့ လက်ရေးကိုမြင်ရတာကိုး။ ဆရာဖြစ်သူရဲ့လက်ရေးက ရှည်မျောမျော လေးတွေ ဖြစ်နေတာလေ။ လက်ရေးက ရှင်းပေမယ့် သိပ်အလှကြီး မဟုတ်ပါချေ။





"လက်ရေးကလည်း ဆရာဝန်လက်ရေးနဲ့ နင်လား ငါလား ဗ"

"လက်ရေးမလှပေမယ့် လူက ချောတယ်ဗျ"

"ဟုတ်လား"

"မမဆူးနော် . . . ကျူရှင်အကြောင်းပြပြီး အစ်ကို့ကို ရှုတ်မယ် ကြံနဲ့၊ ဟိုက ထုမှာ"

"ငါက ကြောက်ရမှာလား"

"ကြောက်ရမှာပေါ့ဗျ။ ဆရာပဲကို"

"ဆရာ"

"အင်းလေ"

"နင့်ကျူ အစ်ကိုခေါ်ပြီ"

"ငယ်ငယ်လေးကိုဗျ"

"ဟင်းနော် . . . အစ်ကို, အစ်ကိုနဲ့ ငါ့ထက်ပိုချစ်တဲ့သူ မရှာမိစေနဲ့"

"တွေ့လား၊ အူက ပုပ်ပြန်ပြီ"

"တို့က ခပ်ပုပ်ပုပ်ပဲ"

ဗလာစာအုပ်အဖုံးတွေကို ကျော်စွာဟုတပ်ကာ Subject အမည်တွေပါ ရေးပေးလိုက်ပါ၏။ အစ်ကိုတဲ့။ ဒီကောင် အားကိုး



www.burmeseclassic.com

www.burmeseclassic.com



နေသည့် ဆရာသမားနှင့် တွေ့ရဦးမှာပါလား။ ငယ်ငယ်ချောချော လေးတဲ့လေ။ သူစိမ်းယောက်ျားတွေကို တစ်ခါမှ စိတ်မဝင်စားဖူးပါပဲ သူမရင်ထဲ တစ်မျိုးကြီး ဖြစ်သွားရတာ အမှန်ပါ။

မတွေ့ဖူးတာမှ မဟုတ်တာပဲ။ ဖေဖော်ကုမ္ပဏီက မန်နေဂျာ ကိုက် (ထက်သူရ) လည်း ကြည့်ကောင်းပြီး ယောကျ်ားပီသသည့်သူပါ။ *အိမ်ကို တစ်ခါတလေ ရောက်လာတတ်ပေမယ့်* 'ကိုကိုထက်' ဆိုပြီး ကြိုတတ်သည့်လူက ဖင်ဖင်သာ။ သူမကဖြင့် သူစိမ်းယောကျ်ားတွေနှင့် ခပ်ကင်းကင်းနေတတ်တာပါလေ။

# အခန်း (၅)

"အဲဒါ ငါယူမယ်၊ ဒါရောပဲ"

"ဒါတော့ နင်လွန်နေပြီ။ ဘူးလိုချင်ရင် ကိုယ့်ဘာသာကိုယ် ယ်ပေါ့။ ဘာလို့ ငါ့ဥစ္စာတွေချည်း လာလုနေတာလဲ"

"အသုံးလိုလို့ပေါ့ဟဲ့၊ ဒါတွေလည်း ငါ့အဖေပိုက်ဆံတွေနဲ့ သ်လာတာပဲကို။ နင့်ပိုက်ဆံ ဘယ်နှပြားပါလို့လဲ"

"နင်"

"ဘာလဲ မကျေနပ်ဘူးလား။ ငါ့ကို လုပ်ချင်တယ်ပေါ့လေ၊ သတ္တိရှိနေတယ်ပေါ့။ ဟုတ်လား။ လုပ်ကြည့်လိုက်လေ။ ငါ့အသား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်နာတာနဲ့ နှင့်နဖူးကို စားပွဲနဲ့မိတ်ဆက်ပေးမယ်၊ မလုပ်ဘူး မထင်လေနဲ့''

''ဟဲ့ ဟဲ့ ... ဘာဖြစ်ကြပြန်တာလဲ၊ ဒီကလေးနှစ်ယောက် တော့လေ''

မီးဖိုခန်းထဲမှ မိထွေးတော်က အူလျားဖားလျား ပြေးထွက်လာပါ၏။ စားပွဲထက်မှာ စာရေးကိရိယာစာအုပ်ပါကင်နှင့် Pen တို့က ခပ်များများပါ။ အိမ်ပေါ်မသယ်ရသေးခင် သူမ ပြန်အရောက်နှင့် တိုးသွားဘာမို့ ဗိုလ်ကျသည့်ကိစ္စ ဖြစ်ရပြန်တာပါပဲ၊ ဖင်ဖင့်မျက်နှာက အတော်ဒေါသဖြစ်နေပုံပါလေ။

''ဒီမှာလေ ... သမီးပစ္စည်းတွေကို ထုံးစံအတိုင်း လာလုနေ ပြန်ပြီ''

''သမီးရယ် ... နှင်းဆီလည်း စာမေးပွဲပြန်ဖြေမယ်ဆိုလို့ မမေ ပို့ဝယ်လာပေးတာလေ။ ညီအစ်မတွေ ခွဲဝေယူမှပေါ့''

''အဲဒါဆိုလည်း သမီးက တက္ကသိုလ်ကျောင်းသူမို့ ပိုကောင်း တာ ရွေးပြီးမှ သူယူသင့်တာပေါ့ မေမေရဲ့''

''ဟာဟ ... နှင့်တက္ကသိုလ်က စာဘယ်လောက်များ သင် ရရေးရလို့လဲ။ ငါကမှ ပိုကုန်တာ။ စကားကိုကြည့်ပြော မိဖင်။ ငါ့ နှမ်းသလို နှိပ်ကွပ်သလို စောင်းမပြောနဲ့။ ငါလက်ပါရင် နင်နာမယ်





''မေမေ''

''ဟုတ်သားပဲ၊ သမီးက နှင်းဆီကို အလျှော့ပေးမှပေါ့။ နှင်းဆီကြိုက်တာ အရင်ယူပါစေ''

''ဒါဆို ... ဖင်ဖင် ဘာမှ မယူတော့ဘူး။ ဖင်တို့က သူများ အကျန် သုံးလေ့သုံးထမ မရှိတာ''

''ငါက ပိုတောင်ကြိုက်သေး။ ဖိုးကျော်ကို ခွဲပေးလိုက်ရုံပဲ''

''တွေ့လား မေမေ၊ သူကမှ ဖင့်ကိုရွဲ့ပြောနေတာ''

''ဖင်ခေါင်းသိပ်ကျယ်ပြမနေနဲ့။ နှင့်ပါးပြောင်နေတာ စိန်နားကပ်အရောင်ကြောင့်ဆိုတာ သိထားပါ ဖင်ဖင်။ ဘယ်သူက သစ်ပင်၊ ဘယ်သူက နွယ်ပင်မှန်း လူတိုင်းသိတယ်။ အမိုကောင်းလို့ အပင်ထောင်နေတာ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဆိုပြီး မာန်တက်မနေ နဲ့''

''နှင် နှင်''

''တီ တီ''

အိမ်ရှေ့မှာ ကားရပ်လိုက်တာမို့ စကားများနေတာ ရပ်သွားရ လေ၏။ ဖေဖေ စောပြန်လာမယ်ဆိုတာ မှန်နေတာပါလား။ စာအုပ် တွေများတာမို့ တစ်ထုပ်ပိုက်လိုက်မိစဉ် တိုက်ထဲသို့ ဖေဖေနှင့်အတူ လူတစ်ယောက်ပါ ဝင်လာလေသည်။ အသက်ရှည်ဦးမှာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ညနေကပဲ သတိရလိုက်မိတာ အခုပဲ အိမ်ကိုရောက်လာတာပါလေး။

"လူစုံတက်စုံ ရှိနေတာပါလား"

"ကိုကိုထက် ပါလာတယ်"

"အန်တီတို့ဖို့ပါ"

"အားနာစရာ သားရယ်၊ ဒါတွေမလိုပါဘူး"

သားအမိနှစ်ယောက် ကြိုလိုက်တာမို့ သူမ မျက်နှာကိုမဲ့လိုက်မိပါ၏။ ဖားတာကလည်း ပေါ်တင်ကြီးပါလေ။ ဖေဖေ့ကိုမကြိုဘဲ ညည်သည့်ကိုကြိုနေတာက အမြင်ကပ်စရာပင်။ အိမ်မှာ သူမကိုမြင်တာမို့ ဖေဖေဆူဖို့ကိစ္စ မရှိပါလေ။ ထမင်းအတူစားမယ်ဆိုတာ ဒါကြောင့်ပြောတာကိုး။

"ဟိုကလေးမ ... ခုထိ ရေမချိုးသေးဘူးလား"

"----"

ဖေဖေပြောတာကို ပြန်မပြောဘဲ မျက်နှာကိုတည်ထားမိပါ၏။ အခုပဲ စကားများထားတာမို့ သူမမျက်နှာကို အချိန်မီ မပြင်နိုင်ပါလေ။ ဖင်ဖင်တို့ကဖြင့် အပြောင်းအလဲမြန်ပုံ။ စောစောက သူမအပေါ် ရန်လိုနေသည့်မျက်နှာက အခုတော့ဖြင့် သကာလောင်းထားသည့်နှယ်ပါလေ။

"ညစာအတူတူစားမယ်လို့ ဖေဖေ မမှာထားဘူးလား ဆူး"





"ချိုးမှာပါ"

"ဒါဆိုလည်း မြန်မြန်ချိုးလေ။ ညည်သည့်က ပြန်စောင့်နေရမှာလား။ ဘာမှ ကြိုတင်လုပ်တာမရှိဘူး"

"ကိုကိုထက်က ညည်သည့်မှမဟုတ်တာ ဖေဖေရဲ့။ စောင့်မှာပါ။ ဟုတ်တယ်နော် ကိုကိုထက်"

"အင်း"

ဆက်တိုက်ရှုရာဆီရောက်လာတာမို့ သူမ သွားရတော့မှာလေ။ ချစ်သူနဲ့ အရောခံချင်သူတွေစုပြီမို့ ရှောင်ရမည့်တာဝန်က သူမထံမှာ ရှိနေပြီမဟုတ်ပါလား။ တအုပ်နောက်ထပ်တစ်အုပ်ကို ကောက်ယူလိုက်စဉ် သူ့အကြည့်က သူမထံရောက်လာလေ၏။ ဖေဖေက ရေချိုးအဝတ်အစားလဲရန် အခန်းထဲဝင်သွားလေပြီ။

"ဆူး စာမေးပွဲပြန်ဖြေမှာဆို"

"ဟုတ်"

"ဘာလိုသလဲ၊ လိုတာ ကိုယ့်ကိုပြောနော်"

"ရပါတယ်၊ ဘာမှမလိုပါဘူး"

"ဒါတွေ အပေါ်သသယ်မလို့လား။ ကိုယ်ကူသယ်ပေးမယ်လေ"

"ရတယ် ... နေပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းနေပါလျက် သူက ကျန်သည့်စာအုပ်ထုပ်နှင့် ဘေးပင် ဘူးတွေယူလျက် အနောက်မှပါလာလေပြီ။ ဇင်ဇင့်မျက်နှာ မည်းခနဲ ဖြစ်သွားတာကို မြင်လိုက်ရတာမို့ သူမ စိတ်ထဲမှကျိတ်ရယ်လိုက်မိလေ၏။ အတင်းကပ်နေပါလျက် ကော်ကမှ အကောင်းစားမဟုတ်တာကိုး။

"ဆရာ အိမ်ခေါ်သင်မှာလား"

"ဟင့်အင်း။ အပြင်မှာသွားတက်ရမှာ"

"ဟင် . . . အန်ကယ်လွှတ်ပါ့မလား"

"တစ်နေ့ကုန်မှ မဟုတ်တာ ကိုထက်ရဲ့။ ညဘက် (၃) နာရီလောက်ပဲကိုး လွှတ်ရမှာပေါ့။ ပြီးတော့ ဆူးမှာ အဖော်ရှိပါတယ်"

"ဘယ်သူလဲ"

"ဖိုးကျော်လေ၊ ဟိုဘက်အိမ်ကကောင်လေး"

"ကောင်လေး"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"အဲဒီကောင်လေးနဲ့အတူတူတက်မှာလား"

"အင်းပေါ့"

"အန်ကယ် စိတ်ချလို့လား ဆူးရယ်"

"ရော် . . . ကျူရှင်သွားတက်တာပဲကိုး၊ စိတ်မချစရာလား ဆူးက ဘာမှမကြောက်ပေါင်"





"အဲဒီလိုမကြောက်တတ်လို့ကို စိတ်ပူရတာ"

အလို ဘာစကားကြီးလဲ။ အခန်းတံခါး လှည့်ဖွင့်လိုက်ပြီမို့ ပြောလက်စ စကားက ပြတ်သွားပါ၏။ သေသေသပ်သပ်ရှိနေပါသည့် အခန်းကြောင့် အန်တီပပ အခန်းရှင်းပေးထားမှန်းသိလိုက်ပါသည်။ ဒီလောက်တော့ လုပ်ပေးသင့်တာမဟုတ်ပါလား။ သူက သူမအခန်း ထွင်းလိုက်ဝင်ကာ စာကြည့်စားပွဲထက် စာအုပ်ထုပ်တွေကို စီတင်ပေး လိုက်လေသည်။

"ခုထိ ဘာစာမှမကျက်သေးပုံပဲ"

"စိတ်မှမပါသေးတာ"

"ဒေါက် ဒေါက်"

"ကိုကိုထက် . . . ဖေဖေက ထမင်းစားစို့တဲ့"

သူက အခန်းဝဘက်လှမ်းကြည့်ကာ ပြုံးလိုက်လေ၏။ သူမ နှင့်အတူရှိနေလို့ လာခေါ်နေမှန်း သိသလိုပါပဲ။ ပြောတော့ဖြင့် သူမကို စိတ်ပုပ်အပုပ်ဟုပြောပြီး ဇင်ဇင်ကမှ ပိုပြီးစိတ်ထားပုပ်တာပါလေ။ အခန်းတွင်း ဝေ့ကြည့်လိုက်ပြီးမှ သူမ ရေချိုးမှာကို သိတာမို့ ရှောင်ရန် သူသိနေပါ၏။ အလိုက်သိတတ်တဲ့အစ်ကိုပင် မဟုတ်ပါလား။

"အောက်မှာ ကိုယ်စောင့်နေမယ်နော်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းထဲမှ ထွက်သွားသဖြင့် ရေချိုးရန် ပြင်ရတော့၏။ ဒီလိုနေရာ ဒီလိုအဆင့်အတန်းမျိုးမှာမနေဖူးခဲ့တာမို့ လူချမ်းသာသမက်ကို လိုချင်နေတဲ့ အန်တီပပက ကိုထက်ကို မျက်စိကျနေမှာ အမှန်ပါပဲ။ ဖေဖေအားကိုးရတဲ့ မန်နေဂျာမို့ အိမ်ကို ဝင်ထွက်ခွင့်ရတဲ့ ကိုထက်က သူ့မနဲ့ဖင်ဖင်ကို ညီမတွေလိုသာ သဘောထားတာပါလေ။

ခေါင်းထက်မှာ စီးပိုင်နေတာမို့ ခေါင်းပါတစ်ခါတည်း လျှော်လိုက်ပါ၏။ လူကို တစ်ပိုင်းတည်းစားရန် မစောင့်ချင်သည့်သားအမိကြောင့် တမင် အချိန်ဆွဲလိုက်မိခြင်းပါ။ မစောင့်ချင်လို့ စားလည်း စားနိုင်ပါလေ။ အိမ်မှာ သူမက ဘေးမှာသာထိုင်ရတဲ့ ခွေးခြေခုံလို လူပင် မဟုတ်လား။

"သမီးရေ ဆူး"

"ရှင်"

"ရေချိုးတာ မပြီးသေးဘူးလား။ ဒီမှာ မောင်ထက်စောင့်ရတာ ကြာလှပြီ"

"လာမယ် ဖေဖေရေ ခဏပဲ"

ကိုထက် စောင့်နေသတဲ့။ အသံမပြစဖူး ဖေဖေ့အသံကြောင့် အထူးအဆန်း ဖြစ်ရလေ၏။ မသိလျှင် ကိုထက်နှင့်ဆူးကပဲ Date လုပ်ထားသည့်နှယ်ပါ။ ခပ်ပွပွဝတ်စုံကိုသာ ရွေးဝတ်လိုက်မိပြီး





အခန်းထဲမှထွက်ကာ လှေကားမှ ဆင်းခဲ့ပါသည်။ ကိုထက်နှင့် ဖေဖေက ဧည့်ခန်းမှာ စကားပြောနေကြတုန်းပါပဲ။

"ပြီးပြီလား"

"ဟုတ် … ဆာရင် စားနှင့်တာ မဟုတ်ဘူး"

"ကိုယ် မဆာသေးလို့ပါ ဆူးရဲ့။ ခေါင်းကိုခြောက်အောင် ဘာလို့မသုတ်တာလဲ။ ဖျားဦးမယ်"

"ဆူးက အမာစားပါ ကိုထက်ရာ။ မပူပါနဲ့"

"ကဲကဲ … သမီး လာပြီဆိုတော့ စားကြစို့"

ဖေဖေက ရှေ့မှဦးဆောင်ခေါ်တာမို့ သူနှင့်ဆူး နောက်မှ အတူလိုက်ခဲ့ပါ၏။ ထမင်းစားခန်းမှာ အန်တီပပနှင့် ဖင်ဖင်က ကျွန်ပြင်ဆင်ပေးနေလေသည်။ အခုမှ မိန်းကလေးပီသပုံမပြနေတာလေ။ အိမ်မှာ ရေတစ်ခွက်မခပ်၊ တံမြက်စည်းတစ်ချက်မလှည်းသည့် ဒင်းကများ ဟန်ဆောင်တတ်ပုံ။ အခုမှပဲ အိမ်ကြီးရှင်သူဌေးသမီးနှယ် ထမင်းပွဲပြင်ထားသည့်ခုံမှာ အဆင်သင့်ဝင်ထိုင်ရပြီ မဟုတ်လား။

"သမီးနှင်းဆီ … ဖွန်းခက်ရင်းနဲ့စားမှာလား"

ဒေါက်မြှတ်လေသလား။ ထမင်းစားတိုင်း လက်နဲ့ဆေးပြီးသာ စားလေ့ရှိတာမို့ အန်တီပပ မေးလိုက်ပုံပါ။ ဆူးနှင်းဆီက လူရှေ့မှာ ဖဲပေးတတ်တဲ့ အီစီကလီမမှ မဟုတ်တာလေ။ အစားအသောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှတပတလေး ဟန်ပြရုံ နည်းနည်းပဲစားတာမျိုး မဟုတ်ဘဲ ဗိုက်အပြည့်ဖြည့်တတ်တာက အကျင့်ဖြစ်နေပြီ မဟုတ်ပါလား။

"လက်နဲ့ပဲစားမယ် အန်တီ"

"သမီးကလည်း"

"ခါတိုင်းလည်း လက်နဲ့စားတာပဲလေ ဖေဖေရဲ့၊ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး"

"ကိုထက် ရှိနေလို့လား။ ကိုယ့်အစ်ကိုပဲဟာ၊ ရှက်စရာမှ မဟုတ်တာ . . . နော် ကိုထက်ရယ်"

"ဟုတ်ပါကယ်၊ အန်ကယ် သူ စားတတ်သလို စားပါစေ"

ဖင်ဖင်က လှောင်သလိုနှယ် မဲ့ပြုံး ပြုံးလိုက်လေ၏။ ညှော်သည့်ပန်းကန်ထဲကို စေတနာဗရပွနဲ့ ဟင်းတွေပင် ခပ်ထည့်ပေးနေတာပါလေ။ သူမကဖြင့် ချည်ရည်ဟင်းခပ်ရွှဲရွှဲဆမ်းကာ ငါးပိချက်ရောနယ်ရင်း အားပါးတရ စားနေတော့၏။ အသားဟင်းတွေ ဆီပြန်ဟင်းတွေ တစ်ခုမှမနှိုက်ဘဲ ဒီတိုင်းစားနေတာမို့ ကိုထက်က အံ့ဩနေလေသည်။

အန်တီပပက သူမကို သတိထား၍ စကားပြောနေပုံပါ။ ဆူးနှင်းဆီက မထင်ရင် မထင်သလို အချိန်အခါမကြည့် ပြန်အော်





တတ်တာကို။ သူစိမ်းရှေ့မှာ အရှက်ရမှာကိုတော့ စိုးရိမ်နေပုံပါပဲ။ သူမကတော့ဖြင့် ဟန်ဆောင်ပန်အောင်စရိုက်ကို အင်မတန်မှ ရွံမုန်းတာပါလေ။

"စာမေးပွဲ ပြန်မဖြေတော့မှာစိုးလို့ စိတ်ပူနေတာ။ အခုမှပဲ စိတ်အေးရတော့တယ်"

"အေးလေ . . . ဒီတစ်နှစ်ဖြေလို့မှ မအောင်ရင်"

ဖေဖေက စကားကိုရပ်လိုက်လေ၏။ ရေတိသီးမှုန့်တွေ ဖြူးထားတာမို့ စပ်လွန်းသဖြင့် ရေသောက်ရန် ထရပ်စဉ် ကိုထက်က ခွက်ထဲ ရေထည့်ထားပြီးသားကို သူမထံ ကမ်းပေးလိုက်လေသည်။ ဒီနေ့မှ လိုတရဆုနဲ့ ပြည့်နေပါရောလား။

"မအောင်ရင် ဘာလုပ်နိုင်းမလို့လဲ ဖေဖေရဲ့"

"အိမ်ထောင်ချပေးမှာ"

သူမမျက်နှာကို ရှုတွလိုက်ပေမယ့် ဟိုသားအမိကဖြင့် ကွက်ခနဲ မျက်နှာပျက်သွားကြတာပါ။ ဘယ်လိုလဲ၊ သူမအိမ်ထောင်ကျမှာကို ဒါ မနာလိုကြဘူးတဲ့လား။ အံ့ဩဖွယ်ကောင်းလေစွ။ သူမအတွက် ဖေဖေ ဘာလုပ်ပေးပေး စိတ်ထဲမကျေမနပ်ဖြစ်နေတာ အသိသာကြီးကို။

ကိုထက်ကဖြင့် ပြုံးစိစိဖြစ်သွားတာပါလေ။ ဒီသမီး ...ယ်

www.burmeseclassic.com



လေးကို အရွယ်မတိုင်ခင် ဘယ်လိုအဖေက ယောက်ျားပေးစားရက်ပါ့မလဲ။ အဖေတွေလောက် သမီးတွေအပေါ် တွန့်တို အတ္တကြီးတာမျိုး ဘယ်မှာမှ ယှဉ်လို့မရတာလေ။ ဆူးလည်းမယုံပါဘူး ဖေဖေ့ရယ်။

"အောင်မယ်ဆို . . . ဖေဖေပေးထားတဲ့ကတိကို မမေ့ကြေးနော်"

"ဘာကတိများလဲ"

"ဆူးလိုချင်တာပေးမှာတဲ့"

"ဟုတ်လား"

"အင်း"

"ဆူးက ဘာတောင်းမှာလဲ"

"Secret မို့ မသိချင်ပါနဲ့"

ဖင်ဖင့်မျက်စောင်းက ရောက်လာ၏။ "နောက်ဖြစ်ရကျောင်းဒကာ" ဟု စိတ်ထဲမှပြောနေမလား၊ ဂရုမစိုက်ပါလေ။ ဖွန်းခက်ရင်းဖြင့် စားနေသူတွေထက် သူမက အရင်ပြီးနေလေပြီ။ ထမင်းပန်းကန်ကိုင်လျက် ခုံမှ ထရပ်လိုက်ပါ၏။ အနောက်တီပပထံမှ "ပန်းကန်ထားခဲ့သမီး" ဟူသည့်အသံ ထွက်မလာသဖြင့် သူမ ပြုံးမိလေတော့သည်။

အခန်း (၆)

အခန်းထောင့်မှာပုံထားသည့် စာအုပ်ပုံနား ထိုင်ချလိုက်ပါ၏။ နှစ်နှစ်တဲ့။ နှစ်နှစ်တာကာလက ခဏလေးလိုပါပဲ။ စိတ်တိုင်းကျတွေပေလေလွင့်ခဲ့တာ မဟုတ်ပါလား။ ယခင်က ဆူးနှင်းဆီဆိုတာ လက်ရေးလေးဝိုင်းစက်နေသလို စာအရမ်းကို တော်ခဲ့တာပါ။ ဆရာဆရာမတွေ၏ချစ်ခြင်းကို ရခဲ့ပြီး ကျောင်းမှာ နာမည်ရခဲ့သည့် ကျောင်းသူလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

မှတ်မှတ်ရရ သူမ (၆) တန်းနှစ်လယ်မှာဖြစ်ခဲ့တာပါ။ မေမေ ရုတ်တရက် ဆုံးပါးခဲ့ပြီး စိတ်ကို ထိန်းမရခဲ့သည့် ဝမ်းနည်းကြေကွဲမှု

www.burmeseclassic.com



စာပြိုင်ဘက်ဖြစ်သည့် ဖင်ဖင်နှင့် မကြာခဏ စကားများနေရာမှ ဒေါသ ထွက်ပြီး ဆောင့်တွန်းခဲ့မိတာပါ။ ချော်လဲရာမှ လက်ကျိုးသလို ဒဏ်ရာ ရသွားပြီး ကျောင်းမှာ ဖေဖေ ပြဿနာတောင် ရှင်းခဲ့ရသေးတာလေ။

တစ်ခန်းတည်း တစ်ခုံတည်း အတူထိုင်ခဲ့ရသည့်ဖင်ဖင်နှင့် အတူ စာကြိုးစားနေရသည့်ဒုက္ခက လွတ်အောင် ဘယ်လိုများ လုပ်ရ မှာလဲ၊ စာမကျက်ချင်တော့သည့်စိတ်၊ ဘယ်သူနှင့်မှ စကားမပြောချင် တော့သည့်အကျင့်ကြောင့် အဆင့်ကျပြီး ခုံအတူ မထိုင်ရာမှ နောက်ဆုံး အတန်းတက်စဉ် (B) ခန်းကို Auto ရောက်သွားတော့တာပါလေ။ ကျောင်းတက်တိုင်း လူကို အထင်တသေးနဲ့ မျက်နှာမဲ့ပြတတ်သည့် ကောင်မလေးနှင့် တစ်မိုးတည်းအောက်မှာ နေခွင့်ရခဲ့သည့်ဒုက္ခက မဟာဒေရာမကြီးပါပဲ။

စိတ်ပုပ်သည်ဟု နာမည်ဆိုးအတပ်ခံရမှာဖြင့် ဒီထက်ပိုဆိုး သည်ကိုသာ သူမ ဆက်လုပ်ဖြစ်ခဲ့တာပါ။ ဆရာစစ်အတန်းတွေကို ခပ်ပေါ့ပေါ့အောင်ခွင့်ရခဲ့ပေမယ့် အစိုးရစစ်စာမေးပွဲတိုင်း ဖင်ဖင့်ကိုပါ စာကောင်းကောင်းကျက်လို့မရအောင် နည်းပေါင်းစုံနှင့် နှောင့်ယှက်ခဲ့ တာ ဆူးပါပဲ။ ဒါကြောင့်လည်း ဖင်ဖင်တစ်ယောက် (၁၀) တန်းကို ခပ်ပျော့ပျော့လေးနဲ့ နှစ်ချင်းပေါက်အောင်ခဲ့ရတာပါ။

ဒါကြောင့်မို့ ...အခု သူမကို ကလဲ့စားချေပြနေတာ



ဟုတ်ပါလား။ ကိုယ်လုပ်တဲ့ကံ ကိုယ့်ထံပြန်တတ်တယ်ဆိုတာကို သိထားပါ၏။ သို့သော် စိတ်တွင်းမှာ စူးဝင်နေသည့် အမုန်း များကဖြင့် ဒီဘဝမှာ မကျေညက်နိုင်တော့တာ အမှန်ပါလေ။ ကမ္ဘာ ကျတဲ့ ဒီအမုန်းတွေထဲမှာ သူမ ဘယ်လိုနေပျော်ပါတော့မလဲ။

"သမီး နှင်းဆီ"

အပေါက်ဝမှ ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိ၏။ လက်ထဲ မှာ ဂျင်းသုတ်ပန်းကန်ကိုင်ထားတာမို့ သူမ စာကျက်နေသည်ထင်ပြီး ဘာပို့ပုံပါပဲ။ ဒီမှာဖြင့် စာအုပ်တွေ ဖုန်ခါဖို့ ရှယ်ရုံရှိသေးတာပါလေ။ ဖေဖေရှိနေတာမို့ လူကို ဂရုစိုက်ပြနေတာပါ။ ဒါကို နားမလည်ရအောင် သူက (၆) နှစ်သမီးမှ မဟုတ်တော့တာပဲ။

"သမီး စာကျက်နေပြီလားလို့"

"စာအုပ်ပုံရှင်းဖို့ ပြင်နေတာ"

"အဲဒါ အန်တီပြောမလို့ပဲ။ သမီးက ဘာမှမလုပ်ရဘူးဆိုလို့ ထုံလိုက်ထားထားတာလေ။ ဘယ်ဟာတွေယူပြီး ဘယ်ဟာကိုပစ်မှာ လဲ မသိလို့ပါ"

တကယ်ပင် စေတနာထားတာများလား သံသယဝင်ရပါ။ နွေးတာတ်ဘူးအသေးလေးပါ လင်ဗန်းထဲ ထည့်သယ်လာတာမို့ စားပွဲပေါ်တင်လိုက်ပြီး သူမအနား ရောက်လာလေ၏။ အော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား။ ဖေဖေရှိနေသည့်ညအချိန်မှာ သူမရော ဖင်ဖင်ပါ အသံမထွက်ဘဲ နေကျင့်က ငယ်စဉ်ကတည်းက ရှိခဲ့တာလေ။

"သမီးပြောရင် အန်တီရှင်းပေးလားမှာပေါ့။ ဖုန်တော့ သိမရှိပါဘူး"

တကယ်က ကျက်စာကို Text ထဲမှသာကျက်ခဲ့ပြီး တွက်စာကိုသာ သူမ copy book ထဲတွက်ခဲ့တာပါ။ အကြမ်းသုံးထားသည့် စာအုပ်တွေသာ ပုံနေပြီး အထူးထုတ်စာအုပ်တွေက များနေလေတော့ မလိုတာ ဘယ်ရှိပါ့မလဲ။ လိုအပ်တာတွေသာရှိတာပါလေ။

"သမီးလက်ရေးလေးက လှလိုက်တာ။ ဝိုင်းဝိုင်းစက်စက် လေးတွေ"

Formula တွေချရေးထားသည့် ဗလာစာအုပ်ကို ဖွင့်ကြည့်ရင်း ဆိုလေ၏။ မျက်နှာက ပုံမှန်ပဲမို့ ရွဲ့ပြောတာမဟုတ်မှန်းသိပါသည်။ ဘာလဲ လူကို စာမကျက်ဖြစ်အောင် တမင်နှောင့်ယှက်ပြန်တာလား။ ငယ်စဉ်ကဖြင့် ဆူးရဲ့စာအုပ်အဖုံးတွေမှာ နာမည်ရေးပေးဖို့ ဘာတစ်ခု မလုပ်ပေးခဲ့တာပါ။ အခုမှ ဘာလို့များ လာရောနေပြန်တာပါလဲ။

"ရပါတယ် အန်တီ၊ ဆူးဘာသာဆူး ရှင်းပါ့မယ်။ ဒါ ကိုယ့်ပစ္စည်း ဘယ်နေရာမှာရှိမလဲ သိမှာမို့ပါ"

"အေးလေ ... ဒါလည်း ဟုတ်တာပဲ၊ သမီးလိုတာရှိရင်





အန်တီ့ကိုပြောနော်"

တစ်ချက်မျှ ကြည့်လိုက်ပါ၏။ အပေးအယူဆိုတာ အဲပြန်အလှန်သဘော သက်ရောက်မှုရှိမှသာ ပေါ်တတ်တာမဟုတ်ပါလား။ ဘာသဘောနဲ့များ လာငြိနေတာပါလိမ့်။ သမီးရင်းဖြစ်သည့် ဖင်ဖင်အပေါ်မှာသာ အစအဆုံး လုပ်ပေးနေသည့် ဒေါ်ပပကြည်က ဆူးထံ ဘာယ်ကြောင့် လာကပ်နေတာများလဲ။

"အန်တီ ဘာပြောစရာများရှိလို့လဲ"

"ဟင် ... ခြော် ထွေထွေထူးထူးတော့ မရှိပါဘူး နှင်းဆီ ရယ်၊ အန်တီကလေ ဖင်ဖင်နဲ့သမီးကို ပြေပြေလည်လည် ရှိစေချင်တာပါ"

ထင်သားပဲ၊ ဒီလိုတွေဖြစ်ချင်လို့ လူကို လေသံပျော့ပျော့လေးနဲ့ နားချနေတာ မဟုတ်လား။ ဒါတွေကိုသာ ကြိုမမြင်တတ်ရင် ဒီအိမ်မှာ ဆက်နေခွင့်က ဆူးထံမှာမရှိတော့မှာလေ။ ဆယ်ကျော်သက်အရွယ် အပျိုဖော်ဝင်ချိန်အထိ ဂရုတစိုက်နဲ့ ချက်ပြုတ်ကျွေးမွေးခဲ့တာကိုတော့ အန်တီပပကို ကျေးဇူးတင်မိပါရဲ့။ သို့သော် ဘာမှ သွေးသားတော်စပ်သည့် ဆူးကို ဖင်ဖင့်လောက်တော့ ဘယ်ချစ်ပါ့မလဲနော်။

နှစ်ယောက်သား တည့်အောင်ပေါင်းနိုင်းရင် ဆူးက စိတ်ပျော့ပြီး သူတို့သားအမိအတွက် ကြိုးဆွဲရုပ်သေးလေး ဖြစ်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ လိမ္မာတယ်ဆိုတာ လူတိုင်းအဖို့ ကောင်းပေမယ့် သူ့အတွက်ကဖြင့် Danger ဆိုတဲ့ ဆေးခါးကြီးပါပဲ။ ဒီလို တေ… ဆိုးသွမ်းပြနေမှသာ ရွံကြောက်ကြီးဖြစ်နေမှာပေါ့။ ရန်မလုပ်ရဲမှာပေါ့ အိမ်က မနှင်ရဲမှာပေါ့။ မဟုတ်ဘူးလား။ ဆူးနှင်းဆီမျက်နှာမှာလည် ဒီအလွှာတော့ ဖုံးကွယ်ထားတတ်ပါတယ်လေ။

"အခုကော မပြေလည်လို့လား"

"ဟုတ်ပါတယ်၊ သမီးတို့နှစ်ယောက် ချစ်ချစ်ခင်ခင်နေကြရင် သမီးဖေဖေ စိတ်ချမ်းသာမှာပေါ့။ ဒီလိုသာဆို ပိုမကောင်းဘူးလား ကွယ်။ အန်တီဆိုလိုတာကို သမီးနားလည်မှာပါ"

သူမ သက်ပြင်းရှိုက်လိုက်မိပါ၏။ လူကို ကလေးလို့ပဲ မြင်နေ တုန်းလား။ (၁၈) နှစ်ကျော်နေသည့်အရွယ်မှာ လူကြီးလိုတွေးတော စဉ်းစားတတ်မည့်ဦးနှောက် အသိဉာဏ်ရှိနေပြီမှန်း မသိဘူးထင်ပါရဲ့။ ဂျူးချင်ယောင်ဆောင်နေတာကို အဟုတ်ထင်နေပါသလား။ ရယ်ချင် လိုက်တာနော်။

"ဖေဖေက ဆူးမေမေမရှိတော့တဲ့ အချိန်ကတည်းက သူ စိတ်ချမ်းသာတာကို လုပ်ခဲ့ပြီးပါပြီ အန်တီ။ ဒါကို စိတ်မချမ်းသာဘူးလို့ အန်တီ ဘာကြောင့်ပြောရပါသလဲ"

ဒေါ်ပပကြည်မျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ ဒီလောက်





တော့ ပါးနပ်ရမှာပေါ့။ လူကြီးဦးနှောက်နှင့် ကလေးဦးနှောက်ဆိုပြီး ခွဲချင်တာပါလား။ တသီးတသန့်နေလျှင်ရပါလျက် လူကို လာညှိနေ တာက အများပါ၊ ဒေါ်ပပကြည်။ ဖေဖေ့ကို ရအောင်ယူလို့ရခဲ့ပေမယ့် ဒေါ်ရင်ရင်နေရာကို ရှင် ဘယ်တော့မှ မရနိုင်သလို ဆူးရဲ့ မေမေ ဆိုတဲ့ခေါ်သံကို ဒီဘဝမှာ မလိုချင်ပါနဲ့။ မမျှော်လင့်ထားပါနဲ့။

"အန်တီက … အန်တီက သမီးမေမေနဲ့ အင်မတန်ချစ်ခဲ့တဲ့ သူငယ်ချင်းပါကွယ်"

"ဆူး သိပါတယ်။ မြင်လည်း မြင်ခဲ့တာပဲ"

"သမီးကို မိခင်ရင်ငွေ့ပျောက်သွားရလို့ အန်တီက ရင် နင့်ကိုယ်စား သမီးကို စောင့်ရှောက်ချင်လို့ အစ်ကိုနဲ့ လက်ထပ်ဖြစ်ခဲ့ တာပါ"

သူမ ထရပ်ကာ ပြတင်းဝမှာ သွားရပ်လိုက်ပါ၏။ စို့ဝဲလာ သည့်မျက်ရည်ကို ကျမလာအောင် ထိန်းလိုက်ရခြင်းပါပဲ။ မေမေနှင့် ပတ်သက်လာရင် ဆူးနှင်းဆီဆိုတာ ဖယောင်းလို ပျော့သွားကျင့်ရှိတာ လေ။ ယခုထိတိုင် မေမေ့ကို ဆူးမမေ့သေးတာအမှန်ပါ။ မျက်စိရှေ့မှာ မရှိတော့ပေမယ့် ဆူးရဲ့ရင်ထဲမှာ မေမေရှိနေတုန်းဖြစ်သလို ဒီအိမ်မှာ ဆူးပတ်ဝန်းကျင်မှာ မေမေ့အငွေ့အသက်၊ မေမေ့အရိပ်အယောင်တို့က ရှိနေတုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပျောက်သောသူရှာလျှင်တွေ့" တဲ့၊ ဆူးဘဝထဲက ပျောက်သွားပြီဖြစ်တဲ့ မေမေ့ကို ဘယ်နေရာမှာသွားရှာလို့ တွေ့နိုင်ပါတော့မလဲ၊ ဘယ်သူတွေကရော ဝိုင်းကူရှာပေးမှာတဲ့လဲ။ "သေသောသူကြာရင်မေ့" တဲ့၊ ဆူးဘဝမှာ မရှိတော့ဘဲ မေမေ့ကို ဖေဖေ မေ့နိုင်ခဲ့ပေမယ့် ဆူးကဖြင့် မမေ့နိုင်ခဲ့ပါ။ သေသွားပြီဆိုတာကို လက်သင့်မခံချင်ပေမယ့် လောကနိယာမကို ဆူးတို့လူသားတွေက အံတုလို့ မရနိုင်တော့ပေ။

"သမီးအပေါ်မှာ ရင်ရင်ထားတဲ့မေတ္တာထက် မပိုနိုင်တောင် မလျော့တဲ့မေတ္တာမျိုးနဲ့ အန်တီချစ်တာပါကွယ်"

ဟုတ်ပါ့မလား၊ မှန်ပါ့မလား အန်တီ၊ သမီးဖြစ်သူကို စောင့်ရှောက်ပေးဖို့ နောက်ထပ်အိမ်ထောင်ပြုခဲ့သည့် ဖေဖေက ရှေ့မှာ စီးပွားသာကျုံးရှာနေပြီးနောက်မှာ ဘာတွေဖြစ်နေသလဲဆိုတာ လှည့်မကြည့်နိုင်ခဲ့တာလေ။ ဖြစ်ချင်တိုင်းဖြစ်၊ လုပ်ချင်တိုင်းလုပ်နေသည့် သမီးလေးကဖြင့် မေမေရှိစဉ်က လှပသက်ဝင်သည့် ပန်းလေးတစ်ပွင့် ဖြစ်ခဲ့ပေမယ့် ခုတော့ဖြင့် အရိုင်းပန်းလေးအဖြစ် ရောက်နေခဲ့တာပါ။

ရင်ငွေ့ပေးတာတဲ့လား။ မှားနေပြီ အန်တီ။ အန်တီ့ရင်ခွင်မှာ ပွေ့ပိုက်ထားတာက ဖင်ဖင်သာ ဖြစ်နေတာပါ။ ဆူးဝင်စရာနေရာ သေးသေးလေးတောင်မှ မရှိတာပဲ။ အေးစက်စက် နောက်ကျောမှာ





နေခဲ့ရတဲ့ ကာလနှစ်အပိုင်းအခြားက အတော်လေးကြာခဲ့တာ အန်တီသိပါရဲ့လား။

ကျောင်းသွားကာနီး ကျောင်းဝတ်စုံဝတ်ပေးတာ၊ ခေါင်းစည်းပေးတာ၊ သနပ်ခါးလူးပေးတာတို့က ဖင်ဖင့်မှာသာ ရှိခဲ့တာပါ။ ကိုယ်တိုင် မတတ်တတတ်နဲ့ လုပ်ရတိုင်း မျက်ရည်ဝဲခဲ့ရတဲ့ အလယ်တန်းကျောင်းသူလေးရဲ့မျက်နှာကို ငုံ့ကြည့်ခဲ့ဖူးလို့လား။ မသပ်မရပ် မညှပ်ဖြစ်တဲ့ ဆံပင်ကို တစ်ချက်လေးသပ်ပြဖူးပါသလား။ ဖင်ဖင့်ကို မေတ္တာအပြည့်နဲ့ နမ်းရှိုက်ယုယမှုပေးသလိုမျိုး ဆူးရဲ့နဖူးကို ဟန်ဆောင်ပန်ဆောင်လေးနဲ့များ နမ်းဖူးခဲ့လို့လား။

'ချစ်တယ်' ဆိုတာ 'ညာတယ်' ဆိုတဲ့ ဆောင်ပုဒ်တစ်ခုလိုပဲ ဆူးနှင်းဆီက သတ်မှတ်ခဲ့တာပါလေ။

"လိုရင်းကိုပဲပြောပါအန်တီ။ ဆူးမှာ လုပ်စရာတွေ ရှိတယ်"

"အန်တီက သမီးနားလည်အောင်ပြောနေတာပါ နှင်းဆီ။ သမီးကို စာမေးပွဲအောင်မြင်အောင် ဖြေနိုင်ဖို့ အန်တီ ဘာလုပ်ပေးရမလဲ၊ သမီးပြောပါ။ သမီးပြောမှ အန်တီ ပြင်ဆင်ပေးလို့ရမှာမို့ပါ နှင်းဆီ"

သူမမျက်နှာကို မဲ့လျက် ပြုံးလိုက်မိ၏။ ကြည့်ရတာ ... အဖေပြောခိုင်းလို့ လာပြောတာဖြစ်မယ် ထင်ပါရဲ့။ ဘာလဲ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ချပေးမယ်ဆိုလို့ လန့်နေပြန်ပြီလား။ ဆူးသာ အရင်အိမ်ထောင်ကျ သွားရင် ဖေဖေ့ဆီက အမွေတွေ ခွဲယူခွင့်ရတော့မှာကို။ ဒါမှမဟုတ် သားဆိုပြီး ခေါ်ဝေါ်နေသည့် ကိုထက်ကို လုသွားမှာစိုးရိမ်လို့လား။ ဘယ်လိုတွေးတွေး ဒီဘူတာပဲဆိုက်တော့မှာကို။ ပါးနပ်ပါ့ ဒေါ်ပပ ကြည်။

"ဆူးက မှန်လိုပဲ ကျင့်ကြံပါတယ် အန်တီ။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း မကွယ်မဝှက်ပြောတတ်တာ အန်တီသိပါတယ်။ ရှေ့မှာတော့ ပြုံးပြနေပြီး ကွယ်ရာကျမှ မကောင်းပြောတာမျိုး မလုပ်တတ်ဘူး။ အရှိကိုအရှိအတိုင်း ပြောတတ်မှန်း အန်တီ သိမှာပါ"

"အင်း"

"ဆူးအတွက် သူစိမ်းဖြစ်တဲ့ အန်တီက ဘာမှစိတ်ပူစရာ မလိုပါဘူး။ ဆူးရဲ့အနာဂတ်အတွက် ဆူးကိုယ်တိုင် လမ်းဖောက်မှာပါ။ ဘယ်သူ့အကူအညီမှလည်း မယူချင်ပါဘူး။ တစ်ခုပါပဲ။ အနှောင့် အယှက်တော့ မပေးပါနဲ့။ ဆူးလျှောက်မယ့်လမ်းမှာ ဘယ်လိုခလုတ် ကန်သင်းမှ မရှိစေချင်ဘူး။ အကယ်၍ ရှိခဲ့လျှင်လည်း ဆူးက ဘယ်သူ့ မျက်နှာမှ မထောက်ထားဘဲ ဖြတ်တိုက်ကျော်သွားမှာ အမှန်ပဲ"

ပါးစပ်အပေါင်းသားဖြင့် သူမကိုကြည့်နေသည့်အန်တီ့ကို ငဲ့ကြည့်လိုက်မိ၏။ စစ်ဆိုတာ ကြေညာပြီးမှ တိုက်ရသလို သူမလည်း





တင်စီစဉ်စရာရှိတာကို လုပ်ထားရမှာပါလေ။ လူမှန်လျှင် အတွ ...တ့ အနည်းနဲ့အများ ကိုယ်စီရှိကြတာ မဟုတ်ပါလား။

"သမီးက ခုထိ အန်တီတို့ကို သူစိမ်းလို့ သတ်မှတ်တုန်းပဲ ...။ ဟုတ်လား နှင်းဆီ"

"ဆူးပြောတာ မှားနေလို့လား"

"အန်တီ့သဘောက"

"ဦးမြင့်အောင်ကိုပဲ အန်တီ သိမ်းသွင်းလို့ရမှာပါ၊ ဆူးကိုတော့ ...ဘူးအန်တီ၊ အန်တီက ဆူးရဲ့မေမေမှ မဟုတ်ဘဲ။ ဘယ်တော့မှ ...ည်း ဖြစ်လာမှာမဟုတ်ဘူး။ ဒီတော့ ဆူးဆီက ဘာကိုမှ မမျှော်လင့် ...းပါနဲ့"

"နှင်းဆီ"

"ရင်ထဲကမပါဘဲ နှုတ်ဖျားက အလွယ်တကူမပြောပါနဲ့ ...န်တီ။ ချစ်တယ်ဆိုတာကို ဖွင့်မပြောဘဲ အမူအရာနဲ့ပြောပြလို့ရတဲ့ ...ရာပါ။ ဒီနေ့ ဒီအရွယ်အထိ ဆူး ဘာကြိုက်တတ်သလဲ၊ ဘာလိုချင် ...ဆိုတာကို အန်တီသိခဲ့လို့လား။ ဆူး ဘာစားချင်လဲလို့ရော တစ်ခါ ...ောက် မေးဖူးခဲ့ပါသလား"

"သမီးတောင်းဆိုရင်"

"မလိုပါဘူး အန်တီ၊ အလိုက်သိခြင်းဆိုတာ မွေးရာပါ



www.burmeseclassic.com

www.burmeseclassic.com



တတ်မြောက်လာတဲ့အရာမျိုးပါ။ ပြောမှပေးတာထက် ကြည့်ရှုသိပြီးပေးတာမျိုးပဲ ဖြစ်သင့်ပါတယ်။ ကိစ္စမရှိပါဘူး။ တချို့တချို့သော အရာတွေက တိုက်ယူမှရနိုင်တာကို။ ဒီတော့လည်း အနိုင်ကျင့်သင့် တိုက်ပြီး ယူရတာပေါ့။ ဗိုလ်ကျတယ်၊ အနိုင်ကျင့်တယ်ဆိုပြီး ဆူးတို့ မြင်နေသလား။ ဆူးက မတရားတာမျိုး မလုပ်ပါဘူးအန်တီ၊ ဆူးရမယ့် အရာတွေကိုပဲ မျှတစွာ လုယူရုံပါ''

အခန်းတွင်း တိတ်ဆိတ်သွားပါ၏။ ပြေပြေလည်လည် ညှိနှိုင်းမှုတဲ့လား။ လက်သီးဆုပ်ထဲမှာထည့်ထားသည့် ခွန်အားက ယုံထပါလေ။

🌸 🌸



## အခန်း (၇)

အလုပ်သိမ်းပြီး ဆိုက်ထဲမှာပင် ရေချိုးကာ အဝတ်အစားလဲလိုက်ပါ၏။ ဆံပင်ကို ရေခြောက်အောင်သုတ်ကာ Gel ဖြင့် ဖြီးလိုက်ပါသည်။ သူက ရှိုးစမိုးမထုတ်တတ်ပေမယ့် သေသေသပ်သပ်ဖြစ်အောင်တော့ ပြင်ဆင်တတ်ပါ၏။ တအောင့်နေ သူစာသင်ပေးသည့် ကျောင်းသူသည့် ကောင်လေး လာတော့မှာကို။

ဒီမှာ ဆောက်တာပြီးလျှင် လမ်းထဲမှ မြေကွက်မှာ သွားဆောက်ရတော့မှာလေ။ အလုပ်ကြမ်းလာလုပ်သည့် လူငယ်တွေထဲမှာ အသက် (၄၀) ကျော်လူကြီး ပါလာတာမို့ မိသားစုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းမိရင်း ဒီနှစ်မှ အထက်တန်းတက်သည့် ကျောင်းသားလေ
အကြောင်း သိခွင့်ရခဲ့တာပါ။ အဆင်မပြေသည့်မိသားစုမို့ ကလေး
ကျူရှင်မှ မထားနိုင်ဘဲ။

ဒီတော့ ဒီမှာ ညအိပ်စောင့်ငင်း နားရမည့်အချိန်ကို ဖဲ့
ပညာပါရမီဖြည့်ပေးဖြစ်တာပါလေ။ နှစ်လတာ သင်ရုံဖြင့် ဒီကလေး
ကျောင်းမှာ စာလိုက်နိုင်သလို အဆင့်လည်းရလာတာမို့ သူ ဆ
သင်ပေးခြင်း ဖြစ်ပါ၏။ အလုပ်ထဲမှာ (၆) ရက်လုံး ညဘက်စာသင်
ကာ Sunday မှပဲ အိမ်ပြန်ဖြစ်တာမို့ မေမေပင် ဆူလွန်းနေပြီ
အလုပ်အသွားအပြန် ခရီးကြန့်ကြာတာကို အကြောင်းပြကာ သူ တ
ပတ်တစ်ရက်မှသာ အိမ်ပြန်ဖြစ်တာကိုး။

ဒီနေ့တော့ ကျောင်းသူတစ်ယောက် ထပ်ခေါ်လာမည်
Repeater တဲ့လေ။ ဖြေတာ နှစ်နှစ်ရှိပြီတဲ့။ ဘာကြောင့် မအောင်
လဲ။ စာမကျေလို့များလား။ ဉာဏ်ရည်ပဲမမီလို့လား။ နှစ်စဉ်ဖြေဖြစ်သည်
ဖွဲ့ရှိတာပဲ တော်ပါသေးရဲ့။ ကျော်စွာပြောတာဖြင့် ထိုချာတိတ်မလေး
သနားစရာတဲ့လေ။

ရောက်မှပဲ မြင်ရမှာပေါ့။ လိုချင်သည့်ကလေးကို ပညာပါရမီ
ဖြည့်ပေးဖို့ပဲ မဟုတ်လား။ အလုပ်စားပွဲမှာ ခုံတစ်လုံးထပ်ထည့်ကာ
meeting လုပ်စဉ် ရေးထားသည့် whiteboard မှစာတို့ကို စင်အောင်





ဖျက်သားလိုက်ပါ၏။ ဒီနေ့သင်မှာက မြန်မာစာနှင့် သင်္ချာမို့ အချိန်
သိပ်မများပါ။ မြန်မာစာက စာရှင်းရုံသာဖြစ်ပြီး ကလေးကို ကျက်ခိုင်း
ရုံသာ။ သင်္ချာကလည်း ဥပမာတွက်ပြကာ ပုစ္ဆာရှင်းရမှာပါ။ မေးခွန်း
ဟောင်းစာအုပ်ကိုဖွင့်လျက် ကြည့်နေမိ၏။ ပုံစံတူပုစ္ဆာတို့ကို Marking
ပေးလျက် ရွေးနေမိပါသည်။

"ကလင် ကလင်"

ဝင်းရှေ့မှ စက်ဘီး Bell သံကြောင့် တိုက်အောက်ထပ်မှ
လှမ်းကြည့်လိုက်ပါ၏။ အလို ဒါလား ကျောင်းသူ။ ရုပ်အင်္ကျီမွှမ်းကြီးကို
ဘောင်းဘီရှည်ခပ်ပွပွဖြင့် တွဲဝတ်ထားကာ မဖြီးဘဲ ဖြစ်သလိုစည်းထား
ပါသည့် ဆံပင်တို့က ဘုတ်သိုက်ပါလေ။ ပခုံးမှာ ဘာလွယ်အိတ်
ဘာစာအုပ်မှ ယူမလာဘဲ ချာတိတ်စက်ဘီးနောက်ခုံမှာ အပျော်လိုက်
စီးလာပုံပါပဲ။ ခက်ချေပြီကော ဘုန်းမြတ်သွေးရေ။

"အစ်ကို ... မမဆူး ပါလာပြီ"

စက်ဘီးဒေါက်ကို ထောက်နေရင်း ကျော်စွာ လှမ်းပြောလိုက်
လေ၏။ စက်ဘီးခြင်းထဲမှ စာအုပ်တွေယူ၍ ပိုက်လိုက်တာမို့ အတူတူ
ထည့်လာမှန်းသိလိုက်ပါသည်။ လှေကားထစ်ကို တက်လာပုံက ရဲရဲ
တင်းတင်းပါပဲလား။ လူကြီးကို ရိုန်ပုံ လန့်ပုံမျိုးလည်း မရှိပါချေ။
ဘယ်လိုမိန်းကလေးပါလိမ့်။ နာမည်ကလည်း ကြိုကြိုဖန်ဖန် ဆူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလေစွ။

"မမဆူး . . . ဒါ ကျွန်တော့်ကို စာသင်ပေးတဲ့ အစ်ကိုဆရာပါ။ နာမည်က ဦးဘုန်းမြတ်သွေး"

ဟုတ်ကဲ့လည်းမပြောပါ။ နှုတ်ဆက်ကျနေပါသည့်ခံပင်တို့ ကြောင့် မျက်လုံးကို သေချာမမြင်ရ။ ဘယ်လိုမိန်းကလေးပါလိမ့်နော်။ ဝတ်ထားပုံကိုက ကျော်စွာထက်ပင် ပိုပြီးဆင်းရဲနေပုံမျိုးပါ။ နွမ်းနေ သည့်အင်္ကျီကို ဝတ်ထားတာမို့ တစ်ကိုယ်လုံး မှုန်မှိုင်းနေတာမဟုတ် လား။

"ထိုင်ကြလေ"

"ဟုတ်ကဲ့၊ လာ . . . မမဆူး"

အိမ်နီးနားချင်းတဲ့။ ကျော်စွာတို့မိသားစုက သူများခြံ လာ စောင့်ပေးမှန်း သူသိထားပါ၏။ ဤမိန်းကလေးကရော ဘယ်လို မိသားစုနှင့် အတူတူ နေတာပါလိမ့်။ ပုံစံကိုက လောကကြီးကို အရှုံး တိုက်သလိုဖြစ်နေတာလေ။ ဘယ်လိုလဲ ဒီမိန်းကလေးကို မြင်ရုံနှင့် သူ့ရင်ထဲကို ပဟေဠိတွေ တစ်ပြုံကြီး ရောက်လာပါရောလား။

"ဖြေတာ နှစ်နှစ်ဆို"

"အင်း"

"ဘယ်ဘာသာနဲ့ ကျသလဲဆိုတာ သိလား။ အမှတ်ထုတ်





ကြည့်သေးလား"

"ဟင့်အင်း"

"ကျစ် . . . ကိုယ်အားနည်းတဲ့ဘာသာကို သိထားမှ ပိုအား ထိုက်လို့ရမှာပေါ့။ ကျော်စွာက English အားနည်းတယ်။ ပူဆွာတွက်ရင် နှုန်းဟာတယ်။ မင်းကရော"

"----"

ရော် . . . ခက်တော့တာပဲ။ စာသင်ပေးမည့် ဆရာကို ဘာမှ ပြောဘဲ အရုပ်လို ငုတ်တုပ်ထိုင်နေတော့တာလေ။ အစကတည်းက စကားပဲနည်းတာလား မသိပါ။ ကျော်စွာပြောလျှင်တော့ ခပ်တိုးတိုး ပြန်ပြောတာမြင်ရလေ၏။ လူကြောက်တာလည်း မဟုတ်တာမို့ သူမ စိတ်ကို နားမလည်ပါ။ ဘယ်လိုမှန်းလည်း မသိပါလား။

"ငါက text ကိုသင်ပေးတာမျိုးမဟုတ်ဘူး။ ကျောင်းမှာ ကျော်စွာသင်ပြီးတဲ့အခန်းတိုင်းကို 'မေးခွန်းဟောင်းထဲပြန်ရှာပြီး သင်ပေးတာ။ ကျော်စွာ ပြောထားလား"

"အင်း"

တမင်ပင် ငါဟု သုံးလိုက်မိ၏။ ကျော်စွာနှင့်က အစ်ကိုနှင့် ညီဟုသုံးဖြစ်ပေမယ့် ဤမိန်းကလေး အနည်းငယ်ရှိန်အောင် ပြော လိုက်ခြင်းပင်။ သင်ယူရမည့်ကလေးက သင်ကြားပေးမည့်ဆရာကို



www.burmeseclassic.com

www.burmeseclassic.com



လေးစားသမှုတော့ ရှိရမှာမဟုတ်လား။ ဒါကို ဤကလေးမ သဘော ပေါက်သင့်သည် ထင်ပါ၏။

“စာကျက်ခိုင်းမှကျက်တာမျိုး မလိုချင်ဘူး။ ကျောင်းသာ ဆိုတာ စာကျက်ဖို့ အလုပ်တစ်ခုပဲရှိတယ်။ ကိုယ့်တာဝန်ကို ကိုယ် ကျေပွန်အောင် ထမ်းဆောင်ရမှာ။ ကျောင်းမှာ text, မဖြေခင် ဖြေခိုင်းတဲ့ မေးခွန်းကို အမြဲဖြေရမယ်။ စာမကြိုးစားချင်ဘဲ ခ တစ်ဖြုတ် အပျော်သဘောလာတက်တာမျိုး မလိုချင်ဘူး။ ငါပြော သဘောပေါက်ရဲ့လား”

ကျော်စွာက နားမလည်သလို သူ့ကို မျက်လုံးပြူးလျ ကြည့်နေလေ၏။ ကျော်စွာကို စသင်ပေးသည့်နေ့က ဒီလိုတ ရှည်ရှည်ဝေးဝေးတွေ သူမပြောခဲ့တာလေ။ ဒီနေ့မှ ထူးထူးဆန်းဆ တွေ ပြောနေတာမို့ အံ့သြပေမပေါ့။ ဒီ မထုံတတ်သေးကျောင်းသူ စခန်းသွားရမှာတော့ အခက်ပါပဲ။

“ကျွန်မက ကျောင်းမှမတက်တာ။ ကျွန်မပါ ဖြေရမှာလာ

“ဖြေရမှာပေါ့။ မဖြေလို့ရမလား။ မင်းပဲ စာမေးပွဲအောင် တယ်ဆို။ ဘာလဲ မဖြေချင်ဘူးလား။ ကျောင်းမတက်တဲ့လူက ကျက်ချိန် ပိုရှိတာပဲဟာ”

“အင်းလေ . . . ဖြေဆို ဖြေရမှာပေါ့”





ကဲ . . . ပြောပုံကိုက ဒီလိုတဲ့။ သင်ပေးရမည့်လူကပဲ တောင်း တောင်းပန်ပန် သင်ရမယ့်ပုံလေ။ ဘုန်းမြတ်သွေးတို့ ကံမကောင်းခြင်း က စဝင်လာတာများလား။ ယောက်ျားလေးချင်းက အပေးအယူ တည့်ခဲ့ပါလျက် ဤမိန်းကလေးရောက်လာမှ ပဋိပက္ခဖြစ်တယ်ဆို ဘယ်ကောင်းပါ့မလဲ။

ညစဉ် စိတ်ပါလက်ပါ စာသင်ပေးနေ့ယည့် စိက်က ကြည်လင် လန်းဆန်းခဲ့ပြီး အခုတော့ဖြင့် အနှောင့်အယှက်ဖြစ်သည့်နှယ် နောက် ကျိုလေပြီ။ ဒီအရွယ်ဆိုတာ တက်ကြွသွက်လက်နေရမှာပါ။ အခုဖြင့် မှုန်မှိုင်းမှိုင်းအလင်းလို မီးဖိုခန်းထဲမှ လက်နှီးစုတ်နှယ် နွမ်းဖတ်နေပါ သည့် ကောင်မလေး၏ပုံစံကြောင့် စိတ်ပျက်မိတာအမှန်ပင်။ သူများ သားသမီးကို ပစ်ပစ်ခါခါပြောမိလေပြီလား။

ကျောင်းစာကို စိတ်မဝင်စားတာ၊ ပျင်းတာမျိုးရှိသည့် ကလေးတွေက သင်ယူချင်စိတ်မှ မရှိတာလေ။ ပေးချင်သည့်လူက ပေးနေပေမယ့် ယူမယ့်သူက ယူချင်စိတ်အပြည့်မရှိလျှင် ပေးသမျှ အချည်းနှီးသာ ဖြစ်မှာလေ။ စေတနာတွေ အလဟဿဖြစ်ကုန်တော့ မှာပေါ့။ ဆူးဆိုသည့် နာမည်အတိုင်း မျက်စိကို စပါးမွေးစူးသည့်နှယ် ပါလား။

“မြန်မာစာဆိုတာ အကုန်ကျက်စရာမလိုဘူး။ သဒ္ဒါရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ရယ်၊ ကဗျာရယ်ပဲ အလွတ်ရအောင်ကျက်ဖို့လိုတာ။ ကဗျာရရင် စကားပြေကို ကိုယ့်အလိုလို ပြန်နိုင်ရမယ်။ စကားပြေကို ဝတ္ထုဖတ်သလို နားလည်ရင် ရေးတတ်ပြီ။ ရေသည်ပြဇာတ်လည်း ဒီလိုပဲ။ ပေးထားတဲ့စာပုဒ်ကို ဘကုံး (၆) လုံးနဲ့ သေချာစီတတ်ရင် လိုရင်းကို ထိထိမိမိ ရေးတတ်မယ်။ ဘယ်သူက၊ ဘယ်သူ့ကို၊ ဘယ်နေရာ ဘယ်အချိန်မှာ ဘာအကြောင်း၊ ဘယ်လိုပြောသလဲဆိုတာပဲ အဓိကကျတယ်။ နောက် အမှတ်အရဆုံးက အလင်္ကာပဲ။ ဘာအလင်္ကာ မြောက်သလဲဆိုတာ တိကျရေးတတ်ဖို့လိုတယ်။ မရေးမဖြစ် ရေးတတ်ရမှာ စာစီစာကုံးပဲ။ ကျောင်းသားတစ်ယောက်ရဲ့မှတ်ဉာဏ်နဲ့ အရည်အချင်းကို စာစီစာကုံးမှာ အပြည့်အဝ မြင်တွေ့ရမှာ။ ညာလို့မရတာ။ ကျော်စွာ့ကို ငါ တစ်ပတ်ကို စာစီစာကုံးတစ်ပုဒ် ရေးကျင့်ခိုင်းတယ်။ အနည်းဆုံး စာမျက်နှာ (၅) ခုအပြည့်ရှိရမယ်။ ရေးလာသလား ကျော်စွာ''

''ဟုတ်ကဲ့ပါ အစ်ကို''

ကျော်စွာက စာစီစာကုံးရေးထားသည့်စာအုပ်ကို သူ့လက်ထဲ တရိုတသေထည့်ပေးပါ၏။ ဟိုချာတိတ်မကဖြင့် မထုံတတ်သေးပုံစံဖြင့် ခပ်အေးအေးပါလေ။ စိတ်ပျက်ရပါလား။ စာကဖြင့် တစ်လုံးမှ မသင်ရသေးဘဲ သူမကို မြင်တာနဲ့ စာသင်ချင်သည့်စိတ်က ပျက်ရတယ်လို့



''နေ့တိုင်း စာမေးမှာ။ စာကျက်ပျင်းနေလို့ မဖြစ်ဘူး။ ဟိုနေ့က ကျက်စာ ကျက်လာရဲ့လားကျော်စွာ''

''ဟုတ်ကဲ့ပါ အစ်ကို''

''ဒါဖြင့် ဆိုရအောင်''

စကားပြေစာအုပ်ပုံနှိပ်အထူကို သူ့လက်ထဲအပ်ကာ မတ်တပ်ရပ်လက်ပိုက်လိုက်လေ၏။ ဒါမှ ကျောင်းသားအစစ် မဟုတ်ပါလား။ စာသင်မည့်သူက shirt နှင့် ပုဆိုးဝတ်ပေမယ့် ကျောင်းသားက sport shirt နှင့် ဘောင်းဘီဝတ်လည်း ကိစ္စမရှိပါ။ မိန်းကလေးဖြစ်တဲ့ ချာတိတ်မက ထွားကြိုင်းသလို အရပ်လည်းမြင့်တာမို့ blouse နဲ့လုံချည်တော့ ဝတ်သင့်တာပါလေ။ ပြောဖို့လည်း ခက်ပါရဲ့။ သူက ဘာကယ့်ဆရာမှမဟုတ်ပဲကိုး။

''စာသင်ရအောင်၊ စီးချင်းတိုက်ပွဲဆိုတာ''

သူက Whiteboard အလတ်စားလေးထက်မှာ Note ချရေးကာ စကားပြေဝတ္ထုကို နားဝင်အောင် ရှင်းပြနေပါ၏။ သူ့ရဲ့ကောင်းတို့ကို

စီကာပတ်ကုံး ရှင်းသမျှ ဟိုကလေးမက မေးကို လက်ထောက်၍ ငိုက်မြည်းနေတော့တာပါလေ။ သေတော့မှာပဲ။ ကျုပ်ရှင်လာစတက်ကတည်းက သူ့ရိုက်မိရင် ဘယ်ကောင်းပါ့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း"

"အမေ့"

"မင်း စာလာသင်မှာလား လာငိုက်နေမှာလား"

"အင်း"

"စာသင်ချိန်မှာ အိပ်ငိုက်တာလောက် စိတ်တိုတာမရှိတော့ဘူး။ တစ်နေကုန် စာသင်ထားတဲ့ ကလေးက မငိုက်ဘဲ မင်းကငိုက်ရလား"

"ဟိုလေ"

"ငါ့မှာဖြင့် အာဘောင်အာရင်းသန်သန်နဲ့ ရှင်းပြနေတာ မောနေပြီ။ မင်း ဘယ်လိုမိန်းကလေးလဲ"

ကြည့် . . . ဆူပြန်တော့လည်း ငြိမ်ကာ ဘာမှပြန်မပြောပါလေ။ ဘယ်လိုပါလိမ့်နော်။ ဒီလောက်အပျင်းထူမှတော့ ဒီအထက်ဂန်းကို ဘယ်လိုအောင်တော့မှာလဲ။ မိန်းကလေးဆိုတာ ဖွဲ လုံ့လ ဝီရိယ အားစိုက်ထုတ်တတ်တဲ့ အကျင့်ရှိမှသာ အောင်မြင်နိုင်တာပါလေ။ ယောကျ်ားလေးတွေက ဉာဏ်ကောင်းကြတာမို့ ထိုမိန်းကလေးတွေလောက် သိပ်အားစိုက်စရာမလိုပါချေ။

အတော့်ကို ရိုက်ပစ်ချင်စရာပါပဲ။ နာခံသည့်ချာတိတ်ကိုတော့ အားနာမိပါရဲ့။ ဒီကောင်မလေးရောက်လာမှပင် သူ့စိတ်တွေ ရှုပ်ထွေး





ပြီး မျက်နှာပင် တည်ထားမိတာပါ။ စကားပြေမေးခွန်းတွေကို ချရေးသော မှတ်စုရေးတတ်ရန် သင်ပေးပါ၏။ မြန်မာစာဆိုတာ ဤသည်ရွေး ကျက်စရာမလိုပေမယ့် စာလုံးပေါင်းသတ်ပုံမှန်ကန်ဖို့ ဝါကျကောင်းကောင်း စီတတ်ဖို့က အဓိကကျတာမဟုတ်လား။

"Maths သင်မယ်။ Series and Sequences သင်နေပြီ မဟုတ်လား"

"ဟုတ်ကဲ့"

"အဲဒီနှစ်ခုကို မရောအောင် သတိထားပါ။ AP, GP ပုစ္ဆာတွေကို ရောပြီး မေးလေ့ရှိတယ်။ (၃) မှတ်တန်၊ (၅) မှတ်တန် ပုစ္ဆာတွေကုန်ရင် အစ်ကို Photo ဆွဲထားပေးတဲ့ (၁) မှတ်တန်တွေကို တစ်ရက် (၁၀) ပုဒ်စီ တွက်ပါ ညီ။ သချ်ာကိုကြောက်နေရင် ပိုဝေးသွားလိမ့်မယ်။ တွက်လေလေ ပိုသော်လာမှာအမှန်ပဲ။ အမှန်ရွေးဖို့က တွက်တတ်မှရမှာ"

ပုစ္ဆာတွေ စတွက်စဉ် သူမက ခေါင်းထောင်လာလေ၏။ ဆုက်စာရင်းတုန်းက ငိုက်မြည်းနေပြီး တွက်စာကျ စိတ်ဝင်စားပုံပါပဲ။ Text ကို နှစ်ယောက်အတူတူ ကြည့်ကြတာမို့ မေးခွန်းဟောင်းပုစ္ဆာကိုပြောပြပြီး နံပါတ်ဘေးမှာ မေးခဲ့သည့်နှစ်ကို ချရေးခိုင်းစဉ် သူမပင် ရေးပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



Example တွက်ပြကာ အလားတူပုစ္ဆာတွေကို တွက်ခိုင်းစဉ် ကျော်စွာရော သူမပါ ခေါင်းချင်းထိလုမျှ တိုင်ပင်လျက် တွက်ကြလေ၏။ သင်ပေးရသည့်တပည့်က သိပ်ကြီး သင်ရမခက်ရင် ဆရာ သက်သာရတာ သဘာဝပါပဲ။ ကျူရှင်မယူနိုင်သည့် ကျော်စွာကို သူ မနည်းကြီးဆွဲတင်ထားရတာမဟုတ်လား။ ယူချင်စိတ်ကြီးတဲ့ကလေးမို့ အခက်အခဲက သိပ်မကြာပါလေ။

"ဘယ်နှစ်ပုဒ်ပြီးပြီလဲ။ ပြီးရင် လာပြဦး။ အမှားတွေ ဆက်တွက်နေမှာစိုးလို့"


ကျော်စွာက တွက်လက်စမပြီးသေးတာမို့ ပြီးပြီဖြစ်သည့် သူမလက်မောင်းကို အတင်းတွန်းလှတ်နေလေ၏။ ပေကပ်ကပ်ဖြစ်နေသည့် သူမက မလွှဲသာဟန်ဖြင့် Unicolour စာအုပ်ရှည်ကို ကိုင်လျက် ထလာလေသည်။ စာအုပ်တော့ တရိုတသေကိုင်တတ်ပုံပါလား။ သူ့ရှေ့မှာ ဖြန့်ချပြလိုက်သည့် စာမျက်နှာတို့ကိုကြည့်စဉ် ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ပုစ္ဆာတွေကို သေသေသပ်သပ်နှင့် အဆင့်မကျော်ပါဘဲ အဖြေသီးသန့်ထုတ်ထားသည်အထိ ရေးထားသည့် လက်ရေးတို့က ရှင်းလင်းသပ်ရပ်နေတာပါလေ။ လှနဲ့တော့ တခြားစီပါပဲလား။

မျက်စိထဲမှာ ဘယ်လိုမှ ထောင့်မကျိုးသည့် မိန်းကလေး။ စကားပြောတိုင်း စိတ်တိုလာရပြီး ထရိုက်ချင်ရသည့်ကောင်မလေး။ ယဉ်ကျေးသိမ်မွေ့ခြင်း အလျှင်းမရှိသည့် မိန်းမခိုးလေးက သူ့ရှေ့ကို ရဲတင်းစွာ တိုးကပ်လာတိုင်း နှလုံးသားတစ်ခုလုံး ဆုပ်ကိုင်ညှစ်ချေလိုက်သည့်နှယ် စိတ်လှုပ်ရှားလာရတာ အဘယ့်ကြောင့်ပါနည်း။ သူတော့ ရူးချင်ချင်ဖြစ်လာပြီဟုသာ ထင်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com




The early bird catches the worm.

ဝီရိယရှိသူသာ အောင်မြင်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အစောကြီး ထကျင့်မရှိပါဘဲ နိုးနေပါ၏။ ခုတင်ထက်မှထကာ ပြတင်းပေါက်ကို ဖွင့်လိုက်မိသည်။ တစ်ဖက်ခြံတဲလေးမှ ဖိုးကျော်၏ တကျက်သံသဲ့သဲ့ကို ကြားလိုက်ရလေ၏။ ပြတင်းဘောင်ကို လက် ဆောက်လျက် သူ့မပြုံးလိုက်မိပါသည်။ ဆရာဖြစ်သူက အစ်ကိုနဲ့ညီဆို ပြီး ဖိုးကျော်ကို နွေးထွေးစွာ ဆက်ဆံသလောက် သူ့မကိုဖြင့် ကြည့်မရ ပုံပါလေ။

ကိစ္စမရှိပါ။ ဆူးနှင်းဆီဆိုတာ မေတ္တာတွေ၊ အကြင်နာတွေ၊ သံယောဇဉ်ဆိုတာတွေနဲ့ အကျွမ်းတဝင်ရှိမနေသလို ကျော့ငြင်းထား



www.burmeseclassic.com

www.burmeseclassic.com



ရသည့် အရာပင်မဟုတ်ပါလား။ မနေ့ညကတည်းက ပေးလိုက်သည့် မေးခွန်းတွေကို ဖြေထားပြီးသလို ဖိုးကျော်ရေးပြီးပြီဖြစ်သည့် စာစီစာကုံးကိုပါ စဉ်းစားပြီးရေးဖြစ်ခဲ့တာပါ။ ဘာမှ မပြည့်စုံသည့်ကလေးက စာကြိုးစားနေပြီး သူမက အပျင်းကြီးနေတာ ရှက်စရာကြီးပါပဲလား။

လူကို အထင်တသေးနဲ့ အော်ငေါက်သလို လေသံမာတို့က သူမနားထဲ ခါးသက်လှသလို ရင်ကိုလာစိုက်သည့် မြှားတံတွေနှယ် ခံရခက်လွန်းတာအမှန်ပါ။ စာမေးပွဲတဘုတ်ဘုတ်ကျနေတာမို့ အထင်မကြီးပုံပါလား။ ထင်ရက်ပါပေ့။ ကျောင်းသူကျောင်းသားတွေ စာမေးပွဲကျတာ 'စာမကျက်လို့' ဆိုသည့် အကြောင်းပြချက်တစ်ခုသာ ရှိတာ မဟုတ်ပါလေ။

"နားမလည်တာ၊ မေးခွန်းတွေမလေ့လာဖြစ်တာ၊ ပံ့ပိုးရှင်းပြပေးမည့် Guide မျိုးမရှိတာ" စသဖြင့် အကြောင်းပြချက်တွေရှိမှာဖြစ်သလို စိတ်ပါဝင်စားမှုအားနည်းတာ၊ အနှောင့်အယှက်တွေများတာ၊ စိတ်ဓာတ်ကျတာ၊ အောင်မြင်ချင်စိတ်လျော့ပါးကုန်တာ၊ ရည်မှန်းချက်ဝေဝါးကုန်တာတို့ ရှိတာကို မသိကြပါလား။

လူဆိုတာ မခံချင်စိတ်ကြောင့် တွန်းအားဖြစ်လာရင် ရုန်းထတတ်တာ သဘာဝပဲထင်ပါရဲ့။ အခုလည်း သူမ အပျင်းထူပြီး အိပ်ရာထဲ ဆက်ခွေချင်စိတ်က မရှိတော့သည့်နှယ် နိုးထလာခဲ့တာလေ။





ကျောင်းတက်နေသည့်ကလေးက စာကျက်ချိန်နည်းပြီး အိမ်မှာ တစ်နေကုန်ရှိနေသည့်သူမက အချိန်တွေအများကြီးပိုနေတာတဲ့လား။ ဟုတ်သားပဲ။ အိမ်မှာ မနေချင်လို့ အပြင်မှာ သဝေထိုးခဲ့သမျှ အချိန်တွေက အလဟဿဖြစ်ကုန်တာ မဟုတ်ပါလား။

ကတ်ထူစလေးညှပ်ထားသည့် စကားပြောစာအုပ်ကို လှမ်းယူလိုက်ပါ၏။ ခက်ဆစ်တွေများပေမယ့် မနက်စောစောမို့ ဦးနှောက်က ကြည်လင်လန်းဆန်းနေတာမို့ ခဏနှင့်ကျက်လို့ရမှာလေ။ သူမက စာကျက်ရင် ခပ်တိုးတိုးကျက်တတ်သလို လက်ဖြင့် ချရေးကျင့်ပါရှိပါ၏။ သူ့ဆီမှာ နှုတ်ဖြင့် စာဆိုတာထက် ရေးပြီးတင်ရင် ပိုကောင်းမည်ထင်ပါရဲ့။

ဦးဘုန်းမြတ်သွေးတဲ့။ နာမည်ကလည်း ... တင်စီးလိုက်ပါဘိ။

"ဒေါက် ဒေါက်"

ခပ်ဖွဖွ တံခါးခေါက်သံမို့ လန့်သွားရပါ၏။ အခန်းမီးချောင်းတွေ မဖွင့်ဘဲ စာကြည့်မီးနှင့် စာကျက်နေတာတောင် ဘယ်သူနိုးသွားပါသလဲ။ အခန်းတံခါး lock ချအိပ်တာမို့ တံခါးကို ထဖွင့်လိုက်ရလေ၏။ ဈာန်ဝင်နေတာကို နှောင့်ယှက်ပြန်ပါရောလား။

"သမီးဖို့ ယူလာတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့ဩသွားရပါ၏။ ပေါင်မုန့်ကြော်နှစ်ချပ်နှင့် နွားနို့ဟု အနံ့က စောစောစီးစီး ဟာနေသည့်ဗိုက်ကို အချက်ပြလိုက်သည့်နှယ်ပါ။ အန်တီက သူမစားပွဲထက် လင်ဗန်းလေးကို တင်လိုက်ကာ အခန်းမီးကို ဖွင့်ပေးလေသည်။ အပြင်မှာ အလင်းက ပျပျလေးသာ ရှိတာ မဟုတ်ပါလား။

"ဆူး မျက်နှာတောင်မသစ်ရသေးဘူး"

"အေးတယ်လေ၊ အန်တီ ရေနွေးစပ်ပေးပါ့မယ်။ ပဲပြုတ်နဲ့ နံပြားဝယ်ထားတယ်။ သမီးဖေဖေ ကြိုက်လို့လေ။ သမီး ထမင်းကြော် စားချင်လား၊ ဒါမှမဟုတ် ထမင်းပူပူနဲ့ ပဲပြုတ်ဆီဆမ်းရောနယ်တာ စားမှာလား"

"အန်တီ အဆင်ပြေသလိုလုပ်ပါ"

"အေး အေး ... ခဏနော်၊ အန်တီ ဇာတ်ဘူးယူလာမယ်"

ဘုရား! အနောက်က နေများ ထွက်လေမလား။ စောစော စီးစီး သဘောတွေ ပွတ်ကောင်းပြနေသည့် မိထွေးကြောင့် အံ့ဩပြီးရင်း အံ့ဩနေရတာပါ။ တကယ်ပင် သူမ မျက်နှာသစ်၊ သွားတိုက်လို့ ရရန် ရေနွေးနှင့်ရေအေးကို နွေးနွေးလေးစပ်ပေးလေ၏။ ဖေဖေပဲ ပြောထားလို့များလား။ မဟုတ်ပါဘူး။ ဖေဖေက မနက်အစောကြီး (၅) နာရီမှ နိုးတာမျိုး ရှိမှမရှိတာလေ။





"သမီးလိုတာရှိရင်ပြောနော်၊ Breakfast စားချိန် အန်တီ လာခေါ်မယ်"

"ဟုတ်"

အန်တီပပ ပြန်ထွက်သွားပြီမို့ စာကျက်သည့်ထဲ စိတ်ပြန်နှစ်ထားရပါ၏။ စာကျက်တိုင်း ဝိုက်တတ်သည့်အကျင့်ကို ဖျောက်ရဦးမှာပါပဲ။ ကိုယ့်ကို အထင်သေးသည့်အကြည့်တွေကို ပြောင်းလဲစေဖို့က ကိုယ်ကိုယ်တိုင် လုပ်ပြရမှာပါလေ။ စိန်ခေါ်တဲ့လူမရှိဘဲ ပြေးရမှာက အားမရှိသလိုပါပဲ။ သို့သော် အောင်မြင်မှုလမ်းပေါ်မှာ မတ်မတ်ရပ်နိုင်ဖို့ ဘ အားခဲထားရမှာမဟုတ်ပါလား။

တခအောင့်အကြာမှာ သူမ သောက်ပြီးသွားသည့် နို့ခွက်နှင့် ပန်းကန်ကို အန်တီလာယူသွားလေ၏။ အခန်းထဲနေရတာ ညောင်းနေပြီမို့ ခြံထဲဆင်းရန် ခုံမှထရပ်လိုက်ပါသည်။ လှေကားမှဆင်းလာစဉ် ဧည့်ခန်းထဲမှာ စကားပြောသံ ခပ်အုပ်အုပ်ကြားလိုက်ရလေ၏။ ဖေဖေ အလုပ်သွားရန် ရေချိုးနေပြီထင်ပါသည်။ ဧည့်ခန်းမှာ မမြင်ရ၍ပါ။

"မေမေမကြိုက်ဘူး ဇင်ဇင်၊ သမီးအပေါ်မှာ မေမေ အစစ အကုန်ကုန် လိုက်လုပ်ပေးနေတာပဲ။ ဘာကို မကျေမနပ်ဖြစ်နေတာလဲ"

"မေမေက ဒီအိမ်ရဲ့အိမ်ရှင်မပါ။ အိမ်ဖော်တစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



အကုန်လိုက်လုပ်ပေးနေတော့ ဖင် ဘယ်မြင်လို့ ကောင်းပါ့မလဲ"

"လုပ်ပေးသင့်လို့ လုပ်ရတာလေ။ မေမေတို့ကို ရှာဖွေ ကျွေးမွေးနေတဲ့သူမို့ ကျေးဇူးသိတတ်ရမှာပေါ့"

"ဖေဖေ့ကိုပြုစုတာ ဖင် မပြောလိုပါဘူး။ ဒါပေမဲ့"

"အဟမ်း"

ချောင်းဟန့်သံ တမင်ပြုလိုက်တာမို့ ဖင်ဖင့်အသံ တိခနဲ ရပ်သွားလေ၏။ ဖေဖေ့ကိုကြည့်ဖြူတယ်ဆိုတော့ သူမကို မကြည့်ဖြူ တာပေါ့လေ။ ကြည့်ပါဦး၊ ဒီအိမ်ရိပ်ခိုနေပြီး ဒီအိမ်ရှင်ရဲ့သမီးကို မလို တမာရှိနေတုန်းပါလား။ နှုတ်က ဖွင့်ပြောသည်အထိ မမြှသိပ်ထားနိုင် တာ ဖင်ဖင့်အားနည်းချက် ထင်ပါရဲ့။

"အန်တီ"

"အေး ... သမီး"

"ပဲပြုတ်နဲ့ထမင်းနယ်ထားတာ စားမယ်နော်"

"အခုပဲ နယ်နေတာ သမီးရဲ့"

"ဈေးသွားပြီးပြီလား"

"သွားမယ်၊ စောသေးလို့။ သမီး ဘာဟင်းစားချင်လို့လဲ"

"ငါးဖယ် ငါးဆုပ်စားချင်တယ်"

"အေးအေး ... အန်တီဝယ်လာမယ် သမီး"





လိုက်ကာကိုကိုင်ရင်း ခေါင်းပြူလျက် ပြောနေသည့် သူမကို ဖင်ဖင် မျက်စောင်းခဲလိုက်လေ၏။ ကျောင်းသွားရန် ပြင်ဆင်ပြီး ကော်ဖီ သောက်နေတာတောင် သူတစ်ပါးစားသောက်ဖို့ ကန့်ကွက်ချင်နေတာ မဟုတ်ပါလား။ သေရင် ပြိတ္တာဖြစ်တော့မှာပဲ။

"အန်တီပပ"

"ဟေ"

"ဖေဖေရောက်ရင် ဆူးကို လှမ်းခေါ်လိုက်နော်။ ဖေဖေနဲ့ နေ့က်စာအတူတူစားမှာမို့ပါ။ ဆူး ခြံထဲမှာရှိမယ်နော်"

"အေး အေး ... သမီး"

သူမ လှည့်ထွက်ခဲ့ပါ၏။ မိထွေးတော်နဲ့ အဆင်ပြေပြေ ပြောပြန်တော့လည်း မိထွေးပါသမီးက ရန်ရှာနေတာလေ။ ခြံထဲမှာ သမ်းလျှောက်ရင်း လေနုအေးကို တစ်ဝကြီးရှူရှိုက်လိုက်ပါ၏။ နေမြင့် အောင်အိပ်ပြီး အပျင်းကြီးခဲ့တာမို့ ဒီလိုမြင်ကွင်းကို မတွေ့ခဲ့တာ အတော် လေး ကြာခဲ့ပါပြီ။

စာကျက်ပြီး ခေါင်းကြည်အောင် ခဏတစ်ဖြုတ်ဆင်းလာတာ တောင် ဤမျှ စိတ်လက်ပေါ့ပါးရတယ်လို့၊ အဘယ်မျှ တန်ဖိုးရှိလိုက်ပါ သလဲ။ ဒါကြောင့်လည်း ဟိုကောင်လေး အစောကြီးအမြဲထတာကိုး။ သူ့အတွက်ကဖြင့် စာတွေက အသစ်ဖြစ်နေပေမယ့် သူမအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကဖြင့် သင်ဖူးထားပြီးသားမို့ ဘယ်အချိန် ကောက်ဖတ်ပါစေ တစ်ခဏနှင့် အလွတ်ရသည်ချည်းသာ။ အိမ်မှာ ဒေါသဖြစ်ရတာ၊ စိတ်တိုစိတ်ရှုပ်ရတာတို့ကြောင့် ရင်ထဲမှာ မုန်တိုင်းမွှေပြီး စာမေးပွဲကို ကောင်းကောင်းမဖြေဖြစ်ခဲ့ရတာပါ။ ဒါကြောင့်မို့ ဒီတောင်ကြီးကို သူမ မတက်နိုင်ခဲ့တာပါပဲ။

"သမီးရေ . . . နှင်းဆီ"

"ရှင်"

အန်တီ့အသံကြောင့် တိုက်ထဲပြန်ဝင်ခဲ့ပါ၏။ စားသောက်ပြီးတာတောင် ခုံမှမထသေးဘဲ ဆက်ထိုင်နေသည်က ဇင်ဇင်ရယ်လေ။ ဖေဖေက ပဲပြုတ်နံပြားနှင့် ကော်ဖီသောက်ရန် ထိုင်လိုက်လေ၏။ သူမက ဖေဖေ့ဘေးခုံမှာ နေရာယူလိုက်ရာ အန်တီပပက ထမင်းနယ်ထားသည့်ပန်းကန်ကို ဇွန်းတပ်ပေးလျက် သူမရှေ့မှာထားပေးလိုက်လေသည်။

"ငါ့သမီး စောစောစီးစီးနိုးလို့ပါလား"

"ဖေဖေ"

သားအဖချင်း စကားပြောဖို့တောင် ကြားက နှောင့်ယှက်သူရှိနေရတယ်လို့။ ဇင်ဇင့်ခေါ်သံကြောင့် ဖေဖေက သူမကို ပြုံးကြည့်နေရာမှ အကြည့်လွှဲသွားလေတော့၏။ စိတ်ကြည်အောင်ထားနေရာ





ညစ်ကျယ်ကျယ်စိတ်ဖြစ်လာတာမို့ ခြေကို ဆန့်ထုတ်လိုက်ရာ ဇင်ဇင့်ခြေထောက်ကို ကန်လိုက်သလို ဖြစ်သွားပါသည်။ မျက်နှာထားတင်းသွားတာမို့ ဖေဖေက သူမလုပ်တာကို ရိပ်မိသွားလေ၏။

"သမီးနော်"

"Sorry"

"ဘာပြောမလို့လဲ ဇင်ဇင်"

"ဟိုလေ . . . ဇင် Assignment တင်ဖို့ရယ်၊ ပြီးတော့ စျေးရှင်မှာ စာအုပ်ဝယ်ဖို့ရယ် ရှိလို့ပါ ဖေဖေ"

"ဟုတ်လား၊ ပပ ထုတ်ပေးလိုက်လေကွယ်"

"ဟုတ်ကဲ့ပါ အစ်ကို၊ သမီးက အစ်ကို့ဆီမှာ ခွင့်တောင်းတာပါ"

"မုန့်ဖိုးပါ များများပေးလိုက်ပါ။ တက္ကသိုလ်ကျောင်းသူဆိုတော့ ငွေကုန်များတယ်လေ"

အန်တီပပက သူမထံ ဖျတ်ခနဲကြည့်လိုက်လေ၏။ သိသားပဲ။ 'ကျိုးလိုလို့ ညောင်ရေလောင်း' ဆိုတာ အလကားရှိတာမှ မဟုတ်တဲ့ ကိုမြင်လို့ ဒီချီးထွင်တာမဟုတ်လား။ အထက်တန်းပြန်ဖြေမည့်သမီး တစ်ပြားတစ်ချပ်မှ ထုတ်မပေးချင်သည့်ဖေဖေက ဝမ်းမနာသမီး စေတနာပိုသတဲ့။

www.burmeseclassic.com



"သမီးဆူးရော အခု ဘာလုပ်နေလဲ"

"နှင်းဆီလေး စာစာ စာထကျက်တယ် အစ်ကိုရဲ့"

"ဟုတ်လား၊ သမီးဘာလိုလဲဆိုတာ သမီး အန်တီကိုပြော ပေါ့"

"မလိုပါဘူး ဖေဖေ . . . ရပါတယ်"

"စက်ဘီးမဝယ်ပေးလို့ ဖေဖေ့ကို စိတ်ခုနေတာလား"

"ဟင့်အင်း"

ဆူးတို့ဘဝက မျက်နှာငယ်ရပါရဲ့။ ဖင်ဖင်က ဖေဖေ့ထံမှ လိုရာတောင်းခွင့်ရပေမယ့် သူမကိုဖြင့် အန်တီ့ဆီကတောင်းတဲ့လေး မတရားသဖြင့်တွေ ဖြစ်လာဦးမှာများလား။ ဘာမှမတော်သည့်သမီးက အရောင်တွေလက်နေပြီး သမီးရင်းက အရောင်မှိန်နေတာကိုရော သတိပြုမိပါရဲ့လား ဖေဖေရယ်။

"သမီးနှင်းဆီဖို့လေ အန်တီပ မလေးမေဆီမှာ အကျီချော ဘောင်းဘီပါ အပ်ထားတယ်။ သမီးကျူရှင်သွားရင်ဝင်ဖို့ လေးပါး လောက်ပါ"

"ဟုတ်"

"ဘယ်မှာကျူရှင်သွားတက်နေတာလဲ"

"ဟိုဘက်လမ်းမှာ"





"ကျူရှင်ဖိုးကရော"

"တစ်ပြားမှမပေးရဘူး"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ဖေဖေပဲ ဆူးအတွက် ငွေကုန်မခံချင်တော့ဘူး မဟုတ်လား။ ဒီတော့ အလကားသင်ပေးတဲ့ဆီမှာ သွားတက် တာပေါ့"

"ဆူး"

ဖေဖေ့မျက်နှာ တည်သွားပါ၏။ သူမက အရွဲ့တိုက်တတ် တော့ ခက်သားလား။ မနာလိုတာမဟုတ်ပေမယ့် ဖင်ဖင့်အပေါ် သူမ ထက် ပိုချစ်မှာကိုတော့ မလိုလားပါချေ။ ဖင်ဖင်လည်း ထိုသို့ပင် တော့ပါလား။ ဒီတော့ ဖင်ဖင် လက်နက်မချသရွေ့ သူမလည်း ဒင်းကို မကျေအေးနိုင်ပါလေ။

"ဘယ်အချိန်လဲ"

"ည (၆) နာရီကနေ (၁၀) နာရီ"

"မှောင်လိုက်တာ"

"ဆရာက အလုပ်အားတဲ့အချိန်ဖွဲ့ပြီး စာသင်ပေးတာကိုး"

"ကျောင်းသားဘယ်နှစ်ယောက်လဲ"

"ဖိုးကျော်နဲ့ဆူးပဲရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆရာကို အိမ်ကိုလာသင်ပေးဖို့ ပြောလိုက်"

"မရဘူး"

"ဘာလို့မရတာလဲ"

"သူဆောက်နေတဲ့တိုက်ကို ညဘက်ပါ စောင့်နေရလို့ပေါ့ ဖေဖေရဲ့။ ငွေပေးထားတာမှမဟုတ်ဘဲ စေတနာနဲ့သင်ပေးတဲ့ဆရာကို အဲဒီလိုပြောလို့ ဘယ်လာသင်ပေးပါ့မလဲ"

"ကျစ်"

သိပြီမဟုတ်လား။ ဒါကြောင့် စက်ဘီးဝယ်ပေးဖို့ပြောတာကို ဖေဖေမှ မဝယ်ပေးတာလေ။ ဇင်ဇင့်ကိုတော့ ဖယ်ရီဖြင့် ကျောင်းသွား ကျောင်းပြန် အဆင်ပြေစေပြီး ဒီသမီးကို ညမှောင်မှ လမ်းလျှောက် ပြန်နိုင်းရတယ်လို့။

ပေါင် (၁၀၀) ကျော်တဲ့အစ်မကိုတင်ပြီး စက်ဘီးနင်းရသည့် ဖိုးကျော်ကို အားနာစရာကောင်းတာ အမှန်ပါလေ။

"အပြန်တော့ ကြိုပေးရမှာပေါ့"

"မလိုပါဘူး။ ဖိုးကျော်က ဆူးကို ခြံထဲရောက်အောင်ပို့ပြီး အိမ်ပြန်တာပါ ဖေဖေ"

"တော်သေးတာပေါ့။ ဖေဖေက သမီးကို အန္တရာယ်ဖြစ်မှာ စိုးလို့ပါ"





ထမင်းစားတာကျနိုင်ပြီမို့ ပန်းကန်ကိုင်လျက် ခုံမှထလိုက်ပါ၏။ နင်တီပယက ဇင်ဇင့်ကော်ဖီခွက်ကိုပါယူ၍ သူမလက်ထဲမှ ပန်းကန်ကို ပါ ယူလိုက်လေသည်။ လိုတာရသွားတော့ ဒီအဖေရဲ့သမီးကို လိုက် လျှောပေးနေပြန်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"အမေ"

"ဟော . . . သမီးတောင်ရောက်နေပြီလား"

"ချိုသဲရော"

"သမီးသူငယ်ချင်း ပြန်မလာသေးဘူး။ ဒီနေ့ ည (၈) နာ[illegible]
ကျော်မှ ပြန်ရမယ်တဲ့"

"ဒါဖြင့် ချို့ကိုကြိုရမှာပေါ့"

"ရပါတယ် သမီးရယ်၊ အမေ လမ်းထိပ်မှာ စောင့်ကြိုမှာ[illegible]
ဩော် . . . သမီးအတွက် မပပက အင်္ကျီငါးစုံချုပ်နိုင်းတာ သုံး[illegible]





ပြီးပြီကွဲ့၊ ဘောင်းဘီရှည်ချုပ်နိုင်းတာ အမေက သမီးအတွက် ချိုင်တပ်ပြီး လုံချည်ပဲ ချုပ်ပေးထားတယ်။ လုံချည်တွေက ပြီးနေပြီ။ သမီးခါးဆိုဒ် သေချာမသိလို့ ချိတ်မတပ်ရသေးဘူး"

သမီးဖြစ်သူကိုတော့ Ready made blouse လှလှလေး တွေ ဝယ်ပေးပြီး ဆူးကိုဖြင့် ချုပ်ပေးရတယ်လို့ ကပ်စေးနှဲသည့်မိထွေး ပါပဲ။ ကိစ္စမရှိပါလေ၊ သူမကလည်း ချုပ်ဝတ်တဲ့အင်္ကျီမျိုးကို ငယ်ငယ် ကတည်းက နှစ်သက်ခဲ့တာကိုး။

"ဟာ . . . မမဆူး ရောက်နေပြီ"

"အေး"

"စောလှချည်လား"

"တမင်ထွက်လာတာပါဟာ။ အိမ်မှာမနေချင်လို့"

"သမီး ထမင်းစားဦးမလား။ ဒီနေ့ ချဉ်ပေါင်နဲ့မျှစ်ချဉ်ရည် ဆင်း ချက်ထားတယ်"

"မစားတော့ပါဘူးအမေရယ်၊ ဆူး အိမ်ကစားခဲ့ပါတယ်"

"ညက တွက်ခိုင်းလိုက်တာ တွက်ပြီးပြီးလား"

"အေး"

"ကျွန်တော် (၃) ပုဒ်ကျန်သေးတယ်။ တွက်ရဦးမယ်"

ကျောင်းတစ်ဖက်နှင့်မို့ ဒီချာတိတ် စာမပြီးတာပါ။ ဆူးမက



www.burmeseclassic.com

www.burmeseclassic.com



တွက်စာတွေတွက်ရတိုင်းပျော်တဲ့သူမို့ သူ Photo step ဆွဲပေးလိုက်သည့် စာရွက်ထဲမှ ပုစ္ဆာတို့ကို မညည်းမညူ တစ်ညလုံး ထိုင်တွက်နေခဲ့တာပါလေ။ ဖိုးကျော်က အစ်ကိုတဲ့။ ဒါဖြင့် သူမက မည်သို့ခေါ်ရပါ့မလဲ။

"သားလေး ထမင်းအရင်စားမှာလား"

"စားမယ်အမေ၊ ဆာလှပြီ။ နည်းနည်းကြာမှရေချိုးမယ်"

"အေး အေး"

ထမင်းစားပွဲဝိုင်းဖြင့်ပင် ဖိုးကျော်စာလုပ်တာမို့ အိမ်မှ စားပွဲလေးထောင့်လေးကို ပေးထားပါ၏။ သူမစာအုပ်ထည့်သည့်စားပွဲမှီအံဆွဲလည်းပါကာ ဖိုးကျော်အတွက် အဆင်ပြေသွားရပါသည်။ အလယ်တန်းတုန်းက သုံးခဲ့တာဖြစ်ပေမယ့် ကျွန်းစားပွဲမို့ ယခုတိုင်ကောင်းနေတုန်းပါပဲ။

"ဒီအခန်း တော်တော်ခက်တယ်နော်"

"ငါက chapter (7) ကိုခက်တာ"

"အာ ... မမဆွေးကလည်း အဲဒီအခန်းက အလွယ်ဆုံးပါဗျ။ ကျောင်းမှာသင်နေပြီ"

"အေး ... လွယ်လွန်းလို့ကို ငါ့အတွက် ခက်နေတာပေါ့"

ဖိုးကျော်က ထမင်းသွက်သွက်စားကာ စာလုပ်ရန် ပြင်လေ





တော့၏။ နားမလည်ရင် မေးမှာမို့ သချာတွက်နေတာကို မကြည့်ဘဲ မာလကာပင်ရှိရာဆီ လျှောက်လာခဲ့ပါသည်။ အရင်က ဖေဖေ ခြံတံခါးသော့ခတ်ထားလျှင် အုတ်တံတိုင်းကို ကျော်ပြီး ဒီပင်ကို ကူးခဲ့ရတာမဟုတ်ပါလား။ အခုတော့ သူမ စာသင်နေမှန်းသိသဖြင့် တံခါးအသေးလေးကိုတော့ ဖွင့်ထားပေးလေသည်။

"မမဆွေး"

"ပြော"

"မနက်ဖြန် အင်္ဂလိပ် text ယူခဲ့ဖို့ မမေ့နဲ့နော်။ အစ်ကို physics နဲ့တွဲသင်မှာ"

"အေးပါ"

ကောင်လေးက အိမ်ရှေ့ရေပိုက်နားမှာပင် ရေချိုးမှာမို့ သူမရှိနေသဖြင့် ရှက်နေပုံရလေ၏။ ဒီကောင်တော့ လူပျိုဖြစ်တာနဲ့ ဒီအစ်မကိုများ ရှက်နေရတယ်လို့။ ကြည့်နေရင် ပိုရှက်မည်စိုးသဖြင့် မြန်မာသဒ္ဒါစာအုပ်ကို ဖွင့်ဖတ်နေမိပါသည်။ မနေ့က ဖိုးကျော်စာအံပြီးပြီမို့ ဒီနေ့ သူမအလှည့်မဟုတ်ပါလား။

"မမဆွေးကို ဦးလေး စက်ဘီးမဝယ်ပေးဘူးလား"

"အန္တရာယ်ဖြစ်မှာစိုးလို့တဲ့လေ။ ဘာလဲ ... နင် ငါ့ကို မပေါင်နင်းချင်ဘူးလား။ ရပါတယ် ငါ လမ်းပဲလျှောက်မှာပါဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဘီးက လေစိမ့်နေလို့ပါ"

"ကျွတ်ပေါက်ပြန်ပြီလား"

"ထင်တာပဲ"

"ကျွတ်အသစ်လဲပေါ့ပါဟယ်"

"ပိုက်ဆံရှိတာကိုးဗျ"

"ငါပေးပါ့မယ်ဟယ်၊ နှစ်ထောင်သုံးထောင်လောက်ပဲရှိတာ မဟုတ်လား။ နှစ်ခုစလုံးလဲချေ"

"အချိန်ပေးရမှာ မမဆူးရဲ့"

"ဆိုင်မှာပဲအပ်ပေါ့ ဖိုးကျော်ရဲ့၊ ပြောရတာခက်ပ"

ည (၆) နာရီထိုးကာနီးနေပြီမို့ ကျူရှင်သွားရန် ပြင်နေစဉ် ဖိုးကျော်တို့အဖေ ဦးမြမောင်က အလုပ်မှပြန်လာလေသည်။ ပင်ပင်ပန်းပန်းလုပ်ရတာမို့ ဦးမောင်တို့မိသားစုကို သနားမိတာဆန်းပါသလား။ အခုလည်း အဝတ်ချုပ်ပေးတာ ချုပ်ခယူမှာမဟုတ်မှန်း ကြိုသိနေပါ၏။ စေတနာပြည့်လွန်းတဲ့ မိသားစုပါလေ။ သူမတို့အိမ်နှင့်များကွာပါ့။

"သမီးတို့သွားချင်သွားတော့လေ၊ ဆရာလေးက စောစောလာလည်းရတယ်တဲ့"

"ဩော် . . . ဟုတ်ကဲ့ဦးမောင်။ ဖိုးကျော်ကိုစောင့်နေရလို့"

"ကျွန်တော်က မကြာပါဘူးဗျာ"





"အံမယ် . . . နှင် ဘိုကေဖြီးနေတာပဲ တစ်နာရီလောက်ကြာနေတာမှား"

"အဲဒါလေးကိုပဲ မမဆူး ခိုက်နေတာ မဟုတ်လား"

"အေးပါ . . . အေးပါ"

သူမ တဟားဟားအော်ရယ်လိုက်မိပါ၏။ ဒီမောင်နှမတွေနှင့်ပဲ မျက်မကြောက် ပြောမနာ ဆိုမနာနေရတာပါလေ။ အိမ်ကဇာဇာနှင့် ဒီလို ရယ်မောရဖို့မဆိုနဲ့ မျက်နှာချင်းဆိုင်တာနှင့် ရန်လိုပုံ မျက်စောင်းနဲ့သာ လှုကိုကြည့်တော့တာပါလေ။ ဆူးကလည်း ဆူးမဟုတ်လား။ ခင်းကို တစ်ခုခုမှ မလုပ်ရရင် နေမထိထိုင်မသာ ဖြစ်သလိုခံစားရတာကိုး။

"ကျွန်တော်တို့သွားပြီ အမေနဲ့အမေ"

"အေးအေး . . . သားလေး။ ကားလမ်း သေချာကြည့်ကူးကြနော်"

"ဟုတ်ကဲ့အမေ"

နှစ်ယောက်သား စက်ဘီးတွန်း၍ထွက်လာခဲ့ပါ၏။ ဒီအချိန် ကားလမ်းရှုပ်ပေမယ့် ညပြန်ချိန်တိုင်း ကားရှင်းတာမို့ လမ်းလျှောက်ရတာ ပိုကောင်းလေသည်။ ကားလမ်းကိုစောင့်ကူးကာ platform အတိုင်း ဆက်လျှောက်ကာ လမ်းမကြီးဘေးရှိ ဆောက်လုပ်စ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဝင်းကြီးထဲ ဝင်လိုက်စဉ် ဆရာသမားက အခုမှ အကျီဝတ်တုန်းပါလေ။

"ဟော စောသား"

"အဖေက စောစောသွားဆိုလို့ပါ အစ်ကို"

"အေးအေး . . . ခဏစောင့်နော်၊ ဘာစားလာကြလဲ"

"ထမင်းစားပြီးပြီ အစ်ကို"

သူက ဓာတ်ဘူးယူကာ plane coffee တစ်ခွက် ဖျော်လိုက်ပါ၏။ ခါတိုင်း အလုပ်သမားတွေနှင့်အတူတူ ခဏတစ်ဖြုတ် အမြဲထွက်စားဖြစ်ပေမယ့် ဒီနေ့တော့ ဒီကလေးတွေ စောရောက်လာတာနဲ့ မသွားဖြစ်တော့တာပါလေ။ သူ ဟိုဒီလျှောက်လုပ်နေစဉ် ဖိုးကျော်က စာဆိုရန်ပြင်နေ့နေပြီး ဟိုချာတိတ်မကဖြင့် ပါးတစ်ဖက် လက်ထောက်ထားလျက် စာအုပ်ထဲမှာ တစ်ခုခုရေးနေလေသည်။

ဒီလို ပျင်းရိပျင်းတွဲပုံစံနှင့် ဘယ်လိုများ စခန်းသွားရပါ့။ သူစစ်မည့်စာမေးပွဲကို မအောင်လိုက်တော့ ဒင်းကို ခပ်နာနာဆွပ်ရမှာပေါ့။ နာအောင်ပြောရင်ရော မှတ်ပါ့မလား။ ဒီချာတိတ်မပုံစံက ခံမပြောနားမထောင်လို ဂျစ်ကန်ကန် ပေကပ်ကပ်ဖြင့် မဟုတ်ပါလား။ ကော်ဖီမှုန့်ကို နွေးအောင်မွှတ်လျက် သောက်လိုက်ပါ၏။ ကလေးတွေရှေ့မှာ ဆရာက တံသောက်နေလို့ ဘယ်ကောင်းပါ့မလဲ။





"စလို့ရပြီ၊ ဘယ်သူအရင် စာစဆိုမှာလဲ"

"ကျွန်တော်အစ်ကို"

တွေ့လား၊ ဘယ်တော့မဆို ဒီချာတိတ်သာ တက်တက်ကြွကြွ ရှိနေတာပါလေ။ ဟိုကလေးမကဖြင့် ထုံးစံအတိုင်း ခုံကိုမြဲအောင် ထိုင်နေတုန်းပါပဲ။ ကျော်စွာ တစ်ခုပြီးတစ်ခု စာအံနေပေမယ့် ထိုကောင်မလေးကဖြင့် စာထဆိုမည့်ပုံ မပေါ်တာ အသေအချာပါလေ။ မိနစ် (၂၀) ခန့်အပြီးမှာ ကျော်စွာ ခုံမှာပြန်ထိုင်စဉ် သူမက ထရပ်ကာ သူ့ရှေ့သို့ စာအုပ်လာပြလေ၏။

အလို ကျော်စွာ အခုဆိုသွားသည့်စာတွေရော မနေ့က ဆိုသွားတာတွေအားလုံးကို ချရေးထားတာပါလား။ ခပ်သော့သော့ရေးထားတာတောင် စာလုံးတို့က လှပသပ်ရပ်ကာ စာလုံးပေါင်းပါ မှန်ကန်နေတာပါလေ။ ဘုရားရေ ဤကလေးမ ဒီလောက်လက်ရေးလှနေညီမှန်း သူ ထင်မထားတာအမှန်ပါ။ နာရီဝက်ကျော်ကျော်အချိန်လေးအတွင်းမှာ ဒီလောက်ခပ်မြန်မြန်စာရေးနိုင်တာ အံ့သြစရာပါပဲ။ ထူးဆန်းပါပေ့ ဆူးဆိုသည့်မိန်းကလေးရယ်။

နေပါဦး၊ ဒီလက်ရေးကို ဘယ်မှာတွေ့ဖူးတာပါလိမ့်။ သူ့မျက်မှောင်ကျုံ့စဉ်းစားလိုက်မိစဉ် မှတ်မိသွားရပါသည်။ ဟုတ်တယ် ကျော်စွာစာအုပ်တွေမှာ နာမည်တပ်ပေးထားသည့် လက်ရေးတွေပါပဲ။



www.burmeseclassic.com

ပုံနှိပ်စာလုံးအကြီးစားလေးတမျှ ဝိုင်းပြီးလှပသည့် စာလုံးတွေပါလေ။

"သချ်ာတွက်တာ Ok ရဲ့လား"

"ဟုတ်"

"အိမ်စာစာအုပ် ယူလာပေးနော်"

စာသင်နေစဉ် စစ်လို့ရအောင် အိမ်စာလုပ်ခိုင်းတာကို စာအုပ် သပ်သပ်ထားခိုင်းထားတာပါ။ စာအုပ်ဆင်တူလာပေးတာမို့ သူ အံ့ဩသွားရပြန်ပါ၏။ ဒီလိုစာအုပ်အကောင်းစားက ဈေးကြီးတာမို့ ကျော်စွာ ဝယ်မသုံးနိုင်ပါ။ ကြည့်ရတာ ဒီကောင်မလေးက ချမ်းချမ်းသာသာ မိသားစုထဲကများလားမသိပါ။ ပုံစံကဖြင့် ဘယ်လိုမှ မထင်ရအောင် ပေတိပေစုတ်မို့ ခန့်မှန်းရခက်သားလား။

"လှုပ်ရှားနိုင်သောစကားသံဖြင့် အင်္ဂါနဲ့ မလှုပ်ရှားနိုင်သော စကားသံဖြစ်အင်္ဂါ မှုန်းပြပြီးရင် တပေါင်းညှာကျင် စရအောင်"

သူမ နှာခေါင်းရှုံ့လိုက်လေ၏။ ကဗျာတွေထဲမှာ ဒီကဗျာ ကျက်ရတာကို အမုန်းဆုံးမဟုတ်ပါလား။ သို့သော် စိတ်ရှည်လက်ရှည် ရွတ်ပြကာ ရှင်းလင်းပြနေသည့် သူ့ကြောင့် စိတ်ဝင်တစား နားထောင်ဖြစ်လေ၏။ အတော်စာရှင်းတော်သည့် ပုဂ္ဂိုလ်ပါပဲ။ တပည့်ရှေ့ စာကျက်ရလွယ်အောင် အတိုကောက်ဝစာကြောင်းလေးတွေ ထုတ်နုတ် ပြကာ သင်ပေးပုံက စေတနာအပြည့်ပါလွန်းနေတာပါလေ။





"ဒီမှာ"

"အဲ"

"မျက်စိကြောင်တောင်နဲ့ အိပ်ငိုက်နေပြန်ပြီလား"

"ဟင် မငိုက်ပါဘူး"

Duster ကို စားပွဲထက် နစ်ချက်ဆင့်ခေါက်လျက် သူမကို အော်လိုက်တာမို့ လန့်သွားရပါသည်။ သေတော့မှာပဲ၊ စာထဲစိတ်ဝင်စားနေပြန်တော့လည်း လူကိုအထင်တသေးနဲ့ ပြောရပြန်တယ်လို့။ ဆူနှင်းဆီကိုအထင်သေးတဲ့ပုဂ္ဂိုလ်က တစ်ယောက်တိုးနေပြန်ချေပြီ။

"ကဲ ...ဒါဖြင့် ကဗျာရအောင်ကျက်ပြီး ခက်ဆစ်ရော သဒ္ဒါပါ ကျက်ခဲ့။ အလက်ာခေါ်ပေးမယ်၊ ဘာအလက်ာမြောက်သလဲ ဆိုတာ plan အတိုင်းရေးတတ်ရဲ့လား"

ကျော်စွာ့ထံမှ 'ဟုတ်ကဲ့' ဟုအသံထွက်လာပေမယ့် သူမက ခေါင်းကိုသာ ဆတ်ခနဲညိတ်ပြလေ၏။ အင်းပေါ့လေ၊ နှစ်နှစ်ဆိုတဲ့ အချိန်ကာလက ဘယ်နည်းပါးပါ့မလဲ။ ဒီလောက်တော့ သူမ တတ်ရမှာပေါ့။ တွက်စာတွေ လိုက်နိုင်နေရင်ဖြင့် သူမအားနည်းချက်က ကျက်စာတွေမှာပဲရှိတော့မည်မှန်း သူ ရိပ်မိနေပါသည်။

Guide ကောင်းကောင်းဖြင့် control လုပ်နိုင်ရင်ဖြင့် ဒီ ကလေးမ အောင်မြင်နိုင်မည်သာ။ ဒီပုံစံ ဂျစ်ကန်ကန် ညစ်ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘယ်လိုများ နေတတ်နေပါသလဲ၊ ဒီအရွယ်ဆိုတာ အလှပြင်ပစ္စည်း တွေနဲ့ ကိုယ့်ကိုယ်ကိုယ် အစွမ်းကုန်ခြယ်သပြင်ဆင်တတ်ကြတာလေ အခုတော့ဖြင့် ကလေးဆိုးကြီးနှယ် ပေပေတေတေ နေပြနေတာ မဟုတ်ပါလား။

အမေ မရှိတာများလား။ မိခင်သာရှိရင် ဒီသမီးလေးက ဒီလိုပစ္စလက်ခတ် နေတတ်မှာမဟုတ်ပါလေ။ သားသမီးဆိုတာ နုပျိုတဲ့ ပန်းကလေးတွေပဲ မဟုတ်ပါလား။ ဒီပန်းကလေးတွေကို ပြုစုပျိုးထောင် ပေးနိုင်ရင် လှပသည့်အယဉ်ပန်းကလေးတွေ ဖြစ်လာမှာအမှန်ပါပဲ အခုတော့ဖြင့် ပြုစုပေးနိုင်မည့် ဉယျာဉ်မှူးနှင့် မတွေ့ဘဲ လမ်းဘေးမှာ အလေ့ကျပေါက်သည့် အရိုင်းပန်းလေးနှယ် ဖြစ်သလို ပွင့်နေတာ မဟုတ်ပါလား။

"ဩော် ... မေ့တော့မလို့၊ လာမယ့် Monday မှာ စာစီစာကုံးရေးလာဖို့ ခေါင်းစဉ်ပေးရဦးမယ်"

သူက ပြောလည်းပြောကာ whiteboard ထောင့်နားမှာ "လက်ဦးဆရာ" ဟူသည့်ခေါင်းစဉ်ကို ရေးပေးလိုက်ပါ၏။ ဗလာ အုပ်မှာ ကျော်စွာက ခဲတံဖြင့် ရေးလိုက်ပါသော်လည်း သူမက တွေကြီး ငေးနေလေသည်။ ဘာလဲ နားမလည်တာများလား။ ဒီအရွယ် ရောက်မှဖြင့် ဒီစာလုံးရဲ့အနက်အဓိပ္ပာယ်ကို သိနားလည်ရမှာလေ





"ဘာကိုဆိုလိုသလဲ သိရဲ့လား"

"ဆရာ့ကိုပြောတာလား အစ်ကို"

"မိဘကိုပြောတာ ဖိုးကျော်ရဲ့"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် ကျော်စွာ၊ လက်ဦးဆရာမည်ထိုက်စွာသား ပါစရိယ မိနှင့်ဖတဲ့"

သူရှင်းပြလျက် အနည်းငယ်မျှ ပြုံးလိုက်မိပါ၏။ ဒီကောင် လေး ဒါတော့ သိသားပါလား။ စရောက်ကတည်းက အထင်တသေး ဖြင့် ဒေါသထွက်မိသည့်စိတ်က တဖြည်းဖြည်း လျော့ပါးလာသည့်နှယ် ပါ ဆူးတဲ့။ နာမည်နှင့်လိုက်ဖက်အောင်ပင် မျက်စိထဲ စပါးမွေးစူးစေ သည့်နှယ် ဖြစ်ခဲ့တာကိုး။ နာမည်က တစ်လုံးတည်းပဲလား။ ထပ်ရှိ သေးလား။ ကျော်စွာ့ကို မေးလျှင်ရပေမယ့် အနည်းငယ်ရှိန်စရာပါ လေ။ သူက စာသင်ပေးနေသည့်ဆရာ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ကားကို ခြံဝင်းထဲသို့ မောင်းဝင်ခဲ့ပါ၏။ စနေနေ့ညမှ မပြ[illegible] ဖြစ်ရင် သူ့ကို ဖေဖေ Phone ဆက်ပြီး ပြောတော့တာပါလေ[illegible] တစ်ပတ်မှာ sunday တစ်ရက်လေးပဲ အိမ်မှာရှိသည့် သားမျက်နှာ[illegible] မှတ်မိအောင်ကြည့်ပါရစေတဲ့။ သူကလည်း ကလေးနှစ်ယောက်[illegible] စာပြပေးပြီး နားချိန်ကို တန်ဖိုးရှိအောင် အသုံးချနေတာကိုး။

"တီ"

ကားဟွန်းသံတစ်ချက်ပေးလိုက်သည်နှင့် တိုက်ထဲမှ မေမေ ခပ်သုပ်သုပ် ထွက်လာလေ၏။ ည (၁၀) နာရီကျော်နေပြီမို့ ဖေဖေ[illegible]





အိပ်နေလောက်ပြီလား။ သူပြန်လာမှာသိထားတာမို့ စောင့်ကျင့်တော့ ရှိတာပါလေ။ ဒီနှစ်ညမှာပဲ မေမေက သူကြိုက်တတ်သည့်ဟင်းတွေကို ချက်ပြီး ချက်ထားပေးတာအမှန်ပါ။

"ဖေဖေရော မေမေ"

"ရှိပါ့ စာဖတ်ခန်းထဲမှာ အလုပ်ရှုပ်နေလေရဲ့။ သား ထမင်း စားပြီးပြီးလား"

"မစားရသေးဘူး"

"ဟယ် ... ခုချိန်ထိ မစားရသေးဘူးလား။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှပေါ့သားရယ်။ တေပေပြီး ဖြစ်သလိုနေနေရလား။ တော်ကြာ အစာအိမ်ရောဂါ ရနေမှဖြင့် ခက်တော့တာပဲ"

မေမေ စိုးရိမ်စကားကြောင့် သူ ပြုံးမိတော့၏။ ဟုတ်တယ် လေ။ တကယ်တမ်းလက်တွေ့မှာ တေတေပေပေနေတတ်တာက သူမပင်မဟုတ်ပါလား။ လူကို ပြင်ပြင်ဆင်ဆင် မနေတတ်ပေမယ့် လက်ရေးလေးကဖြင့် ဆန့်ကျင်စွာ ဝိုင်းစက်လှပနေတာမို့ သူ သဘောကျရတာလေ။ တကယ့်ကလေးလက်ရေးတွေနှယ် ဝိုင်းဝိုင်းစက်စက် လေးတွေကိုး။

"အံမယ် ... အမေက စိုးရိမ်လို့ပြောတာကို သူက ပြုံးနေသယ် ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး မေမေရဲ့။ ကျွန်တော့်တပည့်ကို သတိရသွားမိလို့ပါ"

"ဦးမြင့်မောင်ရဲ့ သားလေးလား"

"မဟုတ်ပါဘူး . . . နောက်တစ်ယောက်ပါ"

"ဟဲ့ . . . သားပြောတော့ ဟိုကောင်လေးပဲဆို"

"နောက်တစ်ယောက်နဲ့ နှစ်ယောက်ပြပေးနေပြီ မေမေရဲ့။ Repeater နှစ်နှစ်ကျ"

"ဖြစ်ရလေ . . . စာမကြိုးစားလို့ ဒီလောက်နှစ်ကျဖြစ်နေတာပေါ့"

"အင်း . . . ကျွန်တော်လည်း ထင်သားပဲ။ ပုံစံက ညစ်ညစ်ပတ်ပတ် တေတေပေပေနဲ့ဗျ။ ပြောရင် ခံပြောတာမရှိဘူး။ နှုတ်ပိတ်နေပြီး ခံမပြော နားမဲ့ထောင်နဲ့။ စာတော့ လုပ်ရှာပါတယ်"

"ပြောစကားနားမထောင်ရင် ဆက်သင်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ သားရယ်။ ဦးမြင့်မောင်သားလေးက လိမ္မာတဲ့ကလေးမို့ တော်သေးတယ်"

သူက မေမေနှင့် စကားဆက်ပြောနေတာမို့ ဖေဖေနှင့် မတွေ့ဖြစ်သေးပါ။ ဖေဖေနှင့် အလုပ်ကိစ္စ ပြောစရာရှိသေးတာ မဟုတ်လား။ ခါတိုင်း ဘာမှပြောစရာ မယ်မယ်ရရ မရှိသည့်လူက တပည့်အကြောင်း





စိတ်လိုလက်ရ ပြောနေမိသဖြင့် ကိုယ့်ကိုယ့်ကိုယ်ပင် သတိမထားမိပါလေ။

"ဆက်မသင်ဖြစ်ရင် ပိုဆိုးသွားလိမ့်မယ် မေမေရဲ့။ လက်ရေးလက်သားလည်း လှတယ်။ စာလုံးပေါင်းသတ်ပုံလည်း မှန်တယ်။ တွက်စာလည်း အရမ်းတော်တာ။ ကျော်စွာကမှ ရှုံးနေသေးတယ်"

"ကျော်စွာက သန့်သန့်ပြန့်ပြန့်နေတဲ့ကလေးဆို။ အဲဒီ ညစ်ညစ်ပတ်ပတ်ကောင်လေးမျိုးကို ဘယ်ကခေါ်လာတာလဲ"

သူရယ်မိလေတော့၏။ ကောင်လေးတဲ့၊ ဟုတ်သားပဲ သူက နာမည်မပြော ဘာမှမပြောနဲ့ ဆက်တိုက်ပြောနေမိတာကိုး။ မေမေက သူ့အဝတ်ဟောင်းထည့်လာသည့်အိတ်ကို လှမ်းယူလျက် မျက်မှောင်ကျုံ့သွားလေ၏။ အမြဲတစေ အလုပ်ဖြင့် လုံးပမ်းနေသည့် သားဖြစ်သူကို ရယ်ရယ်ပြုံးပြုံး မြင်ခဲ့တာမဟုတ်လား။

"ဘာကိုရယ်တာလဲ"

"ကောင်လေးမဟုတ်ပါဘူး မေမေရဲ့၊ ကောင်မလေးပါ"

"ဘယ်လို ကောင်မလေး"

"ဟုတ်ကဲ့"

သူ့ကို မျက်လုံးပြူးလျက်ကြည့်လိုက်ပုံကြောင့် ပိုရယ်ချင်စိတ်ဖြစ်ရတာပါ။ ခုတလော အိမ်ထောင်ပြုဖို့ မိဘနှစ်ပါးစလုံး ပြောနေတာ

www.burmeseclassic.com



မဟုတ်လား။ သူ့နှုတ်မှ ကောင်မလေးဆိုတာနှင့် ပြုံးပြုံးပြီပြီ ဖြစ်လာတော့တာပါ။ သူ့ကို မဟုတ်မဟာပ် မိန်းကလေးနှင့် အိမ်ထောင်ပြုသွားမှာကို စိုးရိမ်လို့ပါပဲ။

"ကြည့်လည်းလုပ်ပါ မောင်ဘုန်းမြတ်ရယ်။ မေမေ နလုံးရပ်အောင်တော့ မကြံစည်ပါနဲ့"

"ဘာဖြစ်လို့လဲ မေမေရယ်။ တပည့်ထဲမှာ မိန်းကလေးပါလာတာနဲ့ ပြောပါရောလား"

"ပြောလို့မရဘူးလေ။ ခါတိုင်း ဘာမှဟုတ်တိပတ်တိ မပြောတတ်တဲ့လူက အခုလို ဒီကလေးအကြောင်း လုံးစေ့ပတ်စေ့ ပြောနေတော့ ထူးဆန်းလာတာပေါ့"

"ကြံကြံဖန်ဖန် မေမေရယ်၊ မဟုတ်တာထင်လိုက်တာပဲ။ ဟိုကောင်မလေးကဖြင့် ခုထိ ကလေးလို ဖြစ်သလိုနေတတ်တုန်း"

"ကလေးလိုနေတတ်တာက ကိစ္စမရှိဘူး။ မောင်ဘုန်းမြတ်သွေး။ ဒီကလေးအကြောင်းပြောနေတဲ့ သားမျက်နှာက ခါတိုင်းနဲ့မတူဘဲ ကြည်လင်နေတာကမှ ပြဿနာ"

ဖေဖေက စာကြည့်ခန်းထဲမှ ထွက်လာကာ သူ့ကိုပြောတာနဲ့ သူ့ပါးစပ်ဟကာ အံ့ဩသွားရလေ၏။ အလို၊ မေမေရောဖေဖေပါ ဒီကောင်မလေးအကြောင်းပြောပုံနဲ့ ဘာကြောင့် ဤသို့ပြောတာပါလိမ့်။





သူ့စိတ်ထဲမှာ ဖြစ်တာက ရိုးသားစွာ ဖြူစင်စွာဖြစ်သည့် စိတ်သန့်သန့်လေးပါပဲ။ အဘယ့်ကြောင့် ရင်ဘတ်ထဲမှ ခံစားချက်ကိုများ ဖော်ထုတ်ခွင့်ရပါသနည်း။

"ဖေဖေ"

"အိပြောတာမှန်တယ်မဟုတ်လား အစ်ကို"

"ကြည့်ရသေးတာပေါ့"

"မှားနေပြီ ဖေဖေ"

"ဘာကိုလဲ"

"ဖေဖေတို့ ထင်ကြတာကိုပါ။ ကျွန်တော် စာသင်ပေးနေတဲ့ ကလေးကို ဒီလိုမြင်တာတော့ မကောင်းပါဘူး"

"နေပါဦး သားရဲ့ ဖေဖေတို့က သားကို စွပ်စွဲနေတာမှ မဟုတ်တာ။ ဘယ်လိုဖြစ်ပြီး အကြောက်အကန် ငြင်းဆန်နေရတာလဲ"

"အဲ"

"သားမျက်နှာ ပြောင်းလဲနေတာကို ဝေဖန်ရုံပါ မောင်ဘုန်းမြတ်သွေးရယ်။ ရင်ဘတ်ထဲကကိစ္စဆို ခေါင်းစဉ်တပ်ပြီး ဆွေးနွေးမှာပေါ့။ ဘယ်လိုဖြစ်ရတာလဲ"

သူ့မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ ဟုတ်သားပဲ၊ ဘာမှ မသေချာ



www.burmeseclassic.com

www.burmeseclassic.com



မပြောသေးပါဘဲ သူက ထင်ရာကိုဆွဲတွေးလိုက်မိတာပါလေ။ ချာတိတ်မသာသိရင်ဖြင့် ဟားတိုက်ရယ်မောလေမလား။ ကွယ်ရာ ပြောရင် အတင်းတဲ့။ ကိုယ်တို့တွေ မင်းအကြောင်း အတင်းပြော ဖြစ်နေပြီ ဆူးရဲ့။

"ဒါနဲ့ ကလေးမနာမည်က ဘာတဲ့လဲ"

"ဆူးတဲ့"

"အောင်မယ်လေးနော်၊ ရှုရှုဖွေဖွေ ပေးတတ်ပ။ နာ ကြားရုံနဲ့ လူကို တွန့်ခနဲဖြစ်သွားတယ်။ တကယ်ပါပဲ"

လူကိုမြင်ရင် ဒီထက်ပိုဆိုးပေမည်။ နှုတ်က ထပ်ပြော ပေမယ့် မပြောရဲတော့ပါလေ။ သူ့ကိုတစ်မျိုးမြင်နေတာကို ဆက်ပြော မိမှ သံသယပိုဝင်သွားကြမှာကိုး။ သတိ ဘုန်းမြတ်သွေးရေ။ ကလေး တွေရှေ့မှာ လူကြီးလို နေလို့ရပေမယ့် အိမ်မှာတော့ သူက ကလေး ပြန်ဖြစ်နေတာပါလေ။

"မေမေ. သားစားဖို့ ထမင်းပွဲပြင်ဦးမယ်"

"အများကြီးမပြင်ပါနဲ့ မေမေ။ ကျွန်တော် သိပ်စားနိုင် မဟုတ်ဘူး"

"ကြည့်လုပ်ဦးနော် ... တဖြည်းဖြည်းနဲ့ လူကပါးပါး ရှိတော့တယ်။ ကလေးတွေပင်ပန်းပြီးမလဲဘဲ ဆရာလဲမှ ဟုတ် ဦးမယ်"

အပြောက မလွတ်ပါလားနော်။ ဖေဖေ ထွက်လာတာမို့ ကာက်ထပ်ငြင်းခုန်းမှာပင် ထိုင်လိုက်ရလေ၏။ သူ့ကို အကဲမခတ်ကြ သဲ တော်ပါသေးရဲ့။ နေရင်းထိုင်ရင်း သိမ်ငယ်ရပါဘိ။

"ဖေဖေပြောတဲ့ မိန်းကလေးတွေကိုရော ဘယ်လိုသဘောရ လဲ"

"ဗျာ ... ဘယ်ကကလေးတွေလဲ"

"ဟ ... သားနဲ့မြန်းချင်တဲ့ မိန်းကလေးတွေကိုပြောတာ ဘယ်လိုလဲ၊ မင်း စာသင်ပေးတဲ့ကလေးတွေပဲ ခေါင်းထဲ လား"

"အာ ... မဟုတ်ပါဘူး"

"ဓာတ်ပုံထဲမှာတော့ အားလုံးလှကြတာချည်းပါပဲ"

လှမှာပေါ့။ မည်းတဲ့အသားရောင်ကိုတောင် computer နဲ့ အောင်ပြင်ထားလို့ လှတဲ့ခေတ်ပေကိုး။ လှတော့ ဘာလုပ်ရမှာလဲ။ ကြည့်ဖို့ထားရတဲ့အရုပ်မှ မဟုတ်တာ။ လူနှစ်ယောက်ပေါင်းဖက်ဖို့ ဘာ ဤမျှ ရှုပ်ထွေးမှန်း သူမသိပါလေ။ တစ်ယောက်တည်း အေးဆေးဆေးနေချင်တာတောင် နေခွင့်မပြုကြပါလား။

ကိုယ့်အလုပ်နဲ့ကိုယ် မအားလပ်တာတောင်မှ ဒီအိမ်ထောင်







www.burmeseclassic.com

www.burmeseclassic.com



ပြုဖို့ကိစ္စကို ခေါင်းထဲရိုက်သွင်းနေတာ မဟုတ်လား။ ဘယ်လိုများ အချိန်ပေးရပဲ့။ သူ့ဗွေသမီးတွေအားလုံးက မာနခပ်ကြီးကြီးနဲ့ အလှ ကို လက်ကြောတင်းအောင် လုပ်တတ်ကြတာမှမဟုတ်တာလေ။ ဘွဲ့ ပညာတတ်တာနဲ့ ရုပ်လေးလှတာပဲ ရှိတာပါ။ အိမ်ထောင်မှုမနိုင်နင်း သည့် အိမ်ရှင်မမျိုးနဲ့ တွေ့ရလျှင်ဖြင့် သူတော့သေပြီ မဟုတ်ပါလား လေ။

"သားသူငယ်ချင်းတောင် မျက်စိကျတဲ့မိန်းကလေး ရှိနေ ပဲ"

"သူရလား"

"အေး"

"ဘယ်သူတဲ့လဲ ဖေဖေ"

"ဦးမြင့်အောင်ရဲ့သမီးလို့ ထင်တာပဲ။ ကလေးတွေက ငယ် သေးတယ်။ ရှိလှမှ (၁၈) (၁၉) လောက်ပဲ"

"အမြွှာလား ဖေဖေ"

"မဟုတ်ပါဘူး။ ထင်လည်းထင်စရာပဲ။ တစ်ယောက်က နှင်းဆီ၊ နောက်တစ်ယောက်က သဇင်တဲ့လေ။ တစ်ယောက်ပဲ ကျို အောင် သွေးသားတော်စပ်တာ။ နောက်တစ်ယောက်က နောက် အိမ်ထောင်နဲ့ပါလာတဲ့ သမီးပဲ"





"ထက်သူရ သဘောကျတာ ဘယ်ကောင်မလေးတဲ့လဲ ဖေဖေ"

"ဒါတော့ ဖေဖေလည်း မသိဘူး။ ကိုမြင့်အောင်ကတော့ အလုပ်ကိစ္စနဲ့ပတ်သက်ပြီး မောင်ထက်ကို မကြာခဏ အိမ်ခေါ်တတ် လို့ ရိပ်မိတာပဲ"

ဒီကောင်တော့ ရှယ်တူတန်းတူထဲက မရှာဘဲ ဘယ့်နှယ် တာကလေးကို အမြွှောက်နဲ့ချိန်ချင်ရတာပါလိမ့်နော်။ အသက် (၂၀) ကျော် (၃၀) အတွင်းထဲက အမျိုးသမီးလေးတွေ အများကြီးရှိနေတာ ရွေးပါလေ့။ ဒါမှ ကိုယ့်အသက်အရွယ်နဲ့ Match ဖြစ်ပြီး Ok ရိုပြည် တော့မှာပေါ့။ အခုတော့ ဘယ်လိုစိတ်ကူးမျိုးနဲ့ ဒီအရွယ်ချာတိတ်မ လေးကို မျက်စိကျသွားပါလိမ့်နော်။

"လုပ်ငန်းနဲ့မဆက်သွယ်လည်း သူငယ်ချင်းမိတ်ဆွေတွေကို အဆက်အသွယ် မပြတ်စေနဲ့လေ"

"ဟုတ်ကဲ့ပါ ဖေဖေ"

"သားဖေဖေပြောတဲ့တစ်ယောက်ကို သွားတွေ့ကြည့်လိုက် ဦး။ ကောင်မလေးက ကိုယ်ပိုင်စီးပွားရှာတတ်တယ်"

"ဘာများလုပ်ပါသလဲ ဖေဖေ"

"Gift shop ဖွင့်ထားတယ်ဆိုလားပဲ။ မဆိုးပါဘူး သား၊



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေရရ အေးအေးဆေးဆေးလေးမျိုးပါ''

''ဩော်''

တွေ့ကြည့်ဆိုလည်း ကြည့်ရုံပေါ့လေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဒီလောက်တွန်းပို့နေမှဖြင့် ခြေက ရှေ့ကိုရွေ့ရတော့မှာပေါ့။ မေမေက ထမင်းစားဖို့ ခေါ်နေပြီမို့ ထမင်းစားခန်းသို့ ထလာခဲ့ရပါ၏။ ဖေဖေရော မေမေပါ သူလာမှပဲ ကိုယ်ရေးကိုယ်တာကိစ္စ ဆွေးနွေးရတာပါလေ။

''အစားအသောက် အနေအထိုင် ဂရုစိုက်ပါသားရယ်။ အလုပ်ချည်း ဗိုလုပ်နေတာနဲ့ လူပါလဲသွားမှဖြင့်''

''စားတာကိစ္စမရှိပါဘူး မေမေရာ။ ကျွန်တော့်အလုပ်သမားလေးတွေ သွားစားကြတဲ့ ထမင်းဆိုင်က သန့်လည်းသန့် ဈေးလည်း သင့်တော်ပါတယ်။ လောလောဆယ် အိမ်ပြန်မအိပ်နိုင်တာက ကလေးတွေကို စာသင်ပေးနေရလို့ပါ။ စာမေးပွဲလည်း နီးနေပြီမို့ ဂရုစိုက်နေရတယ်''

''သန့်ဆိုလို့ ပြောရဦးမယ်''

ဟော . . . စလာပြန်ပါပြီ။ သူငယ်ချင်းဖြစ်သူက ဖူးစာဖက်တွေပြီဆိုတာနဲ့ သူ့ကို အားကျမခံ အလောတကြီး တိုက်တွန်းနေတာ မဟုတ်လား။ ကိုယ့်ဆီကို ဖိတ်စာလာပေးတာထက် ကိုယ်ကအရင် ဖိတ်စာပေးချင်သည်ဟု မေမေပြောထားဖူးတာမို့ ခက်လည်း ခက်ပါရဲ့။





မိဘတွေ နေရာချပေးသည့်အတိုင်း မိန်းကလေးကို လက်ဆင့်ခံလိုက်လို့ ဖြစ်ပါ့မလား။ ရင်တစ်ချက်လေးတောင်မှ ထူးထူးခြားခြားသန်း မခုန်မိရင်ဖြင့် Robot ဆန်ဆန် အိမ်ထောင်ရေးကြီးထူထောင်သည့်နှယ် ဖြစ်တော့ပေမပေါ့။

အခုမှထပြီး အမြီးပေါက်ချင်တယ် ထအော်ရအောင်လည်း အရှက်အကြောက်က ရှိရသေးတာလေ။

''သန့်သန့်လေးတဲ့''

''ဗျာ''

''သားကိုပြောတဲ့ကောင်မလေးရဲ့နာမည်လေ။ နာမည်နဲ့အားလိုက်ဖက်တာ သားရဲ့။ မေမေ့သား မျက်စိကျစေရမယ်လို့ မေမေ အာမခံတယ်။ အဟုတ်''

ရော် . . . ဗွတ်ကြီးပါလား။ အာမခံဗွတ်ပေးနေသည့် မေမေ့ကြောင့် သူ ပြုံးရုံသာပြုံးဖြစ်လေ၏။ ထမင်းစားပြီး အစာကြေစေရန် န်တာမှာ နာရီဝက်ခန့် လမ်းလျှောက်နေမိပါသည်။ လရောင်က နှာမဆန်သည့်နှယ် မှိန်ဖျော့ဖျော့သာ ရှိနေလေ၏။

ကလေးတွေ စာမှကျက်ကြရဲ့လား။ ကျော်စွာက ပြဿနာ ဟိုချာတိတ်မက အပျင်းခပ်ကြီးကြီးနဲ့ အအိပ်မက်လွန်းတာမို့ နေရာတာလေ။ အောင်ချင်သည့်ဆန္ဒလေးရှိမှန်း မြင်နေရသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ဆူတန်ဆူ ပေါက်တန်ပေါက်နဲ့ ကွဲခေါ်နေရတာ မဟုတ်ပါလား။ စာသင်ပေးသည့်တစ်လျှောက် ကျောက်စာရှင်းပြတိုင်း ခင်း ငိုက်နေလို့ ဘောပင်နဲ့ခေါက်ရတာ၊ စာအုပ်နဲ့ထုရတာ အကြိမ်ကြိမ်ရှိခဲ့တာပါလေ။



## အခန်း (၁၁)

Sunday မို့ အေးအေးဆေးဆေးဖြင့် မြို့ထဲဘက်သို့ ထွက်လာခဲ့ပါ၏။ Shopping Mall ထဲမှာ ဖွင့်ထားသည့်ဆိုင်မို့ ရှာရ သိပ်မခက်ပါလေ။ သန့်သန့်လေးကွဲ။ နာမည်ကိုက ဆွဲဆောင်မှု တော်တော်ရှိနေပုံပါ။ ဒါဖြင့် လူကရော တွေ့တော့သိမှာပေါ့လေ။

ကားကို parking ထိုးရပ်ကာ mall ထဲ ခပ်မှန်မှန်လှမ်းလာခဲ့၏။ ပိတ်ရက်မို့ လူအတော်စည်ကားနေလေသည်။ ဒီခေတ် လူငယ်တွေ fancy ပစ္စည်းတွေ နှစ်သက်ပုံနှင့် သူ့မဆိုင်မှာ လူများနေမည်ဟု သူ ခန့်မှန်းမိပါ၏။ ဘယ်လိုစကားမျိုးပြောရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေနှင့် တွေ့ဖူး စကားပြောဖူးသည့်လူပဲ။ ဒီလောက်ကြီး မခက်ခဲနိုင်ဟု ယူဆမိပါ၏။ စက်လှေကားဖြင့် အပေါ်ထပ်သို့ ဖြည်းဖြည်းတက်ရင်း ပတ်ဝန်းကျင်ကို လှေလာလိုက်မိသည်။ အမြဲတမ်း အလုပ်ထဲမှာပဲ လုံးပန်းနေမိတာမို့ အခုလို အပြင်ရောက်စဉ်မှာ သူ့အဖို့ ကြည့်စရာတွေချည်း မဟုတ်ပါလား။

"အို"

"Sorry"

လှေကားမှ ခြေလှမ်းတက်လိုက်မိစဉ် သူနှင့်ဘေးမှပါလာသည့် အမျိုးသမီးလေး၏ ခြေထောက်ကို တိုက်မိသွားရပါ၏။ မနင်းလိုက်မိတာပဲ တော်ပါသေးရဲ့။ အမျိုးသမီးလေးက သူ့ကို တစ်ချက်မျှမကြည့်ဘဲ ရှေ့ကို ဆက်လျှောက်သွားလေသည်။ ကြည့်စမ်း၊ ဆံပင်အရှည်ကြီးနဲ့ပါလား။ ဒီခေတ်မှာ ဒီလို Design မျိုးက အတော့်ကိုရှားပါးနေတာပါလေ။

သူ ကြောင်၍ရပ်နေမိရာမှ သတိဝင်သွားရပါ၏။ ဆိုင်ကိုရှာရဦးမှာပါပဲ။ ဟိုဒီကြည့်ကာ ဆက်လျှောက်လာစဉ် စောစောက အမျိုးသမီးလေးက ဆိုင်တစ်ဆိုင်ထဲကို ဝင်သွားလေသည်။ သူ ဆိုင်နာမည်ကို လှမ်း၍ကြည့်ကာ ဖတ်လိုက်မိ၏။ Cute တဲ့၊ ဘုရားရေ သူရှာနေတာ ဒီဆိုင်မဟုတ်လား။





ခြေလှမ်းကို ဦးတည်ချက် ဆက်လာခဲ့ရပါသည်။ ဆိုင်ထဲဝင်လိုက်စဉ် လက်ဆောင်ပစ္စည်းတန်ဖိုးအသင့်မှ ဈေးကြီးကြီးတွေအထိ ခင်းကျင်းပြသထားသည့် Gift shop ဆိုင်က အတော်အသင့် ကျယ်လေ၏။ ဝေ့ဝဲအကဲခတ်လိုက်စဉ် စောစောက အမျိုးသမီးလေးက counter ခုံမှာ ဝင်ထိုင်လိုက်တာမို့ သူ့မျက်နှာ ပြုံးသွားရလေသည်။ သေချာပါတယ်။ ဒါ သူလာတွေ့တဲ့ သန့်သန့်လေးပါပဲ။

"မနေ့ညနေက အရောင်းစာရင်းစာရွက်လေး သန့်ကို ပေးပါဦး"

"ဟုတ်ကဲ့မမ"

Counter ရှေ့တည့်တည့်မှာ သူရပ်လိုက်မိ၏။ သူ့မကဘေးမှ မိန်းကလေးကိုပြောရင်းမှ သူ့ကိုလှည့်ကြည့်ကာ အံ့သြသွားလေသည်။ မျက်နှံတန်းလှလှလေးက ဖျတ်ခနဲ တွန့်ချိုးသွားကာ မနှစ်သက်တန်ပြလိုက်လေ၏။ သူ့ကို လာနှောင့်ယှက်သည့်လူဟုများ ယူဆလိုက်လေသလား။

"သန့်သန့်လေး ဟုတ်ပါတယ်နော်"

"ရှင် . . . ဪ ဟုတ်ကဲ့"

"ကျွန်တော် ဘုန်းမြတ်သွေးပါ"

"ဘုန်းမြတ် . . . ဪ အန်တီဒေါ်အိအိငြိမ်းရဲ့သား



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်''

''အမှန်ပါပဲ''

သူမ မျက်နှာတစ်မျိုးလေးဖြစ်သွားရပါ၏။ ရှက်သွားတာမျိုး မဟုတ်ပါ။ အားနာသွားပုံလည်း မဟုတ်ပါဘဲ တစ်မျိုးလေးဖြစ်သွားတာ ပါလေ။ သူ့ကို ဘယ်သူဘယ်ဝါဆိုပြီး ဆက်စပ်တွေးလိုက်မိပုံမျိုးပင် မဟုတ်ပါလား။ ဘာစကားမှ မပြောဘဲ ခဏမျှတိတ်နေတာမို့ သူကပင် စကားဆက်ပြောရတော့၏။

''မေမေက သန့်သန့်လေးနဲ့ သွားတွေ့ကြည့်ပါဆိုလို့ လာခဲ့ တာပါ''

''သြော် ... ရပါတယ်။ သန့်ကို ကိုဘုန်းမြတ်သွေးအိမ်မှာ လာတွေ့မယ်လို့ ထင်ထားလို့ပါ။ အခုက အလုပ်ထဲမှာမို့ အံ့ဩသွားတာ လေ''

သွက်သားပါပဲ။ ဆံနွယ်ရှည်တို့ကို မြင့်မြင့်လေးချည်ထားကာ Scarf (လည်စည်းပဝါ) ပါးပါးဖြင့် စည်းထားလေ၏။ တော်ရုံ ဖြောင် ဝမ်းဆက်မဝတ်ရဲသည့်ခေတ်မှာ blouse နှင့် လုံချည်မိုးပြာရောင် ဝမ်းဆက်ဝတ်ထားသဖြင့် ခန္ဓာကိုယ်ကို ချပ်ရပ်လျက် ကိုယ်လုံးအလှက အရှင်းသား မြင်နေရပါသည်။

နာမည်နှင့်လိုက်ဖက်ကျော့ရှင်းလှသည့် သန့်သန့်လေးပါပဲ။





မျက်နှာကို မသိမသာလေးခြယ်ထားကာ နှုတ်ခမ်းထက် ဝတ်စုံမိုးပြာ ရောင်နှင့် လိုက်ဖက်သည့် ပန်းနုရောင်ဆိုးဆေးကြောင့် ငယ်ရွယ်တင့် တယ်သည့်အလှကို ဖြည့်ဆည်းထားပုံပါ။ အမြင်ထဲပါမက ရင်ထဲထိ အေးမြစေသည့် အလှဟု စိတ်တွင်းမှ မှတ်ချက်ပြုမိလိုက်တာအမှန် ပါလေ။

''ဒီနားမှာပဲ တစ်ခုခု''

''ဖြစ်ပါတယ်၊ သိပ်မကြာစေရပါဘူး။ ကျွန်တော်လည်း အလုပ်ရှိသေးတာမို့ စာနာပါတယ်ဗျာ''

သူမ မျက်နှာထက် ခပ်သဲ့သဲ့အပြုံးထင်လေ၏။ တစ်ခဏ သာပါပဲ၊ ချွေတာတတ်ပုံ။ အာရုံမှာ ကွက်ခနဲမြင်လိုက်မိသည့် မျက်နှာ ကြောင့် သူ့ ခေါင်းကို ဆတ်ခနဲ ခါလိုက်မိပါ၏။ ရယ်စရာရှိလျှင် အောင့်ဘဲ တဟားဟား အော်ရယ်ချတတ်သည့် သူမကို အဘယ့် ကြောင့် သတိရလိုက်မိတာပါလိမ့်နော်။

''နည်းနည်းပူသလိုပဲနော်''

''ဒါဖြင့် အအေးပဲမှာကြတာပေါ့''

ပူလို့တဲ့၊ Mall ထဲမှာ ဒီလောက် လူသိပ်မရှိသလို ဆိုင်ထဲမှာ Aircon ဖွင့်ထားတာတောင်မှ ပူလို့တဲ့လား။ အလို သူ့ကိုမြင်လိုက်သော ကြောင့် သူမစိတ်ထဲ လှုပ်ရှားမှုဖြစ်သွားလေသလား။ သူစိမ်းမိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတော့ အထင်မသေးသင့်ပါလေ။

ဟော . . . ဟိုကောင်မလေးတုန်းကဖြင့် မြင်တာနှင့် သူ့စိ ထဲ အထင်တသေးနဲ့ မှတ်ချက်ချဖူးခဲ့တာ မဟုတ်ပါလား။ ညစ်ညူး ပေပေနေတာ။ အမြဲတမ်း သမ်းတတ်သလိုအပျင်းထူသည့်ပုံစံမျိုး အကျင့်က သူ မတွေ့အောင်မှ ပစ်ပစ်ခါခါကြီး မှတ်ချက်ချခဲ့တာပါလား

ဘုရားရေ . . . ဘယ်လိုဖြစ်ပြီး သန့်သန့်လေးနှင့် သူ့ ယှဉ်တွဲတွေးဆမိတာပါလိမ့်။

"ဘာသောက်ကြမလဲဟင်"

"ကြိုက်တာမှာလေ။ ကျွန်တော်က ဒိန်ချဉ်ပဲမှာမှာပါ"

"Ice coffee တစ်ခွက်၊ ဒိန်ချဉ်တစ်ခွက်ပေးပါ။ မလိုင်များ များလေးလုပ်ပေးပါနော်"

မလိုင်များများတဲ့။ ဟိုတလောလေးကပဲ သူမနှင့်ကျော် သူ့အတွက် ဒိန်ချဉ်ဝယ်လာပေးသေးတာလေ။ ထန်းလျက်ရည်ဖြ ဖျော်သည့်အတွက် အပေါစားဖြစ်ပေမယ့် စေတနာဖြင့် ဝယ်လာပေး တာမို့ အရသာရှိပါ၏။ "မလိုင်များများ တောင်းထည့်ခဲ့တာ" ဟု မပွင့်တပွင့်ပြောသည့် သူမအသံကို ကြားလိုက်မိ၍ပါပဲ။

ဒုက္ခရေ . . . သူတော့ တွေ့တာကတစ်ယောက် စိတ် သတိရနေတာကတစ်ယောက် ဖြစ်နေပါရောလား။





"လူကြီးတွေလွှတ်လို့ လာတဲ့သဘောပေါ့လေ"

"အင်း . . . အဲဒီလိုလည်း မဟုတ်ရပါဘူး။ ကျွန်တော်လည်း အလုပ်မအားတာမို့ အချိန်ပေးပြီးလာတွေ့ဖြစ်တာပါ"

"သန့်ကိုလည်း ဖိဘတွေပြောထားပါတယ်"

အအေးတွေရောက်လာတာမို့ စကားသံတိတ်သွားရပြန်ပါ၏။ ပြောစရာစကားက ရှားပါးလှချည်လား။ အင်းပေါ့လေ။ အခုမှ စဆုံရတဲ့ လူနှစ်ယောက်ပေကိုး။ Plastic ပိုက်ဖြင့် ကော်ဖီသောက်နေသည့် သူမကို တစ်ချက်ကြည့်လိုက်စဉ် သူ့ရှေ့မှာ ဘယ်တော့မှ အစားမဟား သည့် ကောင်မလေးကို ဖျတ်ခနဲ တွေးမိပြန်လေ၏။

ကျစ် စိတ်ရှုပ်လိုက်တာနော်။ ဘယ်လိုဖြစ်ပြီး သူ့စိတ်တွေ ထွေပြားအောင် ဖြစ်ရတာပါလိမ့်။

"ကိုဘုန်းမြတ်သွေးသဘောကရော"

"ဗျာ"

"လူကြီးတွေသဘောချည်းပဲနဲ့ သန့်တို့ကိစ္စကပြီးမှာမှ မဟုတ် ဘဲ။ သန့်တို့သဘောက ပိုအရေးကြီးတယ်လေ"

သန့်တဲ့။ တရင်းတနှီးသုံးနှုန်းပုံပါ။ သူကသာ အခုထိ ကျွန်တော်ဆိုပြီး ပြောနေမိတုန်းပဲ မဟုတ်ပါလား။ ကိုယ့်ထက်ငယ် သည့် မိန်းကလေးမှန်းသိပါလျက် လူယဉ်ကျေးတို့၏ အသုံးအနှုန်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြောကျင့်ကရှိနေတုန်းပါလေ။ ငါဆိုပြီး ခင်မာမာပြောခဲ့မိသည့် ကောင်မလေးကို အားနာစိတ်ကဝင်မိလာပါရောလား။

"တစ်မျိုးတော့ တစ်မျိုးကြီးပဲနော်။ သန့်တို့အရွယ်က လက်တွဲနေတဲ့သူသာရှိနေရင် အဆင်ပြေပြေနဲ့ ပြီးသွားမှာပါ။ အခုက ဖော်ပြစရာလူမရှိတာမို့ လူကြီးတွေက စီစဉ်ပေးတဲ့အဆင့်ထိ ဖြစ်ရတော့တာပဲ"

"အင်း"

"ကိုဘုန်းမြတ်သွေးမှာရော စိတ်ဝင်စားရမယ့်သူ မရှိဘူးလား"

"ဗျာ ... အင်း မရှိဘူးပဲပြောရမှာပေါ့"

"သေချာတယ်ပေါ့လေ"

သူ ပြန်မဖြေမိ ရေခဲပျော်နေပြီမို့ ဒိန်ချဉ်ကို ကုန်အောင်သောက်နေမိလေသည်။ သူ့ကို ဝယ်တိုက်စဉ်က ကုန်အောင်မသောက်မိ၍ "ဘာမှအလကားမရဘူး၊ နှမြောတတ်ပါ ဆရာရဲ့" ဟု မကျေနပ်ဟန်ဖြင့် ရင်းနှီးစွာပြောချလိုက်သည့် ကောင်မလေးက ရှိခဲ့ဖူးတာမို့ပါ။ သန့်သန့်လေးကဖြင့် ကော်ဖီကို တစ်ဝက်သာ သောက်လေ၏။ သူမသာမြင်လျှင် ဖြုန်းတီးသည်ဟုဆိုလေမလား။

"ဆုံးဖြတ်ဖို့တော့ ခပ်ခက်ခက်ပဲ"





"အင်း"

"ရပါတယ်လေ၊ သန့်တို့အတွက် လေ့လာဖို့ အချိန်အများကြီး ရှိပါတယ်"

သူ ခေါင်းကိုသာညိတ်ပြလိုက်မိပါ၏။ ဒီလိုပဲ လုပ်ရတော့မှာပေါ့။ နှစ်ယောက်သားက ရင်းနှီးမှုမှ မရှိသေးတာလေ၊ ဆိုးတော့ဆိုးလှပါလေ။ အရမ်းကြီးစိမ်းသက်ပြီး ပြောစရာမရှိသလို နှုတ်ဆိတ်နေရတဲ့ ဆွေးနွေးပွဲမှမဟုတ်တာကို။ ရင်းနှီးဖော်ရွေစွာ ပြောဆိုသည့် လေသံနှင့် အမူအရာက ဒီမိန်းကလေးနှစ်ဦးရဲ့ဆန့်ကျင်ဘက်ပင် ဖြစ်ပါလား။

အသက်အရွယ်၊ အတွေ့အကြုံကွာခြားမှုကြောင့်ပင် ထင်ပါရဲ့။ ဟိုက ကလေးမို့ မစဉ်းစား မဆင်ခြင်ဘဲ ထင်ရာမိုင်း တဖွတ်ထိုးပြောတတ်တာပါလေ။ မာယာမပါဝင်တာတော့ အမှန်ပါပဲ။ လူငယ်စိတ်နဲ့ ပွင့်လင်းရိုးသားမှုကို အထင်းသားမြင်နိုင်သည်ပင်။

ဆူး ... မင်းအကြောင်းကို ဘာကြောင့်များ မကြာခဏ တွေးမိရတာပါလိမ့်။

"ဟင် ... ဘာလဲ"

"သန့်ကို Phone နံပါတ်ပေးဖို့ပြောနေတာလေ။ ဘာများ တွေးနေလို့ မကြားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



လက်ခုံကို အသာပုတ်လိုက်တာမို့ ရုတ်တရက် လန့်သွား ဘာပါ။ Card တစ်ခုထုတ်ကာ သူ့ကို လှမ်းပေးနေတာမို့ ယူလိုက်ရ ၏။ အပြန်အလှန် ပေးတာ ယူတာက ဘာသဘောဖြစ်သွားမှာပါလိ ခေါင်းထဲရှိနေတာက နောက်နေ့သင်ပေးဖို့စာကိုစွဆိုတာ သူ့ဘာသ သိနေတာပါလေ။

"ကျွန်တော် card ယူမလာမိဘူး"

"ရတယ်လေ၊ သန့်ဖုန်းထဲမှာ ထည့်ပေးလေ"

Handset လှမ်းပေးနေတာမို့ ယူလိုက်စဉ် လက်ချင်းထိ သွားရပါ၏။ သွယ်လျှားလှပသည့် လက်ချောင်းရှည်ရှည်လေးတို့ သတိထားမိသွားရလေသည်။ မိန်းကလေးဆန်သည့် လက်တွေပါ ဒါဖြင့် လက်ပြည့်ပြည့်ဖောင်းဖောင်းလေးကို ဘယ်လိုအဓိပ္ပာယ်ဖွင့် မလဲ။ လက်တွေ့ဆန်သည့်လက်ဟု သတ်မှတ်နိုင်မည်သာ။

"ရပြီ"

"ဘယ်အချိန်လောက် နားလဲ ကိုဘုန်းမြတ်သွေး။ ကျ ကိုဘုန်းလို့ခေါ်လို့ရမယ် မဟုတ်လား"

"ရပါတယ်၊ ကျွန်တော် ညဆို (၁၁) နာရီလောက်မှ အားတ ပါ"

"ဘယ်လို ... ဘာတွေလုပ်နေလို့ ဒီလောက်နောက်ကျပြီး





အိပ်ရတာလဲ"

"အင်း ... ဘယ်လိုပြောရမလဲ၊ ကျွန်တော့်အလုပ်ချိန်ပြီးသွား ရင် ကလေးတွေကို စာပြပေးလို့ပါ"

"ကလေးတွေ"

"အထက်တန်းဖြေမယ့်ကလေးနှစ်ယောက်ကိုပါ"

"သြော်"

"အမြဲပြတာမဟုတ်ပါဘူး။ ကလေးတွေက မပြေလည်တဲ့ သားစုဝင်တွေမို့ ပညာပါရမီဖြည့်ပေးတဲ့သဘောပါ။ စာမေးပွဲဖြေပြီးရင် သင်တန်းပြီးမှာပါ"

သန့်သန့်လေးက သူ့ကိုစိုက်ကြည့်လိုက်လေ၏။ အကဲခတ် နေတာများလား။ အားလပ်ချိန်မှာ စာသင်ပေးတာ အပြစ်မှမဟုတ်တာ လေ။ နေပါဦး။ သူ ဘာလုပ်လုပ် သူမကို ပြောပြစရာမှ မလိုတာဘဲ။ သူနှင့်သန့်သန့်လေးက ယခုတိုင် တကယ့်ကို သန့်သန့်လေးနှင့် ဆက်ဆံရေးပါပဲ။

"ဒီခေတ်မှာ ရေကိုတောင် အလကားတောင်းသောက်လို့ ရတော့တဲ့ ခေတ်ပဲကိုဘုန်းရဲ့"

သူ ယဲ့ယဲ့မျှပြုံးလိုက်မိ၏။ စီးပွားရေးလုပ်သည့်သူမနှင့် အလုပ်ကို စေတနာထားပြီး လုပ်တတ်သည့်သူက ဆန့်ကျင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီလား။ ဒီသေးသေးမွှားမွှားလေးကအစ အမြင်မတူလျှင်ဖြင့် မလွယ်တော့ပြီ။ စဥ်းစားစရာတွေ အများကြီးလိုအပ်နေပြီကော ဘုန်းမြတ်သွေး။

"လူတစ်ကိုယ် စိတ်တစ်မျိုးပေါ့ဗျာ။ ကျွန်တော်က ဘာပဲလုပ်လုပ် စေတနာအပြည့်နဲ့ အဓိကထားပြီး လုပ်လေ့ရှိတယ်။ စီးပွားရေးသမားသက်သက်မှ မဟုတ်တာကို"

လှပသည့် မဲ့ပြုံးတစ်ခုကို မြင်လိုက်ရလေ၏။ လက်မှနာရီကို ဟန်ပါပါ ကြည့်လိုက်တာမို့ ကေားဝိုင်းပြီးပြီဟု ယူဆပါသည်။ ပညာတတ်ချင်းတောင်မှ အမြင်မတူလျှင် အသွင်ပါ ဘယ်တူနိုင်ပါတော့မလဲ။ ပြုံးတာတောင်မှ သဘောကျတိုင်း နှစ်လိုဖွယ် ပြုံးတတ်သည့် ဟိုထောင့်မကျိုးသည့် ချာတိတ်မလေးကမှ ဖြူစင်နေသည့်နှယ်ပါး။ သက်ပြင်းကို ကျိတ်ချမိလေတော့၏။



## အခန်း (၁၂)

ရှန်းနေပေမယ့် ချိုသဲလက်ထဲမှာ သူမ မလူးလွန့်သာပါလေ။ သူ့ကို အမဲဖြတ်သလို လုပ်နေတော့တာကိုး။ ကျူရှင်သွားရပါတော့မယ် ဆိုမှ ခေါင်းလျှော်လာသည့်ဆံပင်ကို ရှေ့ဘက်မှ ကပ်ကြေးဖြင့် တိညှပ်တာ အုန်းဆီလူးပေးပြီး ကျစ်ဆံမြီးနှစ်ဖက် ကျစ်ပေးနေတာပါလေ။

"ချိုကတော့ လုပ်ပြီဟာ"

"ငြိမ်ငြိမ်နေစမ်းပါ ဆူးရယ်။ ဘာဖြစ်လဲ . . . တစ်ခါတလေလေး လှလှပပ သပ်သပ်ရပ်ရပ်နေစမ်းပါ။ အမြဲတမ်း ဆံပင်စုတ်ဖွားနဲ့နေတာ ဘယ်လောက်ကြာနေပြီလဲ။ ဒီပုံစံမျိုးနဲ့ နင့်ကို ဘယ်သူက

www.burmeseclassic.com



လာကြိုက်မှာလဲ''

သူမ နှာခေါင်းရှုံ့လိုက်မိပါ၏။ ကိုယ့်ကို လာကြိုက်ဖို့အတွက်နဲ့ အလှပြင်ရမှာတဲ့လား။ ဖင်ဖင်ဆို တစ်နေ့တစ်နေ့ ပြင်ဆင်လိုက်ရတာ ဝတ်လိုက်ရတဲ့အဝတ်အစား တစ်လဘည်းမှာသယ်တဲ့နေ့တောင်မှ မတွေ့ရတာလေ။ ဒါတောင် ခုထိ ရည်းစားတစ်ကောင်ဘစ်မြည်းမှ ရသည်ဟု မကြားမိပေါင်။ ဒါကြောင့်လည်း အိမ်လာသမျှ ကိုထက်လို ယောကျ်ားလေးတွေကို အီစီကလီလုပ်ချင်နေတာ, မဟုတ်ပါလား။

''ချုပ်ထားပေးတာဂွေလည်း ခုထိ ဝတ်တာမမြင်ဘူး။ တော်ကြာ ကြပ်ကုန်မှာပေါ့ ဆူးရယ်''

သက်မကို ကျိတ်ရှိုက်လိုက်မိ၏။ တမင်အရွဲ့တိုက်ပြီး မဝတ်ဖြစ်တာ ကိုယ့်ကိုကိုယ် အသိပါပဲ။ လိုအပ်လို့လား။ စာသင်နေတာ ပညာရဖို့အတွက်သာ အဓိကပါ။ စတက်စဉ် (၅) လမှာ ဆရာအစ်ကိုက သူမအပေါ် အထင်သေး အမြင်သေးနဲ့ ဆူငေါက် ဆက်ဆံခဲ့တာကို ခံခဲ့ရတာပါလေ။

သိနေပါတယ်။ ဆူးဆိုတာ လူတကာရဲ့မျက်စိရှေ့မှာ အမြဲ cross ဖြစ်နေရသည့် မိန်းကလေးမဟုတ်လား။ လူတစ်ယောက်ကို အထင်မကြီးလျှင်ထားပါ။ အထင်တော့ မသေးသင့်မှန်း ဆရာအစ်ကို သိသင့်ပါရဲ့။ အဓိကနဲ့ သာမညဆိုတာ မြင်တာနဲ့သိသာနေတာပါလေ။





''မဝတ်ချင်လို့ပေါ့''

''သိတယ် ... သိတယ်၊ ဒါကြောင့် နောက်အထည်တွေကို ချုပ်ပြီးတာတောင် နင့်ကိုမပေးလိုက်တာ''

''ဘာ''

''ငါ လစာတိုးလို့ နင့်ဖို့ အကျီဝယ်လာတာရှိတယ်။ နင်ပေးအလောက်တော့ ဘယ်တန်ဖိုးရှိပါ့မလဲ။ အဲဒါ ဒီနေ့ ဝတ်သွားရမယ်နော်''

''အာ''

''မအာနဲ့ ... ဝတ်ဆိုဝတ်၊ ငါ့ကို မချစ်ဘူးလား ပြော''

ကျစ် ... လူကို ချည်ပြီးတုတ်ပြီး လုပ်ပုံပါပဲလား။ လိုက်ကာဆွဲ ကာထားသည့် ချိုသဲအခန်းထဲကို ဆွဲခေါ်ခံရသလို အဝတ်တွေပါ ခွတ်လဲခိုင်းလေတော့၏။ နှုတ်က ငြင်းဆန်နေမိပေမယ့် ''ဖိုးကျော်ပြန်လာခါနီးပြီ'' ဟု သတိပေးမှုကြောင့် အဝတ်အစားလဲခြင်းကို အမြန်လုပ်လိုက်ရလေသည်။ ကလေးရှေ့မှာ ဆင်ခြင်နေတတ်ရမှာကိုး။

နေပါဦး ... တစ်သက်နဲ့တစ်ကိုယ် ဒီလောက် ထွေးရောဆက်တင်နေခဲ့တဲ့ကလေးကို ရှက်စရာလား။ ဆူးတော့ မဟုတ်သေးပါဘူး။ မောင်နှမတွေလိုနေပြီး အားမနာစတမ်း ပြောဆိုခဲ့တာ ဘယ်ယောက် ကြာပြီလဲ။ ဒီလို ရှက်စိတ်မျိုး ဖြစ်စရာမှ မလိုတာနော်။



www.burmeseclassic.com

www.burmeseclassic.com



တကယ့်တကယ် ရှက်စရာက ဒီ ခုလို လူလူသူသူ အရောင်ထွက်နေတဲ့ အဝတ်အစားတွေပါပဲ။

"ဟဲ့"

"ဘာဖြစ်ပြန်တာလဲ"

ဖျော့ချော်ပျဉ်းဘေးမှာ ထောင်လျက်သားရှိနေပါသည့် ခပ်မှုန်မှုန် မှန်ချပ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် မြင်မိစဉ် လန့်သွားရလေအောင် Blouse လက်ဖောင်းဖြူဖြူလေးနှင့် ပန်းဆီရောင်ထက်မှာ စပယ်ပွင့်လေးတွေ ကြဲထားပါသည့် လုံချည်ကြောင့် လှတပတဖြစ်နေသည့် သူမကိုယ်သူမပင် မမှတ်မိချင်သလိုနှယ်ပါ။ အလိုလေး၊ ဒီလို ညီမြိုင်မျိုးနဲ့ ကျူရှင်တက်ရမှာတဲ့လား။ မဖြစ်ဘူးဆူးရေ။

"ငါ ဒီပုံစံနဲ့ မသွားရဲဘူးဟဲ့"

"ဘာဖြစ်လို့လဲ ဆူးရဲ့၊ ဒီလောက်လှတာကိုး"

"လူတွေကြည့်ရင် ဘယ်နှယ်လုပ်မလဲ"

"ကြည့်ကြည့်ပေါ့။ လှရင်ကြည့်မှာ သဘာဝပဲကို။ အခုစောစောတက် စောစောပြန်ရမှာ မဟုတ်လား။ နောက်လဆို ဒီခြံထဲမှာ အဲဒီအစ်ကို အိမ်လာဆောက်မှာမို့ နင်တို့ အဝေးကြီးသွားဖို့ မလိုတော့ဘူး"

"ကျွင် ... ခက်လိုက်တာနော်။ စိတ်ရှုပ်စရာကြီး"





"ဘာမှမခက်ဘူး။ မဟုတ်တာတွေ မတွေးနဲ့"

"မမရေ"

"ဝေး ... လာပြီဟဲ့၊ ဘယ့်နှယ်အော်ခေါ်နေတာလဲ"

လိုက်ကာကို ဖျတ်ခနဲဖယ်ကာ ထွက်သွားသည့် ချိုသဲကို သူမ လှမ်းဆွဲလိုက်ပေမယ့် မမီလိုက်ပါချေ။ ကျောင်းမှာ cost တွေ တွက်နေပြီမို့ စာသိပ်မသင်ဖြစ်တော့ဘဲ စောစောခွင့်တောင်းပြန်ရတာပါ။ ဆရာအစ်ကိုက မိုးချုပ်လျှင် သူမတို့မှောင်မှပြန်တာကို မဖြစ်စေချင်၍ ညနေ (၅) နာရီမထိုးခင် ရောက်အောင်လာစေလေ၏။

"မမဆူးရော၊ ဖိနပ်တော့တွေပြီး လူက ဘယ်ပျောက်နေ [illegible]"

"ရှိပါ့ ... အကျီလဲနေလို့"

"အကျီ"

"အေး ... ဟဲ့၊ ထွက်လာတော့လေ။ အထဲမှာ ပုန်းနေလို့ရမလား။ ဖိုးကျော် ထမင်းစားပြီးတာနဲ့ သွားမှာကို"

တောက် ... ဒင်းလုပ်တာနဲ့ လူကို ကောက်ညှင်းကျည်တောက်ပုံစံဖြစ်နေတာလေ။ ဟိုကောင်လေး ထမင်းစားရန် ပန်းကန်ပြည့် ကြားလိုက်တာမို့ အခန်းထဲမှ ခြေသံဖွလျက် ထွက်လိုက်မိပါ၏။ ငါးမြည့်သီးငါးပိချက်ကို ထမင်းကြမ်းဖြင့် နယ်ရင်း စားနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော် က သူမကို မော့မကြည့်တာမို့ တော်ပါသေးရဲ့။

"ဟာ … ဟာ … ဒါ ဘယ်သူလဲ"

"ရှူး … တိုးတိုးဟဲ့"

"မမဆူး … အဟွတ် အဟွတ်"

"ဩော် … သေတော့မှာပဲ၊ နောလေးရယ်"

ထမင်းသီးသွားသည့် ဖိုးကျော်ကို ကျောပုတ်ပေးလျက် သောက်ရေပါ ခပ်ပေးလိုက်ပါ၏။ ကောင်လေးက သူမကိုကြည့်ကာ တဟားဟားဖြင့် အော်ရယ်နေတော့တာပါလေ။ ရော်၊ နေ့ရခက်ပါ တယ်ဆိုနေမှ ဒင်းက လူကို လှောင်နေပါရောလား။

"နင်နော်"

"ဟား ဟား ဟား … ဘာစိတ်ကူးတွေပေါက်သွားတာလဲ ဗျ။ December ကြီး နှင်းမကျဘဲ မိုးတွေရွာနေတော့မှာပဲ"

"ကိုယ့်အစ်မကို ဒီလိုပြောစရာလား။ ငါ့သူငယ်ချင်း မလှလို့ လား ပြော"

"လှပါ … လှပါ၊ အခုမှ စည်ပိုင်းကို ပိတ်စပတ်ထားပေး တာနဲ့ တူနေတာ"

"ကြည့်စမ်း … နင်"

"မမဆူး အလှပြင်တာက အကြောင်းမဟုတ်ဘူးနော်၊ ဟိုနှာ





အလုပ်မဆင်းခင်သွားရတာ။ မပြန်သေးတဲ့အလုပ်သမားတွေ မျက်စိ ကျရင် ဘယ့်နှယ်လုပ်မလဲဗျ။ ဒီမောင်ကို ခေါင်းကိုက်အောင် လုပ်ရ သား"

"အံမာ … အဲဒီပန်းရုံလက်သမားတွေကို ငါက ကြိုက်စရာ သား"

"ဒါဖြင့် … အစ်ကို့ကိုရော"

"ဟဲ့"

အစ်မနှစ်ယောက်သား ပြိုင်တူအော်ကာ ဖိုးကျော်ခေါင်းကို ခေါက်ခနဲ မြည်အောင် ခေါက်လိုက်သံကလည်း အတူတူပါပဲ။ တွဲစရာ ရှားလို့ တသင်ပေးတဲ့ ဆရာအစ်ကိုနဲ့မှ ပြောရလား။ နဂိုကတည်းက သူ့ကိုကြည့်မရမှန်း သိနေပါလျက် တမင်ပြောရတယ်လို့။

"ဒီစကား ဒီမှာတင်ရပ်နော်၊ သူ့ရှေ့မှာ မပြောမိစေနဲ့"

"ဒါက ရှက်တယ်ဆိုတဲ့သဘောပေါ့"

"ဖိုးကျော်နော်"

"ငါ့အစ်မရှက်တာ ဒီတစ်ခါပဲ မြင်ဖူးတယ်။ အဟုတ်ပဲ"

"တော်တော့လို့ဆို … နင်တော့ နာတော့မယ်"

ထမင်းစားပြီးပြီမို့ ပန်းကန်ထဆေးနေပြီဖြစ်သဖြင့် အိမ် လေးပေါ်မှ သူမ ဆင်းလိုက်ပါသည်။ ကတ္တီပါဖိနပ်အပါးလေး ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



စီးလာမှပဲ ဒီ design မျိုး အသစ်နဲ့ဖြစ်ရတယ်လို့၊ စာအုပ်စာတမ်းတွေ ထည့်ထားသည့် plastic bag လေးကို ပိုက်လိုက်ပါ၏။ ညနေစောင်း သည်နှင့် နှင်းတို့ကျလာတာမို့ အနွေးထည်မေ့လာတာကို သတိရသွား ပါသည်။

"ကျစ်"

"ဘာလဲဗျ"

"လက်ရှည်မေ့လာလို့"

"ချမ်းတတ်ပြီပေါ့လေ"

"ချမ်းတာပေါ့ဟဲ့၊ လူပဲဟာ"

"ဟင့်အင်း ... အခုမှပဲ လူလူသူသူ ခံစားတတ်တော့တယ် အစကဖြင့် ဖရိုဖရဲ ပုံတုံးကြီးနဲ့ နေတာကိုများ။ မမဆူး မမဆူး မနိ ကော့ပါလားဗျာ"

"ကဲ ... အဲဒါ မရိုးဦး"

"အ"

ကျောပြင်ကို အုန်းခနဲမြည်အောင် ထုလိုက်သည့်မြင်ကွင်းကို သူ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိလေ၏။ ညနေဆည်းဆာ နေရောင်က သူမတို့နောက်ကျောဘက်မှ ခပ်မှိန်မှိန်လင်းနေတာမို့ ကလေးနှစ်ယောက်ကို အရှင်းသား မြင်နေရတာပါလေ။ တစ်ယောက်





ကိုတစ်ယောက် ထုနက်ကျီစယ်ကာ ရယ်မောနေပါသည့် မြင်ကွင်း။

ဘုရားရေ ... ဒါ ဒါ သူတပည့်မ ဆူးတဲ့လား။ နဖူးထက် ဆံနွယ်အနည်းငယ်ချလျက် ကျစ်ဆံမြီးကျစ်ထားကာ မျက်နှာထက် သနပ်ခါးရေကျဲပင် လူးလာတာပါလေ။ Blouse အဖြူ လက်ဖောင်း လေးကို လုံချည်နှင့်တွဲဝတ်ကာ လျှောက်လာကြပုံက ရောင်စုံပန်းချီ ကား တစ်ချပ်အလား။

နယ်ပျိုဖြစ်လှပသည့်အပြုံး။ လက်ခနဲ ပြာလင်းသွားသည့် မျက်ဝန်းတောက်တောက်လေးတွေ အရင်က ထည်ထဝ်ထားပါသည့် နွောကိုယ်ထက်မှာ ချပ်ချပ်ရပ်ရပ် ဖြစ်နေသည့်ဝတ်စုံက သူမကို နောက်တစ်ယောက်နှယ် ပြောင်းလဲသွားစေတာ မဟုတ်ပါလား။

အလို ရင်တွင်းမှ တလှပ်လှပ်ဖြင့် အခုန်မြန်လာခြင်းက အဘယ်ကြောင့်ပါနည်း။ ထူးဆန်းလေစွ ဘုန်းမြတ်သွေး။

"အစ်ကို ... အစ်ကို"

"မပြောနဲ့ဆို နှင်းနော်"

"ဘာဖြစ်လာကြတာလဲ"

"မမဆူး ... ဒီနေ့ ရေချိုးလာဘယ်ပြောမလို့ပါ"

"ကြည့်"

လက်မောင်းကို ဆတ်ခနဲ ထုပြန်လေ၏။ ခါတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလို တရင်းတနှီးရှိမှန်း သိပါလျက် ဒီနေ့တော့ ဒီမြင်ကွင်းက သူ့စိတ် ကို လှုပ်ရှားစေပြီး ရင်တွင်းမှာ တစ်မျိုးကြီးဖြစ်လာစေတာလေ။ ဘာသ သူငယ်ချင်းလို့ မောင်နှမလိုနေကြပြီး အခုမှ ရှက်သလိုလိုပုံစံမျ ဖြစ်ရလေား။

"ငြိမ်ငြိမ်နေကြစမ်း။ မျက်စိနောက်တယ်"

"အမ်"

သူ ငေါက်လိုက်တာမို့ ကလေးနှစ်ယောက် ဇက်ပုလျ ငြိမ်သွားပါ၏။ ဒီနောက်ပိုင်း စိတ်ကြည်ကြည်လင်လင်ဖြင့် တသင်ဖေ ပါလျက် လူကို ခေါင်းနောက်အောင်လုပ်ပြရတယ်လို့။ ဘာစိတ်ကျ ပေါက်ပြီး ဒီပုံစံ ဒီ design နဲ့ ရောက်လာတာပါလဲ။ ကောင်ငေ မျက်နှာက သကာရည်ဆမ်းထားသည့်နယ် သဘောတကျဖြင့် ငြ နေတာပါလေ။

"Organic အခန်းကြည့်လာတယ် မဟုတ်လား"

"ဟုတ်"

"ဒီမှာ မေးခွန်းရှိတယ်။ တစ်ယောက်တစ်ရွက်စီယူပြီးဖြေ အဖြေစာရွက်ဖြုတ်ခဲ့။ ဆွေးက ဒီမှာလာထိုင်၊ နှစ်ယောက်အတူ မတိုင်ပင်နဲ့။ သူငယ်ချင်းကိုချစ်ရင် အဖြေမပြောရဘူး။ ကြားလာ

"ဟုတ်"





ကောင်မလေး ထရပ်လိုက်စဉ် ကောင်လေးက ပြုံးစိစိဖြစ် သွားလေ၏။ ဒါက ဘာသဘောလဲ။ နောက်ကျောဘက်မှ တံတောင် ဖြင့် သူမတွက်လိုက်သည့်မြင်ကွင်းကိုပါ တွေ့လိုက်ရတာလေ။ မဟုတ် သေးပါဘူး။ ဒီကလေးနှစ်ယောက် ဒီနေ့ကို ထူးထူးခြားခြား ဖြစ်နေ တာပါ။

အလုကြိုက်တယ်ပေါ့။ စာမေးပွဲနီးလာပြီမို့ ဒီလောက် စာတွေ စစ်နေတာတောင် အလုပြင်ချိန်ရှိသလား။ အရင်ကတော့ ဖြစ်သလို ထတ်စားပြီး လာခဲ့တာလေ။ မပြန်သေးသည့်အလုပ်သမားတွေ၏ ကွက် ကြည့် ကွက်ကြည့် လှမ်းကြည့်ကြဟန်ကြောင့် board အကွယ်ဖြစ် သည့် သူ့ခုံမှာ ထိုင်နိုင်းလိုက်တာပင်။

ဖျတ်ခနဲ မော့ကြည့်လိုက်သည့်မျက်ဝန်းနက်တို့ကြောင့် သူ ငေးသက်သွားရပြန်ပါ၏။ ဒီလောက်တောင်မှ လှရသတဲ့လား။ စကား တွေ အများကြီးပြောနေသည့်နှယ် နက်နေသည့် မျက်ဆံကလေး။ ဒီမျက်ဝန်းတွေကို အစက မမြင်ရလေအောင် သူမ ဖုံးကွယ်ထားရစ်ခဲ့ တာ ဘာကြောင့်ပါလိမ့်။

"အစ်ကို"

"ဟင်"

"ဒါ ... အကုန်လုံးဖြေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် ... မပြီးမချင်း မပြန်ရဘူး”

“အများကြီးကို”

“ဒီလောက်တော့ အချိန်ရှိရမှာပေါ့။ အလုပြင်ဖို့တော့ မင်း အချိန်ပေးနိုင်တယ် မဟုတ်လား”

“ဟင် ... ဆူး ဘယ်မှာ အလုပြင်လို့လဲ ဆရာအစ်ကိုရဲ့”

“မရှည်နဲ့ ... မြန်မြန်ဖြေ၊ မှားရင် ခေါင်းဖုပြီမှတ်”

မျက်စောင်းလှလှလေးက သူ့ထံ ဒိုင်းခနဲ ရောက်လာလေ၏ ရော်၊ စိတ်ဆိုးတာလား။ ဒီနေ့မှ မလုပ်စဖူးဟန်တွေကို သိသိသာသာ ကြီး ပြနေသလိုပါလော။ စာဖြေပြီးပြန်တော့ ည (၇) နာရီရှိနေလေပြီ စက်ဘီးနောက်ခုံပေါ် တက်လိုက်စဉ် ရှူးခနဲ ဘီးပေါက်သံကို စိတ် မညစ်ဘဲ ရယ်နေတာမို့ သူ ထထွက်ခဲ့မိတော့၏။

“ဘီးကို ဒီမှာထားခဲ့ချေ၊ ငါလိုက်ပို့ပေးမယ်”

နှစ်ယောက်သား အံ့သြသွားလေ၏။ လက်တိုအင်္ကျီလေး ဝတ်လာသဖြင့် ချမ်းနေသည့် သူမအား သူ့ဂျာကင်ဝတ်ပေးချင်စိတ် ချိုးနှိမ်ကာ ကားသော့ကို ယူလိုက်ရလေသည်။



[illegible]

[illegible] **အခန်း (၁၃)** [illegible]

[illegible]

[illegible] ရှမ်းမှုပဲမရှာမနေမပါ သူ့ကို အံ့သြရိုက်ကြည့်နေမှန်း သူသိ နေပါသည်။ ဘယ်တုန်းကမှ [illegible] မစဉ်းစားနိုင်ခဲ့တော့ သန့် သန့်လေးကို ဘယ်လိုမှ ရင်ဆိုင်မထွက်နိုင်တော့ပေ။ မာနကြီးလွန်းသည့် [illegible] စီးပွားဆိုင်ရွှန်းပါသည့် အရွေးစိတ်နှင့် မိန်းကလေးနှင့် [illegible] ကို လက်တွဲပြီး ထွက်ပြေးလာကြဖို့က ရင်လေးစရာပါပဲ။ [illegible] ‘အခုကိုသစ္စာမှာ မရှိကြဘူးလား’ ဆိုတဲ့ [illegible]

“သေချာမရှင်းပြတတ်ဘူး ဖေဖေ။ သေချာတာတစ်ခုပဲရှိပါ တယ်။ ကျွန်တော် သန့်သန့်လေးကို လက်မထပ်နိုင်ဘူးဆိုတာပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မေမေတို့မျက်စိနဲ့တော့ အဆင်ပြေသားပဲ သားရဲ့။ ဘာ မနှစ်ခြိုက်တာလဲ"

သူ့ ခေါင်းကိုသာခါပြလိုက်မိပါ၏။ ထောင့်စေ့အောင်မှ မ ပြတတ်တာကို။ နဂိုကတည်းကမှ မိန်းကလေးတွေနှင့် ခပ်ကင်းကင်း နေတတ်ခဲ့တာလေ။ နီးနီးကပ်ကပ်နေဖြစ်သည့် သူစိမ်းဆိုလို့ (၆) တာ စာသင်ပေးရသည့် သူမတစ်ဦးသာရှိတာပါလေ။ တောက်လျှောက် ကြီးမြင့်ခဲ့ရသည့် ညစ်ပေပေပုံစံကြောင့် စိတ်ရှုပ်ခဲ့ရတာက ပြဿနာ မကြီးခဲ့။ အခုတစ်လောလေးမှ နောက်တစ်ယောက်ပြောင်းသွားသည့် လုံးဝမတူတော့ဘဲ ထူးခြားသွားပါသည့် ကောင်မလေးကြောင့် ရင်ထဲ မှာ ထူးထွေဆန်းပြားလာတော့တာပါလေ။

ဘယ်လိုများလုပ်ရပါ့။ စိတ်ထဲကနေ ထက်သူရကို ကဲ့ရဲ့ခံ တာ ချက်ချင်းပဲ ဝင့်လည်ပါရောလား။ ဒီညနေမှာ သူငယ်ချင်းတွေနဲ့ ဆုံဖို့ ကြိုချိန်းထားကြတာလေ။ နိုင်ငံခြားမှပြန်လာသည့် ရဲဇော် ကြိုသည့် အထိမ်းအမှတ်အဖြစ် တစ်ဝိုင်းလောက်စားသောက်ကြ ရည်ရွယ်ခဲ့တာပါ။ ဘော်ဒါတွေနဲ့ဆုံတာ အကြောင်းမဟုတ်။ အတွင်း ရေးတွေ နှိုက်နှိုက်ချွတ်ချွတ် မေးလာရင်မှ အကြီးအကျယ် ပြဿနာပါ လေ။

"သား"





"ဗျာ"

"စိတ်က ဘယ်ရောက်နေတာလဲ"

"အင်း"

သက်ပြင်းကို ခိုးရှိုက်မိလေ၏။ ခပ်စိမ်းစိမ်းနေစဉ်က ဘာကိစ္စမှ မဖြစ်ပါလေ။ အခုဆို ကျော်စွာတို့စောင့်ပေးရသည့်ခြံထဲမှာ သူ အဝန်ယူပြီး စောင့်ပေးရသည့် တိုက်ရဲ့ဘေးခြံမှာမှ သူမ နေရတယ်လို့။ အဖေရဲ့မိတ်ဆွေ ဦးမြင့်အောင်၏သမီးရင်းမှ ဖြစ်ရတယ်တဲ့ ဆူးရယ်။ မိထွေးဘက်မှပါလာတဲ့ မိန်းကလေးနဲ့ ရွယ်တူမို့ မတည့်ကြတာ သဘာဝပေါ့။ နားလည်ပါတယ်။

သို့သော် (၆) နှစ်ကျော်အတူနေခဲ့ရတဲ့ သံယောဇဉ်ကိုတော့ နားလည်သင့်တာပေါ့။ အမေရင်းနှယ် ပြုစုစောင့်ရှောက်ပေးခဲ့သည့် အန်တီဒေါ်ပပကြည်၏ မေတ္တာနှင့် စေတနာကို အသိအမှတ်ပြုသင့် တာ မဟုတ်ပါလား။ ငယ်သည့်အရွယ်မို့ မရင့်ကျက်မတည်ငြိမ်သေးဘဲ အရွဲ့တိုက်သည့် ဉာဉ်က ဆိုးသွမ်းသည်ဟု မဆိုသာသော်ငြား လူကြီး မျက်စိဖြင့်ကြည့်ပါက မလိမ္မာသည့်ကလေးဟုသာ မြင်ကြမှာပါလေ။

"လူချင်းလည်း တွေ့မပြီးပြီ ဖုန်းလည်း မကြာခဏ ပြောဖြစ် တာတောင်မှ အခြေအနေက မတိုးတက်လာဘဲ အခုလို ချက်ချင်းကြီး ခေါင်းခါရတယ်လို့ တစ်ဖက်သားကို အားနာစရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ သားရာ၊ သန့်သန့်လေးနဲ့ သေချာညှိနှိုင်း ကြည့်ပါဦး"

ခက်တာပဲ၊ နုလုံးသားဆိုတာ ဈေးကွက်တင်ရောင်းလို့ရတဲ့ အရာမျိုးမဟုတ်တာ။ အတွင်းရေးကိစ္စတွေ တိုင်ပင်ဖို့ထက် သူ့ရဲ့ ကိုယ်ပိုင်စီးပွားရေးကိုသာ စိတ်ဝင်စား ဂရုစိုက်နေတော့ မည်သို့လုပ်ရမည် မလဲ၊ တကယ်ဆို နှစ်ယောက်သား မကြာမကြာတွေ့ဖြစ်ပြီး အေးအေး ဆေးဆေး အချိန်ပေးတွေ့ဖြစ်မှသာ ရင်ခုန်သံကို ဂရုစိုက်နားထောင်နိုင် မှာပေါ့။

ခုတော့ သူက ကန်ထရိုက်အလုပ်ဖြင့် အချိန်မပေးနိုင်သလို သူမကလည်း calculator တစ်လုံးဖြင့် laptop ဖွင့်ကာ ပစ္စည်းစာရင်း ငွေစာရင်းစစ်တာကိုသာ အာရုံစိုက်ပြီး ဖုန်းပြောတာကို (၁၅) မိနစ်နဲ့ တာဝန်အရနှုတ်ဆက်သွယ်ဖြစ်တာပါလေ။ ဘယ်မလဲနှလုံးသား ဘယ်မှာလဲ ရင်ခုန်သံ။ ချစ်ခြင်းဆိုတာ အဝေးသား။

"ကျွန်တော်ရော သူပါ အိမ်ထောင်ပြုဖို့ကိစ္စ စိတ်မဝင်စား ကြဘူး ဖေဖေ"

"မဖြစ်နိုင်တာ၊ လူရယ်လို့ဖြစ်လာရင် လူ့တာဝန်နဲ့ လူ့ မျိုးဆက်ကိုတော့ ထားခဲ့ဖို့ကိစ္စက အလိုလိုယူရမှာပဲ၊ ရှောင်လွှဲလို့မရ ဘူး ဘုန်းမြတ်သွေး။ ဘာလဲ သားမှာ သန့်ထက် ပိုစိတ်ဝင်စားရမယ့်သူ ရှိနေလို့လား။ ရှိရင်လည်း ခေါ်လာပြပါ သား"

သေစမ်း . . . ဒီလောက်သတိထားပြီးပြောနေတဲ့ကြားက ဒီ မေးခွန်းမျိုးထွက်လာရသတဲ့လား။ "ကျွန်တော်စိတ်ဝင်စားနေတာ ဒီ ကောင်မလေးပါ" ဆိုပြီး ဘယ်လိုနည်းနဲ့ ခေါ်လာပြလို့ရပါ့မလဲ၊ စာမေးပွဲ နှစ်ကျလို့ မနည်းကြိုးစွဲတင်ထားရတဲ့ လက်က မြဲမြဲနေမှန်း သူ့ကိုယ် သူ သိနေပါ၏။

ခန့်မှန်းမေးခွန်းတွေထုတ်ကာ အကြိမ်ကြိမ်စစ်တိုင်း ဂုဏ်ထူး ထိုက်ကျော်အောင် ဖြေနိုင်ကြတာမို့ နှစ်ယောက်စလုံး ဒီနှစ်မှာ ကောင်း ကောင်းကြီးဖြေနိုင် အောင်နိုင်မည်ဟု သူတထစ်ချယုံကြည်ထားတာပါ။ ကျောင်းတက်ချိန်မှာ ကျော်စွာမရှိပေမယ့် အရိပ်ရှိနေသည့် သရက်ပင် အောက်မှာ ခုန်ချလျက် သူမ စာလာဆိုတာကို သူစစ်ပေးနေရတာ လေ။

အရင်လို ဖြစ်သလိုမနေတတ်တော့တာ၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းလေး နေတတ် ဝတ်တတ်လာတာကိုလည်း သူ သဘောကျမိတာ မှန်ပါ၏။ သို့သော် အရင်နှင့်မတူတော့သည့် ပြောင်းလဲမှုကြောင့် နယ်မြို့မြစ်သည့် အလှတရားတို့က သူမမျက်နှာ နှင့် တစ်ကိုယ်လုံးမှာ ပေါ်လွင်လာတာ မဟုတ်ပါလား။ ရွယ်တူနှင့် ကြီးသူ ပုရိသတို့၏မျက်စိအပန်းဖြေရာ ပစ်မှတ်တစ်ခုဖြစ်လာတာကိုဖြင့်






www.burmeseclassic.com

www.burmeseclassic.com



သူ့ အစိုးရိမ်ကြီးစိုးရိမ်နေရတာပါလေ။

ချစ်ခြင်းက ရင်မောစရာတော့မဖြစ်သင့်ဘူး မဟုတ်ပါလား။

"ရွယ်တူတွေ ဆုံကြရင် အနည်းဆုံးတော့ လက်ဆက်မယ့်သူ ရှိပြီလို့ ပြောသင့်တာပေါ့သား"

"ဟုတ်တယ် သား၊ မေမေတို့လူကြီးတွေက အတင်းကြီး ပေးစားတာမျိုး မလုပ်ချင်လို့ အခုလို ပြောနေရတာပါ"

"ကျွန်တော် နားလည်ပါတယ် မေမေ"

"ကျောင်းတုန်းက ကွဲခဲ့တို့အသည်းလည်း အနာကျက် လောက်ပြီပေါ့ ဘုန်းမြတ်သွေး၊ မေ့လောက်ပြီးယူဆလို့လည်း မေမေ တို့ စီစဉ်ပေးရတာပါ"

သူ့ ခပ်မှဲ့မှဲ့ပြုံးမိပါ၏။ သူငယ်ချင်းထက်မက သံယောဇဉ် ပိုမိခဲ့သည့် ငယ်ချစ်ဦးပန်းချီကားက ခပ်ဝါးဝါးသာရှိတော့တာပါ။ ကိုယ့် ကိုယ်ကိုယ် ပိုက်ဆံရှိသားသမီးလို မနေတတ်တဲ့ ခပ်ရိုးရိုးကုပ်ကုပ်သာ နေတတ်ခဲ့တာမို့ နောက်ဆုံးပေါ်ကားဖြင့် ကျောင်းတက်သည့် သူငယ် ချင်းနောက်သို့ ပါသွားခဲ့တာ ရင်နာစရာထက် ရယ်စရာပုံပြင်သာ ဖြစ်ခဲ့ရတာပါလေ။

ကြာခဲ့ပြီပဲ။ အိမ်ထောင်ကျသွားသည့်အချစ်ဟောင်းကို တမ်းတနေရအောင် သူက အရူးမှ မဟုတ်တာလေ။ နောက်ဆုံးနှစ်ကို





မနည်းကြီး စာကြိုးစားခဲ့ရတာ သူငယ်ချင်းတွေ အသိဆုံးပါပဲ။ မအိပ် နိုင် မစားနိုင် တပိန်ပိန် တလိမ်လိမ်မျိုး မဖြစ်ခဲ့ပေမယ့် ရင်ထဲ နာကျင်ခဲ့ရတာတော့အမှန်ပါ။ အိပ်ရာထဲ ခွေမနေဖြစ်အောင် အကူ အညီအများဆုံးပေးခဲ့တာက သူငယ်ချင်းထက်သူရပင် မဟုတ်လား။

"အနာကို ဆွလိုက်သလိုဖြစ်သွားရင် sorry ပဲသား"

"ရပါတယ် မေမေ၊ ကြာခဲ့ပြီပဲဟာ"

"အခုလို သတင်းကြားရင် ဝါသား အခုလို ပြုံးနိုင်ပါ့မလား"

"ကလေးပဲ နှစ်ယောက်လောက်ရနေပြီကို။ အရင်လို slim ဘယ်ဖြစ်ပါတော့မလဲ မေမေရဲ့"

"မဆိုးဘူး။ ဝါသားရဲ့နှလုံးသား အနည်ထိုင်နေပြီ"

မေမေရယ်လေပြီ။ အနည်ထိုင်နေပြီတဲ့လား။ ဒီကန်ထဲကို အချစ်ဆိုတဲ့ ခဲလုံးလေး ပြုတ်ကျလာတာကိုဖြင့် ဘယ်သူမှမသိကြတာ လေ။ ဟိုတုန်းက ရင်ခုန်သံတွေ တိတ်ဆိတ်ငြိမ်သက်ခဲ့တာကြာပြီ ဖြစ်ပေမယ့် နောက်ထပ်တစ်ကြိမ် ခုန်ခွင့်က အရင်ထက် ပိုပြီးမြန်ဆန် နေခဲ့တာ မဟုတ်လား။

မင်းကြောင့်လို့ ကိုယ် ဘယ်လိုပြောပြရပါ့မလဲ ဆူးရယ်။

"မေမေက သားကို နောက်ထပ်မချစ်ရဲတော့ဘူး ထင်နေ တာ"



www.burmeseclassic.com

www.burmeseclassic.com



"အား . . . ကျွန်တော့်ဆီကသတင်း အတင်းနှိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာရယ်"

"ဟုတ်တယ်လေ၊ ဖေဖေရော မေမေပါ ဒီလောက်ချောင်ပိတ်မေးနေတာ ကျွန်တော် စိတ်ကျဉ်းကျပ်နေပြီဗျ"

"သေချာပြီ . . . သားမှာ အခုချစ်ရမယ့်သူရှိနေတာ"

"ဗျာ"

ကောင်းရော . . . မိဘတွေကို ဘယ်လိုမှညာလို့မရပါလား။ ရင်တွင်းမှ တိတ်တခိုး တွယ်တာမိနေသူကို အချိန်အကြာကြီး စောင့်နေရတဲ့ နှလုံးသားကို အားနာမိနေတာကြာနေပြီလေ။ အပြင်မှာ ဘယ်သူ့ကိုမှ ရင်ဖွင့်စကားမျိုး မပြောမိအောင် လျှို့ဝှက်သိုသိပ်စွာ နေနိုင်ခဲ့ပေမယ့် ကိုယ့်ကိုမွေးခဲ့တဲ့ မိဘတွေကိုဖြင့် ဖုံးကွယ်ထားလို့ မရပါလားဘုန်းမြတ်သွေးရယ်။

"ကျွန်တော်"

"မေမေတို့ကို ညာဖို့မကြိုးစားလေနဲ့ သားရေ့ ကိုယ့်သားပါးစပ်ဟတာနဲ့ အထဲမှာ အူ ဘယ်နှစ်ခွေရှိလဲဆိုတာ မိခင်တိုင်း မြင်တတ်တယ်"

"ကျွန်တော် ဘယ်တုန်းကများ ညာဖူးလို့လဲဗျာ"





"အေးလေ . . . မလိမ်မညာတတ်တဲ့ ကလေးမို့ ပွင့်ထွက်လာနိုးနဲ့ စောင့်ကြည့်နေတာကြာပြီကော ဘုန်းမြတ်သွေး"

"ဖေဖေ"

"ဟုတ်တယ် သား၊ အရင်က အိမ်ညတိုင်းပြန်နေကျလူက ဒီနောက်ပိုင်း တစ်ပတ်တစ်ရက် ပြန်လာတာတောင် ကျေးဇူးတင်ရဦးမှာ"

"ကျွန်တော် ပြောထားတယ်လေ။ ကလေးတွေကို စာသင်ပေးနေလို့ပါလို့"

ဖေဖေရော မေမေပါ အမိပ္ပာယ်ရှိစွာ ပြုံးနေသဖြင့် သူမျက်နှာခဲနဲ့ ဖြစ်သွားရပါ၏။ ဘာလဲ ရိပ်မိနေတာများလား။ ဟိုတစ်ခါဖေဖေပြောပြီးကတည်းက သူမအကြောင်းကို လုံးဝမပြောမိအောင် အနည်းကြီး သတိထားနေရတာပါလေ။ ဒီလောက်ရေငုံနှုတ်ပိတ်ထားပါလျက် ဘယ်လိုများ ရိပ်မိသွားရပါသလဲ။

"အဲဒီကောင်မလေးအကြောင်း ဘာမှမပြောတော့ဘူးလား"

"ဟာဗျာ"

"Diary စာအုပ်ကို သော့ခတ်သိမ်းထားဖို့ မလိုပါဘူးသားရယ်။ မေမေတို့လည်း မိသားစုစည်းကို စောင့်တတ်ပါတယ်"

"ဘာမှ ဖြစ်ဖြစ်မြောက်မြောက် မရေးမိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... ဒါပေါ့၊ အဲဟောင်းတွေအသစ်မဖြစ်ချင်လို့ စာအုပ်တောင် အသစ်ထုတ်ထားတာပဲ။ သူများတွေက နှစ်ကူးမှ စာအုပ်ပြောင်းတာ။ မေမေ့သားက July မိုးကူးကတည်းက ပြောင်းလိုက်သလားပဲ"

သေရော ... စာအုပ်အသစ်ရေးတာကိုကအစ သိနေတာပါလား။ မလွယ်ပါလားနော်။ ခါတိုင်းလို အံဆွဲထဲ ဒီတိုင်းထည့်ထားတာမျိုးမဟုတ်ဘဲ သေချာ lock ချမိတာတော့ ကိုယ့်ကိုယ်ကိုယ် သတိထားမိနေတာအမှန်ပါ။ မသိမမြင်အောင်လုပ်တဲ့အလုပ်က သူ့နိုးလို့များ ဖြစ်နေရပြီလား။

"ဘယ်သူ့ဘယ်ဝါရဲ့သားသမီးမှန်း သိပြီလား"

"ဟုတ်ကဲ့"

"ဘယ်သူတွေတဲ့လဲ"

"နောက်မှပြောပါရစေ ဖေဖေ"

"သူ့ကိုရော ဘယ်တော့ ဖွင့်ပြောဖို့ စိတ်ကူးထားလဲ"

"မစဉ်းစားထားဘူး"

"ဘာဖြစ်လို့လဲသား"

"မေမေတို့ ကန့်ကွက်မယ်မှန်း သိထားလို့ပါ"

"ဒါဖြင့် ... ချစ်နေရုံနဲ့ ကျေနပ်နိုင်တယ်ပေါ့လေ၊ အာ





ငါ့သားပါပဲလား"

ပျော်မယ်လို့များ ထင်ထားကြပါသလား။ ရင်ခုန်သံထပ်တူချင်းတူဖို့အတွက် ချစ်သူ၊ အိပ်မက်အတူမက်ဖို့အတွက် လက်တွဲဖော်၊ နံနက်ခင်းဝေးသံနှင့်အတူ နိုးထဖို့အတွက် အပြုံးဖလှယ်ဘက်။ ဒါဆိုရှိဖို့က သူ့အတွက် အဝေးကြီးမဟုတ်ပါလား။

အသက်အရွယ်က (၁၀) နှစ်ပါး ကွာဟချက်ရှိနေသလို သူငယ်ချင်းဖြစ်သူ စိတ်ဝင်စားနေတဲ့ သမီးနှစ်ယောက်ထဲမှတစ်ဦး။ ရွေးမယ်ဆိုလျှင် ဒုတိယနှစ်တက်နေပြီဖြစ်သည့် တစ်ယောက်ကို ရွေးကောင်းရွေးနိုင်သော်ငြား သမီးရင်းဖြစ်သည့် မိန်းကလေးရော မဖြစ်နိုင်ဘူးလား။

သေချာခြင်းဖော်မြစ်က သူ့ဘက်မှာ မစီးလေတော့ ခက်လေပြီ။ ထက်သူ့ရွေးထားတာ ဘယ်သူမှန်း သိမထားပေမယ့် ဆူးကိုမှ သူက နှလုံးသားထဲမှာနေရာပေးချင်နေတာ မဟုတ်လား။ ကျော်စွာထံမှ သိခွင့်ရခဲ့သည့် သူမအကြောင်းတွေ၊ ကားနှင့် အသွားအပြန်သမ်းမှာကြိုတိုင်း မြုံးပြုံ့တတ်ဆက်ပါသည့် အန်ကယ်ဦးမြင့်အောင်၏ ရင်းနှီးဟန်တို့ကြောင့် အလိုလို ရှိန်လန့်သည့်နှယ် ဖြစ်ရတာပါ။

ကိုယ် ဘာလုပ်ရမှာလဲ ကောင်မလေး၊ အစက ကြည့်မနေဘူးသို့ထင်ထားပေမယ့် ဒီလိုမျိုး တဖြည်းဖြည်းနှင့် ရင်းနှီးလာလိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်မထားမိတာလေ။ ဘောပင်အဖုံးကို သွားဖြင့်ကိုက်တတ်သည့် အကျင့်ကို ဖျောက်စေချင်လို့ စာအုပ်ဖြင့်ထုတာ။ စာကောင်းကောင်း မလုပ်ဘဲ ကျော်စွာနှင့် တီးတိုးတွတ်ထိုးတိုင်း အော်ငေါက်မိတာ။ လှတပတ ဝတ်လာတိုင်း အပြစ်ရှာမိတာတို့ကို မျက်ဝန်းတောက် တောက်တို့ဖြင့် မျက်လွှာပင့်ကြည့်လိုက်တိုင်း ရင်ခုန်သံတွေ ထိန်းမရခဲ့ တာ မင်းမှမသိနိုင်တာလေ။

မျက်စိထဲမှာ ဘယ်လိုမှ ထောင့်မကျိုးသည့်မိန်းကလေး စကားပြောတိုင်း စိတ်တိုပြီး ထရိုက်ချင်ရသည့် ကောင်မလေး ယဉ်ကျေးသိမ်မွေ့ခြင်း အလျဉ်းမရှိသည့် မိန်းမဆိုးလေးက သူ့ရှေ့ကို ရဲတင်းစွာ တိုးကပ်လာတိုင်း နှလုံးသားတစ်ခုလုံး ဆုပ်ကိုင်ညှစ်ချေ လိုက်သည့်နှယ်။ သူတော့ ရူးချင်ချင်ဖြစ်လာပြီဟုသာ ထင်မိလေ၏။

ဩော် ဆူးရယ်။ နာမည်နဲ့လိုက်အောင် ကိုယ့်ရင်ကိုတော့ ဆူး မစူးပါစေနဲ့လား။



# အခန်း (၁၄)

ကားကို ဆုံနေကျ Restaurant ဆီသို့ ခပ်မှန်မှန်မောင်း ထွက်လာခဲ့ပါ၏။ စိတ်တွေလေးလာလိုက်ပါဘိ။ ခါတိုင်းလည်း (၆) လတစ်ကြိမ်လောက် ဆုံဖြစ်နေကျဖြစ်ပါလျက် ဤတစ်ကြိမ်မှ မည်သို့ ဖြစ်နေရပါသနည်း။ Sunday ပိတ်ရက်မှာ သူမ ဘာတွေလုပ်နေမှာ သဲ။

စာလုပ်စရာမလိုတူးဆိုပြီး လျှောက်လိမ့်နေမည်လား။ လူလစ် သည်နှင့် ကျော်စွာတို့ခြံကို လှစ်ခနဲ ရောက်လာတာက အကြောင်း ဟောတ်။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲမှာ ခါတိုင်းလို လူရှင်းတော့တာမှ မဟုတ်ဘဲ။ Foundation စချစ်နေပြီမို့ ပန်းရံသမားတွေ ရှိနေတတ်တာလေ။ ကျော်ဇွာ အစ်မဖြစ်သည့် ချိုသဲက အလုပ်ဆင်းနေတာမို့ အိမ်မှာမရှိ။

ဒီတော့ မျက်စိစားပွဲထိုင်စရာ ဤမိန်းကလေးတစ်ဦးသာ ရှိတော့တာလေ။ အိမ်ကိုသွားသင်လျှင် ရပေမယ့် ဒီမှာလည်း အလုပ် တစ်ဖက်နှင့်မို့ သူမသွားဖြစ်။ ပြီးတော့ ကျော်ဇွာပါ အတူခေါ်ရလျှင် ကလေးမျက်နှာငယ်မှာစိုး၍ သရက်ပင်ရအောက်မှာပင် (ဆောက်လက် စတိုက်ကို ကျောပေးအနေအထားဖြင့်) စာဆက်သင်ဖြစ်ခဲ့တာပင်။

ဘယ်သူမြှောက်ပေးမှန်းမသိ အရင်လို ညစ်ညစ်ပတ်ပတ် ပေပေတေတေ မနေတတ်တော့တာကိုတော့ ချီးကျူးမိပါရဲ့။ သို့သော် မနို့တယ်နို့လေး ခပ်မှုန်မှုန် ပြင်ဆင်ခြယ်သလာသည့် အရိုင်းပန်းလေး ကြောင့် ရင်မောရတာအမှန်ပါ။ မိန်းမဆန်စွာ နူးညံ့ပျော့ပြောင်းတာမျိုး ဟန်ပန်မဖြစ်ပေမယ့် ကလေးဆန်စွာ ပွင့်လင်းရိုးသားသည့်ပုံစံကြောင့် ချစ်စရာလေးဟု လူတိုင်းစိတ်မှာ ဖြစ်မည်သာ။

"ကျွိ"

"မျဉ်းကြားကျော်နေပြီ"

ပို့ုင့်မိနေပြီမို့ ကားကို အမြန် brake နင်းလိုက်ရလေသည်။ ဘေးမှ Taxi driver က လှမ်းသတိပေးလိုက်သဖြင့် အနော





ဘက်သို့ နည်းနည်းကပ်ဆုတ်ပေးလိုက်ရပါသည်။ ကား သိပ်မရှုပ်ချိန်မို့ တော်ပါသေးရဲ့။ မလွယ်ပါလား။ အတွေးအနည်းငယ်လွင့်ရုံနဲ့ ပြဿနာ အကြီးကြီး ဖြစ်ကုန်တော့မှာလေ။

ဆိုင်ဝင်းထဲသို့ ကားကို ကွေ့ဝင်လိုက်ပါ၏။ Parking နေရာ မှာ ဝင်ရပ်လိုက်ပြီး ကားပေါ်မှ သူ ဆင်းလိုက်ပါသည်။ မှန်တံခါးကို တွန်းဖွင့်ရင်း နာရီကို တစ်ချက်ကြည့်လိုက်မိ၏။ ညနေ (၄) နာရီမို့ လူပင့်စုံလှလောက်ပြီ။

"ဘုန်းမြတ် . . . ဒီမှာဟေ့"

ထောင့်စားပွဲနေရာမှ အသံလှမ်းပြုကာ လက်ယပ်ခေါ်နေပြီမို့ ဆက်လျှောက်လာခဲ့၏။ အုပ်စုထဲ ဝေ့ဝဲကြည့်စဉ် ထက်သူရနှင့်သူသာ ရောက်သေးတာ ဖြစ်နေလေသည်။ ရဲဇော်အသံက ဟောင်ဖွာ ဟောင်ဖွာဖြင့် အကျယ်ဆုံးပါပဲ။ ခုံမှာ သူဝင်ထိုင်လိုက်ပါ၏။

"အခြေအနေ ဘယ်လိုလဲ"

"ဘာကိုလဲ"

"ဟ . . . တစ်နှစ်ပြန်လာလည်း ဒီတိုင်း။ သုံးနှစ်ပြန်လာ လည်း ဒုံရင်း။ မင်းဟာက ဘာလဲကွ။ ခုထိ အသည်းဆန်ကာပေါက် ဘုန်းပဲလား"

"ကျစ် . . . မဟုတ်ရပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ မင်းအတွက်နဲ့ ဟိုကောင် ကျော်စိုးကို ငါတို့တစ်အုပ်စုလုံး မခေါ်မပြောနဲ့ နေခဲ့တာကြာပြီ။ ဒါ သစ္စာဖောက်တာလည်း မဟုတ်ဘဲနဲ့"

"အေးပါ ... ငါသိပါတယ်"

"ဘယ်လိုလဲ၊ တကယ်ပဲ ဒုတိယမွိ ရင်ခုန်သံ ထပ်မမြည် သေးဘူးလား"

မရမက အတင်းလိုက်ရစ်နေမှန်း သူသိလိုက်ပါ၏။ ဒီကောင် တွေနဲ့ဆုံရင် Beer တော့ မဖြစ်မနေ သောက်ရတော့မှာလေ။ Jar ဖြင့် မသောက်နိုင်ပေမယ့် code ဘူးနှင့်တော့ သောက်ပြရပါ၏။ အပေါင်းအသင်းဝင်ဆံ့နိုင်ဖို့ မဟုတ်ပါလား။ အအေးဘူးမှာမိစဉ် သူငယ်ချင်းတွေ၏ ခပ်လှောင်လှောင်ရယ်သံကို ကြားရလေသည်။

"ခုထိ ကလေးလိုနေနေတုန်းလား"

"အေးလေ ... နေ့မအား ညမအား သိမ်းကျုံးရှာနေတာ ဘယ်သူ့အတွက်လဲ"

"မမလေးဖို့ ထဘီဖိုး"

"ဒီခေတ်မှာ ထဘီမဝတ်ကြတော့ဘူး"

"ဘုန်းမြတ်သွေးနဲ့ညားရင် သူ့အကြိုက်လိုက်ဝတ်ရမှာပဲ။ ဒီကောင်က ပုဆိုးနဲ့တိုက်ပုံ favorite ကို"





"ငါချည်း နှိပ်ကွပ်နေကြပါလား"

"မင်းမှ အမြီးမထွက်ချင်တာကိုးကွ"

အုန်းခနဲ ရယ်ကြပြန်လေ၏။ ယောကျ်ားလေးတွေဆုံတိုင်း ခါက်တတ်ကရတွေ အစ်အောက်မေးရင်း လှောင်ရယ်ကြတာ မဟုတ် ပါလား။ ထက်သူရလာမှ လူစုံမှာကို စောင့်နေကြပေမယ့် မပျင်းရပါ လေ။ ရှိတဲ့လူငါးယောက်အချင်းချင်း စနောက်နေတာတောင်မှ မငြီး ကြဘူး။

"ငါ့ညီမကို ယူမလား ဘုန်းမြတ်"

"ဟော့ကောင် ... သူများယောက်ဖတွေဆို ညီမကို အူတို အတိုနဲ့ ရက်ရောနေပြန်ပါပြီ"

"နှစ်ဝမ်းကွဲညီမပါကွ"

"ဘာအလုပ်လုပ်သလဲ"

"ဟဲ ဟဲ ... အလန်းစား Model"

"မွဲသေဖို့ပဲ ရှိတယ်။ မင်းစုထားသမျှ ထိုင်ဖြုန်းမှာကြီး။ ယူနဲ့ ဘုန်းမြတ်"

"ဒါကြောင့် ... ခင်း အမိဖမ်းပေးချင်နေတာကိုး"

"ဘယ်လိုမိန်းကလေးမျိုး ယူချင်လဲ"

သူ ပြုံးရုံသာ ပြုံးလိုက်ပါ၏။ တစ်ယောက်ပြီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပြီးနေပြီမို့ ဒီအုပ်စုထဲမှာ သူနှင့် ထက်သူရသာ ကျန်တော့ ပါလေ။ သူရက အန်ကယ်ဦးမြင့်အောင် ကလေးတစ်ယောက် ချိန်ထားပြီမို့ သူလိုမဟုတ်ပါချေ။ သူ့အဖြစ်က ထုတ်ပြောရလည်း အခက် မျိုသိပ်ထားရတာလည်း အခက် မဟုတ်လား။

"အေးအေး . . . နေပါရစေကွာ"

"ဘာလဲ . . . ငှက်ပျောတုံးဖက်ပြီး ရှောချင်လို့လား"

"အေးလေ . . . ပျင်းစရာကြီး"

သူ ပြုံးမိပြန်လေ၏။ "စာတွေအမြဲကျက်နေရတာ ပျင်း ကြီး" ဟု ရေရွတ်တတ်သည့် ကောင်မလေးကို ဖျတ်ခနဲ သတိ လို့ပါပဲ။ သူတို့လို (၇) နှစ်သာတက်ရရင် ဘယ့်နှယ်လုပ်မလဲ၊ ဘာသာမှ မကျအောင် မနည်းကြိုးကျုးရုန်းကြိုးစားကျက်မှတ်ခဲ့ရ မဟုတ်လား။

တွက်စာတွေ တစ်ပြုံတစ်ခေါင်းကြီးပေးလျှင်ဖြင့် မည မည့် တွက်ပေးမယ့် Bio တစ်ခန်းကျက်ပါဆိုလျှင်ဖြင့် မျက်နှာရှုံ့ ဆန္ဒပြချင်သည့် ဟန်ပန်တို့ကို နေ့စဉ်မြင်တွေ့နေရတာပါလေ။ ကျက်ပျင်းခဲ့လို့ စာမေးပွဲမအောင်တာကို သိသိကြီးဖြစ်ပါလျက် အထိ ဆိုးရတယ်လို့။

"ဟာ . . . ဒီကောင်တော့သွားပြီ မျိုးဝင်းရေ"





"ဘာဖြစ်ပြန်တာလဲ"

"လူက ငုတ်တုတ်ကြီးအသက်တော့ ရှူနေပါရဲ့။ စိတ်က လွင့်ချင်ရာလွင့်နေတာ"

"မဟုတ်ပါဘူးကွာ"

"မညာနဲ့ဟ့ကောင်၊ မင်းမျက်လုံးထဲကိုကြည့်တာနဲ့ ရင်ထဲ ကို မြင်နေရတယ်၊ ပြော . . . ဘယ်ကောင်မလေးကိုငြိပြီး ဖွင့်မပြောရဲ တာလဲ"

ရော် . . . စွပ်စွပ်စွဲစွဲတွေလုပ်ပြန်ပြီ၊ ဘယ်တော့မဆို မျိုသိပ် ထားတတ်ပြီး ဆိတ်ဆိတ်နေတတ်တဲ့ ဘုန်းမြတ်သွေးကိုမှ လေး ယောက်သား စုပြီးစိုက်ကြည့်နေကြပါရောလား။ မိဘတွေကိုသာ တွယ်မငှက် ဖွင့်ပြောဖြစ်တာပါလေ။

"အေးကွ . . . ဒီကောင့်ပုံစံက မြူစိစိဖြစ်နေပြန်ပါပြီ"

"ဘယ်သူ မြူစိစိဖြစ်နေတာလဲဟေ့"

"ဟော . . . သူရ ရောက်လာပြီ"

ထက်သူရ ဟန်ပန်က ပေါ့ပေါ့ပါးပါးပါပဲလား။ မျက်နှာထက် မှာ အပြုံးတွေစီနေတာမို့ အကဲခတ်ရ မလွယ်ကူပါလေ။ ခုံဆွဲမထိုင် ခင် သူ့ကို စူးစိုက်ကြည့်ကာ ခုံအောက်မှာထားသည့် ခြေထောက်ကို ကြည့်လိုက်လေ၏။ သိပါသည်။ သူက အမြဲတစေ ပုဆိုးသာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တတ်တဲ့အကျင့်ရှိလို့ပါပဲ။

"တော်သေးတာပေါ့။ ဒီကောင် ပုဆိုးဝတ်လာတယ်ထင်သို့"

Style pannts ဝတ်လာသည့်အတွက် သူ ယဲ့ယဲ့မျှ ပြုံး လိုက်ပါသည်။ ဘောင်းဘီဝတ်တာထက် လုံချည်ဝတ်တာက ပိုပြီး လုံခြုံသည်ဟု စိတ်ထဲမှာ ထင်နေလို့ပါလေ။ ဒီလိုပွဲတွေမှာတော့ pants ဝတ်ရမယ်ဆိုတာကိုတော့ သိရမှာပေါ့။

"ဘယ်လိုလဲ သူရ၊ မင်းကြိုက်နေတဲ့ကောင်မလေးရော မခေါ်လာဘူးလား"

"ခေါ်လို့ မရလို့ပေါ့ကွာ"

"အံမာ ... ကိန်းကခပ်ကြီးကြီးပါလား။ ကျောင်းမပြီးသေး ဘူးလား"

"အေး ... စာမေးပွဲနီးနေလို့"

ဘုရား ... သူရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ စာမေးပွဲနီးလို့ တဲ့လား။ ဘယ်လိုလဲ၊ Day တက်နေတဲ့ကောင်မလေးက september (သို့မဟုတ်) october မှသာ စာမေးပွဲဖြေရတာလေ အခုမှ february သာရှိသေးတာမဟုတ်လား။ အထက်တန်းဖြေ ဖြေမည့် ကောင်မလေးကမှ march လပါလေ။

အလို ... ဒါဖြင့် ဒါဖြင့် သူရ စိတ်ဝင်စားနေတာ အနိကာ





သမီးရင်းပေါ့လေ။ ဘယ်လိုဖြစ်ပြီး သူငယ်ချင်းနှစ်ယောက် သဘော ကျမိတဲ့မိန်းကလေးက တစ်ယောက်တည်းဖြစ်နေရပါသလဲ။

"ဟေ့ကောင် ဘုန်းမြတ်"

"အင်း"

"ဘာငိုင်နေတာလဲ၊ ဘော်ဒါတွေ ဆုံခဲ့တာကိုတောင် မပျော် နိုင်ရတယ်လို့"

"ဒီကောင် ကြက်လည်လိမ်သလို ခံစားနေရတာကွ"

"ဘာဖြစ်လို့လဲ"

"သူကြိုက်နေတဲ့ကောင်မလေးကို မပြောရဲဘူးဖြစ်နေတာ လေ။ ခုထိ သတ္တိနည်းတုန်းပဲ၊ မင်းကော"

"အေး ... ငါလည်း အချိန်ကိုစောင့်နေတာပဲ၊ ပြောလို့ မဖြစ်သေးလို့"

ထက်သူရရောက်လာပြီမို့ အားလုံး စားသောက်ဖို့ menu ဇတ်ကာ မှာကြလေ၏။ သူ ထထွက်လာချင်စိတ်ကို အတော်ထိန်းထား ရပါ၏။ ဘယ်လိုများလဲ။ နှလုံးလမ်းကြောင်းမှာများ ကျွန်းခံနေလေ သလား။ ချစ်ခြင်းနှင့်ပတ်သက်တိုင်း အမြဲနောက်ကောက်ကျနေရတော့ မဖြစ်သင့်ပါလေ။ အသည်းဆိုတာ ခဏခဏ ကွဲဖို့မှ မဟုတ်တာဘဲ။ တစ်ကြိမ်ကွဲဖူးရုံနဲ့ ကျေပါတော့လား ကံကြမ္မာရယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ဒီလောက်ကြာနေရတာလဲ"

"Baby လေးဖို့ လက်ဆောင်သွားပို့နေလို့ပါ။ သိတယ် ဟုတ်၊ ဒီနေ့ ဘာနေ့လဲဆိုတာ"

"ပေါပို့ကွား ဒီနေ့မှ (၁၃) ရက်ပဲရှိပါသေးတယ်"

"ကြိုပေးရတာပေါ့ကွ။ ချောကလက်သာကျွေးရတဲ့ ကောင်မလေးက အချိုကြိုက်ပုံမရဘူး"

"ကြားလား ဘုန်းမြတ်၊ သူရဆီကနေ မင်း မတတ်သေး သင်ထားဦး"

"မလိုပါဘူးကွာ"

"ဘာလဲ ဘုန်းမြတ်ငြိနေပြီလား"

"ထင်တာပဲ"

သူရက သူ့ဘက်ငဲ့ကြည့်ကာ မေးဆတ်ပြလေ၏။ သူ ခေါင်း ကိုသာ ခါပြလိုက်ပါသည်။ "ချစ်သူများနေ့အတွက်"တဲ့လား။ မင်းကို လက်ဆောင်တွေဘာတွေ လာပေးတဲ့လူအပေါ်မှာ အတော်လေး ယိုင် နေပြီလားကွယ်။ ကိုယ်က ဆူးကို သံယောဇဉ်တွယ်ပြီး နှောင်ကြိုးတွေ တစ်ပြုံကြီးနဲ့ တုပ်နှောင်ချင်တာကိုဖြင့် မသိနိုင်ပါလား။

"ပေါ့ကောင် . . . မေးရင်ဖြေလေကွာ"

"ကျစ် . . . မပြောချင်ဘူးကွာ"





"ဘာအထာလဲကွ။ သူငယ်ချင်းအချင်းချင်းတောင် လျှို့ဝှက် ထားချင်သေးတယ်"

"ဒါနဲ့ သူရ . . . မင်းကောင်မလေးက ခုမှ (၁၈) နှစ်ဆို"

"အေး"

"ဘယ့် year ရောက်ပြီလဲ"

"State High school မှာ Third Year "

"ဘာ"

လှောင်ရယ်ကြီးပြန်လေ၏။ သူ့မျက်နှာက တစ်ချက်မှမပျက် ပါဘဲ သူသာ မျက်နှာရဲတွက်လာတာပါ။ ဘယ်လိုမှ ဟန်ဆောင်လို့ မရတော့ပါလား။ သေချာနေပါပြီကော။ စားသောက်စရာတွေရောက် စဉ် သူ ခုံမှ ထရပ်လိုက်ပါ၏။

"ဘာမှဖြင့် မမှာ့ရသေးဘူး။ ဘယ်လဲ Toilet လား"

"ငါပြန်တော့မှာ"

"ဟာ . . . ဘာလဲဘုန်းမြတ်ရာ။ ငါ့ကိုမကြည်လို့လား"

"အေးလေ . . . နေရင်းထိုင်ရင်း ရည်းစားလုတာကနဲ့တွေ့တာ ကျနေတာပဲ"

သန့်ဖင်ဇါစကားက အရှိက်ကိုတည့်တည့်ထိလေ၏။ လက်ဲ မောင်းကို အတင်းဆွဲထားကြတာမို့ ပြန်ဖို့ အစီအစဉ်ကို လက်လျှော့



www.burmeseclassic.com

www.burmeseclassic.com



ရလေတော့၏။ ရဲဇော်ကို ကြိုဆိုသည့်ပွဲမို့ မျက်နှာပွင့်ရပါပဲ။ ဆက်နေရင် ရင်ထဲမှအနာက ပိုရင်းပြီး နာကျင်တော့မည်မှန်း သူ အလိုလိုသိနေလေသည်။

"သူရ . . . မင်းကောင်မလေးနာမည်က ဆန်းဆန်းလေးပါ။ ဘယ်သူ"

"ဆူးနှင်းဆီတဲ့။ အရမ်းကလေးဆန်တဲ့ pure လေး။ လုံးဝ simple ပဲ။ နဂို တေတေပေပေလေး နေကတည်းက ငါချစ်လာခဲ့ရတာ။ အခုတော့ ပြင်ပြင်ဆင်ဆင်လေးနဲ့ လှလာလိုက်တာကွာ။ ငုံထားမတတ် စွဲနေပြီ"

"အရှုံး"

"ငပေါ"

သူငယ်ချင်းတွေ ဝိုင်းလှောင်နေသံတို့က နားထဲမှာ မကြားမိတော့ပါလေ။ ဆူးနှင်းဆီတဲ့လား။ နာမည်အပြည့်အစုံကိုတောင် ကိုယ်မသိခဲ့ရဘာပါလားကွယ်။ ဒီလူအတွက်က မကျေနပ်တဲ့ မျက်စောင်းတွေနဲ့ ခပ်စူစူနှုတ်ခမ်းတစ်စုံသာ လက်ဆောင်ပေးတတ်ပြီး ဟိုလူ သူရအတွက် ဘာတွေများ ပေးဖို့ ရည်စူးထားပါသလဲ။ မင်းနဲ့ကိုယ် ပြောစရာတွေ အများကြီးရှိနေပြီကော ဆူးနှင်းဆီ။



ဘဝမှာရှိသည်က — လျှို့ဝှက်ချက်

ဖြစ်ချင်သည်က — ဆန္ဒ

လိုအပ်သည်က — အချစ်

www.burmeseclassic.com

www.burmeseclassic.com



Forbidden fruit is sweetest.

တားမြစ်ထားသော သစ်သီးသည် အချိုဆုံး ဖြစ်နေ
လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နေ့လယ် (၃) နာရီကျော်ရုံသာရှိပါသေး၏။ လူက စိတ်သိပ်မပါသော်ငြား တိုက်ကို ဒီ (၃) လအတွင်း အပြီးအစီး ဆောက်ရမှာမို့ အချိန်ဆွဲနေ၍ မရပါချေ။ ကျော်စွာ ကျောင်းမှမပြန်လာသေးသဖြင့် ခြံဝကို မကြာခဏ ကြည့်မိပါ၏။ ခြံစည်းရိုးအရင်ဆုံးကာထားတာမို့ ခြံတံခါးကို ဟင်းဟင်းဖွင့်ထားလေသည်။

"ဟော"

စောစောစီးစီးပေါက်ချလာပါရောလား။ ညနေစာ စောစောသင်ဖြစ်တာမှန်ပေမယ့် နေမညိုခင် သူမ ရောက်မလာတတ်ပါလေ။





အိမ်မှာ ကျော်စွာအစ်မ ချိုသဲလည်း ရှိမနေပါဘဲ ယောက်ျားလေး အလုပ်သမားတွေရှိနေချိန် လာစရာလား။ ဒီကောင်မလေးကတော့ နေတတ် မထိုင်တတ်နဲ့ပါလားနော်။

"အမေ"

"အေး . . . သမီးလေး အမေရှိတယ်"

ကြည့် . . . ခေါ်ပုံကိုက လူတွေပြုံးချင်စရာပါပဲ၊ အမေတဲ့လေ။ ဘာသဘောနဲ့ ခေါ်ရတာပါလိမ့်။ အိမ်မှာရှိနေသည့် နောက်အမေကိုတော့ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူပြောဆိုနေပြီး ဒီအိမ်မှ ကျော်စွာ့အမေကိုဖြင့် ရင်တွင်းမှ လှိုက်လှိုက်လှဲလှဲအသံဖြင့် အမေဟု ခေါ်သတဲ့လား။

"အမေ့သားရော"

"ပြန်မရောက်သေးဘူး သမီးလေးရဲ့"

"ဒီကောင်တော့ ဘယ်ကောင်မလေးနဲ့ date နေတာလဲ မသိဘူး"

"မဟုတ်ပါဘူး သမီးရယ်။ အမေက ညကျ သမီးတို့စားဖို့ သက်ဖက်လေးသုပ်ကျွေးမလို့ပါ။ အဲဒါ ဝယ်လာခိုင်းလို့ ကြာနေတာဖြစ်မှာပါ"

လက်ထဲမှ မရမ်းပြားထုပ်ကို ဖောက်စားနေရင်း အကြည့်က



www.burmeseclassic.com

www.burmeseclassic.com



သူရှိနေသည့်ဘက်သို့ ဖျတ်ခနဲရောက်လာလေ၏။ နံရံအနေ သတ်နေတာကို ညီအောင်ညှိဖို့ပြောနေရင်း သူ ကျောပေးရပ်လိုက် မိပါသည်။

စောစောရောက်လာရင် လူနားမှာလာကပ်တော့မှာကို။ နှစ်ယောက်တည်းဆို ပြဿနာမရှိ။ အခုက အလုပ်သမားတွေရှိနေ တာမို့ အနားသို့ သူမကိုမလာစေချင်တာပါ။ ခက်တာက ဒီချာတိတ် မက အလိုက်မသိတတ်တာပါပဲ။

"ဆရာ ... အစ်ကို"

သူ သက်ပြင်းကို ဆောင့်ချလိုက်မိပါ၏။ ဘယ်လို ဆုတောင်းမပြည့်တဲ့ကံပါပဲလား။ ဒီလို ကျောပေးထားတာတောင် ဒီနားလာဖြစ်အောင် လာသေးတာပါလေ။ စိတ်တိုတိုဖြင့် လှည့်ကြည့် လိုက်စဉ် မျက်လုံး ပေကလပ်ပေကလပ်လုပ်ရင်း မော့အကြည့်နှင့် တိုးလေ၏။ သေတော့မှာပဲ၊ ဒီမျက်ဝန်းတောက်တောက်လေးတွေနှင့် ဆုံရမှာကို သူ ဝန်အလေးဆုံးမဟုတ်လား။ နှလုံးသားတော့ ရင်ဘတ် ထဲမှ ခုန်ပေါက်ပြီး ထွက်ကျလာတော့မှာပဲ။

"ဘာလဲ ... အစောကြီးရှိသေးတာ ဘာလို့ရောက်လာ တာလဲ။ ငါ အလုပ်မပြီးသေးဘူး။ မမြင်ဘူးလား"

"အစ်ကိုပဲ Bio လာဆိုဖို့ပြောထားတယ်လေ"





"ဒါနဲ့ပဲ ... ဒီအချိန်ကြီး ပေါက်ချလာရလား။ ငါ ရေတောင် ချိုးရသေးဘူး ... ကျစ်"

"ရေမချိုးရသေးလည်း အစ်ကိုက သန့်ပြီးသားပဲဟာ"

ကောင်လေးတွေထံမှ ကျိတ်ရယ်သံထွက်လာလေ၏။ သန့် တဲ့။ ဒီစကားလုံးကိုမှ ရွေးသုံးရလား။ အိမ်မှာ ရေပန်းစားသွားခဲ့သည့် ဒီနာမည်ကို နားထဲမကြားဖြစ်အောင် အတော်သတိထားဖြစ်ကာမှ သူ့ကိုလာခွရတယ်လို့၊ မင်းတော့လား။

"လူကြီးကိုနောက်စရလား မင်းနော်"

"မနောက်ပါဘူး။ အတည်ပြောတာပါ"

"ဆူး"

"မအော်ပါနဲ့၊ အကောင်းပြောတော့လည်း လူကို သူ့သမီး ကျနေတာပဲ။ အမြဲအော်ငေါက်နေတယ်"

"မင်း"

ကြည့်စမ်း ... ခင်းခံပက်တာက ကိစ္စမရှိ၊ ပွင့်လင်းလွန်းပြီး ဟန်မလုပ်တတ်တဲ့ပုံစံက လူ့ငေးစရာဖြစ်နေတာလေ။ ကိုယ့်အန္တရာယ် ကိုဖြင့် မမြင်တတ်ပါလား ဆူးနှင်းဆီ။ ခြေကိုပါ မသိမသာဆောင့်ပြ လိုက်ပုံက ထုချင်စရာပါပဲလား။

"ဟာ ... ကျစ်၊ ဝေးဝေးသွားနေစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"စာဆိုမလို့ပါဆို"

မဆလာဒယ်သယ်လာသည့်လူရှေ့မှာ ပိတ်ကာရပ်နေသည် ဖြစ်နေတာမို့ လက်မောင်းမှ လှမ်းဆွဲလိုက်ရပါ၏။ လူချင်းနီးကပ်သည် ဖြစ်သွားရစဉ် နှာခေါင်းဝမှ သနပ်ခါးနံ့တို့က လုံးထွေးဝင်လာသေ သည်။ ငါတော့ သေချင်နေပြီ ဆူးနှင်းဆီ။

"ခုံမှာသွားထိုင်စောင့်"

"ခုံမှမရှိတာ"

"ကျစ် ... ကိုယ့်ဘာသာ ယူထိုင်ပါလား။ ဒါလေးတောင် မလုပ်တတ်ဘူးလား"

"မလုပ်တတ်လို့ပေါ့"

တွေ့လား၊ လူကိုအတော်လေးလာရစ်နေတာပါလေ။ လက် ကိုဆွဲလျက်ခေါ်တော့ အလိုက်သင့်လေးပါလာပါ၏။ ရင်ထဲမှာ ပြည့်ပြီး တင်းကျပ်နေသည့် ခံစားချက်ကို မျိုသိပ်ထားရတာ သူသာအသိဆုံးပါ လေ။ ဘယ်အချိန် ပွင့်ထွက်လာမလဲမသိ။ စိတ်ကိုအတော်လေး ထိန်း ချုပ်ထားရတာ အဘယ်မျှ ခက်ခဲလွန်းပါသလဲ။

"ရော့ ... ထိုင်"

Plastic ခုံ သန့်တာကိုရွေး၍ အပင်အောက်မှာ ထားပေး လိုက်ပါ၏။ Bio text ကို ရင်မှာပိုက်ထားလျက် သူမက သူ့ကို





မော့ကြည့်နေလေသည်။ အဲကြည့်ကို တမင်လွှဲထားပါလျက် အဘယ့် ကြောင့် လိုက်ကြည့်နေပါသလဲ။ နည်းနည်းတော့ အလိုက်သိသင့် တာပေါ့ ဆူးနှင်းဆီ။

"အစ်ကို"

"ဘာလဲ"

"စာလာဆိုတဲ့သူကို ဒီလိုမျက်နှာပုပ်ကြီးနဲ့ ကြိုတာတော့ ဘယ်ကောင်းမလဲ"

"ငါ မအားသေးဘူးလို့ ပြောပြီးပြီလေ"

"ဒါဆို ... စောစောလာပါလို့ ဘာလို့မှာရတာလဲ။ ပြီး တော့"

"ကျစ် ... မင်းနဲ့ လေကြောရှည်ဖို့ ငါ အချိန်မပေးနိုင်ဘူး"

"သိပါတယ်၊ ဆူးဆိုရင် ဖေဖေကအစ စကားပြောဖက် လုပ်ချင်တာ။ အားလုံးရဲ့ အပယ်ခံဘဝမျိုးနဲ့ တစ်သက်လုံး ရှင်သန် နေရတာပဲ၊ ဖိုးကျော်တို့မိသားစုကြောင့် အနိုက်အတန့်လေး စိတ်ချမ်း သာရတာမို့ ဒီကို ခပ်စောစောလာဖြစ်တာ ဆူးအပြစ်လား"

ခက်တော့တာပဲ၊ "ဒီမှာ အလုပ်သမားတွေရှိနေလို့" ဟု မည်သို့ပြောရပါမည်နည်း။ ကလေးမို့ ပွင့်ပွင့်လင်းလင်း ပြောရဲဆိုရဲတဲ့ အတော်ကံကောင်းတာပါလား။ သူမှာဖြင့် ပြောသင့်မပြောသင့် ချင့်ချိန်



www.burmeseclassic.com

www.burmeseclassic.com



နေရတာလေ။ စကားအများကြီးပြောဖို့ လမ်းဖွင့်ပေးလိုက်တာများလား ဆူးနှင်းဆီ။

ကောင်းပြီလေ၊ မျိုသိပ်ထားရတာလောက် ရင်ထဲပူလောင်နေရတာကို မင်းမှမခံစားဖူးဘဲ။ မင်းလည်း ပြောချင်တာကို ဘွင်းဘွင်းပြောရင် ငါလည်း မင်းကို ပြောသင့်ပြောထိုက်သမျှ အကုန်ပြောရမှာပေါ့။ ဒါမှ ရင်ထဲမှာ ရှုပ်နေတဲ့အရှုပ်ထုပ်ကို ဖြည်ချဖို့ သင့်တော်သွားမှာလေ။

"ကြည့်စမ်း ... တစ်ခွန်းမကျန် ပြန်ပက်နေတယ်။ မင်းက ဆရာလား ငါက ဆရာလား ... ဆူးနှင်းဆီ"

သူမ ခြေတစ်လှမ်းမျှ နောက်ဆုတ်သွားလေ၏။ အံ့သြသွားလား။ ဒီနေ့အထိ နာမည်ရင်းကို တစ်ခါမှမပြောခဲ့တာ။ မိဘတွေ ဘယ်သူဘယ်ဝါမှန်း အသိမခံခဲ့တာ။ ထက်သူရနဲ့ ဘယ်ရွေ့ဘယ်မျှ အခြေအနေရောက်နေမှန်း အသိမပေးခဲ့တာ။ ဒီလူရဲ့ရင်ထဲကို တစ် လှမ်းလျှောက်ပြီး ဝင်လာခဲ့တာတွေ အကုန်လုံးကို စုပုံပြောလိုက်ရ ငါနော်။

"အစ်ကိုပါ"

"အေး ... ငါ့ကိုတောင် ဒီလို မရိုမသေပြောရဲနေမှတော့ အိမ်မှာလည်း မင်း ဒီလို ဆိုးသွမ်းမှာမလွဲဘူး"





"အဲဒီလိုတော့ မပြောပါနဲ့"

"မှန်တာ ပြောတာလေ။ ဘာလဲ ... မှားနေလို့လား။ အမှန်ပြောတော့ နာတတ်တယ်ပေါ့။ လောကမှာ ကိုယ့်ထက် တစ်ရက် တစ်နာရီ တစ်မိနစ်အသက်ကြီးတဲ့ လူကို ရိုသေတတ်ရတယ်ကွ။ ငယ်တူကို လေးစားပြီး ငယ်တဲ့သူကို သနားတတ်တဲ့စိတ်ရှိမှ လူပီသတယ်လို့ ခေါ်တာ"

"ဆူးက အစ်ကို့ကို မရိုသေလို့လား။ အစ်ကို့စကားဆို အမြဲနားထောင်တာပဲ၊ အပြစ်ရှိလို့ဆူလည်း ငြိမ်၊ ရိုက်လည်းခံခဲ့တာပါ။ နာတာကိုတောင် ကျိတ်မှိတ်သည်းခံခဲ့တာ အစ်ကို့ကို ဘယ်တုန်းက ဆန့်ကျင်ခဲ့ဖူးလို့လဲ"

"ဆူး"

ကြည့်စမ်း ... မျက်ရည်တစ်ချက်မဝဲဘဲ သူ့ကို ရူးရူးရဲရဲ ပြန်ပြောနေသတဲ့လား။ ကိုယ့်ကိုယ်ကိုယ် ဆိုးတယ်ဆိုတာကို ဘယ်သူမှ ဝန်မခံတတ်မှန်း သူသိနေပါ၏။ သို့သော် ဒီအရိုင်းပွင့်လေး လှပလန်းဆန်းလာဖို့ သူ ပြုစုပျိုးထောင်ပေးနေတဲ့ စေတနာကိုတော့ အနည်းအကျဉ်းမျှတော့ သိသင့်ပါသည်။

"ဥယျာဉ်မှူး ပန်းမခူးရ" တဲ့လား။ ရှိခဲ့ဖူးတဲ့ထုံးစံကို သူ့ကြောင့်တော့ မပျက်စေချင်ပါ။ ပစ်ပယ်ခံထားရတာတဲ့လား။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကများ မင်းကို ပစ်ပယ်ထားလို့လဲ။ ဘယ်တုန်းကများ ချန်ရစ်ထား ကို ရခဲ့လို့လဲ။ မိဘရင်ငွေ့နဲ့ ရှင်သန်ကြီးပြင်းခဲ့ပါလျက် ဒီစကားမျိုး ပြောရတယ်လို့။ တကယ်ဆို မင်းအနားမှာ မင်းကို ပွေ့ပိုက်ယုယချင် တဲ့လူက အဆင်သင့်စောင့်နေတာတောင် မသိဘူးတဲ့လား။

"ရိုင်းလိုက်တာ"

"ဟုတ်တယ်. . . . အစကတည်းက ဆူးဆိုတာ ခပ်ရိုင်းရိုင်းပဲ ဟာ"

"တောက် . . . အဲဒါကြောင့် မင်းကိုကြည့်မရတာ။ ဘယ် လောက်ပြောပြော နားမဝင်ဘူး။ မင်း (၁၀) နှစ်အရွယ်ကတည်းက မိခင်လို ပြုစုကျွေးမွေးပေးခဲ့တဲ့ ကျေးဇူးကိုသိတတ်ရင် ဒီလိုအပြုအမူ မျိုး လုံးဝကို မပြုသင့်တာ။ အမေရင်းမဟုတ်ပေမယ့် မိခင်နဲ့မခြား မင်းအပေါ် ဂရုစိုက်ပေးခဲ့တာပဲ မဟုတ်လား။ အမေဘက်ကပါလာတဲ့ သမီးကို ညီအစ်မအရင်းလိုသာ သဘောထားပေးရင် အန်ကယ်ဦးမြင့် အောင် ရင်အေးရမှာပေါ့။ ခုတော့"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ်၊ ဆူးက ဆိုးသွမ်းတဲ့ ကလေးပါ။ မိုက်မဲတဲ့ကလေးပါ။ မှန်ပါတယ်။ ဒါကြောင့်လည်း ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ချင်ဘဲ ပစ်ပယ်ထား ကြတာပါ"





ကြည့် . . . အရွဲ့တိုက်ပြန်လေပြီ။ အဲဒီအကျင့်ကို သူ လုံးဝမကြိုက်ပါချေ။ ဒီမိန်းကလေးထံမှ ဒီအကျင့်ဆိုးကို ပျောက် အောင် သူ မည်သို့လုပ်ပေးရပါ့။ ကလေးဆိုလည်း ရိုက်နှက်ဆုံးမ ပြုပြင်နိုင်မည်သာ။ အခု ဒီအရွယ်ကြီးကို နှုတ်နှင့်ဆုံးမနေပါလျက် မနာခံတတ်လေတော့ ခက်ချေပြီ။

"သိရင် ပြင်ပါလား။ မင်းကိုယ်မင်း သိသိကြီးနဲ့ ဆက်ဆိုးပြ နေတာကိုး။ ဒါကြောင့် . . . ဒီလိုစာမေးပွဲ တဘုန်းဘုန်းကျနေတာ။ လူကြီးသူမအဆုံးအမကို မခံယူတတ်ရင် မင်းဘဝ ဘယ်တော့မှ မတိုးတက်ဘူးမှတ်"

"အစ်ကို အဲဒီလိုမပြောပါနဲ့"

"ပြောမှာပဲ၊ ပြောတော့ ဘာဖြစ်လဲ။ မကျေနပ်ဘူးလား။ မင်းကို ဒီလိုမဖြစ်စေချင်လို့ စေတနာနဲ့ ငါလုပ်ပေးနေတာ။ မင်းတို့ စာမေးပွဲ အောင်သွားပါစေဆိုပြီး အလုပ်မအားတဲ့ကြားက အချိန်ဖဲ့ ပေးပြီး သင်ပေးနေတာ။ အလကားဆရာဆိုပြီး ငါ့ကို ချောင်ထိုးချင် ရလား"

"မဟုတ်ဘူး"

"မင်းတို့အောင်မြင်သွားရင် အဲဒီအသီးအပွင့်ကို မင်းတို့မိဘ တွေပဲ စံစားရမှာ။ ငါက ဘာမှရတဲ့ကောင် မဟုတ်ဘူး။ စေတနာကို



www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်မပြုနိုင်ရင်တောင် မစော်ကားပါနဲ့ ဆူးနှင်းဆီ''

ခါးထောက်လျက် သူပြောနေပေမယ့် ခုံမှာ ဝင်မထိုင်ဖြစ်သည့် သူ့မက မြေကြီးပေါ် ဆောင့်ကြောင့်လေးထိုင်ချလိုက်လေ၏။ ဘာလဲ . . . ပြန်မပြောတော့ဘူးလား။ ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ဒီစကားတွေ ပြောထွက်လာမှန်းပင် မမှတ်မိတော့ပါ။ တစ်ခွန်းမကျန် ခံပက်လွန်းလို့ ပြောသည့်လေသံက အဘယ်မျှ မာနေပြီလဲ။

ငုံကြည့်နေရင်းမှ သူ မျက်မှောင်ကျုံ့လိုက်မိပါ၏။ အသံမထွက်ဘဲ ငြိမ်နေတာ ပုံမှန်မှမဟုတ်တာဘဲ။ ဆူးနှင်းဆီဆိုတာ ဘယ်တော့မဆို အော်ကြီးဟစ်ကျယ်နဲ့ ပြောဆိုရယ်မောတတ်တဲ့ စရိုက်မျိုးနဲ့ မိန်းကလေးပါလေ။ ခေါင်းငုံ့ထားရာမှ ပခုံးတို့ တဖြည်းဖြည်း လှုပ်လာတာကို သူသတိထားမိသွားရပါသည်။

ငိုလေပြီကော ဆူးနှင်းဆီ။

''ဟင်''

သူ မျက်လုံးပြူးသွားရပါ၏။ ဒုက္ခရေ . . . ဆူတုန်းက ဆူပြီးတော့ သူမ ငိုချလိုက်သည်နှင့် ရင်ထဲ ပူရပြန်တာလေ။ ငါတော့ သေတော့မှာပဲ။ ဘယ်လိုများ ချော့ရပါ့ ဆူးရယ်။ အသည်းမာမာ ခေါင်းမာမာနှင့် ကောင်မလေးဟု ယူဆထားသမျှ တက်တက်စင် အောင် လွဲပါပေါ့လား။





''ဆူး''

''သိပါတယ်၊ ဆူး သိပါတယ်။ ဆူးကိုဆို ဘယ်သူမှမချစ်ကြမှန်း အစကတည်းက သိနေတာပါ။ အစ်ကိုတောင် ဖိုးကျော်နဲ့ဆို ရင်းနှီးနွေးထွေးတဲ့ပုံစံနဲ့ ဆက်ဆံတတ်ပေမယ့် ဆူးနဲ့ဆို ပြောင်းလဲသွားတာလေ''

''မဟုတ်''

''ငါတဲ့, မင်းတဲ့။ ရပါတယ် . . . ဆူးက ခံနိုင်ရည်ရှိအောင် ကြိုးစားနေနေတာပါ။ မလိမ္မာတဲ့ကလေးမို့ အိမ်မှာ သမီးဆိုးအဖြစ် နာမည်တွင်တာ ဘာဖြစ်လဲ၊ ဒီလိုနေပြမှ ဒီလိုဆိုးရဲမှ မိထွေးနဲ့ မယားပါ သမီးက ဆူးအပေါ် မနိုင်စားရဲမှာမို့လို့ပါ။ အိမ်မှာ ဘယ်သူ့မျက်နှာကို ဘယ်လိုကြည့်ပြီး နေရတယ်ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ဆူးလောက် ဘယ်သူက သိမှာလဲ။ အလိုလိုက်ခံရလွန်းလို့ ဆိုးတာဟုတ်လား။ မှားတယ် အစ်ကို။ အပစ်ပယ်ခံရလို့ ဆိုးရတာပါ။ ဆူးဆိုတာ ဒီလောကထဲမှာ ကံဆိုးစွာမွေးဖွားခဲ့ရပြီး ရှင်သန်ခဲ့ရတဲ့လူသားတစ်ဦးပါပဲ။ ဒီလို ဖြစ်လာမယ်မှန်းသိခဲ့ရင် မေမေ့ဝမ်းထဲကိုတောင် လူအဖြစ် မဝင်လာခဲ့ပါဘူး အစ်ကို''

''ဆူး''

ဖျတ်ခနဲထရပ်ကာ ခြံဝင်းထဲမှ ပြေးထွက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လက်ဖြင့်သုတ်သွားတာမို့ မျက်ရည်ဖြိုင်ဖြိုင်ကျနေတာမှန်း သူသိနေပါသည်။ လူတောင်မှ မဖြစ်ချင်ခဲ့ဘူးတဲ့လား။ ကံဆိုးစွာ မွေးလာတာတဲ့လား။ ဤမိန်းကလေးရဲ့ရင်ထဲမှာ ကိန်းအောင်းနေခဲ့သည့် နာကျင်မှုက အဘယ်မျှ ကြာမြင့်နေပြီလဲ။ သူက . . . သူက . . . သူ့ခံစားချက်ကိုသာသိပြီး သူမရင်ထဲမှ ခံစားချက်ကို လျစ်လျူရှု မိရတယ်လို့။ လူမပီသစွာဖြင့်ပေါ့လေ။

# အခန်း (၁၆)

"ရှိနေလား။ စာကျက်နေတာလား"

အောက်ထပ်မှအသံတို့ကို ခပ်သဲ့သဲ့မျှ ကြားလိုက်ရပါ၏။ ရေချိုးခန်းမှထွက်လာကာ ခေါင်းသုတ်ရင်း လှေကားမှ ငုံ့ကြည့်စပ်စု လိုက်မိသည်။ ကိုထက်ရောက်လာပြန်တာပါလား။ ခေါင်းရှုပ်လွန်းလို့ ခေါင်းလျှော်တဲ့နေ့တိုင်း ကြုံကို ကြုံနိုင်လွန်းတာပါလေ။

"ခေါ်ပေးရမလား သား"

"နေပါစေ အန်တီ၊ ကလေးစာကျက်နေတာ အနှောင့် အယှက်ဖြစ်သွားမှာစိုးလို့ပါ"





www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲ သားရယ်၊ သူလည်း စာအကြာကြီးမကျက်တတ်ပါဘူး။ အန်တီ သွားခေါ်ပေးမယ်"

အိမ်နေရင်း ခပ်ပွပွဝတ်စုံကိုသာ ရွေးဝတ်လိုက်မိပါ၏။ အိမ်ကလူတွေနှင့်ပင် စကားမပြော၊ မျက်နှာချင်းမဆိုင်တာ ကြာပြီလေ။ အားလုံးကိုရှောင်ပြီး အခန်းထဲအောင်းကာ အိပ်ယာထက် လူးလိမ့်ပြီး စာတောင် မကျက်ဖြစ်ခဲ့ပါလေ။ အပယ်ခံမို့ အပယ်ခံလိုပဲ နေပါမယ်နော်။

"ဒေါက် ဒေါက်"

"သမီးရေ ... ကိုထက်ရောက်နေတယ်။ တွေ့ချင်မလား"

တံခါးကိုဖွင့်လိုက်ပါ၏။ ရေချိုးပြီးကာစမို့ မျက်နှာပြောင်ရှင်းနေသလို ခေါင်းမှာ ရေစက်လက်စိုနေတုန်းပါလေ။ ဒီအချိန်ကြီး ဘာကိစ္စနဲ့ရောက်လာပြန်ဟာပါလိမ့်။ လှေကားမှ ခပ်မှန်မှန် ဆင်းလာခဲ့ပါ၏။ ကိုထက်က ကော်ဖီခွက်ကိုင်မော့ရင်း သူမကိုမြင်သွားလေသည်။

"ဟော ... ရေချိုးနေတာလား"

"အင်း"

"နှင်းဆီ စာမေးပွဲဖြေရတော့မှာမို့ လိုအပ်မယ်ထင်တာတွေ လာပို့ပေးတာ"

"ဆူးမှာ ရှိပါတယ်"





"စာအတော်ရနေပြီလား"

"ဒီလိုပါပဲ"

"ခေါင်းခြောက်အောင်သုတ်ဦးလေ"

"ပူလွန်းလို့ တမင်အစိုထားတာ"

"ကိုယ်က နှင်းဆီ ဖျားမှာစိုးလို့ပါ"

"ကျေးဇူး"

တစ်ကြိမ်တစ်ခါမှ ကျေးဇူးတင်တာစကားမဆိုဖူးတာမို့ အံ့သြသွားလေ၏။ ဒီနေ့မှ ဇင်ဇင် ကျောင်းပြန်နောက်ကျနေတာပါလား။ ရောက်လာရင် ကိုကိုထက်ဆိုပြီး ခပ်ချွဲချွဲခေါ်သံကို ကြားရဦးမှာလေ။ စာရေးကိရိယာတွေပါမက သောက်စရာ Milo တွေ၊ Holid တွေ၊ Oveltine ဘူးတွေ ပုလင်းတွေပါ ဝယ်ချလာပါရောလား။ အချိုတွေ သောက်ပြီး မှောက်အိပ်လိုက်ရင် ကောင်းမယ်ထင်ပါရဲ့။

"နှင်းဆီ ဘာကြိုက်မှန်းမသိလို့လေ"

ပြုံးရုံသာပြုံးလိုက်မိပါသည်။ သူမ ဘာကိုကြိုက်တတ်သလဲဆိုတာ ဖိုးကျော်ပင် သိတာပါလေ။ သူရော ကိုထက်ပါ သူမရင်ထဲ၊ စိတ်ထဲကို မမြင်နိုင်တာ မဟုတ်လား။ ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ ကိုယ်ရေးကိုယ်တာတွေအထိ ပြောဆိုဆွေးနွေးဆုံးမရလောက်အောင် သူနှင့်ဆူး သိပ်မရင်းနှီးလှပါလေ။ ဘယ်ကနေဘယ်လို သိတာပြီး



www.burmeseclassic.com

www.burmeseclassic.com



လူကို ပစ်ပစ်ခါခါကြီး ပြောရက်ရပါသလဲ။ ရင်ထဲ နာကျင်ရပါတယ် အစ်ကို။

"ဘာဖြစ်နေလဲဟင်၊ မျက်နှာမကောင်းဘူး"

"ဘာမှမဖြစ်ပါဘူး"

"ဘာလိုအပ်တာရှိလဲ၊ ကိုယ့်ကိုပြောနော်"

"ရပါတယ်၊ နေပါစေ"

"မေးစရာရှိသေးတယ်"

"မေးလေ . . . ဘာများလဲ"

ထက်သူ့ရဲ့ ခဏမျှတွေဝေသွားရပါ၏။ အရိပ်တကြည့်ကြည့် ရှိခဲ့ရပါသည့် မိန်းကလေးက မျက်နှာတည်သလိုမဟုတ်ပါဘဲ ညှိုးငယ်နေသလိုပါလေ။ ဘာများ ပြဿနာဖြစ်ထားလို့ပါလဲ။ စာကျက်တာ အနှောင့်အယှက်ဖြစ်မှာကို အစိုးရိမ်ဆုံးပါပဲ။ အနိကယ့်ကို မျက်နှာပူမိပေမယ့် သူ့အပေါ် လိုလားဟန်ပြတာမို့ ရှေ့ဆက်ဖို့ ခြေလှမ်းကို ပြင်ထားမိတာပါလေ။

"ဘာပြဿနာများရှိလို့လဲ"

"မရှိပါဘူး ကိုထက်ရဲ့"

"မသိဘူးလေ၊ နှင်းဆီမျက်နှာ ညှိုးနေသလို ဖြစ်နေလားလို့ မေးမိတာပါ"





မသိချင်ပါနဲ့။ ရင်ထဲမှာရော ခေါင်းထဲမှာပါ ရှုပ်ထွေးနောက်ကျို ပူလောင်နေလို့ပါလေ။ စာမေးပွဲဖြေကာနီးမှ လူ့ကို စိတ်ရှုပ်အောင် လုပ်ရက်ကယ်လို့၊ မခေါ်ချင်ဘူးဆိုပေမယ့် ပြတင်းပေါက်ကနေ လိုက်ကာ ကြားက ချောင်းကြည့်မိတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ။ မသွားချင်ဘူး ဆိုပေမယ့် ခြံထဲမှာ သူ့နှင်းဖိုးကျော်စာသင်နေလျှင် ခြေထောက်က သွားချင်နေတာ ခြေဖဝါးတွေပါ ယားနေတာပါလေ။

မတွေ့ချင်ဘူးဆိုပေမယ့် စိတ်က အလိုလို သတိရနေတော့ ခက်သားလား။ ပြောစကားနားထောင်ပြီး လိမ္မာနေပြီဆိုကာမှ ဘယ်က သွေးထိုးလိုက်မှန်းမသိ လူ့ကိုရန်ရှာရသလား။ နေပေါ့။ ဒီတိုင်းပဲ နေပစ်လိုက်မယ်။ မခေါ်နဲ့ မပြောချင်ဘူး။ မိချိုနဲ့ဖိုးကျော်ကို လွမ်းနေ ပေမယ့် သူနဲ့ မျက်နှာချင်း မဆိုင်ချင်လို့ အောင့်အည်းသည်းခံနေနေရ တာပါ။

"နှင်းဆီ"

"ရှင်"

အလို လိမ္မာလှချည်လား။ တစ်ကြိမ်တစ်ခါမှ မိန်းမဆန်ဆန် မပြောခဲ့ဖူးပါဘဲ ထူးသံကိုက ညင်သာနေတာပါလေ။ ရင်ထဲမှာ တဒိတ် ဒိတ်အခုန်မြန်လာသံကို နှင်းဆီမကြားပါစေနှင့်။ တစ်လလေးပါပဲ။ အဲဒီတစ်လပြီးတာနဲ့ ဖွင့်ပြောဖို့ ဆုံးဖြတ်ထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထက်"

"အင်း"

"ခြံထဲမှာ စကားပြောချင်တယ်"

"အခုလား"

"ဟုတ်"

ရင်ထဲ ဒိတ်ခနဲဖြစ်သွားရပါ၏။ အလို၊ ဘာတွေဖြစ်ကုန်ပြီလဲ။ ဆုံတိရှိနေသည့်ညနေခင်းမှာ လာတွေ့နေတာတောင်မှ ဘယ်သူမှ မကြားစေချင်တဲ့စကားမျိုး ပြောစရာရှိသတဲ့လား။ အိမ်တွင်းရေးကိစ္စမျိုး ကို သူနှင့် ဘယ်တုန်းကမှ မတိုင်ပင်ဖူးတာမို့ အံ့ဩမိတာပါ။ အရင်လို ရယ်ရယ်ပြုံးပြုံး မျက်နှာမျိုး မတွေ့ရကတည်းက စိတ်ထဲထင်နေမိတာ မှန်နေပါရောလား။ ပြောချင်တယ်ဆိုပြီး လာတာက သူဖြစ်ပြီး တကယ် တမ်း ပြောမှာက နှုင်းဆီဖြစ်နေတာလေ။ ကဲပါလေ ... ပြော တော့လည်း နားထောင်ပေးရုံပေါ့။

သူ့အလှည့်ပြီးရင် ကိုယ့်အလှည့်ရောက်မှာကိုး။ သူမ အရှေ့ မတ်တတ်ရပ်လိုက်တာမို့ သူ နောက်မှ လိုက်လာရပါ၏။ ခြံထဲမှာ သစ်ရိပ်ဝါးရိပ်ရှိနေသလို အုတ်တံတိုင်းအမြင့်ကြီးမို့ လုံခြုံပါသည်။

ဒါကိုတောင် ဒီတံတိုင်းကျော်ပြီး ခြံကို သူမ ထွက်ရဲသတဲ့ လား။





"ကိုထက်"

"အင်း ... ပြောလေ"

"စာကျက်လို့မရဘူး"

"ဘာရယ်"

ဘုရား ... နောက်လဆန်းမှာတင် စာမေးပွဲဖြေရမည့်လူက စာကျက်လို့မရဘူးတဲ့။ ရောမ အန္တရာယ်ပါပဲလား။ သစ်ရွက်ဝါလေးတွေ လေ အဝှေ့ဝဲလွင့် ကြွေကျလာတာကို ခပ်ငေးငေးကြည့်နေပုံက သနား စရာပါလေ။ အလို၊ သူမ မျက်ဝန်းတွေမှာ လွမ်းဆွတ်သည့်ဖရိပ်တွေ ကို မြင်နေရတာပါလား။

"ကိုထက်ရော ဆူးကို ဆိုးတယ် မိုက်မဲတယ်လို့ မြင်လား ဟင်"

"ဘယ်ကလာ"

"မြင်မှာပါ။ ဟုတ်လည်း ဟုတ်နေတာကိုး"

ဟော ကောက်ချက်ချသွားတာကလည်း မြန်ပါ့။ လူငယ်ပေ ကိုး။ လွတ်လပ်ပွင့်လင်းစွာပြောဆိုရဲသည့် သတ္တိကိုတော့ ချီးကျူးမိတာ အမှန်ပါ။ မျိုးသိပ်ထားသည့်အကြောင်းအရာက ဘာများပါလိမ့်။ ဆူး နှင်းဆီဆိုတာ ဟော့ဟော့ဒိုင်းဒိုင်း ပြောရဲဆိုရဲရှိလွန်းလို့ လူတိုင်းလန့် ရတာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဆူးကိုယ်ဆူးလည်း သိပါတယ်။ ဒါပေမဲ့ . . . မပြင်ချင်ခဲ့ဘူး။ ဒီလိုနေ ဒီလိုစရိုက်မျိုးနဲ့ ဒီလိုပြောမှသာ ရင်ထဲတင်းကျပ်နေသမျှ ပြေသွားတယ်လို့ ယူဆခဲ့မိလို့ပါ"

ညနေခင်းလေညင်းက ခပ်ကြမ်းကြမ်း တိုက်လေ၏။ မခြောက်သေးသည့် ဆံနွယ်တို့က လေကြောင့် ပွယောင်းသွားသော်ငြား သူမ လက်ဖြင့် ပြန်မပြင်ပါ။ ဒီတိုင်း ဖြစ်လိုရာဖြစ် လွှတ်ထားပုံပါပဲ။ သောကဆိုတဲ့အပူကို နှင်းဆီရဲ့ရင်ထဲ ရှိမနေစေချင်တာ ကိုယ့်ရဲ့ အရင်းခံ စေတနာပါကွယ်။

"စာမေးပွဲ တကယ်အောင်ချင်တာပါ။ ခါတိုင်းနှစ်တွေနဲ့ မတူအောင်လည်း ဖိကြိုးစားခဲ့ပါတယ်။ ဖျင်းပါတယ်ဆိုတဲ့စာတွေကို ဆူးရဲ့ဦးနှောက်က လိုလိုလားလားနဲ့ သိမ်းဆည်းပေးလို့ အံ့ဩရတာပါ။ အခု အရင်လို စာအုပ်ကိုင်တိုင်း ဆူးမငိုက်တော့ဘူး"

"– – –"

"အိပ်လို့မပျော်ဘူး ကိုထက်ရယ်"

"ဘယ်လို"

စာမေးပွဲကြောင့်လား။ ကလေးတိုင်း ဒီလိုပူပန်စိတ် ဖြစ်တတ်ကြပါ၏။ နှစ်တက်ကလေးလည်း မဟုတ်ပါဘဲ သူမ ဤသို့ ဘာကြောင့် ဖြစ်ရပါသနည်း။ ဘာသနပ်ခါးမှ လူးမထားသောကြောင့် သူမထံမှ ရှမ်ပူနံ့ကိုသာ ခပ်သင်းသင်းလေး ရနေပါသည်။ အဝါရောင် ဖျော့ဖျော့အင်္ကျီနှင့်ဘောင်းဘီကြောင့် သူမ အသားအရေ အရင်ထက် ပိုနီဖျော့နေသည့်နှယ် မြင်ရလေ၏။





"စေတနာကိုမသိဘူးတဲ့။ မသိဘဲနေမလား။ ဒီလောက်အကြာကြီး အတူရှိခဲ့တာ ဘယ်လောက်ကြာနေပြီလဲ"

ဗုဒ္ဓေါ၊ ဘာများပါလိမ့်ဟု တွေးနေမိသည့် မေးခွန်းက အခုမှ အဖြေပေါ်တော့လေ၏။ နှင်းဆီ၏နှုတ်မှ သူစိမ်းလူတစ်ယောက် အကြောင်းကို စကြားဖူးခြင်းပါပဲ။ သူငယ်ချင်းကောင်လေးတော့ မဖြစ်နိုင်ပါ။ အမူအရာက ပို၍ တည်ငြိမ်နေသည့်နှယ်လေ။

နှင်းဆီ မင်းရင်ထဲမှာ ဘယ်သူရှိနေပြီလဲ။

"မကြည်လင်မှန်းလည်း စတွေ့ကတည်းက သိခဲ့ပါတယ်။ ဒါပေမဲ့ . . . ဆူးအပေါ် ဒီလိုပဲ ပြောဆိုနေကျမို့ သည်းခံနိုင်ခဲ့တာပါ။ ကိုထက် တွေ့ဖူးလား။ တခြားသူတွေအပေါ်မှာ နွေးထွေးနေပြီး ဆူးကိုကျ သူစိမ်းဆန်ဆန် သုံးတတ်တာလေ။ မင်းတဲ့၊ ငါတဲ့"

မျက်ရည်တို့က ဖွဲ့အိုင်လာပါ၏။ မကျနဲ့နော်။ ဆူးက ငိုမိရင် တော်ရုံနဲ့ တိတ်လို့မရလို့ပါ။ ရင်ထဲမှာ တင်းကျပ်လာမယ်၊ လည်ချောင်းမှာ တစ်ဆို့လာမယ်။ အသံမထွက်အောင်ထိန်းရလျှင် ရင်ဘတ်တစ်ခုလုံး ကွဲထွက်တော့မည့်နှယ် နာနာကျင်ကျင်ကြီး ခံစားရသောကို



www.burmeseclassic.com

www.burmeseclassic.com



မလိုချင်ပါလေ။

''ဆူတယ်၊ ငေါက်တယ်၊ ခေါင်းခေါက်တယ်။ ပစ်ပစ်ခါခါ ပြောတယ်။ ဆူး နားလည်ပါတယ်''

''____''

''အရင်တုန်းက ဖြစ်သလိုနေလို့တဲ့။ အခု သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေပြန်တော့လည်း အပြစ်က မလွတ်ပြန်ဘူး''

''နှင်းဆီ''

''မျက်နှာချင်းမဆိုင်ချင်လို့ ရှောင်တာ သုံးရက်ရှိနေပြီ။ ဆူး ဘယ်လိုမှ နေလို့မရဘူး''

ဘုရားရေ ... ရှောင်နေတဲ့လူက မနေနိုင်ဘူးတဲ့လား ဘယ်လိုလဲ၊ နေ့စဉ်မြင်တွေ့နေရတာတောင်မှ စိတ်ဆန္ဒရဲ့အာသာ ပြေမှုက မပြည့်ဘူးတဲ့လား နှင်းဆီရယ်။ ဘဝမှာ မိဘတွေကြောင့် နာကျင်သည့် ဒဏ်ရာရှိခဲ့တာ သူသိပါ၏။ သို့သော် (၁၅၀၀) နှင့် ဆက်နွှယ်နေသည့် သံယောဇဉ်အပူမျိုးကိုဖြင့် နှင်းကလေး၏ရင်ထဲ မရှိစေချင်ပါ။ စာမေးပွဲကို အေးအေးဆေးဆေး ဖြေပါစေဆိုပြီး ဖွင့် မပြောဘဲ စောင့်ဆိုင်းနေခဲ့ရသည့်အချိန်ကို ထိုအရာက ရိုက်ချိုး ဖျက်ဆီးလိုက်ချေပြီ။ ဩော် ... ကလေးရယ်။

''သူက ရှောင်နေတာလား''





''ဟင့်အင်း ... ဆူးက ရှောင်တာပါ''

''ဟင်''

''အနေအထိုင်မတတ်ဘူးတဲ့။ အပြောအဆို အပြုအမူက လည်း ရိုင်းတယ်တဲ့လေ။ ဆိုးတယ်ဆိုတာ အကြောင်းပြချက်ရှိရဦးမှာ လား။ မွေးကတည်းကပါလာတဲ့ ဉာဉ်ဆိုးမျိုးမဟုတ်ပေမယ့် ထိန်းကွပ် ပေးမယ့် ဆုံးမပေးမယ့် မေမေမရှိတော့တာမို့''

အသံက တိမ်ဝင်သွားရပါ၏။ မငိုချင်ဘူးဆိုပြီး တင်းထားပါ လျက် ပါးပြင်ထက်သို့ မျက်ရည်ကို့က တပေါက်ပေါက်စီးကျလာတော့ တာပါ။ ကိုထက်ဆိုတာ အိမ်ကို ဆူးငယ်စဉ်ကတည်းက ဝင်ထွက်ခဲ့ တဲ့ အစ်ကိုပါပဲ။ သူ့ရှေ့မှာ ငိုမိတာ ရှက်စရာမှမဟုတ်တာနော်။

ရင်ထဲမှာ တစစ်စစ်နဲ့ နာကျင်မှုဒဏ်က ယနေ့တိုင် လျော့ သွားခဲ့ပါ။ စဉ်းစားမိလိုက်တိုင်း အစ်ကို့မျက်နှာမာမာနှင့် လေသံ ပြင်းပြင်းတို့ကိုသာ အထပ်ထပ်အခါခါ ကြားယောင်နေမိတော့ ခက် သားလား။ နှိပ်စက်တယ်ဆိုတာ ကိုယ်ထိလက်ရောက် စော်ကားတာ ထက်သာ ထင်ခဲ့တာ မှားပါပေါ့လား။

ဟုတ်ပါတယ် ... နှလုံးသားကို ကြာပွတ်နဲ့ ရိုက်ခြင်းခံရ သလို တဆတ်ဆတ်တုန်ယင်နေရတာ ဆူးနဲ့ထိုးစိုက်ဆွသည့်နှယ် တစစ်စစ် နာကျင်ရသည့်ဒဏ်ကို သူမ အလူးအလဲခံနေရတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြောကြတာဖြင့် "နှလုံး" ဆိုတာ ကိုယ့်လက်တစ်ဆုပ်စာလေး ရှိတာဆို။ အခု . . . အဲဒီနှလုံးသားကို ဘယ်သူက လာဆုပ်ကိုင်ထား ပြီး ညှစ်ချေထား လို့ ခံရခက်ပြီး အသက်ရှူမဝသလို ဖြစ်နေ သလဲ။

"အန်တီရင်ရင်မရှိတော့ပေမယ့် နှင်းနားမှာ ကိုယ် အန်ကယ်ပါ ရှိပါသေးတယ်။ အားလျှော့တဲ့စကားတွေ မပြော လား"

မျက်ရည်တို့သီနေပါသည့် မျက်ဝန်းတို့က အရင် မတောက်ပနေပါဘဲ အိုမှိုင်းနေလေ၏။ အိတ်ကပ်ထဲမှ (ယောကျ်ားကိုင် လက်ကိုင်ပဝါကိုထုတ်၍ သူမမျက်နှာထက် မျက်ရည်သုတ်ပေး သူမ မရှောင်ပါလေ။ အဘယ်သို့သော သူစိမ်းတစ်ယောက်က သူ နှင်းကလေးကို ဤသို့ မျက်ရည်ကျစေရတာပါလဲ။

"ကိုထက်,ကို ဆူးရဲ့အစ်ကိုလိုပဲ သဘောထားလို့ ဖွင့်ပြော ပြတာပါ"

"သိတယ်၊ ကိုယ် နားလည်ပါတယ်"

"ဒီနေရာက အရမ်းနာတယ်၊ ဆူး မခံစားနိုင်ဘူး ကိုထက် ရယ်"

"ဖြစ်ရလေ ကလေးရယ်"





ရင်ခွင်ထဲ အသာပွေ့ပိုက်ထားလိုက်မိပါ၏။ တသိမ့်သိမ့် ရှိုက် နေသည့် ကလေးရဲ့မျက်ရည်တွေ ခမ်းခြောက်အောင် ကိုယ် ဘယ်လို များ လုပ်ပေးရပါ့မလဲ။ ပြော် . . . ကိုယ့်ရဲ့နှင်းဆီလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ကျောက်ပုံးရိုက်ရန် သွင်းထားသည့်သံတိုင်ကို တင်းဂင်း ဆုပ်ကိုင်လျက် အံကိုတင်းတင်းကြိတ်ထားမိလေ၏။ ညနေ (၅) နာရီနေက အပူဓာတ်လျော့ပါးနေပေမယ့် ခပ်နွေးနွေးအရှိန်တော့ ရှိနေသေးတာပါ။ မြို့ထဲသို့ တစောင်းလေးဖြာကျနေသည့် ဒဲလင်းအောက်မှ မြင်ကွင်းက သူ့ရင်ကို အရှိန်ပြင်းပြင်း ထိုးစိုက်လာသည့် မြားတံတစ်စင်းနှယ် ပြင်းထန်လွန်းလေ၏။

သူ့ရ . . . ဒီကလေး ဘာလုပ်ရဦးမယ်ဆိုတာကို သိနေပါလျက်နဲ့ အခုလို ဖြားယောင်းသွေးဆောင်နေတာ ကောင်းသလား





ပြောတော့ဖြင့် စာမေးပွဲပြီးမှ ဖွင့်ပြောမှာဆို။ အခုတော့ မင်းရင်ခွင်ထဲမှာ ကောင်မလေးကို ထွေးပွေ့ခိုလှုံနေစေတာ ဘာသဘောလဲ။ ဒီမိန်းကလေးသာ စာထဲ စိတ်မဝင်စားတော့ဘဲ စိတ်ယိုင်နဲ့သွားရင် သူမ,တက်လမ်းကို ပိတ်ပင်တားဆီးသလို ဖြစ်သွားတော့မှာလေ။

လူမှန်ရင် ကိုယ့်ဘက် သူ့ဘက်ဆိုပြီးမှုတစ္စာ တွေးပေးတတ်ရမှာ မဟုတ်လား။ ဒါဖြင့် သူကရော နစ်နစ်နာနာတွေပြောခဲ့တဲ့ကိစ္စရဲ့ တရားခံက အမျက်ဒေါသဆိုသည့်အရာပါလေ။ ဒီလိုတွေ ဖြစ်လာမှာစိုးလို့ ပြေပြေလည်လည်လေးနဲ့ ဆုံးမပေးရမှာကို ရမ်းသမ်းအော်ငေါက်ခဲ့မိတာ သူ့အမှားပါပဲ။

ကျောပေးထွက်သွားတဲ့မြင်ကွင်းက နေ့က်ဆုံးပဲလား။ ပေါ်မလာတော့ပါ။ "ဆရာအစ်ကို" ဟူသည့်ခေါ်သံကိုလည်း မကြားရတော့ပါလေ။ ကျော်စွာနဲ့ စာလုပ်ရင်း သဘောကျစရာကြုံပါက မိန်းကလေးဆန်ဆန် တီးတိုးမရယ်တတ်ပါဘဲ တဟားဟား အော်ရယ်ကျင့်ရှိခဲ့သည့်ရယ်သံကို သဲ့သဲ့လေးတောင် မကြားရတော့ပါချေ။

စိတ်နာသွားပြီလား။ ဆရာတပည့်၊ အစ်ကိုနဲ့ညီမလေးလို သဘောထားရင် ဟိုတုန်းကလို ဘာမှမဖြစ်သလိုဟန်မျိုးနဲ့ ပြန်ရောက်လာသင့်တာပေါ့။ စိတ်မရှင်လို့ မလာရင်လည်း တစ်ရက်ပဲ ဖြစ်သင့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လည်ဆန့်မျှော်မိသည့်တစ်ရက်၊ နောက်လှည့်ကြည့်မိသည့်နှစ်ရက်၊ နားစွင့်ထားမိပါသည့်သုံးရက်ကို ကျော်ခဲ့တာလေ။

နေနိုင်လိုက်တာ၊ ဒီရင်ထဲ ဗလောင်ဆူဝေပွက်ပြီး နေမထိုင်မသာ ဖြစ်နေတာကို မမြင်ဘူးတဲ့လား။ ကျော်စွာတစ်ယောက် "အစ်ကိုမျှော်နေတယ်" ဟူသည့်စာရေးထားသည့်စာရွက်ကို ဗိုတက်ခြံထဲ ပစ်ခဲ့တာတောင် သူ မသိယောင်ဆောင်ခဲ့မိတာပါ။ မျှော်သာမျှော်သည် မယုံကြည်ဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့။

"ဆရာ"

"ဟင်"

"ကျွန်တော်တို့ ပြန်လို့ရပြီလား"

"သြော် . . . အင်း၊ ပြန်ကြတော့လေ"

နောက်ပါးဆီမှ အလုပ်သမားခေါင်းဆောင်၏အသံ ကြားလေမှ ဒီနေရာမှာ သူရပ်နေတာ အတော်ကြာပြီမှန်း သိလိုက်ပါသည်။ ခြေထောက်တွေ ထုံကျင်နေပါရောလား။ ရင်ထဲမှာက ပိုပြီးနာကျင်နေရတာပါလေ။ လွယ်အိတ်နှင့်ထမင်းချိုင့် ကိုယ်စီကိုင်ကာ အိမ်ပြန်ရန်ထွက်သွားကြသည့် အလုပ်သမားတွေကို ငေးကြည့်ရင်း အောက်ထပ်ကို လှေကားမှ သတိထားကာ ဆင်းလိုက်ရပါ၏။





ဒီပုံနဲ့ ဘယ်လိုရှေ့ဆက်ရပါ့မလဲ။ စိတ်နဲ့လူမကပ်တာမို့ ကျော်စွာကို စာမသင်ပေးဖြစ်တာကြာနေပြီ။ နားမလည်တာကိုသာ မေးတာမို့ ကျက်စာတွေသာ ကျိုးကျက်နေသည့်အတွက် အားနာသလိုပါပဲ။ မတတ်နိုင်ပါချေ။ သူ ဘာဖြစ်နေသလဲဆိုတာကို အားလုံးအမြင်ပင် မဟုတ်ပါလား။

"အစ်ကို"

"ဟေ"

"မမသွေးလည်း တစ်ချက်လေးမှ မျက်နှာလာမပြဘူး။ နေများ မကောင်းလို့လား"

ကောင်းပါ့ . . . ကောင်းပါ့။ ကောင်းလွန်းလို့ ထက်သူရနဲ့ပျော်နေတာပေါ့ ကျော်စွာရယ်။ ကျော်စွာက Bio text ကိုင်ကာ ခြံထဲမှာ စာကျက်နေတာပါလေ။ ယောကျ်ားဆိုတာ မျက်ရည်မကျဘူးဆိုတာ မှန်ပါရဲ့လား။ ဒေါသနှင့်အတူ မျက်ရည်ဝဲချင်တာကို စိတ်ထဲကရှိနေပေမယ့် အတော်လေးကို ထိန်းထားရတာပါပဲ။

"အစ်ကို"

"ငါ သွားခေါ်မယ်"

"ဗျာ"

"သူ့အဖေ ပြန်လာရင် တွေ့မှာပဲဟာ။ ရေချိုးပြီး သွား



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မယ် ကျော်စွာ''

''ဖြစ်ပါ့မလား အစ်ကို''

''ဘာလို့မဖြစ်ရမှာလဲ၊ အစ်ကို့အဖေနဲ့ သူ့အဖေက မိတ်ဆွေတွေပါ ကျော်စွာရာ''

''ကျွန်တော်က သူ မလာချင်လို့ပဲ ထင်နေတာပါ ... အစ်ကို''

အားလျော့စရာပါပဲလား။ ခပ်သွက်သွက်ရေချိုးနေစဉ် အန်ကယ်ဦးမြင့်အောင် ကားဖြင့်ပြန်လာတာကို လှမ်းတွေ့လိုက်ရလေ၏။ ကောင်းပြီ ဆူးနှင်းဆီ။ မင်းနဲ့သူ့ရဲ့ အလွမ်းသင့်ခန်းကို ရပ်ရပြီပေါ့။ ဒီလူက စေတနာမေတ္တာတွေ ဗရဗွ ပုံပေးနေပေမယ့် မင်းက လက်သင့်မခံချင်တာကို။

အိမ်မှာ မပျော်နိုင်တဲ့ကလေးကို စာသင်ဝိုင်းမှာ ပျော်အောင်ထားရမှာထက် ပုံစံပေးချင်တာ၊ ဖြစ်ထွန်းစေချင်တာ၊ အောင်မြင်စေချင်တာကို ဘယ်သူက မြင်နိုင်မှာတဲ့လဲ၊ သင်ပေးစရာတွေ ကျန်သေးတာ မဟုတ်လား။ ဂုဏ်ထူးမှတ်ကိုကယ်ပေးနိုင်တဲ့ တစ်မှတ်တန်မေးခွန်းတွေကို တစ်ပြုံကြီးရှာပြီး စာစီထားတာတွေရှိသေးတယ်လေ။

''အစ်ကိုသွားပြီ ကျော်စွာ၊ မိုးချုပ်ရင် ခြံတံခါးပိတ်ထားလိုက်တော့ အစ်ကိုအိမ်မှာပဲ ပြန်အိပ်ဖြစ်မယ်''





''ဟုတ်ကဲ့ပါ အစ်ကို''

ကားကို အပြင်ဘက်မောင်းထွက်ခဲ့ပြီး သူမတို့ခြံထဲသို့ ကွေ့ဝင်ခဲ့ပါ၏။ မှောင်ရီစပျိုးပြီမို့ ခြံထဲမှာ သူမတို့ရှိမနေတော့ပါလေ။ ညှို့ခန်းဆီမှ စကားသံသဲ့သဲ့နှင့် ပေါ်တီကိုအောက်ရပ်ထားသည့်ကားကြောင့် သူ့ရဲ့ မပြန်သေးမှန်း သူသိလိုက်ပါသည်။ တွေ့တော့လည်းကောင်းသွားတာပေါ့လေ။

''ဘယ်သူ''

''ဟော ... လာလာ ...၊ မောင်ဘုန်းမြတ်သွေး၊ ကလေးတွေအခြေအနေကောင်းတယ် မဟုတ်လား''

''ဟုတ်ကဲ့ အန်ကယ်''

''ဘုန်းမြတ်က''

''သမီးကို စာသင်ပေးနေတဲ့ ဆရာလေ''

''ဘယ်လို''

''ပပရေ ... ညှို့သည်ဖို့ တစ်ခုခု''

''နေပါစေ ... အန်ကယ်၊ ကျွန်တော်အိမ်ပြန်ရင် ညစာစားတော့မှာမို့ပါ''

''အအေးလောက်တော့ ဖြစ်ပါတယ်ကွယ်''

''ဘာမှမသောက်ချင်လို့ပါအန်ကယ်။ ကျေးဇူးပါ''



www.burmeseclassic.com

www.burmeseclassic.com



လှေကားမှဆင်းလာသည့် ခြေသံကြောင့် သူမလားအထင်ဖြင့် မော့ကြည့်စဉ် ရင်မောသွားရပြန်ပါ၏။ အန်တီ့သမီး ပန်းသဇင်က သူနှင့်သူ့ရကိုမြင်တော့ အချိုဆုံးအပြုံးဖြင့် နှုတ်ဆက်လေသည်။ ကွာပွဲ ဟိုကလေးမကဖြင့် မျက်နှာကို စူပုတ်ပြီး အမြဲတစေ မျက်နှာတည်တဲ့ အကြည့်နဲ့သာ ကြည့်တတ်တာလေ။

သို့သော်ငြား၊ အဲဒီမျက်နှာလေးကိုသာ စက္ကန့်နဲ့အမျှ မြင်ယောင်နေတော့ ခက်ချေပြီလေ။ အိမ်ကိုလာတာတောင် မတွေ့ရပါလား။ သူရန်နဲ့တော့ ခြံထဲမှာ အကြာကြီး စကားပြောနေသေးတာလေ။ မျက်နှာလိုက်စရာလား။ တကယ်ဆို သူကသာ သူမနှင့်နေ့စဉ်နှင့်အမျှ ရင်းနှီးခွင့်ရခဲ့တာလေ။

"အန်ကယ့်သမီးအခြေအနေရော ဘယ်လိုလဲ"

"အဲဒါပြောဖို့ပဲ လာတာပါ အန်ကယ်။ သူ ကျူရှင်မလာတာ သုံးရက်ရှိပြီ။ ဒီနေ့နဲ့ဆို လေးရက်မြောက်ပဲ"

"ဟေ ... ငါ့သမီး ဘာများဖြစ်လို့လဲ"

"နေတော့ကောင်းပါတယ် အစ်ကို။ ပပကိုတော့ မသွားတော့ဘူးလို့ ပြောတာပဲ"

"ခေါ်လိုက်ပါဦး"

"ဖင်ဖင်ပဲခေါ်ပေးမယ် ဖေဖေ။ ခဏနော် အစ်ကို"





လှေကားမှဆင်းလာသည့်လူကပင် ပြန်တက်ခေါ်ရတော့တာပါလေ။ ဆင်းတွေ့ရမှာပေါ့ ဆူးနှင်းဆီ။ ထက်သူရကိုတော့ စကားဆင်းပြောပြီး ငါ့ကိုမပြောလို့ ဘယ်တရားပါ့မလဲ။ ကိုယ်က မင်းကို ပညာသင်ကြားပေးနေတဲ့ ဆရာလေ။

"ဘာများ ပြဿနာဖြစ်လို့လဲ၊ နှစ်တိုင်း ဒီလိုပဲ နှစ်ဆုံးအောင် ကျူရှင်မတက်တဲ့ အပျင်းကြီးတဲ့အကျင့်ရှိလို့ စိတ်ပူခဲ့ရတာ မောင်ဘုန်းရေ။ ဒီနှစ်တော့ လိုလိုချင်ချင်နဲ့ တက်နေလို့ ဟုတ်နေပြီမှတ်နေတာ။ ခွေးမြီးကောက်က ထုံးစံအတိုင်း ကျည်တောက်စွပ်ပေးလည်း မရပါလား"

"ကျွန်တော် ခုလိုက်မိလို့ပါ"

"ဆူတာ ဘာဖြစ်လဲ။ ဆူရုံမက ရိုက်တောင် ရိုက်လို့ရသေးတာ။ ဒီကလေးနဲ့တော့လေ"

"နှင်းကို စာပြပေးနေတာ လက်စသတ်တော့ မင်းကို"

ထက်သူရနှုတ်မှ အသံထွက်လာလေ၏။ မကြည်လင်သည့် အကြည့်နှစ်စုံက ပြိုင်တူကြည့်မိသွားရပါ၏။ ဘာလဲ စာသင်ပေးတာနဲ့ပဲ လူကို မကြည်သလိုကြည့်ရလား။ မင်း သဘောကျနေတဲ့ နှင်းဆီက တစ်ကဏ္ဍ။ ငါနဲ့ဆူးက တစ်ကဏ္ဍပါ သူရရာ။

"ငါတို့မေးတုန်းကတော့ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဒါ ... ငါကိစ္စပါ”

နှင်းတဲ့။ အခေါ်အဝေါ်က အထူးအဆန်းပါလား။ အခြေအနေတွေ ဘယ်အထိရောက်ကုန်ပြီလဲ ဆွေးနှင်းဆီ။ ပြောကြတာဖြင့် အုတ်နံ့ရုံကြီးနဲ့ ခဲတံတွေ့ရင် ခဲတံကျိုးတယ်ဆို၊ နောက်ဆုံးကျ အုတ်နံရုံကြီးဖြစ်တဲ့ သူပဲ ပြိုလဲရတာမဟုတ်ပါလား။ မတရားသဖြင့် စီရင်နေတဲ့ လောကကြီးကို အပြစ်တင်ချင်တော့တာပါလေ။

“ဟော ... လာပါပြီ၊ သမီးမလာလို့တဲ့ ဆရာကိုယ်တိုင် လိုက်လာရတယ်။ ဘယ်လိုလဲ”

“အိမ်မှာပဲ စာကျက်တော့မှာပါ ဖေဖေ”

“စာကျက်လို့လား။ ည (၁၂) နာရီကျော်နေတဲ့အထိ အိပ်ခန်းမီးက လင်းနေတုန်းပဲ။ စာကျက်သံလည်း တိုးတိုးလေးတောင်မှ မကြားရဘူး ဆွေးနှင်းဆီ။ ဒီအချိန်ရောက်တိုင်း ဖေဖေ့သမီး ထဖောက်တတ်တဲ့အကျင့် ရှိနေတုန်းပဲလား။ ပြောစမ်းပါဦး”

“ကျွန်တော်ပဲပြောပါ့မယ် အန်ကယ်၊ သူ့ကို မဆူပါနဲ့”

“ဟုတ်ပါတယ် အစ်ကိုရယ်၊ နှင်းဆီလေး ထမင်းတောင်ကောင်း မစားတာ သုံးလေးရက်ရှိနေပြီ။ ကလေး စာမေးပွဲနီးနေတာမို့ သိပ်မပြောကြပါနဲ့။ စိတ်ချမ်းသာသလို နေပါစေ၊ အန်တီ သမီးအတွက် ဘာလုပ်ပေးရမလဲ နှင်းဆီ”





“ဆွေးအတွက် အပန်းမကြီးဘူးဆိုရင် ပေါင်မုန့်နှစ်ချပ်နဲ့ ကွေကာတစ်ခွက်လောက် ဖျော်ပေးပါအန်တီ”

“အေးအေး ... ရပါတယ်သမီးရယ်။ ပေါင်မုန့်က ကင်ပေးရမလား။ Jam သုပ်ပေးရဦးမလား သမီး”

“ရိုးရိုးပေါင်မုန့်နှစ်ချပ်ပဲ ထည့်ပေးပါအန်တီ။ ကျေးဇူးပြု၍ ...”

“အေး အေး ... သမီး”

ကြည့်စမ်း။ အတော့်ကို ပြေပြေလည်လည်နဲ့ ပြောနေတာပါလား။ အရင်က မိထွေးကို ခပ်တင်းတင်း ဆက်ဆံတတ်တယ်ဆိုတဲ့ ဆွေးနှင်းဆီ ဘယ်ကိုရောက်သွားပါသလဲ။ သူနှင့်သူ့ရှေ့ရှိရုံမှာ ဝင်ထိုင်လိုက်သည့် သူမမျက်နှာကို တစ်ချက်ကြည့်လိုက်မိပါ၏။ ငိုထားတာများလား။ မျက်ခွံမို့နေပြီး နှာခေါင်းထိပ်လေးနီနေတာမို့ ပြောမည့်စကားက လည်ချောင်းဝမှာ အလိုလို တစ်သွားရလေသည်။

ဘာကြောင့်များပါလဲ။ သူ့လေသံမာမာ ဒေါသဖြစ်ဖြစ်နှင့် ပြောတာကို စိတ်ဆိုးပြီး ငိုတာပေါ့လေ။ ဒါကြောင့်မို့ သူရှနှင့် အရင်ထက် ပိုနီးကပ်သွားလေသလား။ မင်းအကြောင်းတွေ တွေးရလွန်းလို့ ကိုယ့်ခေါင်းတစ်ခုလုံး ထုံပူနေပြီ ဆွေးနှင်းဆီ။

“ဘာလို့ မလာတော့တာလဲ။ တစ်မှတ်တန်ဖွေခွန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွက်လပ်တွေ၊ Multiple Choice တွေ ကိုယ် Photo ဆွဲပေးထား တယ်''

''ဆူး နောက်မှလာယူပါ့မယ်''

ဒါပဲလား။ တကယ်ဆို ရင်ထဲမှာပြည့်နေသည့်စကားလုံးတွေ က တစ်ပြုံတစ်ခေါင်းကြီး မဟုတ်ပါလား။ တကယ်တမ်းပြောဖြစ်သည့် စကားသုံးလေးခွန်းက တုံးတိတိ။ ရင်မောရပါလားနော်။ စိတ်ဆိုးတာ လား၊ စိတ်ကောက်တာလား၊ စိတ်မကောင်းဖြစ်သွားတာလား။ ဒီမှာ မေးခွန်းတို့ကို သူကိုယ်တိုင် မဖြေရှင်းနိုင်ပါချေ။

''Theorem တွေ Equation တွေ နွှေးပေးဖို့တွေလည်း ရှိသေးတယ်လေ''

''ဆူးဘာသာဆူး လုပ်လိုက်လို့ ဖြစ်ပါတယ်''

''ကိုယ့်ကို စိတ်ဆိုးနေတာလား''

ကဲ ... လူကြီးရှေ့ ပြောင်ပင်မေးချလိုက်မိတော့၏။ ဒီလို မပွင့်တပွင့်ပြောနေသည်က ဆူးနှင်းဆီ style မှ မဟုတ်တာလေ။ အန်ကယ်ရော သူရပါ သူ့ကို မျက်လုံးကျယ်လျက် ကြည့်လိုက်မှန်း သိနေပါ၏။ သူမမျက်နှာ အနည်းငယ်မျှ အမ်းတမ်းတမ်းဖြစ်သွားလေ သည်။

''ဆရာဆိုတာ တပည့်ဖြစ်သူ လမ်းကြောင်းမှန်ကို လျှောက်





တတ်ဖို့အတွက် လမ်းညွှန်ခွင့်ရှိတယ်၊ ဆုံးမပိုင်ခွင့်ရှိတယ် ဆူးနှင်း ဆီ၊ နေရာတကာ ကလေးဆန်တိုင်း ကောင်းတာမဟုတ်ဘူး။ စာမေးပွဲ ဖြေကာနီးမှ စိတ်ကောက်စိတ်ခုနေရင် စိတ်ရှင်းရှင်းနဲ့ စာကျက်လို့ ဘယ်ရပါ့မလဲ။ ဒီလောက်အရေးကြီးနေတဲ့အချိန်မှာမှ''

''ဆူး လာခဲ့မယ်''

''သမီး''

''လာမယ်ဆို ပြီးရောမဟုတ်လား။ ဆရာအစ်ကို့ကို ခြံဝ အထိ ဆူးလိုက်ပို့ပေးပါ့မယ် ဖေဖေ''

''အေးအေး''

ဒါတော့ ကြောက်တယ်ပေါ့၊ သူက မမြင်ကွယ်ရာမှာပဲ ပြောရဲ တာမှ မဟုတ်တာ။ လူကြီးတွေရှေ့လည်း ပြောလို့ရတဲ့စကားတွေပဲ ဟာ။ သူဆက်ပြောမှာကို လန့်ပုံဖြင့် လူ့ကို အတင်းပြန်နှင်နေတာပါ လေ၊ စာကျက်လို့မရတာ ကလေးဖြစ်ပေမယ့် သူကိုယ်တိုင်ပါ ဘာမှ လုပ်လို့မရတာ သူကိုယ်သူ အသိဆုံးမဟုတ်ပါလား။

''လိုအပ်တာတွေ သင်ပေးဖို့ရှိလို့ လာပြောရတာ။ ဆရာ ဖြစ်သူက တပည့်ကို အိမ်အထိလိုက်ခေါ်ရတာ ကောင်းသလား''

သူမ ဘာမှပြန်မဖြေပါချေ။ ''မျှော်နေမယ်'' ဟူသည့်စကား ကို ပြောမထွက်ဖြစ်အောင် အတင်းမျိုချလိုက်ရပါ၏။ ဖုံးကွယ်သိုဝှက်



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းက ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနေတဲ့အပူပါပဲလား။ ခြေအခေါ် ပို့ပေးကာ ဘာမှမပြောသည့် သူမကြောင့် စိတ်ကသိကအောင့် ဖြစ်ရလေ၏။ မင်း ဘယ်ချိန်အထိ ခေါင်းမာနေဦးမှာလဲ ဆူးရယ်။ သူမ၏ အေးစက်စက်လက်များကို တစ်ချက်မျှ ကိုင်ညှစ်လိုက်ကာ သူ ကားပေါ်တက်လိုက်လေတော့၏။



## အခန်း (၁၈)

Coffee ဆိုင်ထဲမှာ စောင့်နေတာ အတော်ကြာနေလေပြီ။ အလုပ်များသည့် အတူတူပင်ဖြစ်ပါလျက် နှစ်ယောက်သား တွေ့ဖြစ်အောင် ကြိုးစားပြီး ချိန်းခြင်းပါပဲ။ မတွေ့လို့မဖြစ်တော့ဘူး ဘုန်းမြတ်သွေး။ မင်းနဲ့ ရှင်းစရာတွေ ငါ့ဆီမှာ အများကြီးရှိနေပြီလေ။

ခဲရောင်ကားလေး ဆိုင်ရှေ့မှာ ရပ်သွားတာမို့ ဘုန်းမြတ်ရောက်လာပြီမှန်း ထက်သူရ သိလိုက်ပါ၏။ ထုံးစံအတိုင်း ရုပ်အဖြူနဲ့ဆိုးတွဲပြီး ဝတ်လာတာပါပဲ။ ဆံပင်ကို ခါတိုင်းလို သေသေသပ်သပ် ဖြီးထားပါပဲ အနည်းငယ် ပွနေသည့်နှယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီခပ်ရိုးရိုးပုံစံကိုမှ နှင်းက မျက်စိကျခဲ့ရသတဲ့လား။

"ငါ ဒီမှာ"

ဟိုဒီရှာနေရာမှ သူလက်ထောင်ပြလိုက်တာမို့ ဘုန်းမြတ်က အနားသို့ရောက်လာလေ၏။ ညနေစောင်းရောက်တာတောင် သူ့ပုံစံက အေးအေးဆေးဆေးပုံ မပေါက်တာလေ။ ဘာတွေ ဒီလောက် ဒီကောင်စိတ်ပူနေရပါသလဲ။

"ဘယ်လိုဖြစ်နေတာလဲကွ"

"စိတ်ပူနေလို့"

"ဘာကိုလဲ"

"ကလေးတွေ စာမေးပွဲဖြေနေပြီလေကွာ"

"ဒါများ ဆန်းလို့လား"

"မင်းက စာသင်ပေးနေတဲ့ ဆရာမှမဟုတ်တာ"

"အေးပါ ... ဟုတ်ပါတယ်"

ဘယ်လိုလဲ၊ အုပ်စုထဲမှာ အအေးဆုံး အငြိမ်ဆုံးဖြစ်တဲ့ကောင်က သူ့ကိုမကြည်လင်တဲ့မျက်နှာမျိုးနဲ့ လာတွေ့ရတယ်လို့၊ ဘာမကျေနပ်ချက်များ ရှိနေလို့ပါလဲ။ တကယ်ဆို သူကသာ နှင်းဆီနှင့် ငယ်စဉ်ကတည်းက ဆုံခဲ့ရတဲ့လူပါ။ ဒီလောက် နှစ်ရှည်လများ ခင်ခဲ့တဲ့ သူ့လိုလူကို သံယောဇဉ်မတွယ်ပါဘဲ ဘုန်းမြတ်ကိုမှ သံယောဇဉ်





ရှိသာရသတဲ့လား။

ကျောင်းအတူတူတက်၊ ဘွဲ့အတူတူယူတာကအစတူခဲ့ပြီး သူက ကုမ္ပဏီမှာ ဝင်လုပ်ခဲ့ပေမယ့် ဘုန်းမြတ်က ရတဲ့ဘွဲ့နဲ့ လိုက်ဖက်တဲ့ construction လောကထဲဝင်ခဲ့တဲ့ တစ်ဦးတည်းသောသူငယ်ချင်းပါပဲ။

ရဲဇော်က သဘောၤအင်ဂျင်နီယာ၊ သန့်ဇင်က ရေကြောင်းသိပ္ပံမှာ ဆရာပြန်လုပ်နေသူ၊ မျိုးဝင်းက သူလိုပင် ကုမ္ပဏီမှာ ဝင်လုပ်နေတဲ့လူပါ။ ဒီကောင်သာ အပေါ်ပန်းဆုံးဖြစ်သလို ဝင်ငွေအတောင့်ဆုံးဖြစ်တဲ့ ဘုန်းမြတ်သွေးပါပဲ။ ဒါနဲ့တောင် အပြင်မှာ တခြားမိန်းကလေးကိုမရှာဘဲ သူ့ရဲ့နှင်းဆီကိုမှ မျက်စိကျရသတဲ့လား။

"ဘာပြောမလို့လဲ ... ဖုန်းနဲ့ပြောလည်း ရတာကို။ အချိန်ကုန်ခံပြီး လူချင်းတွေ့ရတယ်လို့"

"လူချင်းတွေ့မှဖြစ်မှာမို့ပါ ဘုန်းမြတ်ရ"

"ပြော"

လက်မှနာရီကို ကြည့်လိုက်ပြန်တာမို့ သူ အတော်တင်းသွားရပါ၏။ မင်းပဲအရေးကြီးတာမဟုတ်မှန်း သိသင့်ပါတယ် ဘုန်းမြတ်ရယ်၊ အပူအပင်မရှိတဲ့ ကလေးရဲ့ရင်ထဲကို ချစ်ခြင်းရဲ့ပူလောင်ခြင်းတွေ ထည့်ပေးရတာ ဘာကြောင့်လဲ။ မနူးမနပ်အရွယ်လေးက စိတ်ဘောစား



www.burmeseclassic.com

www.burmeseclassic.com



တတ်မှန်း မသိဘူးတဲ့လား။ သင်ကြားပေးတဲ့တာဝန်ကိုယူတာ အကြောင်းမဟုတ်ပေမယ့် အချစ်သင်ခန်းစာမျိုး သင်ပေးတာတော့ မဖြစ်သင့်ပါလေ။

"ဟာ ... ပြောမှာဖြင့်ပြောလေကွာ။ ငါ အလုပ်တွေပစ်ထားခဲ့ရတာ သူရရဲ့"

"အလုပ် ... ဟုတ်လား"

နှုတ်ခမ်းမဲ့ကာပြောလိုက်သည့်ဟန်ကြောင့် သူရကို သူ အံ့သြသွားရပါသည်။ ဘယ်လိုလဲ၊ လှကိုလာခိုင်းပြီး ရန်သူနှယ် ကြည့်နေတဲ့ အကြည့်စိမ်းမျိုးနဲ့ စောင့်ကြည့်နေတာ မသိဘူးများထင်နေလား။ ဒီနေ့ physics မေးတာမို့ နောက်ဆုံးဘာသာကို စာပိုင်းကျက်ပေးတဲ့ Guide လုပ်ဖို့ ကျန်သေးတာလေ။

ကျက်စာမို့ ဘာကျက်လို့ကျက်ရမှန်း မသိဘဲ စိတ်ပူတတ်တာက ကျောင်းသားကျောင်းသူတိုင်းပါ။ အကုန်လုံး မမှတ်နိုင်တော့ရင်တောင် chapter တွေရွေးပြီး ကျက်ခိုင်းကာ ကျန်တဲ့အခန်းတွေကို ရွေးပြီး မေးနိုင်တာကိုပဲ choice လုပ်ပေးစရာတွေ ရှိသေးတာပါလေ။ Spelling တွေလိုက်ဆိုပေးရင် အမြန်မှတ်မိနိုင်တာ မဟုတ်လား။ ဒီအလိုက်မသိကောင်နဲ့တော့ ခက်တော့တာပါပဲ။

"ဟုတ်မှလည်း လုပ်ပါ ဘုန်းမြတ်ရာ။ အလုပ်အကြောင်း





ပြပြီး မင်းလုပ်နေတာကို ငါသိပါတယ်"

"ဘာကိုဆိုလိုတာလဲ သူရ။ ငါ့ကို ရှင်းရှင်းပြောပါ"

"ကောင်းပြီလေ ... ဒါဖြင့် ငါမေးမယ်၊ ငါ့ရဲ့နှင်းနဲ့မင်းက ဘာလဲ"

"ဘာ"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ ဘယ်လိုမှ ထင်မထားသည့်မေးခွန်းပါပဲ။ "ငါ့ရဲ့နှင်း" တဲ့လား။ ပြောပုံကိုက အပိုင်ပါလေ။ ဒီကလေးနဲ့ပတ်သက်ပြီး ဖြစ်ခဲ့တဲ့ကိစ္စ၊ ရှိခဲ့တဲ့ခံစားချက်တွေ အားလုံးကို သူ သိုသိုသိပ်သိပ်ဖြင့် ဖုံးဖိထားနိုင်ခဲ့ပါလျက် ဒီကောင် ဘယ်လိုသိသွားရပါသလဲ။ သေချာတာတစ်ခုက ဆူးအပေါ်မှာ ငါ အရိပ်လေးနဲ့တောင် မပြမိခဲ့တာ အမှန်ပါ ထက်သူရရယ်။

"မပြောနိုင်ဘူး မဟုတ်လား"

"မင်း ဘာတွေမေးနေတာလဲ"

"နားမလည်ယောင်မဆောင်နဲ့ ဘုန်းမြတ်။ နှင်းကို ငါချစ်နေတဲ့အကြောင်းကို ဘော်ဒါတွေရှေ့မှာ ငါ ပြောခဲ့ပြီးပြီ။ ငါ့ဒယ်ဒီလည်း သိတယ်။ နှင်းရဲ့အဖေ အန်ကယ်ဦးမြင့်အောင်လည်း သိပြီးသားကွ"

"အဲဒီတော့ ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ"

"ကျစ် . . . အရေးမပါတာတွေပြောဖို့ ငါ့ကိုချိန်းတာ အတော်လွန်တယ် သူရ။ သူတစ်ပါးအလုပ်ချိန်ကိုတော့ နားလည်သင့်ပါတယ်"

"နားလည်ရမှာက မင်းကွ"

သူ အတော်စိတ်ပျက်သွားရပါ၏။ မိန်းကလေးတစ်ယောက်ကို ချစ်တဲ့အကြောင်းက လူသိရှင်ကြား ပြောစရာလိုအပ်လို့လား။ ရင်ဘတ်ထဲကကိစ္စကို ရင်ခုန်ဖက်ချင်းသာ သိဖို့သာအဓိကကျတာပါလေ။ လွတ်လပ်သည့်မိန်းကလေးနှင့် လွတ်လပ်သည့်ယောကျ်ားလေးရဲ့ ချစ်ရေးချစ်ရာ သံယောဇဉ်ကိစ္စကို နှုတ်က ထုတ်ပြောရအောင် သူ မရဲတင်းလှပါ။ ရှက်စရာဟုသာထင်မြင်မိပါ၏။

"မင်း ဘာဖြစ်လာတာလဲ"

"ငါ့နှင်းကို မင်း ဖြားယောင်းနေတဲ့ကိစ္စကို ပြောနေတာလေ"

"ဖြားယောင်းတာ"

"အေး . . . ဟုတ်တယ်"

"ငါက"

ဟောက်။ အတော်ဒေါသဖြစ်ရပါပဲ။ ဒါကြောင့်မို့ . . . ဒင်းနဲ့ အဆင်မပြေတာလေ။ ယောကျ်ားဆိုတာ Do or Die ဆိုပြီး





ရှင်းတတ်ရမှာမဟုတ်လား။ ဘုန်းမြတ်သွေးဆိုသည့်ကောင်က ဘယ်တော့မဆို သွေးအေးတဲ့ကောင်ပါပဲ။ အမြဲတစေ အေးအေးဆေးဆေးနဲ့ ခေါင်းအေးအေးထားကာ ဖြေရှင်းတတ်တဲ့စရိုက်နဲ့ပါလေ။

သူမှာသာ တရှူးရှူး ဒေါသထွက်နေရပြီး ဒီကောင့်ပုံစံက အေးအေးဆေးဆေးဖြစ်နေလေ သူ့ဒေါသက ပိုဖြစ်ရလေမဟုတ်ပါလား။ အော်ဟစ်ရန်ဖြစ်တာမျိုးလည်း မရှိဘဲ လေပြည်လေးနဲ့ ပြောတတ်ဆိုတတ်ပုံက ဒီကောင့်အားသာချက် မဟုတ်ပါလား။

"ကျစ် . . . ဟုတ်တယ်လေ။ ဘာလဲ ငါပြောတာ မှားနေလို့လား။ ဟိုနေ့က သူ့အဖေရှေ့မှာ မင်းပြောသွားတဲ့ပုံစံက ဘာသဘောလဲ . . . ပြော"

"မင်းစွပ်စွဲနေတာ မှားနေပြီ သူရ"

"မမှားဘူး။ မင်းဘူးခံငြင်းမယ်မပြင်နဲ့ ဘုန်းမြတ်။ ငါက ယောကျ်ားအချင်းချင်းမို့ မြွေမြွေချင်း ခြေမြင်ပြီးသား"

သူ သက်ပြင်းရှိုက်လိုက်မိပါ၏။ ရန်လိုနေတဲ့လူကို မည်သို့ရှင်းပြရပါ့။ အထင်မှားနေတာက ကိစ္စမရှိ။ သူ့ရင်ထဲကအပူကို သူကိုယ်တိုင်ပင် မငြိမ်းနိုင်သေးတာကို ခံတတ်ဆီလာလောင်းနေပါရောလား။ ကိုယ်က ရှေ့မတိုးပါပဲ ရပ်နေပါလျက် ရှေ့ကိုရောက်အောင် လာတွန်းနေရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမြင်တာလဲ၊ ဒီနေ့ ဒီအချိန်ထိ ဆူးအပေါ်မှာ ငါ ရိုးရိုးသားသားနဲ့ပဲ ပြောဆိုဆက်ဆံခဲ့တာပါ။ ဆရာတပည့်ဆိုတဲ့ စည်းက သူနဲ့ငါ့ကြားမှာ ခြားထားပြီးသား။ မင်း over သိပ်မလုပ်ချင်နဲ့"

"အပိုမပြောနဲ့ ဘုန်းမြတ်။ ငါ သူ့ကို ချစ်မှန်းသိလျက်နဲ့ ကြားကနေ မင်း အချောင်ဝင်ခုတ်တာ၊ ငါသိတယ်ကွ"

"ကျစ် . . . စကားပြောမရှင့်နဲ့သူရ။ မင်းနဲ့ဆူး ဘယ်အခြေအနေရောက်နေလဲဆိုတာ ငါစိတ်မဝင်စားဘူး။ လာပြောမနေနဲ့။ ငါ့ဘက်က အရှင်းကြီးကွ"

"မင်း"

ထက်သူရက သူ့ရှေ့ ဝုန်းခနဲ ထရပ်လိုက်သလို အင်္ကျီရင်ဘတ်စကိုပါ ဆွဲယူလိုက်သဖြင့် သူပါ ထရပ်လိုက်ရပါ၏။ ဘာလဲ ထိုးချင်လို့လား။ မင်းအတွက်နဲ့ ကိုယ်တို့ဘော်ဒါအချင်းချင်း ထိုးကြိတ်ရရင် ရာဇဝင်ရိုင်းတော့မယ် ဆူးနှင်းဆီ၊ ဒီအရှုပ်တောထဲ မပါမိအောင် ဆင်ခြင်နေပါလျက် သူ့ကိုမှ လာငြိရတယ်လို့။

"မလိမ်နဲ့ ဘုန်းမြတ်သွေး။ မင်းရဲ့ရင်ထဲမှာ ဆူးနှင်းဆီ ရောက်နေပြီဆိုတာ ဝန်ခံလိုက်စမ်းပါ"

"ကျစ်"





"မင်း မချစ်နိုင်ရင် နှင်းကို မကစားပါနဲ့။ နှင်းရဲ့နှလုံးသားလေးက နုနုလေးရှိသေးတာကွ။ ဘာအစွန်းအထင်းမှ ရှိမနေသေးတဲ့ မိန်းကလေးရဲ့အတွေးတွေကို ချူပ်နှောင်ထားတာ၊ အိပ်မက်တွေ အုပ်မိုးထားတာ တရားသလား။ မင်းကြောင့် သူ ဘယ်လောက်တောင်မှ မျက်ရည်ကျပြီး ငိုရှိုက်ခဲ့ရလဲ။ မင်းသိရဲ့လား"

"ဘာ"

"မင်းပြုစားတာ၊ ဘာမှမသိ နားမလည်သေးတဲ့ကလေးရဲ့ ရင်ထဲကို ဘာတွေထည့်ပေးလိုက်တာလဲ။ သူအရွယ်နဲ့မလိုက်အောင် တနင့်တပိုးကြီး ခံစားနေရတာကွ . . . ဘုန်းမြတ်သွေးရ"

သူခြေတွေ မနိုင်တော့ပါချေ။ ယိုင်သွားတာမို့ ထက်သူရပင် ထိန်းပေးလိုက်ရလေသည်။ ထိုင်ခုံထက် ခြေပစ်လက်ပစ်ထိုင်ချကာ နဖူးကို လက်ဖနောင့်ဖြင့်ထိန်းကာ မျက်ဝန်းတို့ကို မှိတ်ထားလိုက်မိပါ၏။

ပြုစားတာတဲ့လား။ မဟုတ်ရပါဘူး။ အဖြူထည်သပ်သပ် တစ္ဆက်ဖြူပေါ်မှာ ချစ်အက္ခရာ ရေးထွင်းဖို့တောင် မလုပ်ရက်ခဲ့တာပါလေ။ 'ချစ်တယ်' ဆိုတဲ့စကားလုံးမျိုးကို ယောကျ်ားလေးတိုင်း လွယ်လင့်တကူ ပြောထွက်နိုင်ပေမယ့် သူလိုလူက ပြောမထွက်အောင် နှလုံးသားကို အပြီးတိုင် သော့ခတ်ထားခဲ့တာ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ရပါဘူး"

ခေါင်းကို သွက်သွက်ခါလိုက်မိလေ၏။ စွပ်စွဲတာမဟုတ်ဘူး ပေါ့။ မင်းရင်ထဲ ဘာတွေဖြစ်နေလဲဆိုတာ ဘယ်လိုခံစားနေရတယ် ဆိုတာကို သူ့ရကို ရင်ဖွင့်ပြောတယ်ပေါ့လေ။ အတွင်းရေးတွေ ဖလှယ် ကြတဲ့အထိ ရင်းနှီးနေပါလျက် မင်းရင်ထဲမှာ နေရာယူထားတဲ့လူက ထက်သူ့ရမဟုတ်ဘူးတဲ့လား။

"ငါ ... ငါ"

"ဘာလဲ ... ငြင်းချင်သေးလို့လား။ ငြင်းစမ်းကွာ။ ငါ ယုံနိုင် မယ့်အထိ အကြောင်းပြချက် ခိုင်ခိုင်လုံလုံနဲ့ ငြင်းပြစမ်းပါဦး"

"မင်းရဲ့နှင်းဆီကို ငါ စာသင်ပေးနေတဲ့ ဆူးမှန်း အစက မသိခဲ့ဘူး"

"ထားပါတော့"

"စမြင်ကတည်းက မျက်စိထဲ ဘဝင်ကိုမကျခဲ့တာ။ ဘယ်လို့ ထောင့်မကျိုးတဲ့ကောငမလေးကို အခုလို ငါ့ရင်ထဲရောက်လာလိမ့်မယ် လို့ လုံးဝထင်မထားဘူး"

ငိုသတဲ့လား။ ဒါဖြင့် ထက်သူ့ရရဲ့ ရင်ခွင်ထဲ ခိုဝင်ပြီး မျက်ရည် ကျခဲ့တာ ကိုယ့်ကြောင့်ပေါ့နော်။ ဒီရင်ကိုကွဲအောင် လုပ်ပြီလို့ထင်ခဲ့ မိတာ မှားပါပေါ့လား။ အတွေးတွေကို ချုပ်နှောင်ခဲ့တာတဲ့။ မင်းရဲ့





အတွေးထဲကို ကိုယ် ဘာများ ဝင်ပြီးချည်နှောင်ခဲ့လို့ပါလဲ။ အိပ်မက် တွေကို အုပ်စိုးထားတာတဲ့လား။ ကိုယ်မက်တဲ့အိပ်မက်တွေထဲမှာ မင်းကို ဝင်လာစေချင်ပေမယ့် မင်းအိပ်မက်ထဲထိ ဝင်နှောင့်ယှက်မှာကို တော့ ကိုယ်မလုပ်ခဲ့ပါလေ။

မျက်ရည်ကျသတဲ့လား။ ငိုရှိုက်ခဲ့တယ်တဲ့။ ဟုတ်ပါတယ်၊ ကိုယ်က မင်းရဲ့မျက်ရည်တွေကို ချူချခဲ့မိတဲ့လူပါ။ မကောင်းမှန်းသိတဲ့ လုပ်ရပ်ကို ပြုမိတဲ့လူပါပဲ။ ကိုယ့်ကြိုးနဲ့ကိုယ် ပြန်ရှုပ်ထွေးနေတဲ့ ချစ်ခြင်း ရဲ့ ရှုပ်သေးရှုပ်လိုလူပါ ဆူးနှင်းဆီ။

ဥယျာဉ်မှူးဆိုတာ အနစ်နာခံခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှင်သန်ရစမြဲပါ။ ကိုယ်ပျိုးမိတဲ့ပန်းကလေးကို ကိုယ်ကိုယ်တိုင် ရက် ရက်စက်စက် ပြန်ချိုးရက်ပါ့မလား။ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့် စောင့်ရှောက်ပေးခဲ့တာ၊ ကာကွယ်ထိန်းမတ်ပေးခဲ့တာ ဒီပန်းလေးရဲ့ အနာဂတ်တောက်ပလာဖို့အတွက်ပင် မဟုတ်ပါလား။

ဆူးတွေနဲ့ အရိုင်းပန်းလေးလို ဖြစ်နေတဲ့ ပန်းကလေးကို စေတနာအပြည့်နဲ့ ပြင်ပေးခဲ့ပေမယ့် စေတနာက စွန်းထင်းမှုရှိနေလေ တော့ နှုတ်ဖျားက နာကျင်စရာတွေကိုသာ ထုတ်ဖြစ်ခဲ့ရတာပါ။ နာစေ လိုတဲ့ ဆန္ဒတစ်ခွန်းတစ်စမှ မပါရပါဘူး။

ပေးဆပ်ခြင်းတွေအပြည့်နဲ့ ဖြည့်ပေးခဲ့တာမို့ တန်ဖိုးရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းကလေး ဖြစ်လာဖို့ကိုသာ ရည်စူးမိခဲ့တာပါလေ။

"ငါတို့ကြားမှာခြားထားတဲ့ စည်းက ရှိပြီးသားပါသူရ"

"ဘယ်လို"

"ဒီပန်းကိုပျိုးပြီး ဒီပန်းကိုချိုးမိရင် ငါ့လောက်မိုက်မဲတဲ့ကောင် ဒီလောကမှာ ရှိပါဦးမလား"

"ဘုန်းမြတ်"

"ငါ ငါ . . . ဆူးနှင်းဆီကို"

"ဟာ . . . ဘုန်းမြတ် သတိထားဦးလေ။ ဘာဖြစ်လို့လဲ ဘုန်းမြတ်"

သူရ တကြော်ကြော်ခေါ်နေသံက တိုးသဲ့သွားသည့်နှယ်။ နားထဲမှာ လေတွေ တရဟောထွက်နေပြီး ချွေးစေးတွေ ပျံလာတော့ လေ၏။ အကြည့်က ဝေဝါးကာ တဖြည်းဖြည်း မဲမှောင်လာတော့ သည်။ မိုက်ထဲမှာ ထိုးအောင့်လာတာမို့ ဝမ်းဗိုက်ကို ဖိနှိပ်ရင်း ခုံပေါ်မှ ယိုင်ကျသွားတာကိုသာ နောက်ဆုံး သိလိုက်ရပါ၏။

ကိုယ်တော့ လောကကြီးရဲ့ပစ်ဒဏ်ကို ကောင်းကောင်းကြီး ခံရပါပေါ့လား ဆူးနှင်းဆီ။



## အခန်း (၁၉)

အမည်းရောင်ဉဩဥက်၏အသံက လွမ်းနေမိသည့်ခံစားမှုကို ပိုတိုးစေသည့်နှယ်ပါ။ အတောင်ခတ်ကာ ထပျံသွားသဖြင့် အပင်ထက် မှ အနီရောင်က သစ်ပွင့်လေးက လေနှင့်အတူ အောက်သို့ကြွေကျသွား လေသည်။ နှုတ်ခမ်းတို့က အလိုလိုပြုံးလိုက်မိပြီး စာလုံးပေါင်းနှင့် အပုဒ်ရေစစ်တာကို အပြီးသပ်စစ်ဆေးကာ ခုံနံပါတ်ကိုပါ သေချာ ထပ်စစ်လိုက်ပါ၏။

တခြားကျောင်းသားကျောင်းသူတွေ ဖြေနေသေးသော်ငြား လက်ရေးမြန်မြန် ရေးကျင့်ရှိသည့်သူမက အချိန် (၃) နာရီအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဖြေနိုင်တာဖြစ်လေသည်။ Fractise တဲ့။ နှုတ်မှ တဆိုရုံမျှမက စာလုံးပေါင်းတွေချရေးနိုင်းကာ လေ့ကျင့်ခဲ့ရတာမို့ သူ့ကို ကျေးဇူးတင်လို့မဆုံးခဲ့။

ဒီနေ့နောက်ဆုံး Biology ဘာသာမို့ ရင်တမမဖြစ်နေမိသည် အပူလုံးက အခုမှ ဝုန်းခနဲ ကျသွားတော့တာပါ။ "ဖြေနိုင်ရဲ့လား" ဆိုတာကို ခြံဝမှစောင့်ကာ သူမပြန်အလာကို မေးတတ်သည့်မျက်နှာကို မြင်ယောင်နေမိ၏။ စိတ်ဆိုးတာမဟုတ်သလို စိတ်ခုတာလည်း မဟုတ်ခဲ့ပါ။ စိတ်မကောင်းဖြစ်ခဲ့ရတာပါ အစ်ကို။

တနဲ့ပတ်သက်ပြီး ဘယ်လောက်ပဲ နာအောင်ရိုက်ရိုက် ပြောပြော ခံနိုင်ခဲ့ပါတယ်။ အောင်စေချင်လွန်းတဲ့ စေတနာအပြည့်ရှိမှန်း သိခဲ့လို့ပါ။ သို့သော် ကိုယ်ရေးကိုယ်တာကိစ္စကို စွက်ဖက်ပြီး အပြောခံရတာကိုဖြင့် မနှစ်သက်ပါခဲ့။ ကာယကံရှင်ရဲ့ရင်ထဲကို ထွင်းဖောက်မြင်နိုင်လို့လား။

နှလုံးသားမှာ ဒဏ်ရာတွေ၊ အစင်းကြောင်းတွေ အထပ်ထပ် ဖြစ်ခဲ့ရတာပါ။ ကျူရှင်သွားရတော့မယ်ဆိုတဲ့အသိက သူမကို လန်းဆန်းတက်ကြွစေပြီး အမြဲ သတိဝီရိယစိုက်ခဲ့တာပါလေ။ အလုပြင်သတဲ့။ ဒီလိုတွေ ပြင်တတ်လာအောင် ဘယ်သူလုပ်ခဲ့ပါသလဲ။ စာသင်ရင် ရုပ်အဖြူနှင့် ပုဆိုးကိုသာ သေသပ်စွာ ဝတ်တတ်သည့် သူ့ကို





သေိစိတ်က သဘောကျခဲ့ရတာ မဟုတ်ပါလား။

ဖိုးကျော်နဲ့ တရင်းတနှီး ရိုက်ပုတ်ဆော့ကစားမိတိုင်း မျက်မှောင်ကျုံ့ပြီး ကြည့်တတ်တာ။ "မျက်စိနောက်တယ်" ဟု တမင်ကြီး ပြောချတတ်တာ အဘယ်မျှ သဘောကျမိခဲ့ပါသလဲ။ မလာသေးရင် လည်ဆန့်မျှော်နေတတ်ပြီး ရောက်လာတဲ့အခါ တမင်တကာ မျက်နှာလွှဲလျက် မသိယောင်ဆောင်တတ်တာ ရယ်စရာပါ။

စာစောသွားဖြစ်ရင် အလုပ်သမားတွေရှေ့မှာ မနေစေချင်လို့ လက်ကိုတောင်ဆွဲပြီး အဝေးကို ခေါ်ထုတ်သွားတာမဟုတ်ပါလား။ မနာလိုတာလားဟင်။ ဆူးတို့တွေ စကားကောင်းကောင်းမပြောဖြစ်တာ ဘယ်လောက်ကြာသွားပြီလဲ။ အတိအကျ ရေတွက်ရရင် (၂၁) ရက်ပေါ့။ (၃) ပတ်တောင်ကြာပြီ အစ်ကို။

တိုက်ပြီးသွားရင် ဖိုးကျော်တို့မိသားစုလည်း မော်ဘီဘက်ကို ပြောင်းရတော့မှာပါ။ ဒါဖြင့် အစ်ကိုကရော အချောသတ်ဆေးသုတ်ပြီးတာနဲ့ ဒီနေရာကို ခွဲချတော့မှာ မဟုတ်ဘူး မဟုတ်လား။ ဒီလမ်းထဲမှာ ဒီခြံထဲမှာ အတူတူရှိခဲ့ ခင်မင်ခွင့်ရခဲ့တဲ့အဖြစ်ကို ပုံပြင်တစ်ပုဒ်လို အပြီးတိုင် သိမ်းထားတော့မှာပေါ့နော်။

လွမ်းတယ် အစ်ကို။ ရိုးရိုးလေးပဲ ပြောပြတာပါ။ မျက်မှောင်ကြုတ်ပြီး ကြည့်တတ်တဲ့ အစ်ကို့မျက်ဝန်းတွေကို လွမ်းတယ်။

www.burmeseclassic.com



ဆူဝေါက်ပြီး ပြောတတ်တဲ့ အစ်ကိုအသံကိုလွမ်းတယ်။ ဆူးကို ချော့ကြည့်နေလေ့ရှိတဲ့ အစ်ကို့ပုံရိပ်လေးကို လွမ်းတယ်။ တနင့်နင့် လွမ်းခြင်းတို့နဲ့ လွမ်းနေခဲ့ရတာပါရှင်။

"သိမ်းလို့ရပြီလား သမီး"

"ရှင် ဩော် . . . ရပါပြီ တီချယ်"

"သေချာစစ်ပြီးပြီလား"

"ဟုတ်ကဲ့ပါ တီချယ်"

"လက်ရေးလေးက လှလိုက်တာ"

Answer Paper ကို အတန်းစောင့်ဆရာမထံအပ်လိုက်ပြီး လက်ချောင်းတို့ကို တဂျွတ်ဂျွတ်ချိုးလိုက်မိလေ၏။ 'လက်ဆစ်တွေ ကြီးကုန်တော့မယ်' ဟု ပြောကာ ခေါင်းကို ဘောပင်ဖြင့်ခေါက်တတ်သည့် သူ့ကို သတိရမိသွားသဖြင့် ပြုံးလိုက်မိပါသည်။ ခက်တော့ ခက်ချေပြီ။ ဘာပဲလုပ်လုပ် သူ့ကို သတိတရရှိနေတော့ ဆူးအဖို့ အခက်တွေ့ရပြီ မဟုတ်ပါလား။

"ဂွမ်း"

"အမေ့"

လက်ထဲမှ ကွန်ပါဘူးက သံမတလင်းထက် ရုတ်တရက် လွတ်ကျသွားသံက ရင်ကို အထိတ်တလန့်ဖြစ်စေလေ၏။ ဘုရား





ဘာများဖြစ်လို့ပါလဲ။ စာမေးပွဲလည်း ကောင်းကောင်းဖြေနိုင်ခဲ့ပါလျက် ဘာများ အကြောင်းထူးရှိလို့ပါလိမ့်။ Bell တီးမှ ထွက်ခွင့်ရတာမို့ အပြင်ဖြေ ကျောင်းသားကျောင်းသူတို့နှင့် အတူထွက်ခဲ့ရပါ၏။

အိမ်ကကားကို မကြိုနိုင်းပေမယ့် ဖေဖေက သူမ စာမေးပွဲ ရက်အတွင်းမှာ အသိ taxi ကို ကြိုပို့လုပ်ခိုင်းထားတာမို့ အဆင်ပြေပါ၏။ ကျောင်းဝင်းအပြင်မှာ လာကြိုသည့် Taxi ကိုရှာစဉ် မျက်ခွံတို့က သိသိသာသာကြီး လှုပ်လာလေသည်။ အလို၊ သူမ ဘာတွေဖြစ်နေပါလိမ့်။ တစ်ခုခု ထိခိုက်နာကျင်စရာဖြစ်ခါနီးအတိုင်း ဤသို့ ဖြစ်တတ်တာမို့ပါပဲ။

"တီ တီ"

Taxi driver ဦးမျိုးက ဟွန်းသံပေးလိုက်တာမို့ ကားရှိရာ ဆက်လျှောက်ကာ နောက်ခန်းတံခါးကိုဖွင့်၍ တက်ထိုင်လိုက်ပါ၏။ အိမ်အမြန်ပြန်ချင်လှပြီ။ ကားတွေ ဒီအချိန် ရှုပ်ပုံနဲ့ အိမ်အမြန်ရောက်ပါ့မလား။

"ဦးမျိုး"

"အေး . . . ပြောသမီး"

"မြန်မြန်မောင်းပေးနော်"

"ဒီချိန် ကားကျပ်တယ်လေ သမီးရယ်။ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ပူနေလို့"

"စာမေးပွဲမဖြေနိုင်လို့လား"

"ဟင့်အင်း ... မဟုတ်ပါဘူး။ စိတ်ထဲမှာ တစ်ခုခုဖြစ်နေ
လား တွေးမိလို့ပါ"

"အေးအေး ... သမီးလေး။ ဦးမျိုး လမ်းရှင်းတဲ့ဘက်ရှာပြီး
မောင်းပါ့မယ်"

လမ်းဘေးမြင်ကွင်းကို ငေးကြည့်နေရင်း ကားပေါ်မှာ လိုက်
ရပါ၏။ ဘယ်သူ ဘာများဖြစ်လို့လဲ၊ ဘုရားရေ ဖေဖေတော့ တစ်
မဖြစ်လောက်ပါဘူးနော်။ ဖေဖေသာ သူ့မဘဝထဲမှာ မရှိတော့
အခုမှနားလည်မှုရရုံရှိသေးသည့် ဖင်ဖင်တို့သားအမိနှင့် ရှေ့ဆ
သူမ မည်သို့နေရမည်နည်း။ ဖွ ... လွဲပါစေ ဖယ်ပါစေနော်။

စာမေးပွဲဖြေဖို့ အဆင်သင့်ဖြစ်နေအောင် စိတ်ပူစွာ သင်
တဲ့ မျက်ဝန်းတွေ။ အရင်လို စကားပင်သိပ်မပြောဖြစ်ဘဲ သူစိမ်း
ဆန် နေခဲ့မိတာက သူမပါပဲ။ စာသင်ပေးရင်း သူမကို ခပ်ငေး
ကြည့်နေမှန်း သိသော်ငြား မမြင်ယောင်ဆောင်ခဲ့ရတာလေ။

ဆုပ်ထားသည့်လက်ကို ဖြည်မိစဉ် နှုတ်ခမ်းများက အလို
ပြုံးလိုက်မိပါ၏။ ပြေလည်ခြင်းရဲ့လက်ဆောင်တဲ့လား။ အိမ်အ
တောင် ရောက်လာပြီး ခေါ်တာတောင် အမိန့်တွေပေးနေသေးတာ





မုန်းစရာကြီးနော်။ လူကို (၁၀) နှစ်လောက်ငယ်တဲ့ကလေးဆိုပြီး
နှိပ်ချဆက်ဆံတာ အမြင်ကပ်စရာ။

"ဟာ! ... ဟာ!"

"အောင်မယ်လေး"

Taxi ကို အမြန်ဘရိတ်အုပ်လိုက်တာမို့ အတွေးပြတ်သွားရ
ပါ၏။ နေပါဦး ကားရှေ့မှာ လာပိတ်ရပ်လိုက်တာ ဖိုးကျော်ပါလား။
လမ်းထဲ ကားကြုံလိုက်လျှင်လည်း လက်နှင့်သာ တားသင့်တာပါလေ။
ဘယ်လိုဖြစ်ပြီး ရှေ့မှာပိတ်ရပ်ရတာပါလဲ။

"ဖိုးကျော်"

"မမဆုး ... မမဆုး"

"ဘာလဲ"

"အစ်ကို ... အစ်ကို"

"အစ်ကို ... ဘာဖြစ်လို့လဲ"

"ညက ... ညက ... အသည်းအသန်ဖြစ်လို့ ဆေးရုံတင်
လိုက်ရတယ်တဲ့"

"ဘာ"

"ဒါဖြင့် ... ဆေးရုံသွားရမှာပေါ့။ ဘယ်ဆေးရုံလဲ။ ကလေး
လည်း တက်လေ ... လာလာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ရင်တွေ ဒီလောက်ပူနေရတဲ့အကြောင်းက ဒါတဲ့လား။ အသည်းအသန်ဖြစ်လို့တဲ့လား။ မဖြစ်နိုင်တာ။ ဒီတိုင်းအကောင်းကြီးရှိနေတဲ့လူက ဒီလိုဖြစ်စရာလား။ မယုံဘူး။ လုံးဝမယုံနိုင်ဘူး အစ်ကို။ ကတုန်ကရင်ဖြစ်လာခြင်းနှင့်အတူ ခြေဖျားလက်ဖျားတွေ အေးစက်လာကာ ခေါင်းထဲပါ မူးနောက်ရီဝေလာရပါ၏။

"အစ်ကို့သူငယ်ချင်းပို့ပေးတာတဲ့။ မနေ့ညနေက ကောက်ခါငင်ကာ ဗိုက်အောင့်လာလို့ ဆေးရုံပို့လိုက်ရတာ။ အစာအိမ် သွေးကြောပေါက်တာလား။ အူအတက်ပေါက်တာလား။ ကျွန်တော်လည်း သေချာမသိဘူး။ ဖုန်းလာလို့ အန်တီပပက လှမ်းပြောလိုက်တာနဲ့ ကျွန်တော် ပြေးထွက်လာခဲ့ရတာ"

"ဗိုး ... ဗိုးကျော်"

"ဗျာ"

"အစ်ကို ... အစ်ကို ... မသေနိုင်ပါဘူးနော်"

"မပြောတတ်ဘူးလေ"

"နင်ကလည်း နည်းနည်းပါးပါး ရင်ပူတာအေးအောင် မပြောပေးဘူး"

"ညတွင်းချင်း ခွဲတယ်ပြောတာပဲဗျာ။ ဟာ ... မငိုနဲ့လေ မမဆူးရဲ့"





"ဒုက္ခပဲ ... ဒုက္ခပဲ။ ငါ အစ်ကို့ကို စိတ်ပြေပြီလို့ မပြောရသေးဘူးဟဲ့။ ခုထိ စကားတောင် ကောင်းကောင်းမပြောဖြစ်သေးတာ၊ အစ်ကို့ကို ပြောစရာစကားတွေ အများကြီးရှိသေးတာ ဗိုးကျော်ရဲ့"

"အစ်ကိုသိမှာပါ မမဆူးရာ"

မတတ်တတတ်ဖြင့် ချော့ပြောနေမှန်းသိသော်လည်း အငိုကရပ်၍မရတော့ပါလေ။ ဦးမျိုးက သူမတို့ကို ဆေးရုံရှေ့ပို့ပေးခဲ့ပါ၏။ မျက်ရည်လည်ရွဲဖြင့် ပြေးဝင်ခဲ့ကာ ဘယ်သွားရမှန်းပင် မသိ၊ ပြူးပြူးပြာပြာ ဖြစ်နေရလေသည်။ ဘယ်မှာလဲ။ အစ်ကို ဘယ်မှာလဲဟင်။

"ညက ခွဲတဲ့လူနာပါခင်ဗျာ။ ဟုတ်ကဲ့၊ နာမည်က ကိုဘုန်းမြတ်သွေးပါ။ အသက်က (၂၈) နှစ်။ ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျေးဇူး"

ဗိုးကျော်က သူမလက်ကိုဆွဲကာ လှေကားဆီ ခြေကုန်သုတ်ပြေးလေတော့၏။ လှေကားဘယ်နှထစ်ကို ဘယ်လိုနင်းတက်ခဲ့ပြီး ဘယ်နှစ်ထပ်သို့ရောက်လာပင်မှန်းမသိ။ အခန်းနံပါတ်တွေကို မော့ကြည့်ရှာကာ ဆက်လျှောက်လာခဲ့ပါသည်။

"ရောက်ပြီ ... ဒီအခန်းတဲ့"

တံခါးကို လှည့်ဖွင့်လိုက်ပြီး နှစ်ယောက်သား ဝင်လိုက်ကြပါ၏။ အစ်ကို့ကို မမြင်ရသေးပါပဲ ခုတင်ဘေးမှာ လူသုံးလေးဦး



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေလေသည်။ ဘယ်သူတွေလဲ။ လူကြီးတွေကိုကြည့်ဖို့ထက် အစ်ကို့ မျက်နှာကို မြင်ချင်စိတ်က ပိုကြီးနေတာမို့ ရှေ့ကို ဆက်တိုးခဲ့မိပါသည်။

"အစ်ကို . . . အစ်ကို"

"နှင်း"

"ကိုထက် . . . အစ်ကို . . . အစ်ကို"

"Operation Ok ပါတယ်နှင်းရဲ့။ ဘုန်းမြတ် ဘာမှမဖြစ်တော့ပါဘူး"

"ဘာမှမဖြစ်တဲ့လူက မျက်စိမှိတ်နေမှာလား ကိုထက်ရဲ့ လှုပ်တောင် မလှုပ်တဲ့ဟာ။ အစ်ကို . . . အစ်ကို့ကိုခေါ်ပါဦး"

"နှင်း စိတ်ကိုထိန်းမလေ နှင်းရဲ့။ ဆေးရှိန်နဲ့မှိန်းနေတာပါ။ မနက်စောစောက သတိရပြီးပါပြီ။ စိတ်မပူပါနဲ့တော့"

ကိုထက်က ခုံနေရာဖယ်ပေးကာ သူမပခုံးကိုကိုင်လျက် အားပေးလေ၏။ Drip ပိုက်တွေရော နှာခေါင်းပိုက်တွေပါ တပ်ထားရသည့် အစ်ကို့ကို စိုးထိတ်ပူပန်စွာဖြင့် ကြည့်ရင်း မျက်ရည်တို့က တပေါက်ပေါက် စီးကျလာလေ၏။ ဘုရား ဘုရား အစ်ကို ဘာမှ မဖြစ်ပါစေနှင့်။ အမြန်ဆုံးသက်သာပါစေလား။

"သူလေးက"

"ဘုန်းမြတ် စာသင်ပေးတဲ့ကလေးတွေပါ အန်တီနဲ့





အန်ကယ်"

"ဪ"

အခုမှ လူကြီးတွေကို သတိထားမိသွားကာ အမြန်ထရပ်လျက် ဦးညွတ်အရိုအသေပြုလိုက်ရပါ၏။ ဒါ အစ်ကို့ရဲ့မိဘတွေပေါ့ နော်။ ရှိန်ရကြောက်ရမှာထက် ပူပန်စိတ်ကသာ ကြီးစိုးနေသဖြင့် ရဲတင်းသည့်နှယ် ဖြစ်နေရတာပါလေ။

"မင်္ဂလာပါ ဦးဦးနဲ့အန်တီ"

"အေးအေး သမီးလေး . . . ထိုင်ထိုင်၊ ကြည့်ရတာ စာမေးပွဲ ပြီးတာနဲ့ ဒီကိုရောက်လာတာထင်တယ်"

"ဟုတ်ပါတယ် အန်တီ၊ ကိုထက်က အန်တီပပဆီ ဖုန်းဆက်ထားတာ ဖိုးကျော် ထွက်လာပြီးပြောလို့ သိရတာပါ။ ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်"

"ကိုယ်နဲ့ ကော်ဖီဆိုင်မှာစကားပြောရင်းနဲ့ ရုတ်တရက် သတိလစ်သွားတာ နှင်းရဲ့။ ကြည့်ရတာ . . . အစားမမှန် အအိပ်မမှန်တာ များပြီး ဖြစ်တာလို့ ဒေါက်တာက ပြောတာပဲ"

သူမ ကျိတ်ရှိုက်လိုက်မိပြန်ပါသည်။ ဒါဖြင့် ဆူးကြောင့်လား။ ဆူးဘက်က မဆင်မခြင် ပြုမူခဲ့မိလို့ စိတ်မကောင်းဖြစ်ပြီး ဖြစ်ရလို့နေခဲ့တာများလား အစ်ကိုရယ်၊ ပင်ပန်းမှာပေါ့။ အလုပ်ပြီးချိန်မှာတောင်



www.burmeseclassic.com

မနားဘဲ ဆူးတို့အတွက် အချိန်တွေ ဖဲ့ပေးခဲ့ရတာ။ ဒီကျေးဇူးတွေကို ဘယ်လိုများ ပြန်ဆပ်ရပါ့မလဲ။ ဘယ်နည်းဘယ်ပုံနဲ့ ဆပ်မှ ကျေနိုင်မှာလဲလေ။

"သမီးတို့ ပင်ပန်းနေတာ အိမ်ပြန်နားကြပါတော့လား"

"ဟင့်အင်း ... အစ်ကိုသတိရလာတာမြင်ပြီးမှ ပြန်ပါရစေ။ ဆူး စောင့်ပါရစေ ဦးဦးနဲ့အန်တီ"

လူကြီးတွေ ဘာမှထပ်မပြောဖြစ်တော့ဘဲ သူမကို အငေးသားဖြင့်သာ ကြည့်နေကြပါ၏။ စိုးရိမ်ကြတာချင်းအတူတူ ဖြစ်ပေမယ့် သူမရဲ့စိတ်က စိုးထိတ်ရင်ပူနေတာက ပိုပြီးများနေမှန်း သိသာနေတာ မဟုတ်ပါလား။ သူငယ်ချင်းကို စိုးရိမ်ရတာထက် သူမကိုကြည့်နေရင်းရင်ထဲမှာ နာကျင်နေရတာက ထက်သူရပါပဲ။ ကြော် နှင်းရယ် ... မင်းရင်ထဲမှာ တိတ်တဆိတ်ရှိနေသူအတွက် ဤမျှအထိ ခံစားနေရတယ်လို့ကွယ်။

❀ ❀



# အခန်း (၂၀)

မျက်ခွံကို ဖြည်းဖြည်းချင်းဖွင့်လိုက်စဉ် ဆေးရုံမျက်နှာကျက်အဖြူကို စမြင်ရလေ၏။ အိပ်မက်တွေ ကယောင်ချောက်ချား မက်ခဲ့ပြီး ညက ခဏမျှ သတိရခဲ့သေးတာပါ။ ဝမ်းဗိုက်ဆီမှ နာကျင်မှုဒဏ်ကို သတိထားမိစဉ် ဆေးရှိန်ကြောင့် ပြန်အိပ်ပျော်သွားခဲ့ရတာပင်။

ဘယ်နနာရီရှိနေပြီလဲ။ ညာလက်ကို 'မ' ရန်ပြင်လိုက်မိစဉ်ဘေးမှာ တစ်စုံတစ်ယောက် ရှိနေမှန်း သတိထားလိုက်မိပါ၏။ ဘယ်လက်မှာ ဆေးသွင်းထားတာမို့ ညာလက်ကို သုံးမည်ဆိုမှ ဘယ်သူများ ဆုပ်ကိုင်ထားပါသလဲ။ ခေါင်းကို စောင်းကာ ငုံ့ကြည့်လိုက်မိစဉ် ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဒိတ်ခနဲ ဆောင့်ခုန်သွားရပါ၏။

အလို၊ ကောင်မလေးရှိနေတာပါလား။ သူ ပြုံးလိုက်မိပြီး လက်ကို အသာဆွဲထုတ်လိုက်ပါ၏။ နဖူးထက် ဆံနွယ်အချို့ ဖုံးအုပ်နေတာကို ဖယ်ပေးစဉ် ဖျတ်ခနဲ ပွင့်လာသည်က တောက်ပလွန်းပါသည့် မျက်ဝန်းနက်လေးများ။ အို ဝမ်းနည်းရိပ်တွေအပြည့်နဲ့ အရည်လေးတွေ ပင် လဲ့နေသေးတာပါလေ။

"ဆူး"

"အစ်ကို ... အစ်ကို နိုးလာပြီလား"

"အင်း"

"အရမ်းနာနေသေးလားဟင်"

"နည်းနည်းပါ"

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်။ ဆူးဖြင့် ယုံတောင် မယုံဘူး။ ဒါကြောင့် Bio ဖြေနေတုန်း ရင်ထဲတစ်မျိုးကြီးဖြစ်နေတာ။ တစ်ခုခုတော့ ဖြစ်နေပြီမှန်း သိတယ်။ အစ်ကို အခုလို ဖြစ်မယ်လို့ ထင့်ကိုမထင်ထားတာ"

"ဖြေနိုင်ရဲ့လား"

"အင်းပေါ့"

"ဂုဏ်ထူးမှတ်ရော ဝင်ရဲ့လား"





"ဒါတော့ ဘယ်သိမှာလဲ"

"ကျော်စွာက Maths နဲ့ Physics နှစ်ဘာသာတောင် မှန်းထားတာ။ အားမရှိလိုက်တာ ဆူးရာ"

"သူက ကျောင်းဖြေကိုး အစ်ကိုရဲ့။ ဆူးနဲ့ ဘယ်တူပါ့မလဲ"

ခပ်လှလှ မျက်စောင်းတစ်ခု လက်ဆောင်ရလိုက်သဖြင့် ပြုံးမိပြန်သည်။ တကယ်ပဲ သူမဖြစ်နေတာလား။ အိပ်မက်များ မက်နေတာများလားမသိ။ လက်ကမ်းပေးလိုက်မိစဉ် သူမ၏ အေးစက်စက် လက်နှစ်ဖက်က သူ့လက်နွေးနွေးကို ပြန်ဆုပ်ကိုင်ထားလိုက်လေ၏။ သေချာပါတယ်။ ဒါ အိပ်မက်မှ မဟုတ်တာပဲ။

"ဘယ်နှစ်နာရီရှိပြီလဲ"

"နေ့လယ် (၂) နာရီ"

"ကျောင်းကနေ တန်းလာတာလား"

"အင်း"

"ဒါဖြင့် ... ဘာမှမစားရသေးဘူးပေါ့"

"ဆာမှမဆာတာ"

"တစ်ခုခုစားလေ၊ ဘယ်သူမှမရှိဘူးလား"

"ဦးဦးနဲ့အန်တီက အိမ်ခဏပြန်တယ်။ ကိုထက်က ဆရာဝန် ကြီးနဲ့ သွားတွေ့လို့ ဆူးပဲ ကျန်ခဲ့ရတာ။ ဖိုးကျော်တို့က မြို့လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်''

''ဆူးပြန်ရင် တစ်ယောက်တည်း ဖြစ်နေမှာပေါ့''

''လူကို အတင်းနှင်လွှတ်နေပြန်ပြီ''

''မဟုတ်ပါဘူး''

''ကိုထက် ပြန်ပို့ပေးမှာပေါ့''

သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ သူ့ရန်ခဲ့တဲ့လား။ ပြောတော့ဖြင့် မင်းရင်ထဲမှာ ရှိနေတာ ကိုယ်ဆို၊ သူ့ရ အထင်မှားနေတာများလား။ ဆယ်ကျော်သက်အရွယ်၏စိတ်က အပြောင်းအလဲမြန်တတ်သလို ထိလွယ် ရှလွယ်တတ်တာ သဘာဝပါလေ။ ကိုယ်နဲ့ ပတ်သက်ပြီး မျက်ရည်ကျတယ်ဆို၊ ဝမ်းနည်းပက်လက် ငိုကြွေးတယ်ဆို။

အခုလည်း ကိုယ့်ကိုစိတ်ပူပြီး ဘေးနားကခုံမှာ ခုတင်ပေါ် ခေါင်းတင်ပြီးမှိန်းနေတာ၊ မောပြီးအိပ်ပျော်နေတာကို မျက်မြင်ကိုယ်တွေ့ မြင်ရပေမယ့် ဘာလို့များ သူ့ရနာမည်ကို ရေရွတ်ပြီး အားကိုးပြုရတာလဲ။ အခုချိန်ထိ ကိုယ့်ကို ရင်းနှီးခင်တွယ်တဲ့သံယောဇဉ်ကို မပြခဲ့တာ မဟုတ်လား။

သူ့ရဲ့ရဲ့ရင်ခွင်ထဲမှာ မှီပြီး ငိုခဲ့တယ်ဆိုတဲ့မြင်ကွင်းကို ခုချိန်ထိ အာရုံထဲမှာ မြင်တွေ့နေရတုန်းပါပဲ ဆူးနှင်းဆီ။ ချွေးစီးပုံပြီး





သတိလစ်သွားတဲ့အချိန်ကတည်းက သေခဲ့ရင်ပြီးပြီကော၊ ဒီလူရဲ့ ဝေဒနာထက် ရင်ထဲကဒဏ်ရာက ပိုပြီးပြင်းထန်နေတာကို မင်း မသိဘူးလား။ မမြင်တတ်ပါလား ဆူးရယ်။

''တိုက်က ဆေးသုတ်နေပြီ၊ အချောသပ်ပြီးပြီ''

''အဲဒါပြီးရင် အစ်ကို အဲဒီမှာ မရှိတော့ဘူးပေါ့''

''အင်း''

''ဖုန်းဆက်မယ်လေ'' ဟုပြောချင်ပေမယ့် ပြောမထွက်ပါလေ။ ဘာကိုအကြောင်းပြုပြီး ဆက်ဖို့လိုမှာလဲ၊ တာဝန်ကပြီးနေလေပြီ။ ဒါဖြင့် သူ့ရလိုမျိုး အိမ်ကို သွားလည်လျှင်ကော။ မဖြစ်ပါလေ။ သူ့ရက ကုမ္ပဏီကိစ္စကိုအကြောင်းပြုကာ ဝင်ထွက်လို့ရတာ အကြောင်း မဟုတ်။ သူက ဘာကိစ္စကိုအကြောင်းပြုပြီးသွားလို့ရပါ့မလဲ။

''အားတဲ့အချိန် ဝင်လည်နော်'' ဟုလည်း သူမက မဖိတ်ခေါ်လေတော့ ခက်သားလား။ စာသင်ပေးစဉ်က အော်ဟစ်ဆူငေါက်ခဲ့တာ အားနာစရာမှန်း မဖြစ်ခဲ့ပါဘဲ အခုတော့ဖြင့် မျက်နှာပူကာ စကားပင် ပြောမထွက်တော့ပါလေ။ ခက်ချေပြီကော ဘုန်းမြတ်သွေး။

''တော်တော်စိတ်ပူသွားပုံပဲ''

''စိတ်ပူတာပေါ့။ Taxi ပေါ်မှာ တစ်လမ်းလုံးတောင်ငိုခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စွာ့ပခုံးကို မှီပြီးပေါ့လေ"

"မမှီပါဘူးနော်"

ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တာမို့ သူ ရှေ့ဆက်မပြောတော့ပါချေ။ နှာခေါင်းပိုက်ဖြုတ်လိုက်ပြီမို့ နေရသက်သာသွားပါပေ။ မဆာဘူးလား။ မနက်ကတည်းက (မဟုတ်သေးဘူး) တစ်ပတ်လုံးလုံး စာမေးပွဲဖြေနေရတာ စိတ်လွှတ်ကိုယ်လွှတ် အေးအေးလူလူ နားနေနိုင်ပါလျက် အခုထိ သူဘေးမှာရှိနေသေးတာလေ။

"ပြန်တော့" ဟု ပြောချင်ပေမယ့် မပြောရက်ပါ။ တော်ကြာနှင်တယ်ထင်ပြီး စိတ်က ထပ်ခုနေဦးမှဖြင့် ကျန်ခဲ့တဲ့နှစ်ပတ်ကျော်သုံးပတ်အထိ အတော်လေးကို သူစောင့်ခဲ့ရတာပါ။ ဘာမဆို ပြောရဲဆိုရဲပါသည်ဆိုသည့် မိန်းကလေးက လူမသိအောင် ကျိတ်မှိတ်ခံစားတတ်မှန်း သူသိခဲ့ရတာမဟုတ်လား။

"ဖြေနိုင်တယ်ဆိုတော့ အောင်မယ်လို့တော့ ယုံကြည်တယ်ပေါ့လေ"

"အင်းပေါ့ … ဆုအောင်ရင် ဖေဖေက ကြိုက်တာတောင်းတဲ့ ပြောထားတယ်၊ အစ်ကိုကရော"

"ကိုယ်က"

"ဒါပေါ့ … ဖေဖေလည်း ဆုပေးရင် အစ်ကိုလည်း ပေးရမှာပေါ့။ မပေးလို့ရမလား"

"ဘာလိုချင်လဲ" ဟု လွှတ်ခနဲ မေးရန်ပြင်ပြီးမှ နှုတ်ပိတ်လိုက်ရပါ၏။ မဖြစ်သေးဘူးနော်၊ အောင်မြင်မှုရမှသာ ဖွင့်ပြောဖို့ ဆုံးဖြတ်ထားတာ။ ဒါကို ဖျက်လို့ ဘယ်ဖြစ်ပါ့မလဲ။ သူရလည်း စောင့်နိုင်သေးတာ။ သူက ပိုစိတ်ရှည်သူမို့ ပိုစောင့်နိုင်ရမှာလေ။

"ဂုဏ်ထူးပါမှပေးမယ်၊ အနည်းဆုံး 3D မှ"

"ဟင် … 3D တောင်မှလား"

"ဟုတ်တယ်လေ၊ ကျော်စွာ့ထက် ပိုတော်တဲ့သူက D ပိုရမှာပေါ့"

"အကယ်၍ မပါရင်ကော"

"မတွေ့တော့ဘူး"

"အစ်ကို"

"ဟုတ်တယ်၊ ဒီတစ်သက် ထပ်မတွေ့တော့ဘူးဆိုတာ မှတ်ထားပါ"

"ပါခဲ့ရင်ကော"

"လိုချင်တာပေးမယ်"

"တကယ်နော်"

"ယောကျ်ားကတိပါ"




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာထက် ပြုံးမြမြလေး ဖြစ်သွားရပါ၏။ သဘော ကျတာယ်ပေါ့လေ။ မတွေ့ရတော့မယ့်ကာလအပိုင်းအခြားမှာ သူ့ထက် အရင် သူရသာ ဖွင့်ပြောဖြစ်ရင် မင်းက ဘယ်လိုအဖြေမျိုးပေးမှာလဲ။ စောင့်ဆိုင်းသည့်ကာလက သူ့ရထက် သူက မသာခဲ့ပေမယ့် ချစ်ခြင်းနဲ့ ဆုလာဒ်ကိုတော့ တရားသဖြင့် ပိုင်ဆိုင်ချင်တာတော့အမှန်ပါ။ တဆိတ် မရက်စက်ပါနဲ့လား ဆူးနှင်းဆီ။

"သူ့ရကို ပိုခင်လား"

"ဘယ်သူ့ထက်လဲ၊ ဖိုးကျော်ထက်လား။ တူတော့မတူဘူး ပေါ့။ ကိုထက်,ကိုက အစ်ကိုလိုသဘောထားတာ။ ဖိုးကျော်ကိုက မောင်လေးလိုမျိုး"

ကြည့်စမ်း။ ဒါက ရှောင်သွားတာလား။ ယှဉ်မိတာတောင် မှားလေပြီ။ မျက်စိထဲမှာ ကျော်စွာနဲ့သူ့ရကိုပဲ မြင်ရတယ်လို့ ဒီမှာ ငုပ်တုတ်ကြီးရှိနေတဲ့လူကို အသက်ရှင်တယ်လို့တောင်မှ မြင်ပါရဲ့လား။ မင်းကို မှန်းရ ခက်ပါလားနော်။

"ဘာမှစားလို့မရသေးဘူးဆို"

"အင်း"

"နောက်နေ့ ဘာဝယ်လာရမှာလဲ"

"လူပဲလာပါ၊ ဘာမှမလိုပါဘူး၊ ပြန်ချင်ပြီပေါ့လေ"





"ကိုထက်လာမှပါ"

"တော်တော် အားကိုးတယ်ပေါ့"

"ပြောပြီးပြီလေ၊ အစ်ကိုလိုသဘောမျိုးပါလို့ မယုံဘူးလား"

"ယုံလိုက်ပါ့မယ်၊ နည်းနည်းလောက် မတ်မတ်ထိုင်ချင် တယ်"

"ဆူး လုပ်ပေးမယ်လေ"

ခေါင်းအုံးကို နှစ်လုံးဆင့်ကာ ခေါင်းကိုမြင့်ပေးစဉ် အခန်းထဲ သို့ လူတွေဝင်လာလေ၏။ ကိုထက်ပါဝင်လာတာမို့ စကားပြောရန် လှည့်ကြည့်မိစဉ် လက်ဆောင်ခြင်းတောင်းကိုင်လျက် ပါလာသည့် မလှလှလေးကြောင့် မင်သက်သွားရပါသည်။ အလို ဦးဦးတို့နှင့်အတူ တူ ပါလာတာပါလား။

"ငါ့ကောင် နိုးနေပြီပဲ"

"သန့်လာလို့ တစ်ခါတည်းခေါ်လာတာ သားရဲ့၊ နေလို့ သက်သာရဲ့လား"

"ဟုတ်ကဲ့"

"ဘာစားလို့ရမှန်းမသိတာနဲ့ အားရှိမယ့်ဖျော်ရည်တွေ မှန့် ဘူးပဲ ဝယ်လာတာ ကိုဘုန်းရဲ့"

"အားနာစရာ သန့်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



သန့်တဲ့။ နာမည်လေးနဲ့လူက လိုက်ဖက်လွန်းပါဘိ။ ညှိုသည်တွေ လူကြီးတွေကို ဦးစားပေးရမှာမို့ ဘေးမှသူမ နောက်ဆုတ်ရပ်နေလိုက်ရပါ၏။ အပြုံးလေးဖြင့် စကားတွေ အများကြီးပြောနေသည်က သန့်ဆိုသည့် မမလှလှလေးပါလေ။ ဆံပင်ရှည်တို့ကို မြင့်မြင့်လေး ချည်စည်းထားတာမို့ ကျက်သရေရှိလွန်းလှပါ၏။

မျက်နှာလေးမှအစ ခြေဖျားအထိ လှပလွန်းကာ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ပေါက်ကအစ အပြစ်ပြောစရာမရှိပါလေ။ ဘယ်သူများပါလိမ့်။ "ကိုဘုန်း" ဟု တရင်းတနှီးခေါ်သံက သာမန်မိတ်ဆွေတွေထက်မကမှန်း သိသာစေပါ၏။ ဘယ်လိုပါလိမ့်၊ အစ်ကို့ချစ်သူများဖြစ်နေမလား။

ရင်ထဲမှာ ကျဉ်ခနဲဖြစ်လာတာမို့ ပြန်သင့်ပြီမှန်း သိလိုက်ပါသည်။ ဟုတ်ပါတယ်။ ဆူးက အစ်ကို့ရဲ့တပည့်ပဲ မဟုတ်ပါလား။ ဒီလိုအရေးကြီးသည့်ညှိုသည်ရောက်မှတော့ အရေးမပါတဲ့ဆူးက ဖယ်ပေးရသလို ရှောင်ထွက်ရမယ့်တာဝန်ပါ ရှိနေတာပါလေ။

ဆူးသွားတော့မယ် အစ်ကို၊ မတွေ့တော့ဘူး။ ဒီတစ်သက် မတွေ့တော့ဘူးဆိုတဲ့ စကားကို ဆူးရင်ထဲမှာ ပွေ့ပိုက်ပြီး ပြန်ပါတော့မယ်။ ဒီလောက် အရိပ်ပြရုံနဲ့ အကောင်ကို မမြင်ရပါဘဲ သိသင့်မှန်း ဆူး နားလည်ပါတယ် အစ်ကို။





"ကိုထက်"

"ဟင် ... ဘာလဲနှင်း"

"ဆူး ပြန်တော့မယ်"

"ပြန်မယ်ဆို ကိုယ်လိုက်ပို့မယ်လေ။ ဘုန်းမြတ်ရေ၊ ငါတို့ ပြန်တော့မယ်"

"အေးကွာ ... အစစအတွက် မင်းကို ကျေးဇူးတင်ပါတယ်သူရ"

"အချင်းချင်းတွေပဲကွာ ... ရပါတယ်"

"ဆူးကို ခွင့်ပြုပါ ဦးဦးနဲ့အန်တီ"

"အေးကွယ် ... သမီးလေး"

တီးတိုးနှုတ်ဆက်သံကြောင့် သူ ခေါင်းထောင်ကြည့်လိုက်ပါ၏။ ပြန်တော့မှာတဲ့။ သူ့ကိုတော့ ဘာမှမပြောပါလား။ သန့်နဲ့ မိတ်မဆက်ရသေးတာမို့ လှမ်းခေါ်ရန်ပြင်စဉ် သူရရှေ့မှ အရင်ထွက်သွားပြီဖြစ်သည့် သူမနောက်ကျောလေးကိုသာ တွေ့ခွင့်ရလိုက်လေသည်။

စိတ်ကောက်ပြန်ပါရောလား ဆူးနှင်းဆီ။

"ဖြည်းဖြည်းဆင်းပါ နှင်းရဲ့၊ ချော်လဲဦးမယ်"

ကိုထက် သတိပေးနေသော်ငြား လှေကားကို မပြေးရုံတမယ်



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်ဆင်းခဲ့တာပါ။ ရစ်ဝဲလာသည့် မျက်ရည်တို့ကို မကျအောင် မနည်းကြီး ချုပ်ထိန်းနေရပါ၏။

မငိုရဘူးနော်။ နောက်ထပ် အစ်ကိုနဲ့ပတ်သက်ပြီး မျက်ရည်မကျတော့ပါလို့ ကိုယ့်ကိုယ်ကိုယ် သတိထားနေပါလျက် ထိန်းမရတော့ခက်သားလား။

သန့်ဆိုတာ ဘယ်သူလဲ။ အစ်ကို့ရဲ့ ဘာလဲဟုသိချင်ပေမယ့် မမေးရဲပါလေ။ 'ဒါ ကိုယ့်ဇနီးလောင်းပါ' ဟုသာ ပြောလိုက်လျှင်ဖြင့် အဲဒီနေ့မှာတင် သူမ ဘိုင်းခနဲ သေသွားမှာအမှန်ပါ။ နှလုံးသားက နုနယ်သေးပါတယ် အစ်ကို။ ခံနိုင်ရည်မရှိလို့ပါပဲ။

တွေ့ချင်သေးတယ်။ ဆုံချင်သေးတယ်။ စကားတွေအများကြီး ပြောစရာရှိသေးတယ်။ ဆုံးမတာကို နားထောင်ခွင့်ရချင်သေးတယ်။ နာခံချင်ပါသေးတယ်။

အစ်ကို့မျက်နှာကို ကြည့်ချင်သေးတယ်။ အစ်ကို့စကားသံကို နားထောင်ချင်ပါသေးတယ်။ အစ်ကို့အပြုံးတွေကို မြင်ချင်သေးတယ်။ အစ်ကို့အနီးဆုံးမှာ နေချင်ပါသေးတယ်။

သို့သော် အခွင့်က မရှိလေပြီ။

လူဆိုတာ ဒူးနေရာဒူး တော်နေရာတော် နေတတ်ရတယ်တဲ့လား။ ဆူးသိပါပြီအစ်ကို။ ဆူးက ဆူးက အစ်ကို့ရဲ့ရင်ဘတ်ထဲက





နေရာလေးတစ်နေရာကိုတောင်မှ နေပိုင်ခွင့်မရှိတဲ့ သူစိမ်းသပ်သပ်အဖြစ်သာရှိနေတာပါလား။

လမ်းဘေးမှာပေါက်တဲ့ ဆူးနဲ့ပန်းရိုင်းလေးကို ခူးဆွတ်ဖို့ဆူးရှူးမှာကိုတော့ ကြောက်တတ်တဲ့လား။ သြော် အစ်ကိုရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

**လေးလကျော်ပြီးနောက်။**

ပြတင်းပေါက်မှ အလင်းဝင်နေပြီမှန်း သိသော်ငြား စောင်ကို ခေါင်းမြီးခြုံလျက် ဆက်တွေးနေမိပါ၏။ မိုးစင်စင်လင်းနေလေပြီ။ ဟိုဘက်ခန်းမှာ ဖင်ဖင်၏ တချျတ်ချျတ် လှုပ်ရှားနေသံကို ကြားနေရပေမယ့် သူမက ယခုတိုင် မထဖြစ်သေး။ အပျင်းကြီးတယ်ဆိုတာ နာမည်သာခံပြီး လူတကယ် သက်သာတာမဟုတ်လား။

"ဒေါက် ဒေါက်"

"ဆူး ... မထသေးဘူးလား။ ဒီနေ့ နင်တို့ result ထွက်မှာလေ"





သိသားပဲ။ သိလို့ တမင်မထတာပေါ့။ အဲဒီဖင်ဖင်ဟာ အလိုက်ကိုမသိဘူး။ အောင်စာရင်းကြည့်ပြီးရင် အိမ်ကို ဖုံးကျော် ဖုန်းဆက်ပြောမှာလေ။ အောင်မည်ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ၏။ သို့သော် စိတ်က အသားကုန်တုန်လှုပ်ပြီး ရင်တွေ တဒိတ်ဒိတ်ခုန်နေတာမို့ အိပ်ရာထဲက မထဖြစ်တာပင်။

"ဆူး"

"မထဘူးဟာ"

"ဟယ် ... ငါက နင်သွားကြည့်ရင် အဖော်လိုက်ပေးမလို့ ဟာကို"

"မကြည့်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ဟာ"

"အခု (၈) နာရီထိုးနေပြီဟဲ့။ မထသေးဘူးလား။ ဖေဖေတို့ breakfast စားကြတော့မှာ"

"မထဘူး။ မစားဘူး"

"အပျင်းမ။ နင့်ပဲပြုတ်နံပြားတွေ ငါ အကုန်စားမှ မအော် နဲ့"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



စောင်ကို ဖျတ်ခနဲခွာကာ လူက ငုတ်တုတ်ဖြစ်သွားရပါ၏။ ပဲပြုတ်နံ့ပြားတဲ့။ ဒင်းက ဆူးကြိုက်တာမှန်သမျှ ခုတလော လိုက်ကြိုက်နေတာ မဟုတ်လား။ စိတ်ပုပ်မ။ အူပုပ် သည်းပုပ်မ။ ဒီ အိပ်ရာထနောက်ကျတာနဲ့ပဲ ပဲပြုတ်နဲ့ထမင်း နယ်ထားတာ။ ပဲပြုတ်နံ့ နံ့ပြားတို့ ပဲအိကြာတို့ကို ဒင်းချည်း ဝိုက်ဝိုက်သွားတော့တာလေ။

အိပ်ရာထနောက်ကျပြီး ထတာမို့ ထမင်းကျက်နေပြီး (၁၀) နာရီထိုးကာနီး မနက်စာနဲ့ lunch ကိုပေါင်းကာ တစ်နပ်၊ နေ့လယ် (၂) နာရီတစ်နပ်၊ ညနေ (၆) နာရီတစ်နပ်နဲ့ သုံးလေးနပ်စားဖြစ်တာမို့ ဒီခန္ဓာကိုယ်က တဖြည်းဖြည်းနဲ့ Pig body ဖြစ်လာတာမဟုတ်လား။ တရားခံက ဒင်းပဲလေ။

"ဖင်ဖင် . . . နင်နော်"

"ငါ ဆင်းနှင့်ပြီ"

"ငါ့ကိုစောင့်ဦး၊ ဟဲ့ . . . ဖင်ဖင်"

ခုတင်ထက်မှ ဝုန်းဒိုင်းကျဲပြီး ဆင်းကာ အခန်းတံခါးကို အမြန်ဖွင့်လိုက်ပါ၏။ တကယ်ပင် ဖင်ဖင်က လှေကားထိပ်ရောက်နေပြီမို့ ပြေးလိုက်ခဲ့ရတော့သည်။ လှေကားထစ်မှာ သူမတို့ခြေသံက တဒုန်းဒုန်းမြည်သံ ထွက်နေတော့တာပါလေ။

"နောက်က မတွန်းနဲ့လေ၊ ငါပြုတ်ကျမယ်ဟဲ့၊ နင် မျက်နှာ





လည်း မသစ်ရသေးဘဲနဲ့"

"နောက်မှသစ်မယ်"

"ဟယ် . . . ညစ်ပတ်အိုးမ"

နှစ်ယောက်သား ပြိုင်တူဆင်းလာစဉ် အောက်ထပ်ညှိခန်းမှာ ညှိသည်တို့ကို မြင်လိုက်ရသဖြင့် ခြေလှမ်းတို့ အလိုလို ရပ်သွားရလေ၏။ ဘုရားရေ မနက်စောစောစီးစီး ဘယ်က ညှိသည်တွေများ ရောက်နေတာပါလိမ့်။

"သမီးတွေ ဆင်းလာပြီ"

"ဖေ့သမီးရေ . . . သမီးအစ်ကိုဆရာ လာတယ်"

ဟိုက် . . . သေစမ်း။ မျက်နှာမသစ် အဝတ်အစားမလဲဘဲ ဒီတိုင်း ညစ်ညစ်ပတ်ပတ်ဖြင့် ဆင်းလာမှပဲ အစ်ကိုတို့မိသားစု ရောက်လာပါရောလား။ သက်တူရွယ်တူဖြစ်တဲ့ ဖင်ဖင်ကဖြင့် သနပ်ခါးအဖွေးသားဖြင့် မွှေးကြိုင်နေတာပါလေ။ ရှက်လိုက်ပါဘိ။ ဖင်ဖင့်နောက်မှာ ကွယ်ရပ်လိုက်ပေမယ့် ဒီပိန်တာနိုးမလေးရဲ့နောက်က ဆူးခန္ဓာကိုယ်က လုံမှမလုံတာပါလေ။

"လာ ထိုင်ကြလေ"

"ဟုတ်ကဲ့"

"ဆူး မျက်နှာမသစ်ရသေးဘူး ဖေဖေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လှုကြီးတွေ ရယ်သံက ခပ်သဲ့သဲ့ထွက်လာလေ၏။ ဘာလဲ အောင်တယ်လာပြောတာလား။ ဒါဆို တစ်ယောက်တည်းလာပေါ့။ ဘာလို့ ဦးဦးနဲ့အန်တီကိုပါ ခေါ်လာရသလဲ။ အစ်ကိုက ဆူးအကြောင်း သိပြီးသားမို့ အကြောင်းမဟုတ်။ ဦးဦးနဲ့အန်တီကိုတော့ မျက်နှာပူစရာကြီး မဟုတ်ပါလား။

"ငါ့သမီးကတော့ လိမ္မာမလားထင်တာ ထုံးစံအတိုင်း ဒုံရင်းက ဒုံရင်းပါပဲလား"

"ဆူး တာဝန်ပြီးပြီပဲ ဖေဖေရဲ့၊ ဘာဖြစ်လို့လဲ"

"သန့်ရှင်းရေးလုပ်မယ်ဆို မြန်မြန်သွက်သွက် သွားလုပ်လေ သမီးရဲ့။ အဝတ်အစားပါလဲခဲ့ချေ။ ဒီမှာ ဝမ်းသာစရာသတင်းပြောစရာ ရှိတယ်"

"ဝမ်းသာစရာ"

"အေးလေ"

"ဘာလဲဟင်"

"ကဲ ... သွားမှာသာသွားပါ မိဆူးရယ်"

"နင် ပြန်လိုက်ခဲ့"

"ဟယ် ... ဖင်ဖင်က ဘာလို့လိုက်ရမှာလဲ"

"ဆူးကိုယ်တာတွေ လုစားမှာတဲ့ အန်တီရဲ့။ ဒင်းက





စိတ်ကောင်းရှိတာ မဟုတ်ဘူး"

"မစားပါဘူး သမီးရယ် ... စိတ်ချပါ။ သွားသွား မြန်မြန်လုပ်"

"အဲဒါပဲကြည့်တော့ ကိုမြတ်သွေးရေ ကျွန်တော့်သမီး လုပ်ပုံက ခုထိ ကလေးစိတ်မကုန်သေးဘူး"

"ဖေဖေနော်"

လှေကားမှ မြန်ပြေးတက်ခဲ့ရပြန်ပါ၏။ ရေအမြန်ချိုးကာ ခပ်ပွပွဝတ်စုံကို ရွေးဝတ်လိုက်ပါသည်။ ဆံပင်ကို သေချာဖြီးကာ ဒီတိုင်းမြှင့်မြှင့်လေးစည်းလိုက်ပါ၏။ မျက်နှာကို လိမ်းချင်ပေမယ့် တော်ကြာ အလှပြင်တယ်ထင်မှာစိုး၍ မျက်နှာပြောင်ဖြင့်ပင် ပြန်ဆင်းလာခဲ့ရလေသည်။ အောက်ထပ်မှာ ရယ်ရယ်မောမော စကားဝိုင်းက ဆက်နေပါ၏။

"အစ်ကိုရော"

"ခြံထဲမှာစောင့်နေတယ်၊ လိုက်သွားလေ"

ဖင်ဖင်က အန်တီနှင့်အတူ ကော်ဖီခွက်တွေ ပြင်ဆင်ပြီး သယ်လာပေးနေပါ၏။ အဟုတ်တကယ်ကိုပဲ ဆူးနှင်းဆီက အပျင်းထူနေတုန်းပင် မဟုတ်ပါလား။ ခြံထဲဆင်းလာတော့ အစ်ကိုက လက်နောက်ပစ်ကာ မတ်တတ်ရပ်နေလေသည်။ ပန်းအိုးထဲမှ အနီရဲရဲ နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကြီးကို ငေးရင်း ပြုံးနေတာများလား။

"ဆူးရောက်ပြီ"

ဖျတ်ခနဲလှည့်အကြည့်နှင့်ဆုံရစဉ် သူမ လွမ်းဆွတ်တမ်းတနေမိသည့် အပြုံးကို မြင်လိုက်ရလေ၏။ အလွမ်းတွေချက်ချင်းပြေသွားသည့်နှယ်ပါ။ ပြောတော့ မတွေ့တော့ဘူးဆို။ ဒီတစ်သက် ထပ်မတွေ့တော့ဘူးလို့ပြောခဲ့တာ ဘယ်သူလဲ၊ ဘုရားရေ ကျေနပ်။

"အစ်ကို"

"ကျော်စွာက 3D"

"ဟယ် . . . ဒါဖြင့် ဆူးကရော၊ ဆူး ဘယ်နှစ်လုံးပါလဲ"

"ဘယ်နှလုံးမှန်းထားလဲ"

"အာ . . . ပြောမှာသာပြောပါ အစ်ကိုရာ၊ စျေးမကိုင်ပါနဲ့"

သူ ဟက်ဟက်ပက်ပက် ရယ်လိုက်မိပါ၏။ အဘယ်မျှ စိတ်ချမ်းသာရပါလိမ့်နော်။ ဒီကိုရောက်လာဖို့ မနည်းကြိုးကြိုးစားလာခဲ့ရတာ။

ဘယ်သူ့ကြောင့်ပါလဲ။ လေးလဆိုတဲ့ကာလက လေးနှစ်မျှရှည်ကြာလွန်းသည်ဟု ထင်ရပါလား။ မတွေ့ဖြစ်အောင်နေခဲ့ရတာ၊ ဖုန်းမဆက်ဖြစ်အောင် အောင့်အည်းသည်းခံခဲ့ရတာတွေကို မငဲလေး သိပါရဲ့လား။





မျှော်လင့်ခြင်းများစွာဖြင့် နာရီ မိနစ် စက္ကန့်တွေကို ရိုက်ချိုးချင်တဲ့စိတ်ကိုပါ ထိန်းချုပ်ခဲ့ရတာပါလေ။ သူမ မသိရလေအောင် ဒီလမ်းထဲ ကားနဲ့ဝင်လာခဲ့တာ။ အရိပ်လေးတွေ့ရလို တွေ့ရငြား သူမ အခန်းရှိရာ အပေါ်ထပ်ကို လှမ်းကြည့်ခဲ့သည့် ညတွေက မရေတွက်နိုင်ခဲ့။

ဘုန်းမြတ်သွေးရဲ့ ရှုံးသွပ်မှုကို တွေ့သည့်လူက ထက်သူရသာ ဖြစ်ခဲ့တာပါလေ။

"အစ်ကို ပြောပါဆို"

သူက လက် (၄) ချောင်းထောင်ပြလိုက်ပါ၏။ သူမမျက်ဝန်းတို့ လက်ခနဲ တောက်ပသွားသလို နှုတ်ခမ်းအစုံပါ ဟသွားလေတော့သည်။ ထို့နောက် အော်သံထွက်လာကာ သူ့လည်ပင်းကို ခုန်လျက်တွဲခိုလိုက်သည်က ရုတ်တရက်ပါလေ။

"အား . . . လေးလုံးတဲ့ဟေ့။ ပျော်လိုက်တာ ပျော်လိုက်တာ"

"ဖြည်းဖြည်းလေ၊ ချော်လဲကုန်တော့မှာပဲ"

"ကန်တော့ . . . ကန်တော့ပါအစ်ကို၊ ဝမ်းသာလွန်းလို့ပါ။ ဒါ ကြောင့် လူကိုယ်တိုင် ရောက်လာပြီးပြောတာကိုး"

"နောက်ထပ် ပြောစရာတွေလည်း ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘဲ့ချောင်းဆော်"

"MC တက်မှာလား၊ YTU တက်မှာလား"

"NO"

"ဒေါ်ညီ ... ကြည့် ဘာလိုလဲ"

"စာကျက်ရမှာ ပျင်းစရာကြီး"

"ပျင်းလို့ရမလား၊ ကျောင်းသားပဲ စာကျက်ရမှာပေါ့။ ဒီလို သာ ဆက်ပျင်းနေရင် ဘာဘွဲ့ရမှာလဲ"

"ကြည့် ... ဆူပြန်ပြီ"

"ဆူတော့ဆိုင်ဖြစ်တော့ မပြောဘူး။ အန်ကယ့်ဆီက ဘာ တောင်းဖို့ စိတ်ကူးထားလဲ"

"ဖိုးကြော့်ကို ကျောင်းဆက်ထားနိုင်မယ်"

"ဘယ်လို"

ကြည့်ပါဦး။ ဘယ်လောက်စိတ်ဖြူစင်သည့် ကလေးပါလဲ။ ကိုယ့်စာမေးပွဲအောင်တာကို ကိုယ့်အတွက် မတောင်းဘဲ သူများ အတွက် တောင်းပေးတာလေ။ သူ ခပ်ပြုံးပြုံးဖြင့် ငုံ့ကြည့်နေတော့ သူမ မသိမသာ အကြည့်လွှဲသွားပါ၏။

"ဟုတ်တယ်လေ၊ ဖိုးကျော်က GTC တက်ချင်နေတာ တော့ ဦးမောင်တို့ ဘယ်ထားပေးနိုင်မှာလဲ။ အခု ... မော်ဘီ





ပြောင်းနေပြီဆိုတော့ ကျောင်းနဲ့လည်း နီးနေပြီ။ ဒီတော့ ... ကျောင်းဆက်ထားပေးဖို့ ဖေဖေ့ကိုပြောပေးရမှာ"

"ဒါဖြင့် ... ဆုကရော"

"အတူတူပဲလေ"

"ဘာရယ်"

"ဟုတ်တယ်လေ အစ်ကိုရဲ့။ ဖိုးကျော်တက်တဲ့ကျောင်းပဲ လိုက်တက်မှာပေါ့။ ဒါမှ အဖော်ရှိတာ။ စာကျက်ပျင်းပါတယ်ဆိုမှ MBBS တွေ BE တွေ မမှန်းရဲပေါင်"

"ကြည့်စမ်း ... ကျော်စွာနဲ့ ကျောင်းဆက်ပြီးအတူတက် နေရင် မျက်စိနောက်စရာပဲ ဖြစ်နေဦးမယ့် သဘောပေါ့လေ။ ဟိုတု ဒီပုတ်နဲ့ လုပ်နေဦးမှာလား"

"ဘာဖြစ်လဲ၊ ဒီလိုပဲ နေလာတာကို"

"နေစရာလား၊ မကြိုက်ပါဘူး"

"ဘာဖြစ်လို့လဲ"

သူ နှုတ်ဆိတ်သွားလေ၏။ ဟော မေးတော့လည်း မဖြေပါလား။ ဆုသာဖြစ်ရင် သူ အော်တော့မှာ အသေအချာပါလေ။ ဘာလဲ အူတိုတာလား။ အစ်ကိုက ဆုနဲ့ဖိုးကျော်ကို အူတိုတယ်ပေါ့လေ။ အံ့သြစရာကြီး။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"____"

"ဟင်းနော် ... ဆူးတို့က ရိုးရိုးသားသားလို့ ဆေးရုံမှာက တည်းက ပြောထားတာကို။ ဆူးကသာ အစ်ကို့လို မရိုးမသား ဘာ ညာဘာညာ မလုပ်တတ်ဘူး"

"ဘာကိုပြောတာလဲ"

"ဟို ... မမလှလှလေးကို ပြောတာပေါ့"

"ဘယ်က မမလှလှလေးလဲ"

"ကြည့် ... မသိယောင်ဆောင်ပြန်ပြီ။ ဆေးရုံကို လက် ဆောင်ခြင်းကြီးနဲ့ ရောက်လာတာလေ။ ဘာလဲ ... နာမည်ကြား ချင်လို့လား။ မှတ်ထားပါ့ သန့်တဲ့"

"ဪ"

သူ ရယ်လိုက်ပြန်ပါ၏။ သူပဲ အူတိုတတ်တယ်ထင်နေမိတာ မဟုတ်လား။ လက်စသတ်တော့ သူမကလည်း သူ့အပေါ်မှာ မနာလို စိတ် ရှိနေတာပါလေ။ ရင်တွေခုန်အောင် လုပ်ပြနေပါရောလား ဆူး နှင်းဆီ။ အခုတော့ အိမ်ထဲဝင်ရင် ကိုယ့်မိဘတွေက မင်းမိဘတွေကို ဘာတွေပြောနေမယ်လို့များ ထင်နေမလဲ။

"ပြောလေ"





"အဲဒါ ... မေမေ့မိတ်ဆွေရဲ့သမီးပါ"

"ဟုတ်လို့လား"

"ဟုတ်တယ်"

"မယုံပါဘူးနော်၊ ဆူးကိုတောင် သတိမရတော့ဘဲ နှစ် ယောက်အကြည်ဆိုက်နေတာများ"

"ကျွစ် ... မဟုတ်ရပါဘူးဗျာ"

"မညာပါနဲ့ ... ဒီလောက်လှတာကို အစ်ကိုနဲ့ စေ့စပ်ပေး မယ့် သတို့သမီးလောင်းလို့တောင် ထင်ခဲ့မိသေးတာ"

"ဟင်းဟင်း ... ဟုတ်တယ်၊ မေမေတို့ ကိုယ့်ကို သန့်နဲ့ စီစဉ်ပေးခဲ့တာ မှန်ပါတယ်"

"တွေ့လား"

"ဒါပေမဲ့ ... ကိုယ်မှ သန့်ကို စိတ်မဝင်စားတာ ဆူးရဲ့။ ကိုယ် စိတ်ဝင်စားနေခဲ့တာက တခြားတစ်ယောက်"

"ဟင် ... ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘယ်မှာနေတာလဲ၊ ဘယ်အရွယ်လဲ"

"သိချင်လား"

"သိချင်တာပေါ့"

"နောက်တော့သိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး . . . အခုပြော"

"ရော် . . . နောက်တော့ သိပါမယ်ဆိုနေ"

"အဲဒါဆို . . . မခေါ်ဘဲ နေလိုက်မှာနော်"

"ဟောကြည့် . . . ဒီလောက် လေးလေးကြီးများတောင် လာမတွေ့ဘဲ နေနေရတာ ဘယ်လောက်ခက်တယ် ထင်နေလဲ။ ခင်များလေးပေးတဲ့ဒုက္ခကို ခါးစည်းခံနေရတာ"

"ဒီလောက်တော့ သည်းခံပေးပေါ့။ ဆူးက တမင် တခြား major မယူဘဲ အစ်ကိုကျွမ်းကျင်တဲ့ဘက်ကိုပဲ ယူဖို့ ပြင်ထားတာ။ ဘခြားလူဆို ဆူးကို စာသင်ပေးချင်မလား . . . အဲ"

သူမ ရုတ်တရက် လန့်သွားပါ၏။ မဟုတ်သေးပါဘူး။ သူမကို ပြုံးပြီးကြည့်နေပါသည့် သူ့မျက်ဝန်းတွေ။

ပြီးတော့ အိမ်ထဲမှာ ရှိနေပါသည့် သူ့မိဘများ၊ ဘုရားရေ . . မဟုတ်မှလွဲရော အစ်ကိုပြောသည့်တစ်ယောက်က ဆူးများ ဖြစ်နေတာလား။

"အစ်ကို . . . ဟို . . . ဟို အစ်ကို့မိဘတွေက"

"အခုမှရိပ်မိလား ညံ့ပါ့ကွာ"

"အာ . . . အစ်ကို မကောင်းဘူး"

မရှည်ရှယ်ပါဘဲ ရင်ဘတ်ဆီရောက်လာသည့် လက်သီးဆုပ်





လေးကို ဖမ်းဆုပ်ထားလိုက်မိစဉ် ဆွဲလိုက်သလိုဖြစ်သွားတာမို့ သူမကိုယ်လုံးလေးက သူ့ရင်ခွင်ထဲ ရောက်လာလေ၏။ ရှက်သွေးဖြာလျက်ရှိန်းထွက်လိုက်စဉ် နဖူးထက် နွေးခနဲ ဖြစ်သွားရလေတော့သည်။ မွှေးလိုက်တာနော်။ သူ့ကောင်မလေးထံမှ မွှေးတာလား၊ သို့တည်း မဟုတ် ဘေးနားမှ နှင်းဆီကပဲ မွှေးတာများလား။ မသိတော့ပါလေ။

လေးစားလျက်

3rd Feb 2015

PM 5:43



www.burmeseclassic.com

www.burmeseclassic.com

# နောက်လထွက်မည့်စာအုပ်

## 'ဃ' လို ဆားသည့် ဗိုင်းရပ်စ်'နှ'

မျက်ခုံးတစ်ချက်ပင့်ပြပြီး ညို့ယူဆွဲငင်နေတဲ့၊ အကြည့်မျိုးနဲ့ လက်ဖျစ်လေးတစ်ချက် မြည်သံမှာ မင်းတို့လို 'ဇယ်' လေးတွေက ငါ့ရှေ့မှာ အလိုလို ကြွေကျလာတတ်တာပါ 'လင်းလက်ဝန္နာ'။ မင်းက ဘာသားနဲ့ထုထားတဲ့ရုပ်တုမို့ ငါ့ကို ရင်မခုန်ရတာလဲ။ ဒီရင်ဘတ်ကြီးထဲမှာ 'အချစ်'ဆိုပြီး ထခုန်နေပဲ့ နှလုံးသားကို မင်းမို့ ဥပေက္ခာပြုရက်တယ်။ သွေး အေးပြီး ရက်စက်တတ်တဲ့မင်းလိုမိန်းမကိုမှ ငါလို လူက ချစ်မိရတယ်လို့ ...

www.burmeseclassic.com